


တက္ကသိုလ် နေလင်းအောင်




# သေရွာပြန်ရဲ့အလွမ်းကဗျာ

အခန်း(၃၉)

ပုန်းလျှိုးနေသော ရန်ငြိုး

==============================

မီးရောင်အောက်တွင် တွေ့မြင်ရသည့် ထိုလူငယ်မှာ အသက် ဆယ့်ခုနစ်၊ ဆယ့်ရှစ်နှစ်ခန့်သာ ရှိပေသေးသည်။

"မင်းက ဘယ်သူလဲ"

ရသေ့ကြီး စင်းယိက မေးလိုက်၏။

ထိုလူငယ်က-

"ကျွန်တော်နာမည်က ဟွာဟူချွန်၊ ကျွန်တော်က မဟူရာနန်းတော်ကပဲ"

ဟွာဟူချွန်ဆိုသော လူငယ်မှာ စကားပြောဆိုရာ၌ ယဉ်ကျေးသိမ်မွေ့လှပေသည်။

မျက်နှာပြင်မှာလည်း အပြုံးရိပ်များ ယှက်သန်းလျက်ရှိသည်။

သို့ရှိစဉ် မျက်နှာသွယ်သွယ်နှင့် အမျိုးသမီး ရှေ့တိုးလာပြီး ဖြေသည်။

"အခု ကျွန်မတို့ရဲ့သခင်လေး ရောက်လာပြီ၊ ခေါင်းတလားတွေကို ဖွင့်ကြည့်ဖို့ ပိုအရေးကြီးသွားပြီပေါ့"

ရသေ့ကြီးစင်းယိမှာ မျက်နှာတင်းမာသွားသည်။ သူက ဒေါသမျက်နှာနှင့် စကားပြောမည်ဟု ဟန်ပြင်လိုက်စဉ်မှာပင် ဟွာဟူချွန်၏ စကားသံ ထွက်ပေါ်လာလေ၏။

"တပည့်တော် အခုအခြေအနေကို ကြည့်ပြီးတော့ ပြောရမယ်ဆိုရင် ရတနာသိုက်ဟာ ဟောဒီသင်္ချိုင်းဂူထဲမှာ ရှိလိမ့်မယ် မထင်ဘူး"

ဟွာဟူချွန်က စကားရပ်လိုက်ပြီး မိန်းကလေးနှစ်ယောက်ကို ကြည့်သည်။ ပြီးမှ နှင်းဖြူဓားရှမ်ဝါနှင့် ဖုန်ထင်ယိကို ကြည့်၏။

"ကျွန်တော့်အထင်ကို ပြောရမယ်ဆိုရင် ဒီရတနာသိုက်သတင်းဟာ မသမာသူတစ်ယောက်ယောက်ရဲ့ ဆင်ကွက်ပဲဖြစ်မယ်၊ ဒီတော့ ဝိမိန်စန်းတောင်ဂိုဏ်းရဲ့ အေးချမ်းတဲ့ သင်္ချိုင်းဂူနေရာကို အနှောင့်အယှက် မပေးသင့်တော့ဘူး၊ ကျွန်တော်တို့ ပြန်ကြမှ သင့်ပါလိမ့်မယ်"

ဝိမိန်စန်းတောင် ဂိုဏ်းချုပ်ရသေ့ကြီး စင်းယိမှာ လွန်စွာ ဝမ်းမြောက်ဝမ်းသာ ဖြစ်သွား၏။

"အလွန်ကောင်းမြတ်တဲ့အကြံဉာဏ်ပါပဲ မောင်ရင်ရယ်"

နှင်းဖြူဓားရှမ်ဝါမှာ ဟွာဟူချွန်ကို ကြည့်ကာ သဘောကျနေဟန်တူသည်။ ဖုန်ထင်ယိက စဉ်းစားပြီး နောက်ဆုံး ခေါင်းညိတ်သဘောတူလိုက်တော့သည်။

"ဟုတ်တယ်၊ ကျုပ်လဲ တွေးတော့ တွေးနေတာပဲ၊ ဒီလောက် လူတွေ များများ လက်ထဲမှာ ဒီရတနာသိုက်မြေပုံတွေ ရှိနေတာဟာ မဟုတ်တော့ဘူးလို့၊ ကဲ... ဒီလိုဆိုရင် ကျုပ်တော့ ဒီဟာ အချိန်ကုန်မခံနိုင်တော့ဘူး၊ ပြန်တော့မယ်"

ဖုန်ထင်ယိက ရသေ့ကြီး စင်းယိကို လက်ဖမိုးယှက်ပြီး ဂါရဝပြု နှုတ်ဆက်လိုက်၏။

"ကျွန်တော့်ကို ပြန်ခွင့်ပြုပါတော့၊ ခုလို ဖြစ်ရတာကို ကျွန်တော် တောင်းပန်ပါတယ်"

"ကျုပ် ခွင့်လွှတ်ပါတယ်၊ အားလုံး အထင်မှားပြီး ဖြစ်ကြတာပဲ၊ ကျုပ်က ဒါကို ခွင့်လွှတ်ရမှာပေါ့"

နင်းဖြူစား ရှမ်ဝါကလည်း ရသေ့ကြီးစင်းယီကို နှုတ်ဆက်နေလေပြီ။

ရှောင်ယီလည်း ဆက်လက်ရပ်ကြည့်မနေတော့ဘဲ အမြန်ဆုံး ဂူထဲမှ ထွက်လာခဲ့လေ၏။ ထိစင့်လွမ်သည် သူ့နောက်မှ လိုက်လာ၏။

ဂူပြင်တွင် မြူနှင်းများ ကျနေသည်။ သို့သော် ကောင်းကင်ဝယ်ရှိနေသော ငွေလစန္ဒာ၏အလင်းကို တွေ့မြင်နိုင်ပါသည်။

ရှောင်ယီသည် အလျင်အမြန်ပင် လျှောက်နေ၏။ နောက်သို့လည်း လှည့်မကြည့်ပေ။ ဂူပေါက်ဝနှင့်အတန်ငယ် ဝေးသော နေရာသို့ ရောက်မှ ကျောက်တုံးကြီးတစ်တုံးပေါ်တွင်ထိုင်ပြီး အနားယူသည်။

ထိစင့်လွမ်သည်လည်း ရှောင်ယီ၏အနီး၌ ကပ်ထိုင်လိုက်ပြီး သက်ပြင်းကိုချသည်။ ထို့နောက် တစ်ကိုယ်တည်း တီးတိုး ပြောမိလေ၏။

"ရတနာသိုက်ကလဲ အမှန်မဟုတ်ဘဲ လုပ်ကြံသတင်းကြီးဖြစ်နေတယ်၊ ဒီအတိုင်းဆိုရင် ရဲ့နန်းထင်ရဲ့ ရတနာသိုက်က ဘယ်မှာလဲ၊ ဘယ်သွားရှာရမှာလဲ"

ရှောင်ယီက ထိစင့်လွမ်ကို စောင်းငဲ့ကြည့်ပြီး-

"မင်းက ဘာကို လိုချင်လို့လဲ၊ ရတနာတွေ လိုချင်တာလား၊ ပြိုင်ဘက်ကင်း ဓားသိုင်းကျမ်းကို လိုချင်တာလား"

ထိစင့်လွမ်က သက်ပြင်းချလိုက်ပြန်သည်။

"ကျွန်မဟာ ဘာမှ အသုံးမဝင်တဲ့ ရတနာသိုက် မြေပုံစာရွက်ကို ရထားပြီး ဒုက္ခတွေ ရောက်ခဲ့ရတယ်၊ သေဘေးကို လျှောက်ခဲ့ရတယ်၊ အခုနေ ပြန်တွေးကြည့်ရင် အလကား လူရော စိတ်ရော ပင်ပန်းသွားတာပဲ၊ ဒီရတနာသိုက်ကိစ္စ တွေးမိတိုင်း ကိုယ့်ကိုယ်ကို ဒေါသထွက်မိတယ်"

ထိုစဉ် လေနှင့်အတူပါလာသော စကားပြောသံများကို ထိစင့်လွမ်ရော၊ ရှောင်ယီပါ ကြားလိုက်ကြရလေ၏။

"ဒီကောင်မလေးကို တောင်ဆင်းလမ်းအတိုင်း ငါ လိုက်ရှာမယ်၊ မင်းက ရှေ့ဆက်ပြီး သွားရှာကွ"

"အေး… တို့နှစ်ယောက် လူခွဲရှာမှပဲ၊ မင်းနဲ့ငါ ဘယ်နေရာမှာ ပြန်ဆုံကြမလဲ"

"ဒီနေရာမှာပဲ ဆုံကြမယ်ကွာ၊ မင်း ရှေ့ဆက်ရှာလို့ တွေ့တွေ့ မတွေ့တွေ့ ဒီနေရာမှာပဲ ငါ့ကို စောင့် ဟုတ်လား"

ထိစင့်လွမ်က မျက်လုံးပြူးသွားသည်။ ရှောင်ယီမျက်နှာကိုကြည့်ကာ ခပ်တိုးတိုးပြောသည်။

"ဟာ… ဒါ နတ်ဒေဝီ ကျန်ချင်းချင်းနဲ့ မုယုံကျိုတို့အသံပဲ၊ တစ်ယောက်က တောင်ဆင်းလမ်းဘက်ကို သွားပြီ၊ တစ်ယောက်က ဒီဘက်ကို လာလိမ့်မယ်ထင်တယ်"

"လာပါစေ၊ တစ်ယောက်တည်း လာရင်တော့ ဘယ်သူပဲဖြစ်ဖြစ် ငါ အမိဖမ်းပြမယ်၊ ကြည့်နေ"

ထိစင့်လွမ်မှာ ထိတ်လန့်ကြောက်ရွံ့လာသဖြင့် လက်ဖျား ခြေဖျား အေးစက်လာ၏။

ရှောင်ယီက ထိစင့်လွမ်လက်ကို ဆွဲပြီး ခြုံတစ်ခြုံအတွင်း ဝင်ပုန်းလိုက်၏။

သူတို့နှစ်ယောက် ပုန်းလိုက်သည်မှာ အချိန်မီရုံကလေး ရှိသည်။ ချက်ချင်းလိုလို ခြေသံ ကြားလိုက်ရသည်။ ဤဘက်သို့ လာသူမှာ မုယုံကျို ဖြစ်နေသည်ကို တွေ့ရ၏။

ရှောင်ယီမှာ သူ့ရန်သူကို ပိုင်ပိုင်နိုင်နိုင် ဖမ်းဆီးနိုင်ရန် အသင့်ပြင်လိုက်သည်။

မုယုံကျိုသည် ရှောင်ယီတို့ ထိုင်ခဲ့သော ကျောက်တုံးကြီးရှေ့သို့ ရောက်လျှင် ထိုင်နားပြန်သည်။ သူမမှာ အတော်ကလေး ပင်ပန်းနွမ်းနယ်နေဟန်တူ၏။

ရောင်ယီက ချုံထဲမှ ခြေချွတ်နင်း၍ ထွက်လာသည်။ သူ့ခြေသံကို လုံးဝ ထွက်ပေါ်မလာစေရန် ဂရုစိုက်ကာ မုယုံကျိုနောက်သို့ ချဉ်းကပ်သွားသည်။

သို့သော် မုယုံကျိုသည် သူ့နောက်မှ တစ်စုံတစ်ယောက် ချဉ်းကပ်လာသလိုလို ထင်မှတ်မိပြီး ဆတ်ခနဲ နောက်လှည့်ကြည့်လိုက်၏။ ရောင်ယီသည် သူ့တစ်သက်၌ အလျင်အမြန်ဆုံးသော အလုပ်ကို လုပ်လိုက်သည်။ သူ လျင်မြန်လှသဖြင့် မုယုံကျိုမှာ ရောင်ချိန် မရတော့ချေ။

ရောင်ယီ၏ သွေးကြောပိတ်ခြင်းကို ရုတ်တရက် ခံလိုက်ရတော့သည်။

မုယုံကျိုမှာ မတ်တပ်ကြီးရပ်ကာ မလှုပ်နိုင် မရှားနိုင်ဘဲ တောင့်တောင့်ကြီး ဖြစ်သွားသည်။

ရောင်ယီက မုယုံကျိုကို ဖမ်းလိုက်နိုင်ကြောင်း သေချာသွားသောအခါမှ ထိစင့်လွမ် ချုံထဲမှ ထွက်လာသည်။

ရောင်ယီမှာ မျက်နှာထားတင်းတင်းနှင့် မုယုံကျိုကို ကြည့်နေသည်။

"တဲ... ဒီတစ်ခါ ကျုပ်အလှည့်ပဲ၊ မင်း ကျုပ်ကို ရေခဲခန်းထဲ ပိတ်ပြီး သတ်ဖို့ ကြံစည်ခဲ့တယ် မဟုတ်လား၊ ဟင်း... ဟင်း... ဟင်း၊ ကံတရားဟာ တယ်ပြီး ထူးဆန်းတာပဲ၊ ဗုံလုံတစ်လှည့် ငါးပျံတစ်လှည့် ဆိုတာ တယ်ပြီးမှန်တာပဲ"

မုယုံကျိုမှာ ရောင်ယီကို မျက်လုံးကြီး အပြူးသားဖြင့် ကြည့်နေရတော့၏။ သူမသည် ရောင်ယီ၏ လက်ခုပ်ထဲက ရေဖြစ်နေပြီ မဟုတ်ပါလော။ ရောင်ယီ၏ နောက်ပါးသို့ ထိစင့်လွမ် ရောက်လာပြီး လက်မောင်းကို လှမ်းဆွဲသည်။

"ရှင် သူ့ကို တကယ်ပဲ သတ်ပစ်မလို့လားဟင်"

ထိစင့်လွမ်က တုန်ယင်သောအသံနှင့် မေးလေ၏။

ရောင်ယီက ခေါင်းညိတ်ပြီး-

"သတ်မယ်၊ သူ့ကို အခု မသတ်ရင် သူက ငါ့ကို လိုက်ရှာပြီး သတ်မှာပေါ့၊ နောက်ပြီး သူနဲ့ငါက-"

"အခုလို သူ့ကို ရှင်သတ်လိုက်ရင် ချည်ပြီးတုပ်ပြီးမှ သတ်သလို ဖြစ်မနေဘူးလား"

"အိုး... ငါက သူတော်စင် မဟုတ်ဘူး၊ သူရဲကောင်း မဟုတ်ဘူး၊ သူဟာ ငါ့ရန်သူ၊ သူ့ကို ဘယ်လိုသတ်သတ် တရားတယ်"

"သူဟာ မိန်းမသားတစ်ယောက်ဖြစ်နေတယ်၊ ဒါကိုတော့ ရှင် မမေ့သင့်ဘူး"

"မိန်းမသားလဲ လူပဲ၊ သူကလဲ ရက်စက်တဲ့ စိတ်ထားရှိတာပဲ မဟုတ်လား"

"ကျွန်မ တောင်းပန်ပါတယ်ရှင်၊ သူ့ကို ရိုက်နှက်ဆုံးမပြီး ထားရစ်ခဲ့ပါလား၊ သူ့ကို ကျန်ချင်းချင်း တွေ့သွားရင် ပြန်ခေါ်သွားပါလိမ့်မယ်၊ အဲဒီအချိန်မှာ ကျွန်မတို့လဲ သူနဲ့ဝေးရာ ရောက်နေလောက်ပါပြီ"

ရောင်ယီက ခေါင်းခါယမ်းပြလိုက်ပြီး ဓားမြှောင်တစ်ချောင်းကို လည်ရှည် သူ့ဖိနပ်ထဲမှ ထုတ်ယူလိုက်သည်။

"သူ့ကို ငါသတ်တာ မင်းမကြည့်ရက်ရင် ဟောဟိုဘက်နားသွားပြီး ကျောခိုင်းနေပါ"

ရောင်ယီက ထိစင့်လွမ်ကို ပြောလိုက်ပြီး ဓားမြှောင်ကို တင်းတင်းကိုင်ကာ မုယုံကျိုရှေ့တွင် ရပ်လိုက်လေသည်။ ထိစင့်လွမ်မှာ တကယ်ပင် မကြည့်ရက်သဖြင့် ကျောခိုင်းထွက်သွားရသည်။

ရောင်ယီသည် ဓားမြှောင်ကို မုယုံကျို၏ ရင်ဝသို့ ထိုးနက်ရန် ချိန်ရွယ်လိုက်၏။

ထိုစဉ်-

"နေပါဦး မိတ်ဆွေ"

အသံနှင့်အတူ လူတစ်ယောက် သူတို့ဘေးသို့ ရိပ်ခနဲ ရောက်လာသည်။

ရောင်ယီမှာ ရွယ်ထားသော ဓားမြှောင်ကို ပြန်မရုပ်ဘဲ ရောက်လာသူကို လှမ်းကြည့်ရာ မဟူရာနန်းတော်မှ လူငယ်ဖြစ်နေကြောင်း တွေ့မြင်လိုက်ရ၏။

ထိုလူငယ်မှာ သူနှင့် သက်တူရွယ်တူရှိသော ဟွာဟူချွန်ပင် ဖြစ်ပါလေ၏။

ရောင်ယီက ဟွာဟူချွန်ကို မျက်မှောင်ကြုတ်ကြည့်ပြီး-

"မင်းက ငါ့ကို ဘာပြောချင်လို့လဲ"

ဟွာဟူချွန်က ယဉ်ကျေးသိမ်မွေ့သော အမူအရာမျိုးနှင့် ပြုံးရယ်ပြီး-

"ယောကျ်ားဆိုတာ အမျိုးသမီးတွေအပေါ် သက်ညှာစိတ်ထားသင့်ပါတယ် မိတ်ဆွေ၊ ခင်ဗျား သူ့ကို တကယ်ပဲ သတ်လိုက်တော့မှာလား"

ရောင်ယီက ဟွာဟူချွန်ကို တင်းမာသောမျက်နှာနှင့်ကြည့်ပြီး-

"မင်းဟာ သိမ်မွေ့ယဉ်ကျေးပြီး သနားညှာတာစိတ်ရှိမယ့်လူဆိုတာ ငါ သိပါတယ်၊ မင်းလိုလူမျိုးတွေ သိုင်းလောကမှာ အများအပြားရှိနေကြရင်တော့ ဒီလိုမိန်းမဆိုးတွေဟာ လူတွေကို အများကြီးဒုက္ခပေးမှာ သေချာတယ်"

ဟွာဟူချွန်က ပြုံးရယ်မြဲပြုံးရယ်လျက်-

"ကျုပ်ကတော့ ဒီမိန်းကလေးကို ခင်ဗျား ချည်ပြီးတုပ်ပြီး ဆိုသလို သေွးကြောပိတ်ပြီးတော့ သတ်မှာကို ကန့်ကွက်ပါတယ်"

"ချည်ပြီးတုပ်ပြီး သွေးကြောပိတ်ပြီး သတ်လိုက်ရော ဘာဖြစ်သလဲ၊ သူက ငါ့ရန်သူကွ၊ ငါ့ကိုသတ်ဖို့ ကြံစည်ခဲ့တဲ့လူ၊ သိရဲ့လား"

"ဒီလိုလဲ မဟုတ်ပါဘူးဗျာ၊ ကျုပ် မေတ္တာရပ်ခံချင်တာက"

"အို... မင်းဘာမှ လာပြောမနေနဲ့၊ ဒါ... ငါ့ကိစ္စ မင်းနဲ့မဆိုင်ဘူး၊ ငါကတော့ ဒီအမျိုးသမီးကို သတ်ကိုသတ်ရမှ ဖြစ်မယ်၊ အဲ... မင်းက ငါ့ကို တိုက်ခိုက်တားမြစ်ရင်တော့ ခွန်အားမရှိပေမယ့်လဲ ရှိသမျှခွန်အားနဲ့ ပြန်တိုက်ရမှာပဲ"

ရောင်ယီက ပြတ်ပြတ်သားသားပင် ပြောချလိုက်သည်။

ဟွာဟူချွန်က စိတ်ဆိုးစိတ်ထွက်ဟန်မရှိချေ။ ခပ်ပြုံးပြုံးပင် ရှိ၏။

"ခင်ဗျား သူ့ကို ဒီလောက်တောင် သတ်ချင်ရင်လဲ သတ်လိုက်တော့၊ ကျုပ်နဲ့တော့ မဆိုင်ပါဘူး၊ ဒါပေမယ့် ကျုပ်ကတော့ ခင်ဗျားကို ယောကျ်ားမပီသဘူးလို့ပဲ သတ်မှတ်လိုက်ရမှာပဲ"

ဟွာဟူချွန်သည် ထိုမျှသာပြောပြီး ချာခနဲလှည့်ထွက်သွားလေတော့သည်။

ရောင်ယီမှာ စိတ်ဆိုးဒေါသထွက်သွားသည်။

"ကျန်းယီ၊ ကျွန်မ တောင်းပန်ပါတယ်၊ မုယုံကျိုကို မသတ်ပါနဲ့၊ ဆုံးမရုံ ဆုံးမလိုက်နော်၊ ကျွန်မ တောင်းပန်ပါတယ်ရှင်"

ထိစဉ့်လွမ် ပြန်လည်ရောက်ရှိလာပြီး တောင်းပန်ပြန်၏။ ထိုအခါ လှည့်ထွက်သွားသော ဟွာဟူချွန် ခြေလှမ်းရပ်တန့်သွားသည်။ သူက သူ့ကိုယ်ကို ပြန်လှည့်လိုက်ကာ ရောင်ယီကို စူးစိုက်၍ ကြည့်လေ၏။

"ခင်ဗျားနာမည် ကျန်းယီတဲ့လား"

ဟွာဟူချွန်က တစ်လုံးချင်း မေးလိုက်လေသည်။ ရောင်ယီက ဟွာဟူချွန်ကို မျက်မှောင်ကြုတ်ကြည့်ပြီး-

"ကျုပ်နာမည် ရောင်ယီလို့လဲခေါ်တယ်၊ ကျန်းယီလို့လဲခေါ်တယ်၊ ဘာလဲ ကျုပ်နာမည် သိုင်းလောကမှာ သတင်းကြီးနေလို့လား"

ဟွာဟူချွန်မျက်နှာပြင် တည်ကြည်သွားသည်ကို တွေ့ရ၏။

"ခင်ဗျားဟာ ကျန်းယီဆိုရင် ကျုပ်က တွေ့ချင်နေတာနဲ့ အတော်ပဲ"

သူ့အသံမှာ တစ်မူထူးခြားစွာ အေးစက်သွားလေ၏။ အဘယ့်ကြောင့် ဤသို့ ဖြစ်ရသည်ကို မည်သူမျှ မသိကြပေ။

"မင်းက ကျုပ်ကို ဘာကြောင့် တွေ့ချင်နေတာတုန်း၊ ဘာကိစ္စ"

"ခင်ဗျားကို တွေ့ချင်တဲ့အကြောင်းလား၊ အင်း... ပြောပြမယ်၊ ခင်ဗျားကို ကျုပ်တွေ့ချင်နေတာက ခင်ဗျားကို သတ်ဖို့ဗျ၊ သတ်ဖို့ သိရဲ့လား"

ဟွာဟူချွန်၏စကားကြောင့် ရောင်ယီ မျက်လုံးပြူးသွားမိသည်။ ထိစင့်လွမ်လည်း ထိတ်လန့်အံ့အားသင့်သွားရတော့သည်။ ထိုစဉ် မဟူရာနန်းတော်မှ အမျိုးသမီးနှစ်ယောက်လည်း ဟွာဟူချွန်၏ နောက်ပါးသို့ ရောက်ရှိလာလေတော့၏။

ရောင်ယီသည် ထိတ်လန့်သွားသော်လည်း ဟန်မပျက်စေဘဲ ဟွာဟူချွန်ကို ရဲရဲဝံ့ဝံ့ ရင်ဆိုင်လိုက်၏။

"မင်း ဦးနှောက်မှ ကောင်းသေးရဲ့လား၊ မင်းက ဘာကြောင့် ငါ့ကို သတ်ချင်ရတာတုန်း"

ဟွာဟူချွန်၏အသံသည် ထူးထူးခြားခြားပင် ပြောင်းသွားသည်။

"မင်းဟာ ကျန်းယီမို့လို့ ငါကသတ်ရမှာ၊ လောကမှာ အဓိကထားရှာဖွေပြီး သတ်ရမယ့်လူဟာ ကျန်းယီဆိုတဲ့လူပဲ၊ မင်းပဲ"

ရောင်ယီမှာ ဟွာဟူချွန်ကို မျက်လုံးအပြူးသား ကြည့်မိလေ၏။

"ငါသိပြီ၊ တစ်ယောက်ယောက်က မင်းကို ခိုင်းတာ မဟုတ်လား၊ ကျုပ်ကို ရှာပြီး သတ်ခိုင်းတာ မဟုတ်လား"

ဟွာဟူချွန်က ခေါင်းညိတ်သည်။

"ဒါတော့ ဟုတ်တယ်"

"ဘယ်သူလဲ၊ အဲဒီလူက ဘယ်သူလဲ ပြောစမ်းပါဦး"

ရောင်ယီက အံကိုကြိတ်ပြီး မေးလိုက်သည်။

ဟွာဟူချွန်မျက်နှာထားက တဖြည်းဖြည်းတင်းမာလာသည်။

"ကျုပ်ဆရာသမားပဲ၊ ကျုပ်ဆရာသမားက ကျုပ်ကိုတာဝန်ပေးထားတယ်၊ မင်းကိုလိုက်ရှာပြီး သတ်ပစ်ဖို့ ညွှန်ကြားထားတယ်"

"ဟင်... ရှင့်ဆရာသမားက ဘာကြောင့် သူ့ကိုသတ်ချင်နေတာလဲ၊ ဘာကြောင့်လဲ၊ ဘာဖြစ်လို့လဲရှင့်"

ထိစင့်လွမ်က ဟွာဟူချွန်ကို အော်မေးလိုက်မိ၏။ မေးရမည်ပေါ့၊ အကြောင်းရှိမှသာ အငြိုးနှင့်သတ်ကြမည် မဟုတ်ပါလား။

သို့သော် ဟွာဟူချွန်က ထိစင့်လွမ်ကို လှမ်းမကြည့်ပေ။ သူ့မျက်လုံးအစုံက ရောင်ယီမျက်နှာကိုသာ စူးစူးရှရှ စိုက်ကြည့်လျက်ရှိ၏။

ရောင်ယီကလည်း ဟွာဟူချွန်မျက်နှာကို ပြန်စိုက်ကြည့်နေသည်။ သူတို့နှစ်ယောက်သည် တစ်ယောက်မျက်နှာကို တစ်ယောက် မျက်တောင်မခတ်ဘဲ စိုက်ကြည့်နေကြလေသည်။

အတန်ကြာ မျက်လုံးချင်းဆိုင်ကြည့်ပြီးနောက် ရောင်ယီက ရုတ်တရက်ပြောသည်။

"ငါက မင်းကိုတိုက်နိုင်တဲ့ခွန်အား မရှိသေးဘူး၊ ဒါပေမယ့် မင်းက ငါ့ကိုသတ်မယ်လို့ ဆုံးဖြတ်ထားမှတော့ ငါကလဲ ရှိသမျှစွမ်းအင်နဲ့ ခုခံရတော့မှာပေါ့၊ မင်းမှတ်ထားကွ၊ ငါဟာ ဘယ်တော့မှ အလံလှဲတဲ့လူမျိုး မဟုတ်ဘူးကွ"

ရောင်ယီ လှုပ်ရှားလိုက်လေသည်။ သူက ဟွာဟူချွန်ကို စတင်၍ တိုက်ခိုက်လိုက်ခြင်းဖြစ်သည်။ သူ့တွင် တစ်ဘက်လူကို တိုက်ရန် ခွန်အား မရှိပေ။ သို့သော် ကြက်ကလေး၊ ငှက်ကလေးလို ငြိမ်ပြီးတော့ အသတ်မခံလိုသော စိတ်ဓာတ်ကြောင့် ဖြစ်ပေသည်။

သူက ဟွာဟူချွန်ကို အသက်စွန့်အသေခံပြီး အမိအရ သတ်ဖြတ်ရန် ကြံစည်လိုက်ခြင်းဖြစ်ပါတော့၏။

သို့သော်-

သူ ဟွာဟူချွန်အား အုပ်မိသည်နှင့် သူ့ဘယ်ဘက်လက်ကို တစ်ဘက်မှ ဖမ်းဆုပ်လိုက်ခြင်းကိုခံရသည်။ ဟွာဟူချွန်က သူ့လက်ကောက်ဝတ်ကို ဖမ်းညှစ်ဆုပ်ကိုင်လိုက်လျှင် သူ့တစ်ကိုယ်လုံး ထုံကျင်၍သွားကာ မျက်စိအစုံမှာလည်း ပြာဝေ၍သွားလေသည်။

သူသည် မတ်တတ်မှ လဲကျသွားကာ သတိလစ်သွားလေ၏။

------------------- * * * * * -------------------

**အခန်း(၄၀)**

**ကံကြမ္မာဖန်လာသမျှ**

==============================

ရောင်ယီ သတိပြန်ရလာသည်။ ပထမဦးဆုံး မျက်လုံးဖွင့်ဖွင့်ချင်း တွေ့မြင်ရသည်မှာ အမွှေးတိုင်ထွန်းထားသော အိုးကလေး ဖြစ်သည်။

ထိုအမွှေးတိုင်ထွန်းထားသောအိုးကလေးမှာ သူ့ခုတင်ရှေ့တွင်ရှိသည်။ အမွှေးတိုင်မှ ထွက်ပေါ်နေသော မီးခိုးငွေ့များက ဝေ့ကာဝိုက်ကာဖြင့် လွင့်တက်နေ၏။

မွှေးရနံ့များ ထုံသင်းလျက်နေသည်။ ရောင်ယီမှာ အမွှေးတိုင်မှ ထွက်ပေါ်လာသောအနံ့ကို ရှူရှိုက်ရင်း မည်သည့်မွှေးရနံ့မျိုး ဖြစ်သနည်းဟူ၍ တွေးနေသည်။ ထိုရနံ့သည် လွန်စွာရှူရှိုက်၍ ကောင်းနေသည်။

အမွှေးတိုင်မှ ထွက်ပေါ်လွင့်ပျံ့သောရနံ့မှာ ရနံ့နှစ်မျိုးပါဝင်သည်ဟု ထင်မှတ်မိသည်။ ရိုးရိုးအမွှေးအကြိုင်ရနံ့မျိုး မဟုတ်ပါ။ ပန်းရနံ့လိုသင်းသည်။ ထပ်မံ၍ သေချာရှူရှိုက်ကြည့်ပြန်လျှင်လည်း အမျိုးသမီးတို့၏ ကိုယ်သင်းရနံ့မျိုး ရှိနေပြန်သည်။

ထို့နောက် ရောင်ယီထပ်မံတွေ့မြင်ရသည်မှာ ဓားတစ်လက် ဖြစ်၏။ ထိုဓားမှာ ဓားတိုတစ်လက်ဖြစ်သော်လည်း လက်နက်မရှိသူအဖို့ကား မဟာလက်နက်ကြီးပင်ဖြစ်ပါသည်။

ထိုဓားတိုလေးမှာ ကျောက်မျက်ရတနာများ စီခြယ်ထားကြောင်း တွေ့ရသည်။ ဓားမှာ သူ့ခုတင်ခေါင်းရင်း နံရံတွင် ချိတ်ဆွဲထားသည်။

ဓားအိမ်မှာ ငါးမန်းရေဖြင့် ပြုလုပ်ထားမှန်း သိလာ၏။

ထိုဓားမှာ အိမ်နံရံတွင် အလှအပအဖြစ် ချိတ်ဆွဲထားသောဓားမျိုးဖြစ်သည်။

ယခု ရောင်ယီရောက်ရှိနေသော အိမ်ခန်းတွင် အလှအပပစ္စည်းဟူ၍ အမွှေးတိုင်အိုးနှင့် ထိုဓားတို့သာလျှင် ရှိသည်။

အခြားပစ္စည်းများမှာ တန်ဖိုးမရှိလှသော ဝါးထိုင်ခုံကလေးသုံးလုံး၊ ဝါးစားပွဲတစ်လုံးနှင့် ရောင်ယီအိပ်နေသော ဝါးခုတင်တစ်လုံးသာဖြစ်သည်။

အိမ်ခန်းမှာ သန့်ရှင်းစွာ လှဲကျင်းထားသဖြင့် သပ်ရပ်နေသည်။ အမြင် ရှင်းနေပေသည်။

သူ စဉ်းစားနေမိ၏။ ဟွာဟုချွန် အဘယ်ကြောင့် သူ့ကို မသတ်ဘဲထားလေသနည်း။

ယခု သူ ရောက်နေသောအိမ်ခန်းမှာ မည်သူ့အိမ်ခန်းနည်း။ ဟွာဟုချိန်၏အိမ်ခန်းတော့ မဖြစ်နိုင်။ သူသည် မဟူရာနန်းတော်မှ သခင်ကလေးဟု ဆိုထားသည် မဟုတ်ပါလော။

ဟွာဟုချွန်သည် ဤဝိုမိန်စန်းတောင်ပေါ်တစ်နေရာတွင် ယာယီတဲအိမ်ကလေး ဆောက်လုပ်နေထိုင်လေသလော။

ထိုစဉ် ရောင်ယီ၏မျက်လုံးအစုံက ဟွာဟုချွန်ကို တွေ့မြင်သွားလေ၏။

နေရောင်ခြည် ဝါးတဲအိမ်ကလေး၏ ပြတင်းပေါက်မှ ထိုးကျနေ၏။

ဟွာဟုချွန်သည် ထိုပြတင်းပေါက်ရှေ့ နေရောင်ခြည်အောက်ဝယ် ထိုင်နေသည်။ သူသည် အလွန်အေးငြိမ်းလှသည့် ဟန်မျိုးဖြင့် ထိုင်နေသည်။

သူ့မျက်ခုံး၊ သူ့မျက်လုံး၊ နှာတံ၊ သူဝတ်ဆင်ထားသည့် သန့်ရှင်းသပ်ရပ်သည့် အဖြူရောင်ဝတ်စုံ၊ တကယ်တော့ ဟွာဟုချွန်ကား လူချောတစ်ယောက်ဖြစ်ကြောင်း အငြင်းပွားဖွယ်ရာ မရှိပါလေ။

ဟွာဟူချွန်သည် ထိုပြတင်းပေါက်ရှေ့တွင် အချိန်အတော်ကြာမျှ ထိုင်နေခဲ့ဟန်တူသည်။ ယခုလည်း မလှုပ်ရှား၊ ငြိမ်သက်နေသေးသဖြင့် နောက်ထပ်အချိန်အတော်ကြာကြာ ထိုင်ဦးမည့်သဘော ရှိနေသည်။

ရှောင်ယီမှာ သူထိုင်နေပုံကိုကြည့်ပြီး လွန်စွာစိတ်ပျက်မိ၏။ သူသည် ယခုလို ငြိမ်ငြိမ်သက်သက် အကြာကြီး မထိုင်တတ်ချေ။ သူသည် လှုပ်ရှားရင်း သေမည့်သူဖြစ်သည်။

ရှောင်ယီက သူ့ကိုယ်ခန္ဓာကို လွန့်လူးလှုပ်ရှားကြည့်လိုက်သည်။ သူ့တွင် နာကျင်ခြင်း၊ ထုံခြင်းစသည့်ဝေဒနာများ မခံစားရတော့ချေ။ သူများစွာစိတ်သက်သာရာ ရရှိသွားပြီး သက်ပြင်းချမိသည်။

ထို့နောက် သူက ဟွာဟူချွန်ကို ခေါင်းထောင်၍ ကြည့်လိုက်ပြီး ခပ်ကျယ်ကျယ် လှမ်းပြောသည်။

"မင်း… ငါ့ကို မသတ်သေးဘူးလား"

ဤတွင်မှ ဟွာဟူချွန်က သူ့ကို တဖြည်းဖြည်း လှည့်ကြည့်သည်။

"ကျုပ်… မင်းကိုမသတ်ခဲ့လို့ မင်းအခု စကားပြောနိုင်တာပေါ့၊ မင်း မစဉ်းစားတတ်ဘူးလား"

ဟွာဟူချွန်က တည်ကြည်သောမျက်နှာထားဖြင့် ပြောလိုက်သည်။

ရှောင်ယီက စိတ်တိုသွားသည်။

"ငါမေးတာ ငါ့ကို မသတ်သေးဘူးလား၊ မင်း ဘာကြောင့် ငါ့ကိုမသတ်သလဲလို့ မေးတာကွ"

"မင်းကို ကျုပ်သတ်မှာပါ၊ ဒါတော့ စိတ်ချပါ"

ဟွာဟူချွန်၏စကားကြောင့် ရှောင်ယီမှာ အံ့အားသင့်သွားသည်။

ရှောင်ယီ စကားပြန်မပြောခင် ဟွာဟူချွန်က ဆက်ပြောသည်။

"မင်းခွန်အားတွေ ပြန်ပြည့်လာပါပြီ၊ မင်းခုတင်ရှေ့မှာ ထွန်းပေးထားတဲ့အမွှေးတိုင်ဟာ ရိုးရိုးအမွှေးတိုင် မဟုတ်ဘူး၊ ဆေးဝါးနဲ့စီရင်ထားတဲ့ အမွှေးတိုင်ပဲ၊ သူ့ရနံ့ကို ရှူရှိုက်လိုက်လို့ မင်းမှာသင့်နေတဲ့အဆိပ်တွေ ပြယ်သွားပါပြီ၊ မင်းမယုံရင် ထပြီး လှုပ်ရှားကြည့်ပါလား"

ရှောင်ယီအံ့အားသင့်ပြီး ထထိုင်လိုက်၏။ မှန်သည်။ သူသည် ဆေးမိထားစဉ်တုန်းကလိုမျိုး မဟုတ်တော့ကြောင်း ကိုယ့်ကိုယ်ကို သိသည်။ အဆိပ်မီးစုန်းမြွေသိုင်းသမား၏ ဆေးမိထားစဉ်ကဆိုလျှင် သူ့တစ်ကိုယ်လုံးအင်အားကုန်ခန်းနေကာ လှုပ်လည်း လေးလံထိုင်းမှိုင်းနေသည်။

ယခု သူသည် ပေ့ါပါးလန်းဆန်းလျက်ရှိနေလေပြီ။ သူက ဟွာဟူချွန်ကို လှမ်းကြည့်ပြီး မေးခွန်းထုတ်လိုက်၏။

"ငါ့ကို သတ်မယ်လဲဆိုသေးရဲ့၊ ငါ့ခန္ဓာကိုယ်ထဲ ဝင်နေတဲ့အဆိပ်တွေ ပြယ်အောင်လဲ လုပ်ပေးသေးရဲ့၊ ဘာသဘောလဲကွ"

ဟွာဟူချွန်က တစ်ချက်ရယ်သွမ်းလိုက်ပြီး-

"ကျုပ်က မင်းကို နဂိုပုံမှန်အခြေအနေမျိုးဖြစ်သွားပြီးမှ သတ်ချင်လို့ပဲ၊ မတရား မသတ်ချင်လို့ ဆိုပါတော့"

"နေပါဦး၊ မင်းက ဘာကြောင့် ငါ့ကို သတ်ချင်ရတာလဲ၊ အကျိုးအကြောင်းလေးလဲ ပြောပြစမ်းပါဦး"

"ကျုပ်ပြောခဲ့ပြီးပြီပဲ၊ ကျုပ်ကို တာဝန်ပေးတဲ့လူရှိတယ်လို့"

ရှောင်ယီ အတန်ကြာ စဉ်းစားသည်။ ပြီးမှ-

"မင်းက ငါ့ကိုသတ်မယ်ဆိုရင် ငါက အသာတကြည် အသတ်ခံမယ်လို့ မင်းထင်သလား၊ အခု ငါ့မှာ မင်းကို ခုခံနိုင်တဲ့ ခွန်အားတွေ ပြန်ရနေပြီကွ"

ဟွာဟူချွန်က ရယ်နေသည်။ နောက်ဦးခေါင်းကိုယမ်းလိုက်ပြီး-

"မင်း ကျုပ်ကို မနိုင်ပါဘူးလေ"

ဟွာဟူချွန်၏အသံမှာ ပိုင်နိုင်လှ၏။

ရောင်ယီက မဲ့ပြုံးပြုံးလိုက်မိသည်။ သူသည် ဤသို့ ကိုယ့်ကိုယ်ကို အထင်ကြီးသူမျိုးကို တွေ့ခဲ့ဖူးပြီးပါပြီ။

"မင်းအပြောက သေချာလှချည်လား၊ ကဲ... ဒီလိုဆိုရင် မင်းထလိုက်တော့၊ မင်းနဲ့ငါ ခုပဲ ယှဉ်ပြိုင်ကြစို့၊ ဟုတ်လား"

ရောင်ယီ ခုန်လွှားကာ မတ်တတ်ရပ်လိုက်သည်။

ဟွာဟူချွန်လည်း ထိုင်နေရာမှ ထရပ်လိုက်သည်။ သူက လှမ်းလျှောက်လာသည်။

သူတို့နှစ်ယောက် မျက်နှာချင်းဆိုင် ရပ်လိုက်ကြ၏။ ဟွာဟူချွန်က နံရံပေါ်မှ ဓားကို ဝင့်ကြည့်လိုက်သည်။ နံရံပေါ်တွင် ကျောက်စီဓားတိုကလေးက မရှိတော့ပေ။

ရောင်ယီ သူ့ညာလက်ကို ရှေ့ထုတ်ပြလိုက်၏။

ကျောက်စီဓားတိုကလေးကား ရောင်ယီ၏လက်ထဲ ရောက်နေလေပြီ။ သူသည် နံရံပေါ်မှ ဓားကိုဖြုတ်ယူထားခြင်း ဖြစ်ပေသည်။

ဟွာဟူချွန်က ရောင်ယီကို ခပ်အေးအေးသာ ကြည့်လိုက်၏။ ရောင်ယီက ဟွာဟူချွန်ကို ခပ်ကျယ်ကျယ် အော်ပြောသည်။

"မင်း ငါ့ကို သေစေချင်ရင် မခက်ပါဘူး၊ ဒါပေမယ့် မင်းကိုယ်တိုင် မင်းလက်မင်းခြေနဲ့ ငါ့ကိုသတ်ဖို့ကတော့ ခက်တယ်ကွ၊ ဟား... ဟား... ဟား"

"ကျုပ်က မင်းကို သတ်မပစ်နိုင်ဘူးလို့ ထင်တယ်ပေါ့လေ"

ရောင်ယီသည် သူ့လက်ထဲမှ ဓားမြှောင်ကို သူ့ရင်ဝ၌ တေ့ကပ်လိုက်သည်။

"ဒီမှာတွေ့လား၊ မင်းကိုငါ မနိုင်တော့တဲ့ အခြေအနေမျိုးဆိုရင် ငါ့ကိုယ်ငါ သတ်သေလိုက်မယ်၊ ဒီလိုဆိုရင် မင်းငါ့ကို မင်းလက်မင်းခြေနဲ့ သတ်ပစ်နိုင်ပါတော့မလား"

ဟွာဟူချွန်သည် ရောင်ယီကို တွေတွေကြီးကြည့်နေမိလေ၏။ မှန်သည်။ မိမိက ရောင်ယီကို ကိုယ်တိုင်ကိုယ်ကျ သတ်ပစ်နိုင်မည် မထင်တော့ပါ။ ရောင်ယီသည် ကြည့်ရုံနှင့် လွန်စွာသွက်လက်သူဖြစ်ကြောင်း သိနိုင်ပါသည်။

သူသည် ရောင်ယီထက် သိုင်းပညာပို၍ အဆင့်မြင့်သည်ထား၊ ရောင်ယီသည် မိမိကို မနိုင်သောအခြေအနေမျိုးသို့ ရောက်လျှင် သူ့ကိုယ်သူ သတ်သေသွားမည်သာဖြစ်သည်။ ယခုပင်ကြည့်၊ ရောင်ယီ သူ့ကို ခြိမ်းခြောက်နေပေပြီ။

ရောင်ယီ၏ဉာဏ်ရည်ကို ဟွာဟူချွန်စိတ်ထဲမှကျိတ်ပြီး ချီးမွမ်းမိလေ၏။

ဟွာဟူချွန်ကား ငယ်စဉ်တောင်ကျေး ပုလုကွေးဘဝမှစပြီး မဟူရာနန်းတော်၌ ကြီးပြင်းလာခဲ့သူဖြစ်သည်။ မဟူရာနန်းတော်၌ ယောကျ်ားသားဟူ၍ လုံးဝ မရှိပေ။

သူသည် အမျိုးသမီးတို့၏ ပြုစုခြင်း၊ ပညာသင်ကြားပေးခြင်းကို ခံခဲ့ရသည်။

ရောင်ယီခေါ် ကျန်းယီကတော့ ဒုစရိုက်တောင်ကုန်း ဒုစရိုက်ရွာတွင် နေခဲ့ကြီးပြင်းခဲ့သည်။

ဒုစရိုက်ရွာတွင် တကယ့်ထိပ်တန်းလူဆိုးလူသွမ်း သိုင်းသမားကြီးတို့၏ ပြုစုမှု၊ ပညာသင်ကြားမှုကို ခံခဲ့ရသူဖြစ်သည်။

မဟူရာနန်းတော်နှင့် ဒုစရိုက်ရွာ။

အလွန်တရာ ကွာခြားသော အခြေအနေများဖြစ်၏။ မိုးနှင့်မြေလို ကွာခြားသည်ဟု ပြောနိုင်သည်လည်း အမှန်ပင်။

ထိုပတ်ဝန်းကျင်နှစ်ခုမှ မွေးဖွားလာသူနှစ်ယောက်အဖို့ အကောင်းဆုံးနှင့်အဆိုးဆုံးဟူ၍ ဖြစ်ရမည်သာ။

သို့သော် ကံတရား၏ ဖေးမချက် တစ်ချက် ရှိခဲ့သည်။ ဒုစရိုက်ကျေးရွာ၌ ကြီးပြင်းခဲ့ရသော ရှောင်ယီသည် တုံးတိုက်တိုက်၊ ကျားကိုက်ကိုက် ဆိုးသွမ်းရက်စက်ရသည့် လူငယ်ဖြစ်သည်။ သို့သော် သူသည် သမားတော်ကြီး ဝမ့်ချွန်လျူနှင့် တိုက်တိုက်ဆိုင်ဆိုင် တွေ့ဆုံခဲ့ရ၏။ သမားတော်ကြီး သင်ကြားပေးခဲ့သော စာပေပညာရပ်များကို ဆည်းပူးခဲ့ရ၏။ ဤသို့ဖြင့် ရှောင်ယီသည် အဆိုးဆုံး၊ အရက်စက်ဆုံးလူ မဟုတ်တော့ပေ။

ထို့အတွက် ဉာဏ်ရည်ပင် ပိုတက်သွားလေ၏။ သူသည် လျှပ်တစ်ပြက် ဉာဏ်ထုတ်ရာတွင် တစ်ပါးသူထက် နှာတစ်ဖျားသာပေသည်။

ရှောင်ယီက သူ့ရင်ဝကို ဓားတေ့ပြီး ပြုံးလျက် ပြောသည်။

"ကဲ... တကယ်လို့ မင်း ငါ့ကို ကိုယ်တိုင်ကိုယ်ကျ သတ်ချင်တယ်ဆိုရင် အခွင့်အလမ်း ပေါ်အောင် စောင့်ဖမ်းပေတော့၊ တစ်နေ့နေ့တော့ မင်း ငါ့ကို မိချင်မိမှာပေါ့လေ၊ အခုတော့ ငါ သွားတော့မယ်၊ ငါ့ကို ဖမ်းလားဆီးလား၊ တိုက်လားခိုက်လား လုပ်ရင်တော့ ငါ့ကိုယ်ငါ သတ်သေလိုက်မှာပဲ၊ ငါမလုပ်ရဲဘူးလို့တော့ မင်းမထင်နဲ့၊ ငါဟာ ဒုစရိုက်ကျေးရွာမှာ ကြီးလာတဲ့လူကွ၊ မင်းအကြံအစည် အောင်မြင်ချင်ရင် စိတ်တော့ရှည်ပေါ့ကွာ"

ရှောင်ယီသည် နောက်ဆုတ်နောက်ဆုတ်နှင့် တံခါးပေါက်ဝဆီသို့ ဆုတ်သွားသည်။ ဟွာဟူချွန်မှာ ရှောင်ယီကို တိုက်ခိုက်ရန် အခက်တွေ့နေသည်။ ရှောင်ယီကို ဖမ်းလားဆီးလား၊ တိုက်လား၊ ခိုက်လား လုပ်လိုက်လျှင် ရှောင်ယီ သူ့ကိုယ်သူ သတ်သေသွားမှာလည်း စိုးရိမ်ရသည်။ ဤအဖြစ်မျိုးတော့ အဖြစ်မခံနိုင်ပေ။

ရှောင်ယီကို သူပိုင်ပိုင်နိုင်နိုင် တိုက်ခိုက်ပြီးမှ သတ်ပစ်ချင်သည့် ဟွာဟူချွန်မှာ မည်သို့ဆုံးဖြတ်ရမှန်း မသိသဖြင့် ဤအတိုင်းပင် ရပ်ကြည့်နေလိုက်ရလေတော့၏။

ရှောင်ယီမှာ အပြင်သို့ ရောက်သွားလေပြီ။

သူသည် တုန့်နေးသောအမူကို မပြုချေ။ အမြန်ဆုံး ပြေးထွက်သွားတော့သည်။ အချိန်နှင့် ဒီရေသည် လူကို မစောင့်ချေ။ အချိန်ရှိခိုက် လုံ့လစိုက်မှ ဤမဟူရာနန်းတော်မှ လူငယ်နှင့် ဝေးမည် မဟုတ်ပါလား။

အပြင်၌ မြူနှင်းများ ကျဆင်းနေသည်။ အမည်မသိသည့် တောပန်းရနံ့များမှာ နေရာအနှံ့အပြား ဖူးပွင့်နေ၏။

နေရောင်ခြည် ရှိသော်လည်း မနွေးချေ။ နေရောင်ခြည်သည် ဝိမိန်စံနန်းတောင်၏ နံနက်ခင်း မြူနှင်းထုကို မထွင်းဖောက်နိုင်ဘဲ ရှိနေသည်။

"ကောင်းတယ်၊ ဒါဟာ ငါ့အတွက် အကာအကွယ်ပဲ၊ ငါသာ ခြေသံလုံလုံ ပြေးနိုင်ရင် ဟိုကောင် ငါ့ကို ဘယ်လိုမှ ခြေရာခံနိုင်မှာ မဟုတ်ဘူး"

ရှောင်ယီ စိတ်ထဲမှ ရေရွတ်မိသည်။

သူသည် မရပ်မနားဝံ့ဘဲ တရကြမ်း ပြေးခဲ့၏။ တောလမ်းကလေးတစ်ခုအတိုင်း ပြေးခဲ့ခြင်းဖြစ်ရာ ဟွာဟူချွန်၏ လက်မှ လွတ်မှလွတ်ပါမည်လောဟာ တွေးထင်ဖွယ်ရာပင်ရှိသည်။

ဟွာဟူချွန် သူ့နောက်သို့ လိုက်လာလေမည်လော။

သူမသိပါ။ သူက နောက်လှည့်ကြည့်ခြင်း မရှိ၊ အချိန်ကို နည်းနည်းမျှ အကုန်မခံနိုင်ဘဲ ဆက်တိုက်ပြေးလွှားခဲ့သည်။

"ကျန်းယီ မပြေးနဲ့၊ ရပ်လိုက်ပါ၊ ဆက်မပြေးနဲ့"

ဟွာဟူချွန်၏ အော်သံပင်တည်း။

ဟွာဟူချွန် သူ့နောက်မှ ပြေးလိုက်လာသည်။ သူ့ကို နောက်မှ လှမ်းအော်ပြီး တားမြစ်နေသည်။

ရှောင်ယီကား ပြေးမြဲပြေးဆဲပင်။ တောလမ်းကလေးအတိုင်း အမြန်ဆုံး ပြေးလေသည်။ တောလမ်းကလေး ကွေ့ကောက်သွားလျှင် သူက လိုက်ကွေ့ပြီး ပြေးသည်။

"ကျန်းယီ ရပ်လိုက်ပါ၊ မင်းဆက်ပြေးရင် ရှေ့မှာ ချောက်နက်ကြီး ရှိနေတယ်၊ မင်းအရှိန်လွန်ပြီး ကျသွားလိမ့်မယ်"

သူ့နောက်မှ ဟွာဟူချွန်က အော်ပြောရင်း ပြေးလိုက်နေသည်။

ရှောင်ယီက မယုံကြည်ပါ။ ဟွာဟူချွန် သူ့ကို ခြောက်လှန့်ပြောဆိုပြီး ရပ်ခိုင်းနေသည်ဟု ထင်သည်။ ထို့ကြောင့် မရပ်ဘဲ ဆက်၍ ပြေးမြဲပြေးသည်။

"ဟာ"

သူ ရင်ထဲ ဟာသွားသည်။

ရုတ်တရက် သူ့ရှေ့တွင် မြေကြီး မရှိတော့။ ချောက်ကြီးကို ဘွားခနဲ တွေ့မြင်လိုက်ရခြင်း ဖြစ်ပေသည်။ သူသည် ကိုယ်ရှိန်သတ်ပါသော်လည်း မရတော့ပေ။ ရှောင်ယီ ထိတ်လန့်တကြီးကျဆင်းသွားလေတော့သတည်း။

------------------- * * * * * -------------------

အခန်း(၄၁)

ရဲ့ဝံ့သော စွန့်စားမှု

================================

ရောင်ယီ၏ အော်သံသည် တောတောင်ထဲ၌ ပဲ့တင်ထပ်သွားလေ၏။

ဟွာဟူချွန်မှာ ရောင်ယီကို ငုံ့ကြည့်သည်။ သို့သော် မတွေ့မြင်နိုင်ပါ။ မြူနှင်းများကြောင့် နစ်လံထက်ပို၍ မမြင်နိုင်ချေ။ သူသည် ချောက်ကမ်းပါးနဖူး၌ ကျောက်ရပ်တစ်ရုပ်လို မလှုပ်မယှက် ရပ်နေမိလေတော့သည်။

ထိုစဉ် ပြေးလွှားလာသော ခြေသံများကို ဟွာဟူချွန် ကြားရသည်။

သူ့နောက် ပြေးလိုက်လာကြသူတွေမှာ ထိစင့်လွမ်နှင့် ဝတ်စုံဖြူ အမျိုးသမီးငါးဦး ဖြစ်ကြသည်။

ဝတ်စုံဖြူအမျိုးသမီးငါးဦးမှာ မဟူရာနန်းတော်မှဖြစ်သည်။

အမှန်မှာ ထိစင့်လွမ်ပြေးထွက်လာလိုက်သဖြင့် ဝတ်စုံဖြူအမျိုးသမီးများလည်း သူမနောက်မှ ပြေးလိုက်ခဲ့ကြရခြင်းဖြစ်သည်။ သူတို့အားလုံးပင် ရောင်ယီ၏အော်ဟစ်သံကို ကြားလိုက်ကြရသည်။

ထိစင့်လွမ်သည် ဟွာဟူချွန်နောက်သို့ ရောက်သည်နှင့် အပြေးရပ်လိုက်ရ၏။

"စောစောက ဘယ်သူ့အော်သံလဲ၊ သူ့အသံမဟုတ်လား၊ ရောင်ယီ့အော်သံ မဟုတ်လား"

ဟွာဟူချွန်က ခေါင်းကိုညိတ်ပြသည်။

ထိစင့်လွမ် မျက်လုံးပြူးသွားသည်။ တုန်ယင်သောအသံနှင့် မေးပြန်သည်။

"သူ... သူ ဘာဖြစ်လို့လဲ"

ဟွာဟူချွန်က သက်ပြင်းကိုချ ခေါင်းကိုပါ ခါယမ်းပြသည်။ ထိစင့်လွမ်သည် ဟွာဟူချွန်ကိုကြည့်ပြီး နောက်သို့ခြေလှမ်းများ ဆုတ်သွား၏။

"ရှင်... ရှင်... သူ့ကို သတ်လိုက်ပြီပေါ့ ဟုတ်လား"

ရုတ်တရက် ပြေးသွားပြီးလျှင် ဟွာဟူချွန်ကို လက်သီးဖြင့် အဆက်မပြတ် ထိုးနက်ပါတော့သည်။

ထိစင့်လွမ်၏ လက်သီးများက ဟွာဟူချွန့် ကိုယ်ပေါ်သို့ မိုးသီးမိုးပေါက်များနယ် ကျရောက်လေသည်။

ဟွာဟူချွန်သည် လှုပ်ပင်မလှုပ်၊ ရှောင်ရှားခြင်း အလျဉ်းမပြု၊ ခုခံခြင်းလည်း မပြုပါ။ ထိစင့်လွမ်၏ လက်သီးချက်များ သူ့ကိုယ်ပေါ်သို့ ကျရောက်သည်ကို ခံနေရသည်။ နာကျင်ရမှန်းလည်း သိဟန်မတူ။

"မင်းတော်တော့၊ တို့သခင်လေးကို မစော်ကားနဲ့"

ဝတ်စုံဖြူနှင့်အမျိုးသမီးများက ထိစင့်လွမ်ကို အော်ငေါက်ပြီး ဝိုင်းဝန်းတိုက်ခိုက်ရန် ဟန်ပြင်ကြ၏။ ဟွာဟူချွန်က ဝတ်စုံဖြူနှင့် အမျိုးသမီးများကို လက်ကာတားမြစ်လိုက်သည်။

ဝတ်စုံဖြူနှင့်အမျိုးသမီးများသည် ဟွာဟူချွန် အမိန့်ကိုတော့ နာခံကြသည်။ ချက်ချင်း နောက်ပြန်ဆုတ်သွားကြသည်။

ဟွာဟူချွန်က နွမ်းလျစွာ ရှင်းလင်းပြောပြ၏။

"ကျုပ် သူ့ကို မသတ်ပါဘူး၊ သူရှေ့ကနေ တအားပြေးသွားပြီးတော့ ပေါဒီချောက်ကြီးထဲ သူ့အရှိန်သူ မထိန်းနိုင်ဘဲ ကျသွားတာပါ"

ထိစင့်လွမ် တစ်ကိုယ်လုံး တုန်လှုပ်သွားသည်ကို တွေ့ရ၏။ နောက်သို့လည်း ဆုတ်သွားလေသည်။

"ရှင်... ရှင် တကယ် သူ့ကို မသတ်ဘူးလား"

ဟွာဟုချွန်က-

"ကျုပ် မင်းကို လိမ်မပြောပါဘူး"

"ရှင်... ရှင် ဘာလို့ သူ့ကို အမီပြေးလိုက်မဆွဲသလဲ"

ဟွာဟုချွန်က သူမကို ကြည့်ပြီးလျှင် သက်ပြင်းချသည်။

"မင်းအခုအချိန်မှာ ဘယ်လောက်စိတ်ထိခိုက်မလဲဆိုတာ ကျုပ် သိပါတယ်၊ စောစောက မင်း ကျုပ်ကို လက်သီးနဲ့ ထိုးခဲ့တာကို ကျုပ် ဗွေမယူပါဘူး၊ ဘယ်လိုမှလဲ မအောက်မေ့ပါဘူး"

ထိစင့်လွမ်သည် ဟွာဟုချွန် သဘောထားကြီးပုံကို သိရှိသွားသည်။ ထို့ပြင် သူပြောပုံမှာ တည်ကြည်သိမ်မွေ့လှသဖြင့် မည်သည့်နည်းနှင့်မျှ မလိမ်နိုင်ဟု ယုံကြည်ယူဆရန် ရှိပေသည်။

ရောင်ယီ။ ရောင်ယီ့အကြောင်းကို ပြန်တွေးမိပါ၏။ ရောင်ယီသည် လူဆိုးလူသွမ်းကလေးသာဖြစ်၏။ သူမ အဘယ် ကြောင့် ရောင်ယီအပေါ် ဤမျှ သံယောဇဉ် ဖြစ်နေမိပါသနည်း။

ဟွာဟုချွန်၏ မျက်လုံးအစုံက ကြင်နာမှု အရိပ်အယောင် ယှက်သန်းလေသည်။ သူက ထိစင့်လွမ်ကို ပြောသည်။

"ထိစင့်လွမ် ခင်ဗျား အနားသွားယူပါ၊ ပြန်သွားပါတော့နော်၊ ရောင်ယီကို ဘယ်လိုမှ မကယ်နိုင်တော့ပါဘူး၊ ကျုပ် သတ်တာလဲ မဟုတ်ပါဘူး၊ သူ့ကြမ္မာနဲ့သူ ဖြစ်လာတာပါ"

ထိစင့်လွမ်မှာ စိတ်ပျက်ညှိုးငယ်စွာ ခေါင်းညိတ်မိသည်။

"ဟုတ်တယ်၊ ရောင်ယီကို ဘယ်သူမှ မကယ်နိုင်ပါဘူး၊ ကျွန်မ ကျွန်မ သူ့နောက်ကို လိုက်သွားတော့မယ်"

ထိစင့်လွမ်သည် ရုတ်တရက် ရှူးသွပ်သွားသလိုနယ် ချောက်ကြီးဆီသို့ ပြေးထွက်သွားလေတော့၏။

"ရောင်ယီ ကျွန်မကို စောင့်နေပါ၊ ကျွန်မ လိုက်လာပါပြီ"

သို့သော် သူမနောက်သို့ ဟွာဟုချွန်အမီ ခုန်လွှားလိုက်လာပြီး လက်မောင်းကို ဖမ်းဆွဲထားလိုက်၏။ ထိစင့်လွမ်က အတင်းရုန်းသည်။ သို့သော် ဟွာဟုချွန်လက်မှ ရုန်းမထွက်နိုင်ဘဲဖြစ်နေ၏။

"လွှတ်... လွှတ်၊ ကျွန်မကို လွှတ်ပါရှင်၊ ဘာဖြစ်လို့ ကျွန်မကို ရှင်ဆွဲထားတာလဲ၊ ကျွန်မ ရောင်ယီနဲ့ အဖော်သွား လုပ်ရမယ်၊ သူတစ်ယောက်တည်း တမလွန်ဘဝမှာ ပျင်းနေမှာပဲ။ ကျွန်မလဲ လိုက်သေမှဖြစ်မယ်"

ထိစင့်လွမ်မှာ မျက်ရည်များ ဖြိုင်ဖြိုင်ကျလျက် အော်ဟစ်ငိုယိုနေတော့သည်။ ထိုစဉ် လူတစ်ယောက်၏အသံကို သူတို့ ကြားရသည်။ ထိုအသံမှာ အမျိုးသမီးတစ်ဦး၏ အေးစက်စက်ပြောဆိုသံပင် ဖြစ်တော့သည်။

"ဘယ်သူ တမလွန်ဘဝ ရောက်သွားလို့လဲ၊ တစ်ယောက်တည်း သေသွားရတာဟာ အေးအေးချမ်းချမ်း ရှိပါတယ်၊ မင်းဘာဖြစ်လို့ လိုက်သွားပြီး သူ့ကို အနှောင့်အယှက် ပေးချင်ရတာလဲ"

မြူနှင်းများအကြားမှ လူရိပ်တစ်ရိပ် ထွက်ပေါ်လာသည်။ ထိုလူရိပ်မှာ နွဲ့နှောင်းသော ကိုယ်ဟန်ရှိသည်။ သူမသည် ခပ်ဖြည်းဖြည်း လျှောက်လာရာ မကြာမီ ထိစင့်လွမ်တို့ ရှေ့သို့ ရောက်ရှိလာလေ၏။

သူမကား မုယုံကျို ဖြစ်လေသတည်း။

မုယုံကျို၏ မျက်နှာမှာ ဖြူဖပ်ဖြူရော်ဖြစ်နေသည်။ ယခင်က နက်မှောင်ရွှန်းလဲ့သော မျက်ဝန်းအစုံမှာ ယခုတော့ အရောင်မှေးမှိန်လျက်ရှိနေပြီ။

မယုံကျိုမှာ ကြောင်တောင်တောင်ကြီး ဖြစ်နေသလို ထင်ရ၏။

"ရောင်ယီ အခု ချောက်ထဲကျ သေပြီလေ၊ ဒါဆို ရှင် သိပ်ဝမ်းသာပြီ မဟုတ်လားဟင်၊ ရောင်ယီ သေတာကို သိရလို့ ရှင် သိပ်ကျေနပ်သွားပြီ မဟုတ်လား"

မယုံကျိုက သူ့ခေါင်းကို ခပ်ဖြည်းဖြည်း ခါယမ်းလေ၏။

"ရောင်ယီ ဒီမှာ သေမှာ မဟုတ်ပါဘူး၊ ဒီမှာ သေသွားရင်လဲ သူ မဟုတ်နိုင်ဘူး၊ သူ မဖြစ်နိုင်ဘူး"

ထိုသို့ပြောပြီး မယုံကျို ရယ်မောတော့သည်။ အဆက်မပြတ် ရယ်မောလေသည်။ အားရအောင် ရယ်မောပြီးမှ ဆက်ပြောသည်။

"ရောင်ယီဟာ ငါ့ရဲ့ မယုံဂေဟာမှာ သေသွားပါပြီ၊ သူ့ကို ငါကိုယ်တိုင် အအေးခန်းတံခါးပိတ်ပြီး သတ်ခဲ့တာပဲ၊ လူတစ်ယောက်ဟာ ဘယ်လိုမှ နှစ်ခါ မသေနိုင်ပါဘူး၊ လောကမှာ နှစ်ခါသေတဲ့လူ ဘယ်နည်းနဲ့မှ မရှိနိုင်ဘူး"

သူမသည် ပြောရင်းရယ်မောနေ၏။ အရူးမတစ်ယောက် ရယ်သကဲ့သို့ပင်တည်း။

ဟွာဟူချွန်သည် မယုံကျိုကို အကဲခတ်ပြီး ဝတ်စုံဖြူအမျိုးသမီးတစ်ဦးအား လှမ်း၍ အမိန့်ပေး၏။

"ဟိုစမ်း၊ ဒီအမျိုးသမီးဟာ ထိတ်လန့်မှုဖြစ်ပြီး ဦးနှောက်ထိခိုက်သွားပုံရတယ်၊ သူ့ကို ပြန်ခေါ်သွားပြီး ဦးနှောက်ကြည်ဆေး တိုက်လိုက်ပါ၊ အနားယူခိုင်းလိုက်ပါ"

ဟိုစမ်းဆိုသော အမျိုးသမီးသည် မယုံကျို၏ လက်ကို လှမ်းဆွဲလိုက်သည်။ မယုံကျို မရုန်းပေ။ ရယ်မော၍သာ နေလေသည်။

"ငါကိုယ်တိုင် သူ့ကို သတ်ပစ်လိုက်တယ်လေ၊ သူသေပြီ၊ အခု သေသွားတာ သူ မဟုတ်နိုင်ဘူး၊ ရောင်ယီ မဟုတ်နိုင်ဘူး"

ထိုအခါ ထိစင့်လွမ် ပေါက်ကွဲတော့သည်။

"ဘာ... သေတာလဲ၊ ရှင်တို့ ဘယ်သူမှ သူ့ကို အသေမသတ်နိုင်ဘူး၊ လောကမှာ သူ့ကို သတ်နိုင်တဲ့လူ တစ်ယောက်ပဲရှိတယ်၊ အဲဒါ သူကိုယ်တိုင်ပဲ"

မှန်ပါသည်။ ရောင်ယီကို ရောင်ယီကပဲ သတ်နိုင်ပါလေသည်။ ရောင်ယီ၏ မာကျောလှသော အတွင်းစိတ်ကို ထိစင့်လွမ် သိသည်။

ရောင်ယီသည် အလွန်တရာ မာကျောသော လူသားဖြစ်သည်။ ထို့ကြောင့်လည်း သူ ရောင်ယီကို ချစ်မိခြင်း ဖြစ်ပေသည်။

"အခု သူဟာ သူ့ကိုယ်သူ ချောက်ထဲ ခုန်ဆင်းပြီး သတ်သေသွားတာပဲဖြစ်မယ်၊ သူဟာ သူ့ကိုယ်သူ အဆုံးစီရင်လိုက်တာပဲ၊ ဉာဏ်ကောင်းသူတွေဟာ သူတို့ကိုသူတို့ သေနိုင်ဖို့ ကြိုတင် စဉ်းစားထားတတ်ကြတယ်"

ထိစင့်လွမ်သည် ပြောပြီး ချုံးပွဲချ ငိုကြွေးလေတော့၏။

အမှန်တော့ ရောင်ယီ မသေပါ။

ဟွာဟူချွန်သည် သူ့အား မည့်သည့်နည်းနှင့်မျှ အလွတ်ပေးမည် မဟုတ်သည်ကို ရောင်ယီ သိသည်။ ရောင်ယီ၏ ဉာဏ်ရည်မှာ သာမန်လူများထက် အပြတ်အသတ် သာမြင့်သဖြင့် ပြေးရင်းလွှားရင်း သူ ဘာလုပ်ရမည်ကို သူ သိပေသည်။

သူ့ဘဝ သက်တမ်းတစ်လျှောက်လုံး ပြေးလွှားလုပ်ရှားရင်း အချိန်ကုန်လာသူဖြစ်၍ လှုပ်ရှားရင်း လွတ်မြောက်ခွင့်ရှာရန် ကိစ္စမှာ သူ့အတွက် ခက်ခဲသောကိစ္စ မဟုတ်ပေ။ ငြိမ်သက်စွာ ထိုင်ရင်း အသတ်ခံရခြင်းထက် လှုပ်ရှားရင်း သေရခြင်းက မြတ်သည်ဟု ယူဆထားသူဖြစ်ရာ သူ့အတွက် လှုပ်ရှားမှုက ဘာမျှ မထူးဆန်းတော့ပေ။

တကယ်တော့ ရောင်ယီသည် သူ့နောက်မှ လိုက်လာသော ဟွာဟူချွန်ကို သူချောက်ကြီးထဲကျသွားသကဲ့သို့ ထင်မှတ်သွားအောင် ပြုလုပ်လိုက်ခြင်းသာ ဖြစ်ပါသည်။

ရောင်ယီသည် ချောက်ကြီးထဲသို့ကား ခုန်ဆင်းခဲ့ပါသည်။ သို့သော် သူသည် ချောက်ကြီး၏ နံရံဘက်သို့ မျက်နှာမူသွားအောင် လှည့်ပြီး သူ့လက်ထဲမှ ဓားရတနာဖြင့် လှမ်းထိုးလိုက်သည်။

ဤတွင် သူသည် အောက်သို့ ဆက်လက်ကျဆင်းမသွားတော့ဘဲ ချောက်နံရံတွင် တွယ်လျက် အနေအထားမျိုးဖြင့် ခိုကပ်လျက် ဖြစ်နေတော့သည်။

ရဲရင့်ခြင်း၊ စွန့်ဝံ့ခြင်း၊ သန်စွမ်းခြင်းတို့ကြောင့် သူလုပ်တိုင်း ဖြစ်မြောက်ခဲ့ရပေသည်။

ရောင်ယီသည် အလွန်ရဲဝံ့လှသော စွန့်စားခြင်းအမှုကို ဉာဏ်ရည်ကောင်းကောင်းဖြင့် ပြုမူလိုက်ခြင်းဖြစ်လေသည်။

သူယင်းသို့ ပြုမူစွန့်စားမှသာလျှင် ဟွာဟူချွန်လိုလူမျိုးကို လှည့်စားနိုင်မည် ဖြစ်၏။ တော်ရုံ လှည့်စားမှုမျိုးဖြင့် ဟွာဟူချွန်ကို ယုံစေနိုင်မည် မဟုတ်ပါ။

ရောင်ယီသည် ချောက်နံရံဝယ် ဓားရိုးကို ဆွဲခိုထားရင်း တွယ်ကပ်နေရာမှ အထက်မှ ထိစင့်လွမ်၏ ငိုသံ၊ ပြောဆိုသံကို ကြားနေရသည်။

မုယုံကျို၏ ရယ်မောပြောဆိုသံကိုလည်း ကြားရသလို ဟွာဟူချွန်၏ သက်ပြင်းချပြောဆိုသံကိုလည်း ကြားနေရသည်။

အတန်ကြာသောအခါမှ အထက်မှ လူသံသူသံများ တိတ်ဆိတ်သွား၏။ ထိုအခါကျမှသာ ရောင်ယီသည် ချောက်ပေါ်သို့ ပြန်တက်ရန် ကြံစည်အားထုတ်တော့သည်။

ရောင်ယီ ချောက်နှုတ်ခမ်းပေါ်သို့ တွယ်တက်နေသည်။ ညာလက်မှ ဓားကို အဓိက အားပြုရသည်။ မည်မျှ အားထုတ်ရသနည်းဆိုသော် သူ့တစ်ကိုယ်လုံးမှ ချွေးပြိုက်ပြိုက် ကျဆင်းသည်အထိ ဖြစ်သည်။

ချောက်နှုတ်ခမ်းပေါ်သို့ ရောက်ရန်မှာ သူ ထင်သလောက် မလွယ်ကူလှဘဲဖြစ်နေ၏။

သူ့ညာလက်မှ ဓားဖြင့် ကျောက်နံရံ ပတ်ကြားအက်ကို ရှာပြီး ထိုးစိုက်ကာ အားပြု တွယ်တက်ရသည်။ သူ့ခြေထောက်အစုံကလည်း နံရံတွင်ရှိသည့် အဖုအထစ်များကို စမ်းသပ်နင်းထားရသည်။ မနင်းမိသည့်အခါ သူ့တစ်ကိုယ်လုံး၏ အားသည် ဓားမြှောင်နှင့် လက်အပေါ်သာ မှီခိုနေရတော့သည်။

ထိုစဉ် သူ့ဘေးမှ အသံဗလံ လှုပ်ရှားသံများ ထွက်ပေါ်လာသဖြင့် ရောင်ယီမှာ မလန့်စဖူး ထိတ်လန့်သွားမိလေ၏။

အသံဗလံ ထွက်ပေါ်လာရာဆီသို့ ခေါင်းလှည့်ကြည့်လိုက်သည်တွင် ချောက်နံရံဝယ် တွယ်ကပ်ပေါက်နေသော ချုံနွယ်များအကြား၌ လူရိပ်လိုလို သဏ္ဍာန်များ တွေ့လိုက်ရသဖြင့် ရောင်ယီ အံ့သြရပြန်သည်။

သူ ငြိမ်ပြီး ကြည့်နေလိုက်၏။ သို့သော် လူများ မဟုတ်၊ မျောက်များဖြစ်ကြောင်း တွေ့မှ ရင်ထဲအေးသွားသည်။

မျောက်များမှာ အကောင်နစ်ဆယ်မျှရှိပြီး လှုပ်လှုပ်ရှားရှားနှင့် ချုံပေါ်တွင် ခုန်ပေါက်သွားလာနေကြသည်။ နွယ်ကြိုးများ ခိုစီးနေသော မျောက်တွေကိုလည်း တွေ့မြင်ရသည်။

မျောက်များသည် ရောင်ယီကို မြင်နေရသဖြင့် ကွိကွိကွကွ အသံများ ပြုကာ ဆူဆူညံညံ လုပ်နေကြသည်။

ဝိုမိန်စန်းတောင်ပေါ်ဒေသ၌ မျောက်များ လွန်စွာ ပေါ၏။ သူတို့သည် ချောက်နံရံ၌ မှီတွယ်ပေါက်နေသော ချုံဖုတ်သစ်ပင်များ၊ နွယ်ပင်များအကြား၌ သွားလာလှုပ်ရှားနေကြသည်။ ထိုနေရာများသို့ လူသူအရောက်အပေါက် နည်းသဖြင့် သူတို့၏ ပေါက်ပွားမှုမှာပို၍ လျင်မြန်လာသည်။

ယခု တွေ့မြင်ရသော မျောက်တွေမှာ ချောက်ကြီးကို အမှီပြုပြီး နေထိုင်သွားလာကြသည် ဖြစ်သဖြင့် ချောက်နံရံများတွင် ချုံနွယ်များကို တွယ်၍ ကိုင်၍ လည်းကောင်း၊ နံရံပတ်ကြားအက်များ အဖုအထစ်များကို တွယ်ကိုင်၍လည်းကောင်း သွားလာရာတွင် ကျွမ်းကျင်ကြသည်။

ထိုမျောက်များ သူ့ထံ ချဉ်းကပ်လာကြပြီး ရန်မူပါက ရောင်ယီအနေဖြင့် ဘာမျှ တတ်နိုင်တော့မည် မဟုတ်ပေ။ သူ့တွင် လက်တစ်ဘက်သာ လွတ်လွတ်ကင်းကင်း ရှိသည် မဟုတ်ပါလော။ ထို့ကြောင့် ပါးစပ်မှ 'ရှူး-ရှူး-ရှူး' ဟူ၍ အသံပြုကာ မောင်းထုတ်နေရလေတော့သည်။

သို့သော် မျောက်များက မကြောက်မရွံ့ဘဲ ပို၍ပင် ချဉ်းကပ်လာကြသည်။ အချို့မျောက်များက နွယ်ကြိုးကို ခိုစီးပြီး ရောင်ယီအနီး နံရံ၌ လာရောက်ခိုတွယ်ကြလေ၏။

မျောက်များသည် ရောင်ယီကို အုပ်နှင့်သင်းနှင့် တိုက်ခိုက်ရန်ပြုတော့မည်ဟု ထင်မှတ်စရာ ရှိသည်။

မျောက်များ ရန်ပြုလာလျှင် ရောင်ယီ ခုခံတိုက်ခိုက်ရန် မလွယ်ပါ။ သူ့ဝယ်ရှိသည့် ဓားတိုလေးမှာလည်း နံရံပတ်ကြား အက်ထဲကို ထိုးထည့်ထားရသည် မဟုတ်ပါလား။

ရောင်ယီမှာ တွေးပြီး စိုးရိမ်ထိတ်လန့်နေရတော့သည်။

ထိုအခိုက်မှာပင် မျောက်တစ်ကောင်သည် စူးရှစွာ အော်ဟစ်ရင်း ရောင်ယီထံ ခုန်လွှားလာသည်။ ရောင်ယီ ပခုံးပေါ် တွယ်ကပ်ပြီး ကုပ်ဖဲ့ကိုက်ခဲ တိုက်ခိုက်တော့သည်။

ရောင်ယီမှာ သူ့ကျောပေါ်တက်ပြီး ကိုက်ခဲသောမျောက်ကို လက်တစ်ဘက်ဖြင့် ဆွဲချနေစဉ် နောက်ထပ် မျောက်တစ်ကောင် ခုန်လွှားရောက်လာပြန်သည်။

"ဘုရားရေ... ငါတော့ လူသတ်လို့ မသေ၊ မျောက်သတ်လို့ သေရတော့မှာပါလား"

ရောင်ယီ ထိတ်လန့်စွာ တွေးမိလေ၏။

ထိုရောက်လာသော မျောက်က ရောင်ယီ ပခုံးပေါ်မှ မျောက်၏ခါးကို ဖက်တွယ်လိုက်သည်။ သည့်နောက် မျောက်များသည် တစ်ကောင်ပြီးတစ်ကောင် ခုန်လွှားလာကြကာ တစ်ကောင့်ခြေထောက်ကို တစ်ကောင် ဆွဲထားကြသည်။

တွေ့မြင်ဖြစ်ပျက်မှုမှာ အံ့သြဖွယ်ရာ ကောင်းလှသည်။

ထိုမျောက်များသည် တစ်ကောင်နှင့်တစ်ကောင် ခြေထောက်ဆွဲ၍လည်းကောင်း၊ အမြီးဆွဲ၍လည်းကောင်း ပုခက်ကြိုးကဲ့သို့ ဆွဲတွယ်ထားကြသည်ကို တွေ့ရ၏။

ထိုမျောက်တွေကို အသိစဉ်းစားဉာဏ်မရှိဟု ပြောဆို၍ကား မရတော့ပါ။ ရှေ့ဆုံးမှ တိုက်ခိုက်နေသော သူတို့စစ်သူကြီးကို ချောက်ထဲသို့ ပြုတ်ကျမသွားအောင် တစ်ကောင်နှင့်တစ်ကောင် တွဲဆက်၍ ထားခြင်းသာ ဖြစ်ပါတော့သည်။

ရောင်ယီမှာ သူ့အား ကိုက်ခဲကုတ်ဆွဲနေသော မျောက်ကို တွန်းဖယ်ခါချနေရာ နံရံပတ်ကြားအက်ထဲသို့ ထိုးထည့်ထားသော ဓားမှာ ကျွတ်ထွက်သွားလေတော့၏ ရောင်ယီသည် မိုးပျံမြေလျှိုနိုင်သော လူစွမ်းကောင်း မဟုတ်ပါ။ နံရံမှ ပြုတ်ကျပြီး ချောက်ထဲသို့ ကျသွားတော့သည်။

မျောက်များမှာမူ ကြိုးကဲ့သို့ တစ်ကောင်နှင့်တစ်ကောင် တွဲဆက်ထားသဖြင့် တွဲလောင်းကြီး ကျန်ရစ်ခဲ့သည်။

ချောက်ကြီးမှာ အလွန်နက်ရှိုင်း၏။

ရောင်ယီ နားထဲတွင် လေတိုးသံတွေ ကြားရသည်။ သို့သော် တစ်ခဏမျှသာဖြစ်ပြီး သူ့ကိုယ်ကြီးကို တစ်စုံတစ်ခုသော အရာက ဆွဲယူလိုက်သလို တုံ့ခနဲဖြစ်သွားကာ အောက်သို့ ဆက်လက် မကျတော့ဘဲ ရပ်သွားတော့သည်။

'ဒီတစ်ခါတော့ သေဖြစ်ပြီ' ဟု ရောင်ယီ ထင်လိုက်ခြင်းမှာ မှားသွားပြန်သည်။ သူ အသက်ရှင်ခွင့် ရပြန်လေပြီ။ သူ့အား မည်သူ ကယ်တင်လေသနည်း။

ရောင်ယီအား လှမ်းဆွဲလိုက်သည့်အရာမှာ အမွေးအမျှင်တွေ ရှည်လျားစွာရှိသည့် မျောက်လက်ကြီးတစ်လက် ဖြစ်လေသည်။ ထိုမျောက်လက်ကြီးသည် သူ့အင်္ကျီရင်ဘတ်စကို ဆွဲဆုပ်လိုက်သည်။ ထိုမျောက်လက်ကြီးမှာ အလွန်အင်အားရှိကြောင်း အံ့သြဖွယ်ရာ သိရှိလိုက်ရသည်။

သို့သော် ရောင်ယီ၏ ကိုယ်ခန္ဓာအလေးချိန်မှာ ကျဆင်းမှုအရှိန်က ကြီးသောကြောင့် သူ့အင်္ကျီရင်ဘတ်စမှာ ဖျိခနဲ စုတ်ပြဲပြတ်ထွက်သွားရန်ပြန်သည်။

"တကယ် သေပြီ"

ရောင်ယီ၏ စိတ်ထဲ ဤအတိုင်း ဖြစ်ပေါ်လာပြန်၏။

သို့သော် အင်္ကျီစကိုသာ ဆွဲယူရရှိလိုက်သော ထိုမျောက်လက်ကြီးသည် လျှပ်ပြက်သလို လျင်မြန်လှစွာပင် ရောင်ယီ၏ ဆံပင်ကို ဖမ်းဆွဲမိလိုက်နိုင်ပြန်သည်။

ရောင်ယီမှာ နာကျင်လွန်းသဖြင့် မျက်ရည်များပင် ထွက်လာ၏။ သို့သော် သူ့ခန္ဓာကိုယ်ကတော့ ကျဆင်းမှု ရပ်တန့်၍ သွားရသည်။

အထက်တွင် တွဲလောင်းကြီး ချိတ်ဆက်လျက် ကျန်ရစ်ခဲ့သော မျောက်များသည် ကြိုးလွှဲသလို လွှဲလျက်ရှိ၏။ ရောင်ယီ၏ အဖြစ်ကို ကွဲကွဲကွက္ကွ အော်ဟစ်ရင်း ကြည့်နေကြသည်။

ရောင်ယီကို လက်ထုတ်ပြီး ဖမ်းဆွဲသော မျောက်ကြီးမှာ ချောက်နံရံ အပေါက်ကြီးတစ်ပေါက်တွင်ရှိသော သစ်ကိုင်းကြီးကို ကိုင်ပြီး လှမ်းဆွဲခြင်း ဖြစ်သည်။ ထိုအပေါက်ကား နံရံမျက်နှာပြင်၌ တည်ရှိနေသော ဂူပေါက်ဝတည်း။

"ငါ့ကို လှမ်းဆွဲလိုက်တဲ့ မျောက်ကြီးဟာ မျောက်ဝံကြီးနဲ့ တူပါရဲ့၊ ဒီမျောက်ကြီးဟာ ငါ ကျလာတာကို မြင်လို့ လှမ်းဆွဲပြီး ကယ်တင်တာတော့ ဟုတ်ဟန်မတူဘူး၊ ငါ့ကို အခန့်သင့်ကျလာတာတွေ့လို့ လှမ်းဆွဲယူလိုက်တာပဲ၊ ဒီမျောက်ဝံဟာ ငါ့ကို ဘယ်လို လုပ်ဦးမယ် မသိဘူး"

ရောင်ယီမှာ လူကို မကြောက်သော်လည်း အသိဉာဏ်မရှိသော တိရစ္ဆာန်များကိုမူ ကြောက်သည်။ တိရစ္ဆာန်အုပ်ကြီးနှင့် တိုက်ခိုက်ရာတွင် ဉာဏ်မထုတ်ရဘဲ သေခြင်းမျိုးကို ရောင်ယီ မလိုလားချေ။ သူသည် မျောက်ဝံကြီးကို လက်ဦးမှု ရယူပြီး သတ်ဖြတ်ရန် စဉ်းစားလိုက်၏။

သူ့လက်ထဲ၌ ဓား မရှိတော့ပါ။ ကျောက်နံရံမှ ပြုတ်ကျသည့် အချိန်တွင် ဓားလည်း အောက်သို့ ကျသွားခဲ့ရပေသည်။ သို့သော် ရောင်ယီ မတိုက်ခိုက်နိုင်ပါ။

မျောက်ကြီးက ရောင်ယီကို ဂူဝတွင် ပစ်ချလိုက်ပြီး ပျောက်ကွယ်သွားသည်။ ရောင်ယီမှာ ဂူပေါက်ဝတွင် အရှိန်နှင့်ကျသဖြင့် ဖင်ထိုင်ကျလျက် လဲလေ၏။ ထိုအကြောင်းကြောင့် ရောင်ယီ ရုတ်တရက် မထနိုင်ဘဲ ရှိနေသည်။

သူ ထပြီး မျောက်ကြီးကို လိုက်ရှာရာ မတွေ့ရဘဲဖြစ်နေ၏။

ရောင်ယီလည်း အနိုင်နိုင် ကြိုးစားထရပ်လိုက်သည်။ ဂူမှာ အတော်အတန် ကျယ်သဖြင့် ဂူထဲ၌ မျောက်တစ်ကောင်မက ရှိနိုင်သည်ဟု တွေးသည်။ ဂူထဲလိုက်လံရှာဖွေရာ ကျောက်တုံးတစ်တုံးကို တွေ့ရသဖြင့် ရောင်ယီ ကောက်ကိုင်လိုက်သည်။ ထိုကျောက်တုံးကား သူ့အဖို့ လက်နက်ပင် ဖြစ်ပေတော့သည်။

ထိုစဉ် စကားသံ ထွက်ပေါ်လာလေတော့၏။

"မင်း ကျောက်တုံးကောက်ပြီး ဘာလုပ်မလို့လဲ၊ ပြန်ချလိုက်၊ စိတ်ဆိုးစိတ်ယုတ်တွေ ရှိနေဦးမယ်ဆိုရင်တော့ မင်းကို ချောက်အောက်ထဲရောက်သွားအောင် ငါက ကန်ချပစ်လိုက်မယ် သိလား"

ရောင်ယီမှာ အကြီးအကျယ် အံ့သြထိတ်လန့်သွားလေ၏။ သူ့အား ကယ်တင်သူမှာ မျောက်ကြီး ဖြစ်သည်။ ထိုမျောက်ကြီးက လူစကားတတ်လေသလောဟု ရောင်ယီ တွေးသည်။

ရောင်ယီသည် မကြုံစဖူး အဖြစ်ထူးနေခြင်းကြောင့် သူ့လက်ထဲမှ ကျောက်တုံးကို ယောင်ယမ်းလွှတ်ချလိုက်မိတော့သည်။

သူ့တစ်ကိုယ်လုံးမှ ချွေးစေးများ ထွက်လာသည်။ မထိတ်လန့်စဖူး ထိတ်လန့်လာမိသည်။

ရှောင်ယီက တုန်တုန်ယင်ယင် ပြန်မေးမိ၏။

"ဘယ်သူလဲ၊ အခု စကားပြောလိုက်တာ ဘယ်သူလဲ"

"ကျုပ်လား၊ ကျုပ်ကို ဘယ်သူလို့ မင်း ထင်လို့လဲ"

မှောင်နေသော ကျောက်ဂူထဲမှနေ၍ ထိုအဖြေပေးသံ ထွက်ပေါ်လာသည်။

"ခင်ဗျားဟာ မျောက်ဝံကြီးတော့ မဟုတ်နိုင်ပါဘူး"

ရှောင်ယီ ပြောလိုက်ရာ ဂူတွင်းမှ အသံ ပြန်ထွက်လာလေ၏။

"ကျုပ် လူလား၊ မျောက်ဝံလားဆိုတာ မင်း မခန့်မှန်းနိုင်ဘူးလား"

"မခန့်မှန်းနိုင်ဘူးဗျာ၊ ကျုပ်တော့ အတော့်ကို အံ့သြနေတာပဲ"

ရှောင်ယီက သူ ထိတ်လန့်မှုကို ဖုံးကွယ်ပြီး ပြော၏။

"အေး - ဒီလိုဆိုရင် ဂူထဲဝင်ခဲ့၊ မင်းမှာ ဘာလက်နက်မှ ပါမလာစေနဲ့နော်"

ရှောင်ယီသည် ခြေလှမ်း တရွေ့ရွေ့ဖြင့် ဂူအတွင်းပိုင်းသို့ ဝင်သွားတော့သည်။ ဂူအတွင်း၌ မှောင်နေသည်။ အပြင်မှ ဝင်ခဲ့ရသူ ဖြစ်၍ ရုတ်တရက် မည်သည့်အရာဝတ္ထုကိုမျှ မမြင်ရဘဲ ဖြစ်နေသည်။

ရှောင်ယီ ဂူအတွင်းသို့ ရောက်ရှိသည်နှင့် သူ၏ ဘယ်ပခုံးကို လက်တစ်စုံက လာရောက်ဆုပ်ကိုင်ပြီး ညှစ်လာသည်။

ရှောင်ယီမှာ သွေးကြောပိတ်ခြင်းကို ခံလိုက်ရသည်။ သူ့လက်အစုံကို မလှုပ်ရှားနိုင်တော့သဖြင့် ရှောင်ယီမှာ အထိတ်တလန့် ဖြစ်သွားရတော့သည်။

ထို့နောက် သူ့ကို ထိုလက်အစုံကပင် ဆွဲခေါ်သွားသည်။ သူသည် ထိုလက်အစုံ၏ ဆွဲခေါ်သွားခြင်းကို မငြင်းဆန် မရုန်းကန်ဘဲ လိုက်ပါသွားသည်။ အခြေအနေတစ်ခုကို ရဲဝံ့စွာ ရင်ဆိုင်ခြင်းသည် ရှောင်ယီ၏ အရည်အချင်းတစ်ခုပင် ဖြစ်လေတော့သည်။

------------------- * * * * * -------------------

**အခန်း(၄၁)**

**လူလော မျောက်လော**

==============================

ဂူအတွင်းပိုင်းမှာ အတော်လေး ကျယ်ပြန့်ကြောင်း တွေ့မြင်ရသည်။

ရောင်ယီသည် ဂူအတွင်းမှ မြင်ကွင်းကို တွေ့မြင်လာသည်။ သူ့ကို ဆွဲခေါ်သော လက်အစုံက သူ့ကို လွှတ်ပေးလိုက်ပြီ ဖြစ်၍ လွတ်လပ်ခွင့် ရသွားလေပြီ။

သူ တွေ့မြင်ရသည်မှာ မျောက်ကြီးတစ်ကောင် ဖြစ်သည်။ ထိုမျောက်ကြီးသည် သူ့ကို ကြည့်ပြီး ပါးစပ်ကြီး ဖြဲထား၏။ လူတစ်ယောက် ရယ်မောသည်နှင့် တူလှပေသည်။ အတော့်ကိုကြီးမားလှသော မျောက်ကြီးပါပေ။

ရောင်ယီ အံ့ဩခြင်းကြီးစွာ ဖြစ်ရသည်။ မျောက်ကြီးသည် သူကဲ့သို့ပင် အင်္ကျီအဝတ်အစားများ ဝတ်စားထားလေသည် တကား။ သို့သော် မျောက်ကြီး ဝတ်ဆင်ထားသော အဝတ်အစားမှာ စုတ်ပေလျက်ရှိသည်။

ထပ်မံ၍ သေချာကြည့်ရာ ထိုမျောက်ကြီးမှာ တစ်ကိုယ်လုံး အမွေးအမှင်များ ရှိနေပါသော်လည်း မျက်နှာပြင်မှာ အမွေးအမှင်နည်းပါးလှသည်ကို တွေ့ရ၏။ မျောက်နှင့်မတူ။ လူနှင့် တူနေသည်။

မျက်လုံးအစုံ၊ နှာခေါင်း၊ ပါးစပ် စသည်တို့မှာ လူမျက်နှာ ဖြစ်နေသည်။

ကြည့်ရင်းပင် မျောက်တစ်ကောင်နှင့် မတူတော့ကြောင်း ရောင်ယီ တွေ့လာရသည်။ ထိုမျက်နှာသွင်ပြင်မှာ မုတ်ဆိတ်၊ နှုတ်ခမ်းမွေးတွေနှင့် ဖြစ်၏။ မျောက်သာဆိုလျှင် မုတ်ဆိတ်၊ နှုတ်ခမ်းမွေးများ ပေါက်မည် မဟုတ်ပါ။

ထိုမြင်တွေ့နေရသော သတ္တဝါမှာ လူလော၊ မျောက်လော ဟူ၍ ခွဲခြားရန် ခက်လှသည့်သွင်ပြင်မျိုး ဖြစ်နေ၏။ လူနှင့်လည်း တူသလို မျောက်နှင့်လည်း တူနေသည်။

ရောင်ယီတစ်ကိုယ်လုံး အေးစက်တောင့်တင်းသွားသလို ခံစားမိသည်။ သူက ထိုမျောက်လိုလို လူလိုလို မျက်နှာကို ကြာကြာ မကြည့်ဝံ့သလို ဖြစ်လာသည်။

ထိုမျောက်လိုလို၊ လူလိုလို သတ္တဝါသည် ရယ်မောလိုက်လေ၏။ သူ့ရယ်သံမှာ လူရယ်သံ အတိုင်းပင်။

"ကဲ... မင်းအခု ကျုပ်ကို တွေ့ပြီလား၊ ကျုပ်ဟာ လူလား၊ မျောက်လား မင်း ပြောစမ်း"

ရောင်ယီ တုန်ယင်သောအသံဖြင့် ဖြေ၏။

"ခင်ဗျားဟာ လူနဲ့တော့ တူတာပဲ"

"မျောက်နဲ့လဲ မတူဘူးလား၊ ပြောစမ်းပါဦး"

"ဟုတ်ကဲ့... မျောက်နဲ့လဲ တူပါတယ်၊ ခင်ဗျားသာ လူလို စကားမပြောဘူးဆိုရင် ခင်ဗျားကို မျောက်ပဲလို့ ကျုပ် ထင်မိမှာပါ"

ရောင်ယီမှာ ထူးဆန်းသော အဖြစ်အပျက်ကို တွေ့မြင်နေရသဖြင့် သူ၏ သေရေးရှင်ရေးကိစ္စကို မေ့နေလေ၏။

ထိုလူလိုလို မျောက်လိုလို သတ္တဝါသည် ရောင်ယီကိုကြည့်ပြီး တခွီးခွီး ရယ်မောလိုက်၏။

"ကျုပ် မင်းကို ပြောပြမယ်၊ ကျုပ်ဟာ လူတစ်ပိုင်း မျောက်တစ်ပိုင်းပဲ၊ မင်း ကြားဖူးရဲ့လား၊ မကြားဖူးရင် အခု မင်းမြင်ရပြီ မဟုတ်လား၊ ကျုပ်ကို သေချာကြည့်"

"လူတစ်ပိုင်း မျောက်တစ်ပိုင်း ဟုတ်လား"

ရောင်ယီ မျက်လုံးပြူးကြည့်ကာ နှုတ်မှ ရေရွတ်မိသည်။

ထိုစဉ်-

"မင်း သူ့စကားကို နားထောင်ပြီး ဇဝေဇဝါ ဖြစ်မနေပါနဲ့၊ တကယ်တော့ လူစစ်စစ်တစ်ယောက်ပါ၊ ဒါပေမယ့် သူ့အသွင် မျောက်နဲ့ သွားတူနေတာ၊ သူဟာ မင်းကို ဇဝေဇဝါဖြစ်အောင် လုပ်နိုင်တာပေါ့၊ သူဟာ မျောက်တွေနဲ့ နီးနီးကပ်ကပ်နေရတာ ကြာလာတော့ မျောက်လိုဖြစ်လာတာပေါ့ကွာ"

ထိုပြောဆိုသံမှာ အခြားလူတစ်ယောက်၏ အသံဖြစ်သည်။ မျောက်လိုလို၊ လူလိုလိုထံမှ ထွက်ပေါ်လာခြင်း မဟုတ်ပါ။

ဂူမှာ ကျယ်ပြန့်သော်လည်း အလင်းပေါက်ကလေးသေးငယ်သည်။ ထိုအလင်းပေါက်မှာ ဂူအထက်တွင် ရှိသည်။ နေရောင်ခြည်က ထိုအလင်းပေါက်မှ ဂူတွင်းသို့ တိုးဝင်ကျရောက်နေသည်။ သို့သော် အလင်းရောင်က အားနည်းလှသည်။

ဂူအနောက်ဘက် တစ်ပြင်လုံး မှောင်မိုက်နေသည်။ ထို့ကြောင့် ဘာကိုမျှ ကြည့်၍ မမြင်နိုင်ပေ။

ထိုစကားသံမှာ အမှောင်ထဲမှ ပေါ်လာခြင်း ဖြစ်သည်။ အေးစက်စက်ရှိပြီး ကြားရသူအား ကြက်သီးမွေးညင်း ထစေသည်။

"ခင်ဗျားကရော ဘယ်သူလဲ"

ရှောင်ယီက မေးခွန်းထုတ်လိုက်၏။ အံ့ဩစရာများ တစ်ခုပြီးတစ်ခု တွေ့နေသဖြင့် ရှောင်ယီမှာ မအံ့ဩတော့သလို ဖြစ်လာ၏။

အမှောင်တွင်းမှ လူရိပ်တစ်ခု ခပ်ဖြည်းဖြည်း လှမ်းလျှောက်လာပြီး ထွက်လာသည်။

အလင်းသို့ ရောက်မှ ပိန်လှီသော လူတစ်ယောက်ကို မြင်ခွင့်ရလေ၏။

လူနှင့်တူသည်ဟု ဆိုသော်လည်း ထိုလူလည်း လူရုပ်မပေါ်ချေ။ သို့သော် မျက်လုံးအစုံကမူ လွန်စွာ စူးရှတောက်ပလှသည်။

ရှောင်ယီမှာ သက်ပြင်းကြီးကို ရှိုက်လိုက်မိသည်။

"ခင်ဗျားလဲ လူပါပဲနော်၊ ခင်ဗျား ဘယ်သူလဲ၊ ဘယ်လိုကြောင့် ခင်ဗျားတို့နှစ်ယောက် ဒီဂူထဲ ရောက်နေကြတာလဲ၊ ဘယ်လိုကြောင့်များ ခင်ဗျားတို့ ဒီလိုဒီလိုရုပ်မျိုး ဖြစ်နေကြတာလဲ၊ ကျေးဇူးပြုပြီး ပြောပြကြစမ်းပါဗျာ"

ထိုပိန်လှီသောလူက သက်ပြင်းချလိုက်သည်။

"မင်းသိချင်လို့လား၊ သိချင်ရင် သူ့ကိုသာ မေးပါတော့"

မျောက်တစ်ပိုင်းလူတစ်ပိုင်းသည် ထိုင်နေရာမှ ခုန်ထလိုက်သည်။ ဒေါသတကြီး ခုန်ထပုံမျိုးဖြစ်၍ ရှောင်ယီမှ နောက်သို့ ခြေနှစ်လှမ်းမျှ ဆုတ်မိသည်။

"ဘာ... ကျုပ်ကို မေးပါ၊ ဟုတ်လား၊ ကျုပ်ကို ခင်ဗျား ဒီလိုဘဝမျိုးရောက်အောင် လုပ်ခဲ့တာ မဟုတ်လား၊ ကျုပ်ကို ခင်ဗျားပဲ ဒီဂူထဲမှာ အကျဉ်းချထားတာ မဟုတ်လား"

မျောက်တစ်ပိုင်း၊ လူတစ်ပိုင်းသတ္တဝါက လက်သည်းငေါက်ငေါက်ထိုးပြီး ရန်တွေ့တော့သည်။

ပိန်လှီသော လူက အေးစက်စက်အသံဖြင့်-

"ခင်ဗျားဟာ အစကတည်းကကော လူနဲ့ တူရဲ့လား၊ ခင်ဗျားတို့ ငွေကြယ်ဆယ့်နှစ်စင်းဂိုဏ်းက လူတွေဟာ ဘယ်တုန်းကများ လူနဲ့ တူခဲ့လို့လဲ"

ရှောင်ယီမှာ ပိန်လှီသောလူကို ကြည့်လိုက်၊ မျောက်တစ်ပိုင်း လူတစ်ပိုင်းကို ကြည့်လိုက်ဖြင့် ရှိ၏။ ငွေကြယ်ဆယ့်နှစ်စင်းဂိုဏ်းဟူသော နာမည်ကို ကြားလိုက်ရသောအခါ သူ့အံ့ဩမှုမှာ အထွတ်အထိပ်သို့ ရောက်သွားတော့သည်။

သူက မျောက်တစ်ပိုင်းလူတစ်ပိုင်းကို မျက်လုံးပြူးကြည့်ပြီး မေးမိသည်။

"ခင်ဗျားဟာ ငွေကြယ်ဆယ့်နှစ်စင်းဂိုဏ်းကလား"

လူတစ်ပိုင်း၊ မြောက်တစ်ပိုင်းက ခါးကိုဆန့်ပြီး ရပ်သည်။

"အေး… ဟုတ်တယ်၊ ကျုပ်ဟာ ငွေကြယ်ဆယ့်နှစ်စင်းဂိုဏ်းက လူတစ်ပိုင်းမြောက်တစ်ပိုင်း သိုင်းသမားပဲ"

ရှောင်ယီမှာ နောက်သို့ ခြေလှမ်းများ ဆုတ်ခွာသွားမိအောင် ထိတ်လန့်သွားလေသည်။ ဂူနံရံကို ကျောကပ်မိသွားမှ ပိန်လှီသောလူကို လက်ညှိုးထိုးညွှန်ကာ မေးမိသည်။

"ခင်ဗျားကရော… ဘယ်သူလဲ"

ထိုပိန်လှီသောလူက ခြောက်ကပ်ကပ် ရယ်မောလိုက်ပြီး-

"မင်းအသက်က ငယ်လှသေးတော့ ကျုပ်နာမည်ကို ကြားဖူးမယ် မထင်ဘူး"

ပိန်လှီသောလူသည်လည်း သူ့ခါးကို ဆန့်ပြီး ပြင်ရပ်သည်။

သူ့မျက်လုံးအစုံအတွင်း အလင်းရောင်များ ပို၍ တောက်ပလာသည်။ သူက ခပ်လွယ်လွယ် ပြောသည်။

"လွန်ခဲ့တဲ့ ဆယ့်လေးနှစ်ကာလလောက်တုန်းကဆိုရင် ကျုပ်နာမည်ဟာ သိုင်းလောကမှာ သိပ်ကြီးခဲ့သပေါ့၊ ကျုပ်နာမည်က ချစ်ကျင်ဟုန်လို့ ခေါ်တယ်"

ထိုအခါ လူတစ်ပိုင်း၊ မြောက်တစ်ပိုင်း သတ္တဝါက လှောင်ပြောင်၍ ဝင်ပြောလာလေ၏။

"ခင်ဗျားဟာ အပြောကြီးလှတယ်၊ ခင်ဗျားဟာ အာမခံဌာနက သိုင်းသမားတစ်ယောက်ပါ၊ ဘယ်လောက်များ ကြီးကျယ်လို့လဲ၊ ခင်ဗျားဟာ ကျုပ်တို့ ငွေကြယ်ဆယ့်နှစ်စင်းဂိုဏ်းနဲ့ ရင်ဆိုင်တွေ့တဲ့အခါ ကြောက်လန့်ပြီး ရှောင်ပြေးတာပဲ မဟုတ်လား"

ချစ်ကျင်ဟုန်က အေးစက်စက် ရယ်မောလိုက်၏။

"ခင်ဗျားတို့ကို ကျုပ် ကြောက်တယ် ဟုတ်လား၊ ဒါဆိုရင် ခင်ဗျားကို ကျုပ်ဟောဒီနေရာမှာ ဆယ့်လေးနှစ်ကျော်ကျော် ချုပ်နှောင်ထားတာ ဘယ်လိုပြောမလဲ၊ ဟင်း… ဟင်း… ဟင်း"

ချစ်ကျင်ဟုန်နှင့် လူတစ်ပိုင်းမြောက်တစ်ပိုင်းတို့သည် တစ်ယောက်နှင့်တစ်ယောက် လှောင်ပြောင်ပြောဆိုနေကြ၏။ ရှောင်ယီမှာ သူတို့နှစ်ယောက်ကိုသာ တစ်လှည့်စီကြည့်နေမိ၏။ သူရိပ်စားသိရှိရသည်မှာ ချစ်ကျင်ဟုန်နှင့် လူတစ်ပိုင်းမြောက်တစ်ပိုင်း သိုင်းသမားသည် မိတ်ဆွေများ မဟုတ်ကြဘဲ ရန်သူဖြစ်နေကြသည်ဆိုသည့် အချက်ပေတည်း။

သူတို့နှစ်ယောက်မှာ ဤဂူထဲတွင် ဆယ့်လေးနှစ်ကျော်မျှ အကျဉ်းကျနေခဲ့ကြသည်။ ဆယ့်လေးနှစ်ကျော်ကာလဆိုသည်မှာ ရှည်လျားလှချေသည်။ မတည့်သောလူနှစ်ယောက်သည် အဘယ်သို့သောနည်းဖြင့် ဆယ့်လေးနှစ်တာမျှ အတူနေခဲ့ကြသည် မသိပေ။

ရှောင်ယီ စဉ်းစား၍မရဘဲ ရှိလေ၏။

ချစ်ကျင်ဟုန်နှင့် လူတစ်ပိုင်း မြောက်တစ်ပိုင်းသိုင်းသမားသည် တစ်ယောက်နှင့်တစ်ယောက် မျက်လုံးချင်းဆိုင်ကာ ရန်လိုကြဟန်နှင့် စိုက်ကြည့်နေကြသည်။ ဤသို့သောအဖြစ်မျိုးသည် ဆယ့်လေးနှစ်တာအချိန်အတွင်း မရေမတွက်နိုင်အောင် ရှိပေလိမ့်မည်။

သို့သော် နောက်ဆုံးတွင် သူတို့နှစ်ယောက်စလုံး စိတ်လျှော့လိုက်ဟန်နှင့် သက်ပြင်းချလိုက်ကြလေသည်ကို တွေ့ရသည်။

လူတစ်ပိုင်း မြောက်တစ်ပိုင်း သိုင်းသမားက ရယ်မောပြီး ပြောလေ၏။

"ခင်ဗျား မမေ့နဲ့ဦး၊ အခု ဟောဒီ သူငယ် ရောက်လာပြီ၊ ကျုပ်တော့ မပျင်းတော့ဘူး၊ ကျုပ်အဖော်ရရင် ခင်ဗျားကို အခု ချက်ချင်း သတ်ပစ်လိုက်မယ်"

ချစ်ကျင်ဟုန်က ခပ်အေးအေးနှင့်ပင် ပြန်ပြောသည်။

"ခင်ဗျားလဲ ကြာကြာမနေရပါဘူးလေ၊ ကျုပ်သေသွားပြီးရင် မကြာခင်ပဲ ခင်ဗျားလဲ သေမှာပဲ"

"ကျုပ် မသေနိုင်ပါဘူးလေ၊ ခင်ဗျားကိုသာ ကျုပ်ကသတ်ပစ်မှာသိလား"

လူတစ်ပိုင်း မြောက်တစ်ပိုင်းသိုင်းသမားက အံကိုကြိတ်ပြီး ပြောသည်။

ရောင်ယီ အံ့ဩနေသည်။ သူက သိချင်သောအကြောင်းကို မအောင့်အည်းနိုင်တော့ဘဲ မေးမိ၏။

"ခင်ဗျားတို့နှစ်ယောက် တစ်ယောက်နဲ့ တစ်ယောက် ရန်သူတွေဖြစ်ပြီး ဘာကြောင့် ဒီဂူထဲမှာ နှစ်ပေါင်းများစွာ မတည့်အတူနေခဲ့ကြတာလဲဗျ၊ ဒီဂူထဲကနေ လွတ်မြောက်အောင်မကြံကြဘူးလား"

လူတစ်ပိုင်းမြောက်တစ်ပိုင်းသိုင်းသမားက-

"ကျုပ် ဒီဂူထဲက လွတ်မြောက်ဖို့ လမ်းရှိရင် ကျုပ်သွားပြီးတာကြာပြီ"

"နေပါဦး၊ ခင်ဗျားတို့နှစ်ယောက် ဘယ်လိုလုပ်ပြီး ဒီဂူထဲ ရောက်နေကြတာလဲဗျ"

ရောင်ယီက သိချင်လှသဖြင့် မေးလေသည်။ လူတစ်ပိုင်း မြောက်တစ်ပိုင်း သိုင်းသမားက ရှင်းပြ၏။

"သူ့အာမခံဌာနက အဖိုးတန်ပစ္စည်းတွေက ဒီဂူထဲမှာ ဝှက်ထားတာဆိုတော့ သူ့ကို ကျုပ်လိုက်ပြခိုင်းတယ်၊ ဒီရောက်တော့ သူ့ကို အရင်ဝင်ခိုင်းတယ်၊ သူဝင်ပြီးတော့ ကျုပ်ဝင်လိုက်ခဲ့တယ်လေ၊ ကျုပ်တို့ဟာ ဒီဂူထဲကို ဝင်နိုင်ဖို့ ကြိုးနဲ့တွယ်ဆင်းခဲ့ကြတာ၊ သူဟာ အာမခံဌာနက တာဝန်ခံတစ်ယောက်ပဲ၊ သူက သူတာဝန်ယူထားရတဲ့ အဖိုးတန်အာမခံပစ္စည်းကို ကျုပ်တို့လုယက်မှာစိုးတာနဲ့ ဟောဒီဂူထဲမှာ ဝှက်ထားခဲ့တယ်၊ ကျုပ်တို့က သူတို့အဖွဲ့ကို လမ်းမှာ စီးတိုက်တော့ ပစ္စည်းရှာမတွေ့ဘူး၊ ဒါနဲ့ သူ့ကို တိုက်ခိုက်ထိန်းချုပ်ပြီး ပစ္စည်းရှိတဲ့နေရာကို ပြခိုင်းတယ်၊ သူက ကျုပ်ကို ဒီဂူထဲ ခေါ်လာတာပဲ"

လူတစ်ပိုင်း မြောက်တစ်ပိုင်းမှာ ကာလကြာရှည်စွာ လူတွေနှင့် စကားမပြောခဲ့ရသဖြင့် ယခုစကားပြောဆိုရာတွင် အတော်ပင် ရှင်းအောင် ပြောနေရသည်။ သို့သော် ရောင်ယီက နားလည်သဘောပေါက်သည်။

"ကျွန်တော် သိပြီ၊ ခင်ဗျားတို့နှစ်ယောက်ဟာ ဒီဂူထဲကို ရောက်အောင် ကြိုးနဲ့တွယ်ဆင်းပြီး ဝင်ခဲ့ကြတယ်၊ သူ့ကိုရှေ့က ဆင်းခိုင်းပြီး ခင်ဗျားက နောက်ကနေ လိုက်ဆင်းတယ်၊ ဒါကလဲ ခင်ဗျား သူ့ကို မယုံလို့ မဟုတ်လား၊ ခင်ဗျားရှေ့ကဆင်းရင် သူက ကြိုးဖြုတ်ချပြီး ပြန်တက်သွားမယ်လို့ ခင်ဗျား စဉ်းစားမိတယ်"

ရောင်ယီက သဘောပေါက်နားလည်ဟန်ဖြင့် ဝင်ပြောသည်။ လူတစ်ပိုင်းမြောက်တစ်ပိုင်းသိုင်းသမားက ခေါင်းကိုအားရပါးရညိတ်ပြီး ထောက်ခံ၏။

"ဟုတ်တယ်... ဟုတ်တယ် မင်း ပြောသလိုပဲ၊ ကျုပ်က သူ့ကို ဘယ်ယုံပါ့မလဲ၊ သူ့ကို အရင်ဆင်းခိုင်းပြီး ကျုပ်က နောက်နေ ဆင်းလိုက်ခဲ့တာပေါ့"

ရောင်ယီမျက်မှောင်ကုတ်လျက်-

"ဒီလိုဆိုရင် ပြန်တက်တော့ ကြိုးနဲ့ပဲ ပြန်တက်ပေါ့၊ ဘာဖြစ်လို့ ဒီဂူထဲမှာ ပြန်မတက်ရဘဲ ဖြစ်နေရတာလဲ၊ သြော်... သိပြီ၊ ဟုတ်ပြီ၊ ကြိုးကိုအပေါ်ကနေ တစ်ယောက်ယောက်က ဆွဲယူသွားလို့လား"

"ဘယ်က လူတစ်ယောက်ယောက်က ကြိုးကိုဆွဲယူသွားရမှာလဲ၊ အဲဒီတုန်းက လူဆိုလို့ တစ်ယောက်မှ ဒီနားပတ်ဝန်းကျင်မှာ မရှိပါဘူး"

လူတစ်ပိုင်းမြောက်တစ်ပိုင်းသိုင်းသမားက ဒေါသသံနှင့် အော်ပြောလိုက်လေ၏။

ရောင်ယီမှာ ပို၍အံ့ဩသွားရ၏။

"ဒီလိုဆိုရင် ကြိုးနဲ့ဘာဖြစ်လို့ ပြန်မတက်ခဲ့ကြတာလဲ"

လူတစ်ပိုင်းမျောက်တစ်ပိုင်းသိုင်းသမားသည် အံကိုတကျိကျိမြည်အောင် ကြိတ်လိုက်ပြီးမှ ပြောသည်။

"ဒီလို၊ ကျုပ်ဟာ ဂူထဲရောက်တော့ အာမခံအဖိုးတန်ရတနာပစ္စည်းတွေကို တွေ့လို့ ဝမ်းမြောက်ဝမ်းသာ ဖြစ်ခဲ့တယ်၊ သူ့ကို သတိမေ့သွားတယ်၊ ဒီလူက မိုက်လုံးကြီးစွာနဲ့ အပေါ်တက်မယ့်ကြိုးကို မီးတုတ်မီးနဲ့ ရှို့လိုက်တယ်လေ၊ ကြိုးကခိုင်ခံ့အောင် ဆီစိမ်ထားလေတော့ မီးရှို့လိုက်တာနဲ့ ခဏချင်းပဲ လောင်တက်သွားလိုက်တာ ငြိမ်းချင်လို့တောင် မမီတော့ဘူး"

"ဩော်... ဒီလိုကိုး၊ သူက ခင်ဗျားကို သူ့ရတနာပစ္စည်းတွေနဲ့ အပေါ်ပြန်ရောက်မသွားနိုင်အောင် ကြံစည်လိုက်တာပဲ၊ သူ့ကြိုးနဲ့ တက်ပြေးမယ်ဆိုရင်လဲ ခင်ဗျားက တက်လိုက်မှာဆိုတော့ လွတ်ချင်မှ လွတ်မယ် မဟုတ်လား"

"ဟုတ်တယ်၊ ဒီလူဟာ နစ်ယောက်စလုံး ဒီဂူထဲမှာ အကျဉ်းကျသလိုဖြစ်အောင် ကြံစည်လိုက်တာပဲလေ၊ သိပ်မိုက်မဲတဲ့လူ"

လူတစ်ပိုင်းမျောက်တစ်ပိုင်းသိုင်းသမား၏ စကားဆုံးသောအခါ ချစ်ကျင်ဟုန်က သဘောကျစွာ ရယ်မောတော့သည်။

"ကျုပ်ရော သူရော ဘယ်သူမှ မပြန်နိုင်တော့ဘူး၊ သူ လိုချင်လှတဲ့ အာမခံ ရတနာပစ္စည်းတွေဟာ အခု သူ့အဖို့ ဘာအသုံးဝင်သလဲ၊ သူဘယ်မှာ သွားသုံးမလဲ၊ ဟား... ဟား... ဟား"

"ကျွန်တော်တစ်ခုတော့ သိပ်သိချင်ပါတယ်၊ ဘာလဲဆိုတော့ ခင်ဗျားတို့နစ်ယောက် ဒီလောက် နစ်ပေါင်း ကြာမြင့်စွာ ဒီဂူထဲမှာ နေခဲ့ရတာ ဘယ်လို အသက်ရှင်နေခဲ့ကြတာလဲ၊ ဘယ်ကနေ အစားအစာတွေ ရနေသလဲ"

"ဒါလား သူငတ်ပြီး မသေတာ ကျုပ် အစွမ်းကြောင့်ပေါ့"

လူတစ်ပိုင်းမျောက်တစ်ပိုင်း သိုင်းသမားက မျက်စောင်းထိုးကြည့်ပြီး ပြောလေ၏။

ချစ်ကျင်ဟုန်က ခေါင်းညိတ် ဝန်ခံမှုပြုသည်။

"ဟုတ်ပါတယ်၊ ဒီလူဟာ ဘွဲ့နာမည်နဲ့ လိုက်ပါတယ်၊ သူက ဟောဒီဝန်းကျင်မှာ ကျက်စားနေထိုင်ကြတဲ့ မျောက်တွေဆီက အစာရအောင် လုပ်နိုင်တယ်လေ "

လူတစ်ပိုင်းမျောက်တစ်ပိုင်းသိုင်းသမားက ရယ်မောပြီး-

"မျောက်တွေရဲ့ အကျင့်စရိုက်တွေကို ကျုပ်ပဲကောင်းကောင်း သိသပေါ့၊ ကျုပ်က ဂူပေါက်ဝကနေပြီး ကျောက်ခဲတွေနဲ့ မျောက်တွေကို လှမ်းပစ်တယ်၊ သူတို့က သူတို့ဆီမှာ ခူးဆွတ်စုဆောင်းထားတဲ့ သစ်သီးဝလံမျိုးစုံတွေနဲ့ ကျုပ်ကို ပြန်ပစ်တော့ ဟား... ဟား... ဟား၊ ကျုပ်တို့ အစာရေစာ မငတ်ဘူးပေါ့၊ ဒီလိုပဲ နေ့တိုင်း မျောက်တွေဆီက အစာရအောင် ကျုပ် လုပ်ခဲ့ရတယ်"

"မျောက်တွေဆီက ရတဲ့ သစ်သီးဝလံတွေက များမှာ မဟုတ်ဘူး၊ ခင်ဗျားတို့နစ်ယောက် ဝလင်အောင် စားရပ့ါမလား"

"ဒါတော့ ဘယ်စားရပ့ါမလဲ၊ တစ်ခါတလေကျတော့ မျောက်တွေဟာ ဘာသီးတွေမှန်းမသိတဲ့အသီးတွေနဲ့ ပြန်ပစ်တယ်၊ ကျုပ်တို့လဲ ဘာမှန်းမသိတဲ့ အဲဒီအသီးတွေကို စားရတယ်၊ မျောက်တွေစားတဲ့ အသီးအနံ မှန်သမျှ ကျုပ်တို့ စားခဲ့ရတာပဲ၊ မျောက်တွေဟာ ကြာတော့လဲ ကျုပ်တို့နဲ့ အဲဒီလို ပစ်ခတ်ရတာကိုပဲ အကျင့်ပါနေကြသလိုပဲ၊ အချိန်ကြရင် မျောက်တွေဟာ သစ်သီးဝလံတွေ မျိုးစုံအောင် ကိုင်ပြီး ကျုပ်တို့ကို ပစ်တော့တာပဲ။ ဒီလိုနဲ့ ကျုပ်တို့အဖို့ အစားအစာ မပြတ်ခဲ့ဘူး ဆိုပါတော့"

လူတစ်ပိုင်းမျောက်တစ်ပိုင်း သိုင်းသမားက ရယ်မောပြောပြီး ရှောင်ယီပခုံးကို လှမ်းပုတ်သည်။

"ကဲ.... မင်း အခု ဒီဂူထဲကို ရောက်လာပြီး အစာငတ်သေမှာကိုလဲ မပူပါနဲ့၊ တို့နဲ့ အတူနေပေ့ါလေ၊ ဒါနဲ့ မင်းနာမည်က ဘယ်လိုခေါ်သလဲ"

"ကျွန်တော့်နာမည် ကျန်းယီလို့ ခေါ်ပါတယ်"

"ကျန်းယီ... ကျန်းယီ၊ အင်း... ကျန်းယီဆိုတဲ့ အဓိပ္ပာယ်က မြစ်ချောင်းထဲက ငါးပေါ့၊ ဟုတ်လား၊ အင်း... ငါးစားချင်လိုက်တာ၊ ဆယ့်လေးနစ် ကျော်လာပြီ၊ ငါးမစားရတာ အသားငါးမစားရတာ ကြာပဲကြာလှပြီ၊ စားချင်လိုက်တာ"

လူတစ်ပိုင်းမျောက်တစ်ပိုင်းသိုင်းသမား ညည်းညည်းညူညူ ရေရွတ်နေသည်ကို ကြည့်ပြီး ရှောင်ယီ သနားမိလေ၏။

ချစ်ကျင်ဟုန်က လူတစ်ပိုင်းမျောက်တစ်ပိုင်းသိုင်းသမားကို ကြည့်ပြီး ပြောသည်။

"အခုလို အချိန်မှာ ခင်ဗျားစားချင်တဲ့ သားငါးတစ်တုံးဟာ ဟောဒီဂူထဲမှာရှိတဲ့ ရတနာတွေ အားလုံးထက် ပိုပြီး တန်ဖိုးရှိမှာပဲ မဟုတ်လား"

လူတစ်ပိုင်း မျောက်တစ်ပိုင်း သိုင်းသမားက ငေးငိုင်သွားသည်။

သူက ဟုတ်မှန်ကြောင်းပြသည့် သဘောမျိုးဖြင့် ခေါင်းကို ခပ်ဖြည်းဖြည်း ညိတ်ပြလေ၏။

"ဒါနဲ့ အာမခံ ရတနာပစ္စည်းတွေကရော ဘယ်မှာလဲ ခင်ဗျာ"

ရှောင်ယီက မေးလိုက်လေ၏။

ချစ်ကျင်ဟုန်က-

"မင်း ကြည့်ချင်လို့လား"

"အဖိုးတန် အဖိုးကြီးလှတဲ့ ရတနာတွေဆိုတော့ ကြည့်ချင်မြင်ချင်ပါတယ်၊ ဘယ်လို ရတနာမျိုးပါလိမ့်"

"ကဲ... မင်းကြည့်ချင်ရင် ကျုပ်နဲ့ လိုက်ခဲ့၊ ကျုပ်ပြမယ်"

ချစ်ကျင်ဟုန်က ရှောင်ယီကို ခေါ်သွားမည်ပြုသည်။ ထိုအခါ လူတစ်ပိုင်းမျောက်တစ်ပိုင်းသိုင်းသမားက မျက်လုံးကြီးပြူးကြည့်ပြီး ထအော်လေတော့၏။

"ဟေ့.... အဲဒီရတနာတွေဟာ ကျုပ်ပစ္စည်းဖြစ်နေပြီ၊ ခင်ဗျားသွားမကိုင်ရဘူး၊ ကျုပ်ပစ္စည်းတွေကို ခင်ဗျားထိရဲရင် ထိကြည့်စမ်း၊ ထိရင်ခင်ဗျားကို အသတ်ပဲ"

ထိုသို့ပြောသဖြင့် ချစ်ကျင်ဟုန် ရပ်သွားသည်။ သို့သော် လူတစ်ပိုင်းမျောက်တစ်ပိုင်းသိုင်းသမားက ရယ်မောလိုက်ပြီး-

"ဒါပေမယ့် ဒီသူငယ် ကြည့်ချင်မြင်ချင်တယ်ဆိုရင်လဲ ကျုပ် ပြမယ်လေ၊ ကျုပ်ပိုင်တဲ့ ရတနာတွေ ဘယ်လောက်တန်ဖိုးရှိတယ်ဆိုတာ သူ သိသွားရအောင်"

လူတစ်ပိုင်းမျောက်တစ်ပိုင်းသိုင်းသမားသည် သူကိုယ်တိုင် အမှောင်ထဲသို့ ဝင်သွားလေ၏။ မကြာမီ အမှောင်ထဲမှ ပြန်ထွက်လာသည်။

သူက သေတ္တာနှစ်လုံးကို ဆွဲယူလာသည်။ ထိုသေတ္တာနှစ်လုံးမှာ သံချေးကိုက်နေသော သံသေတ္တာတွေ ဖြစ်နေပြီ။ သံချေးကိုက်နေသော ထိုသံသေတ္တာထဲတွင်တော့ အရောင်မျိုးစုံ ထွက်ပေါ်နေသော ကျောက်မျက်ရတနာတွေ အပြည့်ရှိနေလေ၏။ မျက်စိကျိန်းမတတ် ရှိနေသဖြင့် ရှောင်ယီမှာ အကြာကြီး ကြည့်နိုင်ခြင်း မရှိပေ။

လူတစ်ပိုင်းမျောက်တစ်ပိုင်းသိုင်းသမားမှာ မျက်နှာဝယ် လောဘအရိပ်အယောင်များ ယှက်သန်းလျက်ရှိနေသည်။

"ဟား... ဟား... ဟား၊ ကျန်းယီတွေ့လား၊ ကျုပ်ရဲ့ ရတနာတွေက မလှလား၊ မများလား၊ အဲဒီနှစ်သေတ္တာစလုံး အပြည့်အမောက်ရှိတဲ့ ရတနာတွေဟာ ကျုပ်ဟာတွေပဲပေါ့၊ ဒီရတနာတွေကို အပုံတစ်ထောင်ပုံလိုက်ပြီး တစ်ပုံလောက်ပဲ အရင်သုံးဦး၊ မင်းတစ်သက် သုံးလို့ဖြုန်းလို့ ရတယ်ကွ သိလား"

ရှောင်ယီက အရောင်တဖိတ်ဖိတ် တောက်နေသောသေတ္တာထဲမှ ရတနာတွေကို ပြန်ကြည့်လိုက်၏။ အတန်ကြာမှ သက်ပြင်းကို ချလိုက်သည်။

"နမြောဖို့ကောင်းလိုက်တာဗျာ၊ နမြောစရာပါပဲ"

လူတစ်ပိုင်း မျောက်တစ်ပိုင်းသိုင်းသမားက ခေါင်းညိတ်သည်။

"ဟုတ်တယ် ကျန်းယီ၊ ဒီရတနာတွေကို ကျုပ်သုံးလို့ မရနိုင်တာ သိပ်ကိုနမြောဖို့ကောင်းလှတယ်၊ ကျုပ်စဉ်းစားတွေးမိတိုင်း ရှုံးချင်တယ် ကျန်းယီ၊ ဒီဂူထဲကနေ မလွတ်မြောက်သရွေ့ ဒီရတနာတွေအားလုံးဟာ ကျောက်ခဲတွေလို တန်ဖိုးမဲ့နေမှာပဲ"

ရှောင်ယီက-

"အချိန်တွေကို နမြောလို့ ကျွန်တော် ရေရွတ်လိုက်မိတာပါ၊ ကျွန်တော်နဲ့ ခုလို လာတွေ့တာ သိပ်ကို နောက်ကျနေတယ်"

"ဘယ်လို မင်းနဲ့ တို့တွေ့တာ သိပ်နောက်ကျနေလို့ အချိန်တွေ နမြောတယ်ဟုတ်လား၊ မင်းနဲ့ စောစောကြီးတွေ့ရင်ကော ဘယ်လိုဖြစ်နိုင်လို့လဲ"

လူတစ်ပိုင်း မျောက်တစ်ပိုင်းသိုင်းသမားက မေးလိုက်သည်။

ရှောင်ယီက-

"ခင်ဗျားတို့ ကျွန်တော်နဲ့တစ်နှစ်စောပြီး ဒီမှာလာတွေ့မယ်ဆိုရင် ဒီဂူထဲက တစ်နှစ်စောပြီး လွတ်မြောက်သွားနိုင်လိမ့်မယ်၊ အဲ... ကျွန်တော်နဲ့ ဆယ်နှစ်လောက် စောပြီးတွေ့ခဲ့မယ်ဆိုရင်လဲ ဆယ်နှစ်လောက်ကို စောပြီး လွတ်မြောက်သွားနိုင်တာပေါ့ဗျာ"

လူတစ်ပိုင်းမျောက်တစ်ပိုင်းသိုင်းသမားသည် မျောက်တစ်ကောင်ကဲ့သို့ မျက်လုံးအစုံကို ပုတ်ခတ်ပုတ်ခတ်ပြုလုပ်နေလေ၏။

"မင်းပြောတဲ့အဓိပ္ပာယ်က"

"ဒီလိုပါခင်ဗျာ၊ ကျွန်တော်နဲ့သာ စောစောတွေ့ခဲ့ရင် တွေ့တဲ့အချိန်ဟာ ခင်ဗျားတို့အတွက် လွတ်မြောက်နိုင်တဲ့အကြံဉာဏ်ကို ကျွန်တော် ပေးနိုင်လို့ပါ"

ရှောင်ယီ၏ စကားကိုကြားလျှင် လူတစ်ပိုင်းမျောက်တစ်ပိုင်းသိုင်းသမား မျက်လုံးပြူးသွားလေ၏။ သူသည် လွန်စွာအံ့သြသွားဟန်ရှိသည်။ ရှောင်ယီကို မျက်လုံးပြူးကြည့်လျက် မေးသည်။

"မင်းက ကျုပ်တို့ကို ဘယ်လိုနည်းလမ်းမျိုး၊ ဘယ်လိုအကြံဉာဏ်မျိုးများ ပေးနိုင်မှာမို့လဲ"

"ခင်ဗျားက ကျုပ် ခင်ဗျားတို့ကို ကယ်နိုင်တယ်ဆိုတာ မယုံဘူးလား"

"ဟား... ဟား... ဟား မင်းလို ကလေးသာသာ ကောင်လေးက ငါတို့ကို ကယ်ဖို့ အကြံပေးနိုင်သလား၊ ဟား... ဟား... ဟား"

လူတစ်ပိုင်းမျောက်တစ်ပိုင်းသိုင်းသမားက ချစ်ကျင်ဟုန်၏ ပခုံးကိုပင် ဖက်၍ ဟက်ဟက်ပက်ပက် ရယ်မောနေပါတော့သည်။

ချစ်ကျင်ဟုန်ကို လူတစ်ပိုင်းမျောက်တစ်ပိုင်းသိုင်းသမားက သတ်ပစ်ချင်လောက်အောင် မုန်းတီးခဲ့သည်။ ဒေါသဖြစ်ခဲ့သည်။ သို့သော် သူက ချစ်ကျင်ဟုန်ကို မသတ်ခဲ့ပါချေ။ အကြောင်းကား ဤဂူထဲ၌ သူတစ်ဦးတည်း အထီးတည်း မနေလိုသောကြောင့်သာ ဖြစ်ပါ၏။

ယခင်အချိန်များက သူသည် ချစ်ကျင်ဟုန်ကို ဒေါသအလျောက် သတ်ပစ်ရန် အကြိမ်ကြိမ်ကြံခဲ့သည်။ နောက်ဆုံးတော့ မသတ်ဖြစ်ခဲ့ချေ။ ချစ်ကျင်ဟုန်ကိုပဲ အဖော်ပြုခဲ့ရသည်။ ချစ်ကျင်ဟုန်နှင့် မတည့်အတူ နေခဲ့ရသည်။

ချစ်ကျင်ဟုန်က လူတစ်ပိုင်းမျောက်တစ်ပိုင်းသိုင်းသမားကို သိုင်းပညာအရ မယှဉ်နိုင်ချေ။ သူစိတ်ထွက်ပြီး တိုက်ခိုက်သတ်ဖြတ်ပါက သေရမည်သာဖြစ်သည်။

လူတစ်ပိုင်းမျောက်တစ်ပိုင်းသိုင်းသမား တစ်ယောက်ထီးတည်း မနေလိုသည့် ပျော့ကွက်ကို ချစ်ကျင်ဟုန်က သိထားသဖြင့်လည်း သူက သူ့ကို သတ်ပစ်မှာ မစိုးရိမ်ခဲ့ခြင်းဖြစ်ပေသည်။

ယခု လူတစ်ပိုင်းမျောက်တစ်ပိုင်းသိုင်းသမားသည် ချစ်ကျင်ဟုန်၏ ပခုံးကိုဖက်ပြီး ရယ်မောနေသည်မှာ မိတ်ဆွေသူငယ်ချင်းအလားနယ်ရှိနေပါ၏။

ချစ်ကျင်ဟုန်ကမူ ရှောင်ယီ၏ စူးရှတောက်ပသော မျက်လုံးအစုံကို ငေးကြည့်နေသည်။ ထိုလို မျက်လုံးပိုင်ရှင်မျိုးသည် ဉာဏ်ကောင်းကြောင်း သူ သိထားပေသည်။

ထို့နောက် ချစ်ကျင်ဟုန်က တစ်ခွန်းချင်း ပြောလိုက်လေ၏။

"ဒီသူငယ်ဟာ ဉာဏ်ရည်ကောင်းမယ့် ရုပ်လက္ခဏာရှိတယ်၊ သူပြောတဲ့စကားကို ကျုပ်တို့ လက်ခံရလိမ့်မယ်၊ သူ့အကြံဉာဏ် ကျုပ်တို့ နားထောင်သင့်တယ်"

"ဟင်... ခင်ဗျားက သူ့စကားကိုယုံတယ်ပေါ့၊ ဟုတ်လား"

"ယုံတယ်၊ သူ့မှာ အကြံဉာဏ်ကောင်းရှိနေလို့သာ ကျုပ်တို့ကို ခုလို ရဲရဲဝံ့ဝံ့ ပြောတာပေါ့ဗျ"

လူတစ်ပိုင်း မြောက်တစ်ပိုင်းသိုင်းသမားက ခေါင်းကိုခါယမ်းသည်။

"မဖြစ်နိုင်ပါဘူးဗျာ၊ ဒီလိုနေရာမျိုးဟာ အထက်အောက်လဲ မမြင်၊ အော်ခေါ်လို့လဲ လူမကြား၊ ဘယ်လိုလွတ်မြောက်လမ်း ရှိပါ့မလဲ၊ ကျုပ်တို့နှစ်ယောက်တောင်မှ ၁၄-နှစ်ကျော်ကျော် နေခဲ့ရပြီး ဘယ်လို ကြံစည်နိုင်မှာမို့လို့လဲ"

ရှောင်ယီက ဟက်ဟက်ပက်ပက် ရယ်မောလိုက်လေတော့၏။

"ခင်ဗျားတို့ဦးနှောက်ဉာဏ်နဲ့ ကျွန်တော့်ဦးနှောက်ဉာဏ် မတူပါဘူးခင်ဗျာ၊ ကျွန်တော်က ခင်ဗျာတို့ထက် အတွေးအခေါ် စဉ်းစားဉာဏ် ဆယ်ဆလောက် ကောင်းပါတယ်"

"ထွီ... တယ်လဲ လေကြွားတဲ့ကောင်လေး၊ ကဲ... ပြောစမ်း၊ တို့ဒီဂူထဲကနေ အပေါ်ကို ဘယ်လိုရောက်နိုင်သလဲ၊ မင်းပြောတာ မဖြစ်နိုင်ရင်တော့ ကျုပ် မင်းကို အသတ်ပဲ"

လူတစ်ပိုင်းမြောက်တစ်ပိုင်းသိုင်းသမားက ဒေါသထွက်လာဟန်နှင့် ရှောင်ယီကို အော်ဟစ်ငေါက်ငန်းလေတော့၏။

"ကျွန်တော်လွတ်နိုင်တဲ့ အကြံကောင်းကို ပေးနိုင်တယ်ဆိုရင်ကောဗျာ၊ ခင်ဗျားကို ဘယ်လို လုပ်ရမလဲ၊ ဒီကိစ္စကို ခင်ဗျားနဲ့ ကျွန်တော် အလောင်းအစား လုပ်ထားရင် ကောင်းလိမ့်မယ်"

ရှောင်ယီက စိန်ခေါ်လိုက်သည်။

"အေး... မင်းပြောတဲ့ နည်းလမ်းအကြံက ဟုတ်နေရင် ကျုပ်မင်းကို ဆရာခေါ်ပြီး တပည့်ခံမယ်၊ နည်းလမ်း မဟုတ်ဘဲ ဖြစ်နေရင်တော့ မင်းကို ငါ သတ်မယ်"

လူတစ်ပိုင်း မြောက်တစ်ပိုင်း သိုင်းသမားက အော်ကြီးဟစ်ကျယ်ဖြင့် ပြောလေတော့၏။

ရှောင်ယီက ခေါင်းယမ်းသည်။

"ကျွန်တော်နိုင်ရင် ခင်ဗျား တပည့်ခံတာမျိုးကို ကျွန်တော်လက်မခံချင်ဘူး"

"ကဲ... ဘယ်လိုဖြစ်စေချင်လဲ၊ မင်းဘက်က ဘယ်လိုလောင်းတမ်း လုပ်ချင်လို့လဲ ပြော"

"ကျွန်တော် သုံးလအတွင်း ခင်ဗျားတို့ နှစ်ယောက်ကို ဒီဂူထဲက လွတ်မြောက်အောင် လုပ်မပေးနိုင်ရင် ကျွန်တော့်ကို ခင်ဗျား သတ်ပါ"

"သုံးလအတွင်း ဟုတ်လား၊ ဟား... ဟား... ဟား... သုံးနှစ်အချိန်ပေးရင်တောင်မှ မင်း ကြံစည်နိုင်မှာ မဟုတ်သေးဘူး၊ ကောင်လေးရဲ့"

"သုံးနှစ် မလိုပါဘူး၊ တစ်နှစ်လဲ မကြာပါဘူး၊ ကျွန်တော်ပြောတာ သုံးလအတွင်းပါ၊ သုံးလအတွင်း ကျွန်တော် ခင်ဗျားတို့ကို လွတ်မြောက်အောင် ကြံစည်ပေးနိုင်ရင် ကျွန်တော်ခိုင်းတဲ့ကိစ္စတစ်ခုကို ခင်ဗျား မလွဲသွေ ပြုလုပ်ပေးရမယ်၊ ဘယ့်နှယ်လဲ"

"ဟေ့… စိန်လိုက်၊ မင်းကြံလို့ တို့လွတ်မြောက်သွားရင် မင်းကျုပ်ကို ဘာလုပ်ခိုင်းမလဲ၊ ခိုင်းစမ်း၊ ကျုပ် ဆောင်ရွက်ပေးမယ်၊ အဲ…. သုံးလကျော်လို့ တစ်ရက်စွန်းတာနဲ့ မင်းအကြံ မဖြစ်ဘူးဆိုရင်တော့ ဟင်း… ဟင်း ကျုပ်က မင်းကို တကယ်ပဲ သတ်မှာ၊ ညာနေမှာ မဟုတ်ဘူး၊ မင်းကို ကျုပ် သတ်ပစ်ရမှာ ဝန်မလေးဘူး၊ စောစောကတော့ မင်းကို ကျုပ်အဖော်အဖြစ်ထားပြီး ဟောဟိုလူကို သတ်ပစ်မလားလို့ ကျုပ် စိတ်ကူးခဲ့သေးတယ်၊ အခုတော့ မင်းနဲ့လောင်းတမ်းပြုထားလို့ ဒီလူ့ကို မသတ်တော့ပါဘူး၊ တကယ်တော့ ဒီဂူထဲမှာ တစ်ယောက်ထီးတည်း နေရမှာ သိပ်ပျင်းစရာ ကောင်းမှာ၊ ကျုပ် ပျင်းပြီး ရူးသွားမှာ စိုးတယ်"

"ကဲ… ကောင်းပြီဗျာ၊ ဒီနေ့ ဒီအချိန်ကစပြီး သတ်မှတ်မယ်၊ သုံးလပြည့်လို့မှ ကျွန်တော့်အကြံ မထူးခြားဘူးဆိုရင် ကျွန်တော့်ကို ခင်ဗျား သတ်နိုင်ပါတယ်"

ရှောင်ယီသည် သံသေတ္တာအတွင်းမှ ရတနာကို လက်တစ်ဆုပ်စာမျှ ဆတ်ခနဲ နှိုက်ယူပြီး ဂူပြင်ဘက်သို့ လွှင့်ပစ်လိုက်လေ၏။

"ဟေ့… ဟေ့… ဒါ ဘာလုပ်တာလဲ"

"ခင်ဗျား မအော်ပါနဲ့၊ ကျုပ်ကိစ္စနဲ့ ကျုပ်ပါ၊ ကျုပ်အစီအစဉ်နဲ့ ကျုပ်ပါ၊ ခင်ဗျား စောင့်ကြည့်ပေါ့"

------------------- * * * * * -------------------

## အခန်း(၄၃)

## ညက်ကောင်းသော လူကလေး

==============================

ရှောင်ယီ လွှင့်ပစ်လိုက်သည့် ကျောက်မျက်ရတနာများသည် အရောင်လင်းလင်းလက်လက် ရောင်စုံထွက်ကာ ချောက်တွင်းသို့ ကျဆင်းသွားလေ၏။

ချုံနွယ်သစ်ပင်များပေါ်တွင် ရှိနေကြသော မျောက်များသည် ပြောင်လက်တောက်ပစွာ ကျဆင်းသွားသော ရတနာများကို လှမ်းကြည့်ကြသည်။ သူတို့အဖို့ ဤသို့သော မြင်ကွင်းမျိုးသည် အသစ်အဆန်း ဖြစ်နေသည် မဟုတ်ပါလော။

အချို့သော ကျောက်မျက်ရတနာများကို အောက်ဘက်၌ ရှိနေသော မျောက်အုပ်တစ်အုပ်က ရရှိသွား၏။ မျောက်များသည် ရတနာများကို အလုအယက် ဖမ်းဆီးကြသည်။

လူတစ်ပိုင်းမျောက်တစ်ပိုင်းသိုင်းသမားမှာ ရှောင်ယီက သူ့ရတနာများကို လွှင့်ပစ်နေသဖြင့် ဒေါသကို မထိန်းနိုင်တော့ပေ။ ရှောင်ယီ၏ ဆံပင်ကို ဆောင့်ဆွဲသည်။

"မင်း ဘာဖြစ်လို့ ငါ့ရတနာတွေကို ယူလွှင့်ပစ်ရတာလဲ၊ ဟင် မင်းအခု လွှင့်ပစ်လိုက်တဲ့ ရတနာ လက်တစ်ဆုပ်ဟာ တန်ဖိုးဘယ်လောက်ရှိတယ်ဆိုတာ သိရဲ့လား အရူးရဲ့"

ရှောင်ယီအား အထင်ကြီးနေသည့် ချစ်ကျင်ဟုန်ပင်လျှင် မျက်မှောင်ကြုတ်သွားသည်။

"ကျွန်တော် လွှင့်ပစ်လိုက်တဲ့ရတနာ လက်တစ်ဆုပ်ဟာ ဘယ်လောက်တန်ဖိုးရှိမလဲ"

ရှောင်ယီက ခပ်ပြုံးပြုံးနှင့် ပြန်မေးလိုက်၏။

"အရူး... မင်းအခု လွှင့်ပစ်လိုက်တဲ့ ရတနာတွေ လက်တစ်ဆုပ်ဟာ ခမ်းနားတဲ့ အိမ်ဂေဟာကြီးနစ်ဆောင်လောက် ဆောက်နိုင်တယ် သိရဲ့လား၊ ဒါမှမဟုတ် ခိုင်းနွားအကောင်သုံးရာနဲ့ သိုး၊ ဆိတ် အကောင်သုံးရာလောက် ဝယ်လို့ရတယ် သိရဲ့လား၊ မင်းကို ငါ သတ်ချင်လာပြီ သတ်တော့မယ် ဟင်း... ဟင်း... ဟင်း"

လူတစ်ပိုင်းမျောက်တစ်ပိုင်းသိုင်းသမားမှာ ဒေါသထွက်လွန်းလှသဖြင့် ရှောင်ယီအား လည်ပင်းညှစ်တော့မည်ကဲ့သို့ ဖြစ်လာလေ၏။

"ကျွန်တော် တန်ဖိုး သိပါတယ်ဗျ၊ သိလို့လဲ ခင်ဗျားကို နားလည်မလားဆိုပြီး လုပ်ပြလိုက်တာပါ"

ဂူတွင်းက နစ်ဦးမှာ အကြီးအကျယ် အံ့အားသင့်သွားကြသည်။

"ငါတို့က ဘာကို နားလည်ရမှာလဲ၊ မင်းရတနာတွေ လွှင့်ပစ်လိုက်တာဟာ ငါ့အတွက် ဆုံးရှုံးမှုတစ်ခုလို့ပဲ နားလည်တာပေါ့ကွာ"

လူတစ်ပိုင်းမျောက်တစ်ပိုင်းသိုင်းသမားက အော်ကြီးဟစ်ကျယ် ပြောလေ၏။

ချစ်ကျင်ဟုန်သည်လည်း စိတ်မကြည်လင်ပေ။ ရှောင်ယီ၏ အပြုအမူကို သိပ်သဘောမကျလှပေ။ သို့သော်-

"ကျုပ်တော့ ရေးရေး သဘောပေါက်ချင်သလိုပဲ"

ထိုစကားက ရှောင်ယီကို အားတက်စေသည်။

ရှောင်ယီက လူတစ်ပိုင်းမျောက်တစ်ပိုင်းသိုင်းသမားမျက်နှာကို စေ့စေ့ကြည့်ပြီး ပြောသည်။ ဤလူ သဘောမပေါက်လျှင် သူ ဒုက္ခရောက်မည်ကို ကောင်းစွာ သိ၏။

"ကျွန်တော် ပြောမယ်၊ ခင်ဗျား ရတနာတွေကို နမြောနေမယ်ဆိုရင် ဟောဒီဂူထဲက လွတ်မြောက်ဖို့ လုံးဝ မစဉ်းစားပါနဲ့တော့၊ ခင်ဗျား ရတနာတွေက ဒီဂူထဲမှာဆိုရင် ဘာတန်ဖိုးမှ မရှိပါဘူး"

ရောင်ယီက စိတ်ပျက်သလို ပြောလိုက်၏။ သူ့စကားသည် စူးရှသောမြှားက အသည်းနှလုံးထဲသို့ စိုက်ဝင်သွားသည့်နှယ် လူတစ်ပိုင်းမျောက်တစ်ပိုင်းသတ္တဝါမှာ တုန်လှုပ်သွားသည်။ 'ဂူထဲမှ လွတ်မြောက်ရေး' ဆိုသည့်စကားလုံးသည် သူ့အသည်းနှလုံးကို ထိခိုက်သွားစေသည် မဟုတ်ပါလော။

"ကျုပ်တော့ ရေးရေးသဘောပေါက်ပါတယ်၊ ဒါပေမယ့် ရောင်ယီရေ... မင်းရဲ့ စိတ်ကူးကို ကျုပ် မှန်းဆလို့ မရဘူး၊ ပြောပြပါဦး"

ချစ်ကျင်ဟုန်က ဝင်ပြောသည်။

ရောင်ယီက သံသေတ္တာအတွင်းမှ ရတနာများကို မေးငေါ့ပြလိုက်ပြီး-

"ဒီဂူထဲမှာ တန်ဖိုးမဲ့နေတဲ့ ဟောဒီရတနာတွေကို ကျွန်တော် အသုံးချပစ်ရမယ်၊ ဒီရတနာတွေကို ဟောဟို မျောက်တွေဆီ ရောက်နိုင်သမျှ များများရောက်အောင် ပစ်ကြဲပေးရမယ်၊ ချောက်ကြီးရဲ့ အောက်ခြေကိုလဲ ကျသင့်သလောက် ကျသွားပါစေ၊ အကျိုးမမဲ့နိုင်ပါဘူး"

"ပြောပါ... ဆက်ပြောပါ၊ ဆက်ရှင်းပါ"

ချစ်ကျင်ဟုန်က မျက်နှာကြီး ဝင်းထိန်လျက် အော်ပြောသည်။

"ဟောဒီ လူတစ်ပိုင်းမျောက်တစ်ပိုင်းသိုင်းသမားကြီး နားလည်သဘောပေါက်သွားအောင်လို့ ကျွန်တော် ဆက်ပြောပြပါ့မယ်၊ ကျွန်တော်တို့ လွှင့်ပစ်လိုက်မယ့် ရတနာတွေဟာ မျောက်တွေဆီကို ရောက်သွားနိုင်ဖို့ အဓိကပါပဲ၊ မျောက်တွေဟာ ထူးထူးဆန်းဆန်း ပြောင်ပြောင်လက်လက်ပစ္စည်းတွေ၊ လက်ဝတ်ရတနာ၊ တန်ဆာပစ္စည်းတွေဆိုရင် လူတွေလိုပဲ စိတ်ဝင်စားတပ်မက်ကြပါတယ်၊ ဒီမျောက်တွေဟာ သူတို့လက်ထဲရောက်သွားတဲ့ ရတနာပစ္စည်းတွေကို လွှင့်ပစ်ချင်ကြမှာ မဟုတ်ပါဘူး"

"ဟုတ်တယ်၊ မျောက်တွေဟာ လူတွေလိုပါပဲ၊ အလှအပ အထူးအဆန်းပစ္စည်းဆိုရင် လက်က မချစတမ်း ယူထားတတ်ကြတယ်"

ချစ်ကျင်ဟုန်က ထောက်ခံလိုက်၏။

ရောင်ယီက-

"ဟုတ်ကဲ့၊ ကျွန်တော်တို့က ရတနာတွေကို သူတို့ဆီရောက်အောင်ကြဲပေးရင် သူတို့ဟာ ဟောဒီ ချောက်နံရံကို အထက်တက်အောက်ဆင်း ကျက်စားနေထိုင်ကြလေတော့ မကြာခင် တစ်နေ့မှာ သူတို့ကို လူတွေ တွေ့မြင်သွားပြီး သူတို့ကိုယ်မှာရှိတဲ့ ရတနာတွေကိုလဲ တွေ့သွားကြလိမ့်မယ်၊ အဲဒီလိုများ လူတွေ ရတနာတွေ ပိုင်ဆိုင်ထားကြတဲ့ မျောက်တွေကို တွေ့သွားရင် ဘယ်လိုအခြေအနေမျိုး ဖြစ်လာလေမလဲခင်ဗျာ၊ စဉ်းစားသာကြည့်"

ရောင်ယီက ချစ်ကျင်ဟုန်ကို လှမ်းပြောလိုက်၏။

ချစ်ကျင်ဟုန်က အားရဝမ်းသာ ပြောသည်။

"ဘယ်လို ဖြစ်လာမလဲဆိုတာ လူတွေဟာ ဒီမျောက်တွေဆီမှာ အဖိုးတန် ရတနာပစ္စည်းတွေ ဘယ်လိုကြောင့် ရရှိပိုင်ဆိုင်နေသလဲဆိုတာ သိချင်စိတ် ဖြစ်ကြလိမ့်မယ်၊ ဒီရတနာတွေ ဘယ်နေရာကနေ မျောက်တွေ ရသလဲ၊ ရတနာတွေ သိုက်က ဘယ်မှာလဲဆိုတာ စုံစမ်းရှာဖွေကြတော့မယ်၊ အဲဒီအခါမှာ ရတနာသိုက်ရှာတဲ့လူတွေ ကျုပ်တို့ဂူကို ရောက်လာကြလိမ့်မယ်"

ရောင်ယီက ခေါင်းညိတ်သည်။

"ဟုတ်ကဲ့၊ ဒါပါပဲဗျာ၊ ကျွန်တော်တို့ ရှိနေတဲ့ဂူကို လူတွေရောက်လာကြရင် ကျွန်တော်တို့ အပေါ်ကို ပြန်ရောက်ဖို့ ကိုးနိုင်းသေသွားပြီပေါ့ ခင်ဗျာ၊ အဲဒီလို ရတနာသိုက် လာရှာကြမယ့်သူတွေ စောင့်စားရဖို့က အချိန်ကြာလှမယ်လို့ ကျွန်တော် မထင်လှပါဘူး၊ အလွန်ဆုံးကြာရင် နှစ်လနဲ့ သုံးလလောက်ပဲပေါ့"

ချစ်ကျင်ဟုန်က လက်ခုတ်လက်ဝါးတီးပြီး ထောက်ခံလေ၏။

"ဒီလို ရတနာသိုက်ကိစ္စမျိုးဆိုရင် သိုင်းလောကသားတွေပဲ အလျင်ဆုံး ရောက်လာတတ်တယ်၊ ဘာကြောင့်လဲဆိုတော့ သိုင်းလောကသားတွေဟာ ထူးဆန်းတဲ့ကိစ္စအကြောင်းအရာမျိုး၊ စွန့်စားရမယ့်ကိစ္စမျိုးဆိုရင် ရှေ့ဆုံးက လုပ်တတ်ကြလို့ပဲ"

ရှောင်ယီက လူတစ်ပိုင်း မျောက်တစ်ပိုင်း သိုင်းသမားမျက်နှာကို ကြည့်ကာ မေးလိုက်၏။

"ကဲ... အခု ကျွန်တော် ပြောပြတာကို ခင်ဗျား နားလည်ပြီလား၊ ဒီဂူရှိရာကို တစ်ယောက်နှစ်ယောက်ပဲရောက်၊ ကျွန်တော်တို့၊ ခင်ဗျားတို့ လွတ်မြောက်ပါပြီ၊ တကယ်တော့ ခင်ဗျားတို့ဟာ ကိုယ့်လွတ်မြောက်ရေးထက် ရတနာတွေကို မက်မော တွယ်တာနေလို့ပါ၊ အင်း... ဆယ့်လေးနှစ်... ဆယ့်လေးနှစ်၊ နမြောစရာ ကောင်းလိုက်တာ"

လူတစ်ပိုင်းမျောက်တစ်ပိုင်းသိုင်းသမားသည် ရှောင်ယီကို လွှတ်ပေးလိုက်လေပြီ၊ သူ့ရတနာများကို လွှင့်ပစ်နေသည့် အတွက် ရှောင်ယီအား စိတ်ဆိုးဒေါသထွက်ခြင်းများလည်း ပြေပျောက်သွားလေပြီ။

"ဟုတ်တယ်၊ ဟုတ်လိုက်တဲ့ နည်းလမ်း၊ မင်းမို့လို့ လွယ်လွယ်ကလေး စဉ်းစားနိုင်တယ်၊ မင်းဟာ တကယ့်ကို ဉာဏ် ထက်မြက်တဲ့ လူငယ်ကလေးပါလား"

လူတစ်ပိုင်း မျောက်တစ်ပိုင်းသိုင်းသမားက ရှောင်ယီကို ပွေ့ဖက်ရယ်မော ချီးကျူးလေ၏။

"ကျွန်တော် အင်မတန် ဉာဏ်ကောင်းတယ်ဆိုတာတော့ ဘယ်သူသိသိ ကျွန်တော်ဘာသာတော့ သိပါတယ်ဗျာ"

ရှောင်ယီက နောက်ပြောင်ပြောလိုက်ခြင်း ဖြစ်ပါသည်။ သို့သော် သူဉာဏ်ကောင်းသည်မှာလည်း အမှန်ပင် ဖြစ်ပါလေ၏။

ဤသို့ဖြင့် အဖိုးထိုက်အဖိုးတန် ရတနာများသည် မျောက်များဆီသို့လည်းကောင်း၊ ချောက်အောက်သို့လည်းကောင်း ရောက်ရှိကုန်တော့သည်။ လူတစ်ပိုင်းမျောက်တစ်ပိုင်း သိုင်းသမားကလည်း မတားဆီးတော့ပေ။ ရှောင်ယီ စိတ်ကြိုက်လုပ်ရန် ခွင့်ပြုလိုက်သည်။

ရှောင်ယီ လွှင့်ပစ်သည့် ရတနာများထဲတွင် အတွဲလိုက်ဖြစ်သည့် ပတ္တမြားလည်ဆွဲ၊ စိန်လည်ဆွဲများ ပါဝင်သည်။ ကျောက်စိမ်းလက်ကောက် စိန်လက်ကောက်၊ ပတ္တမြား လက်ကောက်စသည့် လက်ဝတ်တန်ဆာများလည်း ပါလေသည်။

ထိုလက်ဝတ်တန်ဆာ လည်ဆွဲရတနာများကိုတော့ မျောက်တွေဆီ ရောက်ရှိ၊ ရရှိသွားအောင် သေသေချာချာ ချိန်ဆ ပစ်ပေးကြရသည်။

လူတစ်ပိုင်းမျောက်တစ်ပိုင်းသိုင်းသမားမှာ လွတ်မြောက်ရေးအတွက် ရတနာများကို ကျောက်ခဲသလဲပမာ ပစ်ပေးနေခြင်း များကို ဝမ်းမြောက်ဝမ်းသာ ကြည့်ရှုနိုင်ခြင်းတော့ မရှိပါ။

အသည်းကို ဓားနှင့် စဉ်းသလို နာကျင်စွာ ခံစား၍ ကြည့်ရှုနေရခြင်း ဖြစ်ပါသည်။

သူသည် ရှောင်ယီကိုတော့ လေးလေးနက်နက် စကားတစ်ခွန်း ပြောခဲ့ပါ၏။

ထိုစကားမှာ-

"ကျန်းယီ... မင်းရဲ့ အကြံအစည်ဖြစ်မြောက် မလာရင်တော့ မင်းကို ငါ ဓားနဲ့ နတ်နတ်စင်းပစ်မယ်၊ မင်းက ငါ့ရတနာ တွေကို တစ်ခုချင်း တစ်ဆုပ်ချင်း လွှင့်ပစ်သလို မင်း အသားစတွေကိုလဲ ငါက တစ်တစ်ချင်း တစ်ဆုပ်ချင်း မျောက်စာ ကျွေးပစ် မယ်၊ ချောက်ထဲ လွှင့်ပစ်မယ်၊ ငှက်စာ ကျွေးပစ်မယ် သိလား"

ရှောင်ယီက ပြုံး၍သာ နေလိုက်၏။

သူ့အကြံအစည် အောင်မြင်မည်ဟု ရှောင်ယီ ကောင်းစွာ ယုံကြည်၏။

သံသေတ္တာနှစ်လုံးအနက် တစ်လုံးထဲမှ ရတနာပစ္စည်းများ တက်တက်ပြောင်သွားအောင် ရှောင်ယီနှင့် ချစ်ကျင်ဟုန် လွှင့်ပစ်ခဲ့သည်။ မျောက်တွေဆီကို ရောက်အောင် စွန့်ကြဲပစ်သည်။

မျောက်များ လှုပ်ရှားခုန်ပေါက် ပျော်ရွှင်မြူးကြွကုန်သည်။ လည်ဆွဲရတနာများကို လည်ပင်းဝယ် ဆွဲကြလေသည်။ လက်ဝတ်ရတနာများကို လက်တွင် စွပ်ကြကုန်သည်။ အချို့ကိုတော့ သဘောမကျဟန်နှင့် ချောက်ထဲ ပစ်ချကြသည်။

နောက်ဆုံးတွင် လူတစ်ပိုင်းမျောက်တစ်ပိုင်းသိုင်းသမားက တားမြစ်လာတော့သည်။

"ကျန်းယီ၊ မင်းတို့ ငါ့ရတနာတွေကို ဒီတစ်သေတ္တာပဲ လွှင့်ပစ်ရမယ်၊ ကျန်တဲ့သေတ္တာကို လုံးဝ မကိုင်နဲ့၊ မထိရဘူး"

"မကိုင်နဲ့ဆိုလဲ မကိုင်ပါဘူးဗျာ၊ ဒါပေမယ့် စောင့်တော့ ကြည့်ရဦးမယ်၊ မတတ်သာရင်တော့ အဲဒီသေတ္တာလဲ လွှင့်ပစ်ရဦးမှာပဲ၊ ကိုယ့်အသက် ကိုယ့်ဘဝထက် ဘာကများ တန်ဖိုးရှိဦးမှာလဲဗျာ"

ဤသို့ဖြင့် ဆယ်ရက်မျှ အချိန်ကုန်လွန်သွားသည်။

အခြေအနေက ဘာမှ ထူးခြားမလာခဲ့ချေ။

လူတစ်ပိုင်း မျောက်တစ်ပိုင်း သိုင်းသမားသည် သူ့ရတနာများကို ရှောင်ယီ ထပ်မံလွှင့်ပစ် ဖြန့်ကြဲမည် စိုးသဖြင့် ရတနာသေတ္တာနားက မခွာတော့ပေ။ လူများရှေ့သို့ မျောက်များက ရတနာများ ယူမသွားနိုင်သလောဟု တွေးရသည်။ တစ်နေ့တွင် ရှောင်ယီက လူတစ်ပိုင်းမျောက်တစ်ပိုင်းသိုင်းသမားအား ထပ်မံအရေးဆိုလေ၏။

"ကျွန်တော်တို့ရတနာတွေ ထပ်လွှင့်ပစ်မှဖြစ်မယ်၊ များများ ပစ်နိုင်စွန့်နိုင်လေ အကျိုးထူး မြန်မြန်ဖြစ်ပေါ်လာနိုင်လေပဲ"

"မရဘူး၊ မရတော့ဘူး၊ ငါပစ္စည်းတစ်ခုမှ ထပ်မပေးနိုင်တော့ဘူး၊ သုံးလအတွင်း မင်းပြောသလိုဖြစ်ရင်ဖြစ်၊ မဖြစ်ရင်တော့ မင်းအသေပဲ"

"ခင်ဗျားက ဒီရတနာတွေကိုပဲ ဖက်ပြီး ဒီဂူထဲမှာ သေချင်လို့လား၊ ရတနာက အသက်ထက် တန်ဖိုး မရှိပါဘူးဗျ"

ရှောင်ယီက ပြောလိုက်ရာ လူတစ်ပိုင်းမျောက်တစ်ပိုင်းသိုင်းသမားက အံကြိတ်ပြီး ပြောသည်။

"ဒီရတနာတွေ ရဖို့အတွက်နဲ့ ကျုပ်မှာ နှစ်ပေါင်းများစွာ ဆင်းရဲဒုက္ခ ရောက်လာခဲ့တယ်၊ ဒီရတနာတွေကို မင်းတို့ တစ်သေတ္တာလုံးလုံး လွှင့်ပစ်ခဲ့ပြီးပြီ၊ အခုကျန်တဲ့ တစ်သေတ္တာကိုတော့ ကျုပ်တစ်ခုမှ အဆုံးမခံနိုင်တော့ဘူး၊ ဒါ ကျုပ်ရဲ့ နောက်ဆုံးစကားပဲ"

ရှောင်ယီက အတန်ငယ် စဉ်းစားလိုက်ပြီး-

"ဟုတ်ပါတယ်၊ ခင်ဗျားအနေနဲ့ ဘယ်လောက် နမြောမယ်ဆိုတာ ကျွန်တော် သိပါတယ်၊ ဒီလိုလုပ်ပါ၊ ခင်ဗျားသေတ္တာထဲက ပစ္စည်းတစ်ခုလောက်ပဲ ပေးပါတော့၊ အဲဒီပစ္စည်းတစ်ခုကို ထပ်ပြီး လွှင့်ပစ်လိုက်ရင် မပြောနိုင်ဘူး၊ ရတဲ့လူ ရောက်လာချင် ရောက်လာမှာ၊ နောက်ထပ်ပစ္စည်းတစ်ခုအတွက် နမြောပြီး မလွှင့်ပစ်ရက်လို့ လူမရောက်လာခဲ့ရင် လွတ်မြောက်မယ့်လမ်းစ တစ်ခုလုံး ဆုံးရှုံးသွားနိုင်တယ်"

လူတစ်ပိုင်းမျောက်တစ်ပိုင်းသိုင်းသမားသည် အချိန်အတော်ကြာ စဉ်းစားပြီးမှ သေတ္တာထဲမှ ရတနာပစ္စည်းတစ်ခု ရွေးပြီး ထုတ်ပေးသည်။

ဤသို့ဖြင့် တစ်နေ့ဝင်သွားရပြန်သတည်း။

နောက်ထပ် သုံးရက်လွန်မြောက်ပြီးသော ညနေနေဝင်ရီတရောအချိန်၌ လူတစ်ပိုင်းမျောက်တစ်ပိုင်းသိုင်းသမားသည် ဒေါသထွက် စိတ်ဆိုးနေသည်။ အကြောင်းမှာ နံနက်ပိုင်းက ရှောင်ယီသည် သူ့ထံမှရတနာပစ္စည်းတစ်ခုတောင်းပြီး ထပ်မံလွှင့်ပစ်ခဲ့သောကြောင့်ဖြစ်သည်။

ယခု နေဝင်မိုးချုပ်အချိန်အထိ ဘာမျှ မထူးခြားသဖြင့် လူတစ်ပိုင်းမျောက်တစ်ပိုင်းသိုင်းသမားသည် ရှောင်ယီကို တတွတ်တွတ် အပြစ်တင်နေတော့၏။

"မင်း ငှါပစ္စည်းကို နောက်ထပ်တောင်းပြီး လှွင့်ပစ်တာ အခုဘာထူးခြားလို့လဲ၊ မနက်ဖြန် ထပ်လွှင့်ပစ်ဖို့ ငှါဆီက ဘာမှ မတောင်းနဲ့တော့၊ ဘာတစ်ခုမှ ငါ မပေးနိုင်တော့ဘူး၊ ဒီကျန်တဲ့သေတ္တာထဲက ရတနာတွေကိုပဲ ငါဖက်ပြီး သေမယ်၊ ဂူထဲက မလွတ်မြောက်ရင်လဲ ရှိပါစေတော့"

ရောင်ယီသည် ထိုလူ၏စကားကို မကြားသည့်နှယ် ဂူပြင်သို့ ငေးနေ၏။

ထိုအချိန်ဝယ် ဂူပေါက်ဝတွင်ရပ်ပြီး အပြင်သို့ထွက်မျှော်နေသော ချစ်ကျင်ဟုန် နောက်ဆုတ်လာလေသည်။ သူနောက်ဆုတ်ပုံမှာ အရေးတကြီးနိုင်လှသည်။

"ရှူး… တိတ်တိတ်နေကြ၊ စကားမပြောနဲ့၊ လူ… လူတစ်ယောက်ကို ကျုပ်တွေ့တယ်၊ ဒီဂူကို လှမ်းကြည့်နေတယ်"

ရောင်ယီရော လူတစ်ပိုင်းမျောက်တစ်ပိုင်းသိုင်းသမားပါ ထခုန်လိုက်မိကြလေ၏။

------------------- * * * * * -------------------

## အခန်း(၄၄)

## ပိုင်ရှင်မဲ့ လက်နက်များ

==============================

ဂူပေါက်ဝအထက်၌ ချုံကိုင်းတစ်ကိုင်းသည် အုပ်ဆိုင်းလျက် ရှိသည်။ အပြင်တွင် အမှောင်ထု လွှမ်းနေပြီဖြစ်၏။ ထိုလူကို ပီပီသသမြင်ရန် မလွယ်ပေ။ သိုင်းသမားများဖြစ်၍သာ အမြင်သန်သန်တွေ့မြင်ကြရခြင်းဖြစ်ပေသည်။

မျောက်တွေမှာ ထူးခြားစွာ ငြိမ်သက်နေကြသဖြင့် အံ့ဩစရာဖြစ်နေသည်။

ခါတိုင်းဆိုလျှင် ထိုချုံကိုင်း ချုံခက်အတွင်းတွင် မျောက်များ ဆူညံလှုပ်ရှားနေတတ်ကြသည်။ ယခု-

ထိုချုံအတွင်းမှ လူတစ်ယောက်၏ဦးခေါင်းတစ်လုံး ထွက်ပေါ်နေသည်။

ထိုလူသည် ဂူပေါက်ဝကို စူးစိုက်ကြည့်နေသည်။

ထိုလူ၏ဆံပင်များမှာ ရှုပ်ပွလျက်ရှိပြီး လေတိုက်တိုင်း လှုပ်ရှားပုံ့လွင့်လျက်ရှိနေ၏။ အမြင်မသန်လျှင် ထိုလူကို မြင်တွေ့နိုင်ရန် မလွယ်ကူပေ။ ရှောင်ယီ၊ လူတစ်ပိုင်းမျောက်တစ်ပိုင်းသိုင်းသမားနှင့် ချစ်ကျင်ဟုန်တို့သည် ဂူပေါက်ဝ၌ ပုန်းကွယ်ပြီး ချောင်းမြောင်းကြည့်ကြသည်။ ထိုချုံထဲမှ လူ၏အသားအရေမှာ ဖြူဖတ်ဖြူရော်နှင့် လူသေမျက်နှာမျိုးနှင့် တူနေသည်။

ရှောင်ယီ၊ ချစ်ကျင်ဟုန်၊ လူတစ်ပိုင်းမျောက်တစ်ပိုင်းသိုင်းသမားတို့သည် ထိုမျက်နှာကို လှမ်းကြည့်ကြ၏။ ကြည့်ရင်းနှင့် ကြက်သီးမွေးညင်း ထချင်သလိုဖြစ်လာကြသည်။

ထိုမျက်နှာထားကား ရက်စက်ခြင်း၊ ကြမ်းကြုတ်ခြင်း၊ ခက်ထန်ခြင်းနှင့် ကမ်းကုန်အောင်ယုတ်မာမည့် မျက်နှာမျိုးဖြစ်လေ၏။

ထိုလူသည် ဂူပေါက်ဝဆီသို့ မလှုပ်မယှက် ငြိမ်သက်စွာ ကြည့်နေသည်။ သူ့အား ဂူထဲရှိ သက်ရှိလူသား တစ်ယောက်ယောက်ရှိပါက သူ့လှုပ်ရှားမှုကို မမြင်အောင် ငြိမ်သက်နေခြင်းဖြစ်သည်။

လူတစ်ပိုင်းမျောက်တစ်ပိုင်းသိုင်းသမား မအောင့်နိုင်တော့ချေ။ သူသည် ဂူဝသို့ ပြေးထွက်သွားပြီး ထိုလူကို မော့ကြည့်ကာ လက်ညှိုးထိုး အော်ဟစ်လေတော့၏။

"ဟေ့လူ၊ ခင်ဗျားဘာဖြစ်လို့ ဆင်းမလာတာလဲ၊ ဒီလို ငြိမ်ကြည့်နေလို့ ဒီဂူထဲ ရောက်မတဲ့လား"

"ဗိုး"

လူတစ်ပိုင်းမျောက်တစ်ပိုင်းသိုင်းသမား၏ အော်ဟစ်ပြောဆိုသံ အဆုံး၌ ထိုဦးခေါင်းသည် ချုံကိုင်းပေါ်မှ ဂူထဲသို့ပျံသန်းသလို ဝင်လာလေတော့သည်။

ရှောင်ယီတို့သည် ထိတ်လန့်ခြင်း၊ အံ့ဩခြင်းကြီးစွာဖြစ်လျက် အလျင်အမြန် နောက်ဆုတ်မိကြသည်။

"ခွမ်း"

ထိုဦးခေါင်းသည် ဂူထဲသို့ ပျံသန်းသလို ဝင်လာပြီး ဂူနံရံနှင့် ပြင်းထန်စွာ ထိခိုက်သွားသည်။ ဂူနံရံနှင့်ထိခိုက်ပြီး ခွမ်းခနဲ ကွဲကျေသွား၏။

ထိုအခါကျမှ ချုံကိုင်းချုံခက်ကြီးမှာ သိမ့်သိမ့်ခါသွားပြီး မျောက်များ၏ ဆူညံသံများ ထွက်ပေါ်လာလေတော့သည်။ စောစောက မမြင်မတွေ့ရသော မျောက်အကောင်ပေါင်းများစွာကို သိမ့်သိမ့်တုန် တွေ့ရလေတော့သည်။

ရှောင်ယီတို့ လန့်ဖြန့်သွားပုံကိုကြည့်ပြီး မျောက်များက လှောင်ပြောင်သကဲ့သို့ ရှိနေတော့သည်။

လူတစ်ပိုင်းမျောက်တစ်ပိုင်းသိုင်းသမားမှာ ပါးစပ်ကြီး အဟောင်းသား၊ မျက်လုံးကြီးအပြူးသားဖြင့် ရပ်နေမိတော့သည်။

"ဒါ... ရွှံ့နဲ့လုပ်ထားတဲ့ မျက်နှာဖုံးအတုကြီးပဲ၊ မျောက်တွေ ဘယ်က ရလာတာလဲ မသိဘူး"

ချစ်ကျင်ဟုန်က ပြောလိုက်သည်။

ရှောင်ယီက ခေါင်းကို ခါယမ်းလိုက်သည်။

"ဒီမျောက်တွေဟာ ကြံကြံဖန်ဖန်ကို လုပ်တယ်"

ချစ်ကျင်ဟုန်က မြေကြီးပေါ်မှ မျက်နှာဖုံးအကွဲအကြေများကို ကောက်ယူပြီး သေချာစွာ ကြည့်ရှုစစ်ဆေးသည်။

"ဒီမျက်နှာဖုံးဟာ ရတနာသိုက်ရှာတဲ့လူတွေ ယူလာတာဖြစ်ရမယ်၊ အကြံအစည်တစ်ခုနဲ့ ယူလာတာပဲ ဖြစ်ရမယ်"

လူတစ်ပိုင်းမျောက်တစ်ပိုင်းသိုင်းသမား အံကြိတ်ကာ-

"ဘယ်သိုင်းသမား ယူလာသလဲ မသိဘူး"

ရှောင်ယီက ဂူပြင်ကို ငေးကြည့်နေသည်။

"ဒီမျက်နှာဖုံး ယူလာတဲ့လူ မကြာခင်အချိန်မှာ ရောက်လာလိမ့်မယ်ထင်တယ်"

ရှောင်ယီ၏ တီးတိုးပြောလိုက်သည့် အသံသည် ချစ်ကျင်ဟုန်နှင့် လူတစ်ပိုင်းမျောက်တစ်ပိုင်းသိုင်းသမားတို့၏ ရင်ကို နွေးထွေးသွားစေပေသည်။

သို့သော် ထိုလူ ရောက်ရှိမလာပါ။

ရှည်လျားသော တစ်ညတာအချိန် ကုန်ဆုံးတော့မည်ဖြစ်သည်။

လူတစ်ပိုင်းမျောက်တစ်ပိုင်းသိုင်းသမားမှာ နေမထိထိုင်မသာ ဖြစ်နေသည်။ ထိုအချိန်တွင် ဂူအပြင်ဘက်မှ လက်တစ်ဘက် ထွက်ပေါ်လာသည်။

ထိုလက်မှာ လက်ချောင်းများ ကုပ်ဆွဲဟန်ပြုထားသကဲ့သို့ တစ်စုံတစ်ရာကို ကုပ်ယူဆွဲမည့်ဟန်မျိုးရှိ၏။ သို့သော် ထိုလက်သည် ဘာအရာဝတ္ထုကိုမှ ဖမ်းကုပ်ဆွဲထားနိုင်ခြင်းမရှိသဖြင့် ဟိုလှမ်း ဒီလှမ်းနှင့် ဖြစ်နေသည်။

လူတစ်ပိုင်းမျောက်တစ်ပိုင်းသိုင်းသမားက လှမ်းမြင်လိုက်ရာ တစ်ဟုန်ထိုး ဂူထဲမှ ပြေးထွက်သွား၏။ သူက ထိုလက်ကိုဖမ်းကိုင်ပြီး အားနှင့်ဆွဲလိုက်သည်။

သူဆွဲလိုက်သောလက်မှာ ပေါ့ပေါ့ပါးပါးနှင့် ပါလာသည်။

လက်တစ်ဘက်သာလျှင် ဖြစ်သည်။ ကိုယ်ခန္ဓာ ပါမလာသော ဘက်တစ်ဘက်ဖြစ်၏။ လက်မောင်းရင်းမှ တိတိရိရိပြတ်နေသော လက်တစ်ဘက်ဖြစ်ကြောင်း တွေ့ရ၏။

ထိုလက်မှာ ဓားဖြင့်အခုတ်ခံရသဖြင့် ယင်းသို့ တိတိရိရိပြတ်နေခြင်းဖြစ်သည်။ ပြတ်နေသောနေရာ၌ သွေးတွေခဲနေပြီး သွေးရောင် ညိုညစ်ညစ်ဖြစ်နေ၏။

ထိုလက်ပြတ်ကြီး၏ လက်မောင်းပေါ်တွင်လည်း ရှည်လျားသောဓားခုတ်ရာ အမာရွတ်စင်းကြီးတစ်စင်းရှိသည်။ ကြီးမားသော မြွေကြီးတစ်ကောင် လက်မောင်းပေါ်တွင် တွယ်ကပ် နေသည့်နှယ် တူလှ၏။

ထိုလက်ပိုင်ရှင်သည် လွန်ခဲ့သောတစ်ချိန်ချိန်ကပင် ရန်သူ၏ဓားချက်ဖြင့် လက်ပြတ်ကိန်း ကြုံခဲ့ရပုံရသည်။ ယခု တကယ် ပြတ်ခဲ့လေပြီ။

ထိုအချိန်မှာပင် ချုံများအတွင်းမှ မျောက်များ၏ ဆူဆူညံညံ အော်မြည်သံများ ထွက်ပေါ်လာသည်။ ချုံကိုင်းကြီးမှာ လှုပ်ရှားယိမ်းထိုးနေသည်။ မျောက်များက သူတို့အား လှောင်ပြောင်ရယ်မောနေကြပြန်ပြီလား မသိပေ။

သွားအဖြီးသားနှင့် မျောက်များ၏မျက်နှာများမှာ ကြည့်လေကြည့်လေ ကြောက်စရာကောင်းလေဖြစ်လာသည်။ သွားကြီးတွေဖြဲပြီး အော်ကြသည်။ ပါးစပ်ကြီးတွေဖြဲပြီး အော်ကြသည်။ မှောင်ရီပိုးတဝါး၌ သရဲတစ္ဆေ များလို ဖြစ်နေကြသည်။

လူတစ်ပိုင်းမျောက်တစ်ပိုင်းသိုင်းသမားက အံကြိတ်ပြောလေ၏။

"မျက်နှာဖုံးအတုရောက်လာတယ်၊ အခု လက်ပြတ်ရောက်လာတယ်၊ နောက်တစ်ခါ ခြေထောက်ပဲ ရောက်လာတော့မယ်"

"ဒီလက်ပြတ်ကြီးဟာ မျက်နှာဖုံးတုပိုင်ရှင်ရဲ့ လက်မဟုတ်နိုင်ဘူး"

ရောင်ယီက သေချာပေါက်သိသည့်နှယ် ပြောလိုက်သည်။

လူတစ်ပိုင်းမျောက်တစ်ပိုင်းသိုင်းသမားက ရောင်ယီကို အံ့သြစွာကြည့်ပြီး မေးလိုက်၏။

"ဒီလက်ပြတ်ပိုင်ရှင်ဟာ ဘယ်သူပါလိမ့်"

လူတစ်ပိုင်းမျောက်တစ်ပိုင်း သိုင်းသမားသည် မျက်မှောင်ကြုတ်ပြီး တစ်ကိုယ်တည်း ရေရွတ်နေသည်။

"ဒီလက်ပိုင်ရှင်ဟာ မျက်နှာဖုံးအတု စွပ်တဲ့လူကို သတ်တဲ့သူ ဖြစ်ရမယ်"

ရောင်ယီက စဉ်းစဉ်းစားစားဖြင့် မှတ်ချက်ချလိုက်လေသည်။

"မင်း ပြောပြန်ပြီလား၊ မင်း မြင်လို့တွေ့လို့ ပြောနေတာလား"

"ကြည့်လေ၊ ဒီလက်ကိုကြည့်ပြီး ဒီလို ပြောနိုင်တာ၊ ဒီလက်မျိုးဟာ အားကောင်းမောင်းသန် ကိုယ်ခန္ဓာပိုင်ရှင်ရဲ့ လက်ဖြစ်ပါတယ်၊ ဒါကြောင့်မို့သာ မျက်နှာဖုံးအတုကို တိကနဲ ပြတ်သွားအောင် ခုတ်ဖြတ်နိုင်တာပေါ့ဗျ"

လူတစ်ပိုင်းမျောက်တစ်ပိုင်းသိုင်းသမား စဉ်းစားနေသည်။

"နောက်ပြီး ဒီလက်ရဲ့ ပုံပန်းသဏ္ဌာန်ကို ကြည့်ရင် ဒီလူဟာ ဓားကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားရင်း သူ့လက်ကို အခုတ်ဖြတ်ခံခဲ့ရဟန်ပဲ၊ သူကိုင်ထားတဲ့ဓားက ခုတ်ဓား၊ အင်မတန် ထက်မြက်လှတဲ့ ဓားကောင်းရတနာတစ်လက်ပဲ ဖြစ်ရမယ်၊ အင်း... ဒီလူ့လက်ကို ဘယ်လိုလူမျိုးကများ လွယ်လွယ်နဲ့ ခုတ်ဖြတ်ပစ်တယ် မဆိုနိုင်ဘူးဗျာ"

ချစ်ကျင်ဟုန်က သက်ပြင်းကိုချလိုက်ပြီး ဝင်ပြောလာလေ၏။

"ဟုတ်ပါတယ်၊ ဒီလက်ပိုင်ရှင်ဟာ အင်မတန်အားကောင်းမောင်းသန်တဲ့လူတစ်ယောက်ပါပဲ၊ သူကိုင်တဲ့ဓားကလဲ ဓားကောင်း ရတနာတစ်လက်ပါ"

"ခင်ဗျားကပါ သိနေပြန်ပြီလား"

လူတစ်ပိုင်းမျောက်တစ်ပိုင်းသိုင်းသမားက ချစ်ကျင်ဟုန်ကို မျက်စောင်းထိုးပြီး ပြောလိုက်သည်။

"ကျုပ် သိပါတယ်၊ သိလို့ပြောနေတာပါ၊ ဒီလက်မောင်းပြတ်ရဲ့ပိုင်ရှင်ကို ကျုပ်ကောင်းကောင်းသိတာပေါ့ဗျာ၊ ဒါကြောင့်မို့ ခုလို ဝင်ပြောတာပေါ့"

ရောင်ယီက ချစ်ကျင်ဟုန်ကို ကြည့်ပြီး မေးလိုက်၏။

"ဒီလက်မောင်းမှာ ရထားတဲ့ဓားခုတ်ရာ အမာရွတ်ကို ကြည့်ပြီး ခင်ဗျား ပြောနိုင်တာ မဟုတ်လား"

ချစ်ကျင်ဟုန်က ခေါင်းညိတ်သည်။

"ဟုတ်တယ်၊ သူ့လက်မောင်းပေါ်က ဓားဒဏ်ရာဟာ ကျုပ် ခုတ်လိုက်လို့ ရသွားတဲ့ အမာရွတ်စင်းပါ၊ သူ့ဒဏ်ရာကို ကျုပ်ပဲ ဆေးထည့် ပတ်တီးစီးပေးခဲ့ပါတယ်၊ ကျုပ် ခုတ်လိုက်လို့ ရတဲ့ဒဏ်ရာမို့ ကျုပ် ကောင်းကောင်းမှတ်မိနေတာပေါ့"

ချစ်ကျင်ဟုန်ပြောရင်း ငိုင်တွေနေသည်။

သူက နောက်ကြောင်းအဖြစ်အပျက်များကို ပြန်တွေးနေဟန်တူသည်။

သူ့ မျက်နှာမကောင်းဘဲ ဖြစ်နေသည်။ ဖြစ်ပျက်ခဲ့ရသောအကြောင်းမှာ စိတ်မကောင်းစရာဖြစ်ဟန်ရှိသည်။

လူတစ်ပိုင်းမျောက်တစ်ပိုင်းသိုင်းသမားက မလိုတမာအကြည့်နှင့်ကြည့်၏။

"ခင်ဗျားက သူ့လက်မောင်းကို ဒဏ်ရာရအောင်လည်း လုပ်တယ်၊ ပြန်လဲ ပြုစုတယ်ဆိုတော့ ဘာသဘောလဲဗျ၊ ခင်ဗျား ဦးနှောက်သိပ်မကောင်းဘူးနဲ့တူတယ်"

ဤအဖြစ်အပျက်နှင့်ပတ်သက်၍ ရှောင်ယီ စဉ်းစားမိပြီးဖြစ်သည်။ ထို့ကြောင့် သူ့ထင်မြင်ချက်ကို ဝင်ပြောသည်။

"ခင်ဗျားနဲ့ ဒီလူဟာ အထင်လွဲပြီး တိုက်ပွဲဖြစ်တာဖြစ်ရမယ်၊ သူဒဏ်ရာရသွားတော့ ခင်ဗျားနောင်တရပြီး ပြန်ပြုစုတာဖြစ်ရမယ်"

ချစ်ကျင်ဟုန်က ရှောင်ယီအား အထင်ကြီးစွာ ကြည့်သည်။

"ဟုတ်တယ်၊ မင်းပြောသလိုပါပဲ"

"ဒီလိုဆိုရင် ဒီလူဟာ ခင်ဗျားမိတ်ဆွေပေါ့"

ချစ်ကျင်ဟုန်က သက်ပြင်းချ ခေါင်းညိတ်သည်။

"မိတ်ဆွေလို့လဲ ပြောနိုင်တယ်၊ သေဖော်သေဖက်လို့လဲ ပြောနိုင်တယ်၊ သူဟာ တစ်ချိန်က ရွှေခုတ်ဓားဆိုတဲ့ဘွဲ့နာမည်နဲ့ သိုင်းလောကမှာ ကျော်ကြားခဲ့တဲ့ ထိလူလုံပဲ"

"ရွှေခုတ်ဓား ထိလူလုံလား၊ သူဆို ကျုပ် သိတာပေါ့၊ ခင်ဗျားနဲ့ သူက မိတ်ဆွေလုပ်ဖော်ကိုင်ဖက်တွေဖြစ်ပြီး ဘယ်လိုလုပ် ရန်ဖြစ်ကြတာလဲဗျ"

လူတစ်ပိုင်းမျောက်တစ်ပိုင်းသိုင်းသမားက ဝင်မေးသည်။

ချစ်ကျင်ဟုန်က ရှင်းပြသည်။

"သူနဲ့ကျုပ်ဟာ အာမခံဌာနမှာ အတူလက်တွဲလုပ်ကိုင်လာကြတာပါ၊ အဲဒီနေ့က လုပ်ငန်းတစ်ခုနဲ့ ပတ်သက်ပြီး စကားများကြတယ်၊ တိုတိုပြောရရင် ကျုပ်က ဒေါသဖြစ်ပြီး သူ့ကို ဓားနဲ့ထခုတ်မိတာပါ၊ ခုတ်ပြီးမှ ကျုပ်အမှားကို သိပြီး သူ့ကို တောင်းပန်ရတယ်၊ သူ့ဒဏ်ရာကို ဆေးထည့်ပြုစုပေးခဲ့ရတယ်၊ သူက ကျုပ်ကို ပြန်မတိုက်ခိုက်ပေမယ့် ကျုပ်ကို အတော်မုန်း သွားတယ်ဗျာ၊ သူ ကျုပ်တို့ အာမခံဌာနမှာ မလုပ်တော့ဘဲ ထွက်သွားတယ်၊ ခုဆိုရင် သူနဲ့ကျုပ် ကွဲသွားတာ အနှစ်နှစ်ဆယ် လောက် ရှိပါပြီ၊ အင်း... အနှစ် နှစ်ဆယ်လောက် မတွေ့ခဲ့ရတဲ့ဒီလူ အခု ပြန်တွေ့တော့လဲ သူ့လက်မောင်းပြတ်တစ်ဖက်ကိုပဲ ဆုပ်ကိုင်နိုင်တော့မယ်၊ သြော်... သိုင်းလောက... သိုင်းလောက"

လူတစ်ပိုင်းမျောက်တစ်ပိုင်းသိုင်းသမားက မျက်မှောင်ကြုတ်ပြီး ပြော၏။

"ရွှေခုတ်ဓား ထိလူလုံရဲ့သိုင်းပညာဟာ အဆင့်မြင့်တယ်ဗျ၊ လူကလဲ သတ္တိရှိတယ်၊ သူ့လက်မောင်းတစ်ဘက်ကို ခုတ်ဖြတ်နိုင်စွမ်းရှိတဲ့ လူဟာ ဘယ်သူများဖြစ်မှာပါလိမ့်၊ ကျုပ်တို့ သတိထားပြီး စောင့်ကြည့်ကြမှ ဖြစ်တော့မယ်"

သူ ထိုသို့ပြောပြီး နောက်ထပ်စကားမပြောတော့ပါ။ အမှောင်ဆုံးနေရာတစ်နေရာကို ရွေးချယ်၍ တင်ပျဉ်ခွေ သွားထိုင် လိုက်သည်။ သူသည် အသက်ကို မှန်မှန်နှင့်မျှဉ်းမျှဉ်း ရှူရှိုက်ကာ ဂူဝသို့ မမိုတ်မသုန်သောမျက်လုံးအစုံဖြင့် ကြည့်နေလေတော့ သည်။

ဤသို့ဖြင့် ကုန်ခဲလှသောတစ်ညတာကို ရှောင်ယီတို့သုံးယောက်သည် ဖွဲမာန်တင်း၍စောင့်ကြည့်ပြီး ကုန်လွန်စေခဲ့သည်။

နောက်ဆုံးတွင် ဂူအပြင်၌ အလင်းရောင်စတင် ထွက်ပေါ်လာလေတော့၏။

လေပြည်အသွေးတွင် တောနံ့တောင်နံ့များ ရောထွေးလျက်ပါလာသည်။ ထိုစဉ် မျောက်များ တစ်ဆူးဆူး အော်မြည်သံမှာ ကျယ်လောင်စွာ ထွက်ပေါ်လာသည်။

သို့သော် မကြာမီ မျောက်အော်သံများ တိတ်ဆိတ်ငြိမ်သက်သွား၏။

ဤချောက်ကြီးအကြား တိုက်ခတ်နေသော လေသည် လွတ်လပ်၏။ ထိုလေသည် သူသွားလိုရာ ခရီးသွားလာနိုင်သည်။ လွတ်လပ်ပျော်ပါး လွင့်ပါးနိုင်သည်။

ချစ်ကျင်ဟုန်သည် ဂူပြင်သို့ငေးကြည့်ရင်း မျက်ရည်များ ရစ်ဝဲလာသည်။ သူက ဂူအတွင်းဘက်ကို ရုတ်တရက် လှည့်ကြည့်ပြီး လှမ်းပြောလိုက်လေ၏။

"ကျန်းယီ၊ ဒီတစ်သက် တို့နေရာကို တစ်ယောက်ယောက် အသက်ရှင်လျက်နဲ့ ရောက်လာနိုင်ပါ့မလားကွ ဟင်၊ တို့ဂူပေါက်ကို သူတို့ရှာဖွေတွေ့နိုင်ကြပါ့မလားဟင်"

"တွေ့ပါလိမ့်မယ်၊ သိပ်စိတ်မပူပါနဲ့ဗျာ"

ရှောင်ယီ၏ ပြန်ပြောသံက ဂူတွင်းမှထွက်ပေါ်လာလေသည်။

ချစ်ကျင်ဟုန်က-

"ရောက်လာရင်ကော လာတဲ့လူဟာ ဘယ်လိုလူ ဖြစ်နိုင်မလဲ၊ အဲဒီလူဟာ ကျုပ်တို့ကို ကယ်တင်ပါ့မလား"

"သူ ကျုပ်တို့ကို ကယ်ချင်ချင် မကယ်ချင်ချင် ကျုပ်က လွတ်မြောက်အောင် လုပ်ယူရမှာပဲ၊ ရောက်လာတဲ့လူ ဘယ်လိုလူမျိုးပဲဖြစ်ပါစေ၊ ကျုပ်က လက်ဦးမှုရအောင် အလျင် တိုက်ခိုက်ရလိမ့်မယ်၊ ကျုပ် လိုချင်နေတာက သူ တွယ်ဆင်းလာတဲ့ကြိုးပဲ၊ ကျုပ်တို့ စောင့်နေကြတာဟာလဲ ကြိုးပဲ... ကြိုးပဲ၊ ကျုပ် လိုချင်တယ်၊ ဒါကိုတော့ ခင်ဗျားတို့စိတ်ထဲမှာ မမေ့ပါနဲ့၊ ကြိုးဟာ ကျုပ်တို့ရဲ့ အသက်ပဲ"

ထိုစကားကို ပြောသူမှာ ရှောင်ယီ မဟုတ်ပေ။ လူတစ်ပိုင်းမျောက်တစ်ပိုင်းသိုင်းသမားသာ ဖြစ်သည်။

ချစ်ကျင်ဟုန်က လူတစ်ပိုင်းမျောက်တစ်ပိုင်းသိုင်းသမားကို စူးစိုက်ကြည့်ပြီး-

"ခင်ဗျားက ရောက်လာတဲ့လူကို သတ်မယ်ပေါ့ ဟုတ်လား"

"ဟုတ်တယ်၊ ဘယ်သူပဲဖြစ်ဖြစ်၊ ရောက်လာတာနဲ့ ယောဒီဂူဝ မြေကြီးပေါ် ခြေထောက်ချမိတာနဲ့ ကျုပ်က ပြေးသတ်လိုက်မှာပဲ၊ ဘာဖြစ်လို့ ကျုပ်တို့ လိုချင်တာက အပေါ်ပြန်တက်နိုင်မယ့်ကြိုးပဲ မဟုတ်လား၊ လူမှ မဟုတ်တာ"

"အဲဒီလူကလဲ သတိထားပြီး ဆင်းလာမှာပဲ၊ သူက ခင်ဗျားထက် သိုင်းပညာအဆင့် ပိုမြင့်ပြီး ပိုကောင်းနေရင်တော့ ခင်ဗျားကို သူက ပြန်သတ်လိမ့်မယ်၊ အဲဒီလို အခြေအနေမျိုးဖြစ်လာရင် ကျုပ်တို့နှစ်ယောက်ကို ကယ်တင်ဖို့ အဲဒီလူကို ပြောလို့ မရနိုင်တော့ဘူး"

"ဟား... ဟား... ဟား၊ ဘယ်သူပဲဖြစ်ဖြစ် ကျုပ်ကို ပြန်မသတ်နိုင်ပါဘူး၊ ကျုပ်က အမြန်ဆုံး လက်ဦးမှု ရယူလိုက်ပါ့မယ်၊ ခင်ဗျား မစိုးရိမ်စမ်းပါနဲ့"

"တကယ်လို့ ရောက်လာသူဟာ ခင်ဗျားမိတ်ဆွေ တစ်ယောက် ဖြစ်နေရင်ကော"

ချစ်ကျင်ဟုန်၏အမေးကိုကြားလျှင် လူတစ်ပိုင်း မျောက်တစ်ပိုင်းသိုင်းသမားက ရယ်မောသည်။

"မိတ်ဆွေဟုတ်လား၊ ဒီလောကကြီးမှာ ကျုပ်အဖို့ မိတ်ဆွေဆိုတာ မရှိဘူး၊ ကျုပ်အသက် ခုနစ်နှစ်အရွယ်က စပြီးတော့ မိတ်ဆွေဆိုတာ မရှိတော့ဘူး၊ မိတ်ဆွေသူငယ်ချင်းဆိုတဲ့အသံ ကြားရင် ကျုပ် အော့အန်ချင်စိတ် ဖြစ်လာတယ်"

"ခင်ဗျားဟာ မိတ်ဆွေအပေါင်းအသင်း မထားချင်တဲ့ လူမျိုးပေါ့၊ ခင်ဗျားလိုလူမျိုးကို ကျုပ်တို့ကလဲ မိတ်ဆွေဖွဲ့လို့ဖြစ်မှာ မဟုတ်ပါဘူး"

ချစ်ကျင်ဟုန်က ခပ်တိုးတိုးပြောပြီး သူ့မျက်လုံးအစုံကို ပိတ်ထားလိုက်၏။ ထိုစဉ် ဝိုးခနဲအသံနှင့်အတူ ဂူတွင်းသို့ အရာဝတ္ထုတစ်ခု အရှိန်ပြင်းစွာ ပျံသန်းဝင်ရောက်လာလေတော့သည်။

ချစ်ကျင်ဟုန် ခုန်လွှားလိုက်ပြီး ထိုအရာဝတ္ထုကို ဖမ်းဆွဲယူလိုက်၏။

ချစ်ကျင်ဟုန် ဖမ်းယူထားလိုက်နိုင်သော အရာဝတ္ထုမှာ ဓားတစ်လက် ဖြစ်နေသည်ကို တွေ့ရ၏။ ထိုဓားမှာ ပြောင်လက်တောက်ပနေသော ဓားကောင်းတစ်လက် ဖြစ်နေလေ၏။

"ဓား... ဘယ်သူ ပစ်လိုက်တာလဲ၊ လူရော"

လူတစ်ပိုင်းမျောက်တစ်ပိုင်း သိုင်းသမားသည် ခုန်ထလိုက်လေပြီ။

ရှောင်ယီကမူ အေးအေးဆေးဆေးပင် ဂူပြင်ကို လှမ်းကြည့်နေသည်။

"ဒီဓားကို ပစ်သွင်းလိုက်တာ မျောက်တွေပဲဖြစ်မှာပေ့ါ၊ ဓားရှင်ကတော့ သေပြီပေ့ါဗျာ၊ စဉ်းစားကြည့်လေ၊ လူမသေရင် သူ့ဓားက မျောက်တွေလက်ထဲကို ဘယ်လို ရောက်မှာလဲ"

ချစ်ကျင်ဟုန်က ခေါင်းညိတ်သည်။ ဓားကို သေချာကြည့်သည်။

"ဟုတ်တယ်၊ ဟောဒီဓားမှာ ရေးထားတယ်၊ ငါ့သေမှ ငါ့ဓားကို စွန့်မည်တဲ့"

သူက ဓားရိုးကို သေချာကြည့်ရာ ဓားရိုးပေါ်တွင် တြိဂံအမှတ်အသား တစ်ခုကို တွေ့ရသည်။ ချစ်ကျင်ဟုန်က ဆက်ပြောသည်။

"ဒီဓားပိုင်ရှင်ဟာ သိုင်းလောကမှာ နာမည်ကြီးနေတဲ့ ဝိဉာဉ်အရိပ်သိုင်းသမား ချင်ယန်ပဲ၊ အင်း... ချင်ယန်လိုလူမျိုးလဲ ဒီကို ရောက်လာပြီး သေရတာပဲလား"

"ရတနာသိုက်ကို လာရှာကြတဲ့ သိုင်းလောကသားတွေ ဒီဒေသဝန်းကျင်မှာ တွေ့ဆုံပြီး တစ်ဦးကို တစ်ဦး သတ်ဖြတ်နေကြပြီဗျ၊ လောဘ... လောဘ တကယ်ကြောက်စရာပါပဲလားဗျာ"

ရှောင်ယီက ညည်းညည်းညူညူ ပြောမိလေ၏။ ရှောင်ယီအဖို့ကား မှန်သည်။ သူသည် မည်သည့်ရတနာ ရွှေငွေကိုမျှ မမက်ချေ။

ချစ်ကျင်ဟုန်သည် ရှောင်ယီစကားကြောင့် ငိုင်သွား၏။ သူလည်း လူ့လောကအကြောင်း ဆန်းစစ်နေမိလေပြီ။

လောဘကြောင့် သူသည်လည်းကောင်း၊ လူတစ်ပိုင်း မျောက်တစ်ပိုင်းသိုင်းသမားသည်လည်းကောင်း ဒုက္ခရောက်ခဲ့ရပြီ မဟုတ်ပါလား။ ကိုယ်တိုင်လည်း ဒုက္ခရောက်၊ အခြားသူများ ဒုက္ခရောက်သည်ကို မြင်တွေ့ခဲ့ရသူအဖို့ ဤသို့ ဆန်းစစ်မိခြင်းမှာ မထူးဆန်းလှပါ။

နောင်တတရားဟူသည် အစဉ်အမြဲပင် ဒုက္ခရောက်ပြီးမှ ရောက်လာတတ်သည့်တရား ဖြစ်ပေသည်။

ဤနေ့တွင် သူတို့သည် စောင့်မျှော်ရင်းသာ အချိန်ကုန်လွန် သွားခဲ့ရပေသည်။

လူတစ်ပိုင်းမျောက်တစ်ပိုင်းသိုင်းသမားသည် မျက်လုံးအစုံကို ပို၍ ပြူးထားကာ ဂူဝကို ကြည့်နေ၏။

ညအမှောင်ရောက်လျှင် သူ့မျက်လုံးအစုံမှာ ဝင်းတောက်နေတော့သည်။ ဂူပြင်တွင် တိတ်ဆိတ်နေပြီ။

ရှောင်ယီလည်း သူ့မျက်လုံးများကို ပိတ်ပစ်လိုက်သည်။ သူက သိပ်ဂရုစိုက်ကြည့်ဖို့ မလိုလှပါ။ အထူးဂရုစိုက်စောင့်ကြည့်သူ လူတစ်ပိုင်းမျောက်တစ်ပိုင်းသိုင်းသမား ရှိနေပြီ မဟုတ်ပါလား။

လူတစ်ပိုင်းမျောက်တစ်ပိုင်း သိုင်းသမားသည် သူ့ရတနာများနှင့်အတူ ဤဂူမှ လွတ်မြောက်ချင်လှသူဖြစ်သည်။ ထို့ကြောင့် သူ့မှာ နေ့နေ့ညည အစဉ်အမြဲလိုလို ရောက်ရှိလာမည့်လူကို စောင့်ကြည့်နေတတ်ပေသည်။ ရှောင်ယီကား စိတ်ပြတ်

သူဖြစ်၍ အိပ်ချင်သည့်အခါ အိပ်သည်။ စောင့်ချင်သည့်အခါ စောင့်သည်။ တစ်ကြိမ်တွင် မျောက်များ ဆူဆူညံညံ လုပ်ပြန်သဖြင့် ရှောင်ယီ နိုးလာသည်။

ချစ်ကျင်ဟုန်လည်း ထိုင်နေပြီ။ လူတစ်ပိုင်း မျောက်တစ်ပိုင်း သိုင်းသမားကတော့ ဂူပြင်သို့ ခေါင်းထောင်ကြည့်နေ၏။

ညဥ့်နက်သန်းခေါင်အချိန် ခန့်မှန်းရသည့် မျောက်များ ဆူဆူညံညံအော်သံများ အကြား၌ တချွမ်းချွမ်း သံသံချင်း ထိခတ်သံများ ကြားနေရသည်။

"ဘာသံလဲ"

အားလုံး၏အတွေး။

ရှောင်ယီတို့ ငြိမ်ပြီး နားစွင့်နေသည်။ ထိုစဉ် ဂူထဲသို့ အရာဝတ္ထုအချို့ ပျံသန်းရောက်ရှိလာပြန်သည်။

ထိုအရာဝတ္ထုများသည် ဂူနံရံကို ထိခိုက်မိပြီး တချွမ်းချွမ်း တထန်းထန်း အသံများမြည်ကာ မြေပေါ် ကျကုန်သည်။ ပထမပိုင်းတုန်းကသာ ရှောင်ယီတို့ နိုးကြားတက်ကြွကြသည်။ နောက်ပိုင်း၌ တက်ကြွခြင်း မရှိတော့ပေ။ မျောက်များသည် ဤသို့ပင် မကြာခဏ ပစ်ခတ်ခဲ့ကြသည် မဟုတ်ပါလော။

ဂူထဲတွင် မှောင်မည်းနေသဖြင့် မျောက်များ ပစ်သွင်းခဲ့သော အရာဝတ္ထုတွေမှာ မည်သည့်ပစ္စည်းများဖြစ်သည်ဟူ၍ မသိချေ။

ထို့နောက် ငြိမ်သက်၍ သွားသည်။ မျောက်များသည် ဂူထဲသို့ ပစ္စည်းများ ပစ်သွင်းကြပြီးနောက် ကျေနပ်သွားဟန်နှင့် ငြိမ်သွားကြခြင်း ဖြစ်ပေသည်။

ရှောင်ယီက အမှောင်ထဲတွင် စမ်းသပ်ပြီး ပစ္စည်းတစ်ခုကို ကောက်ယူလိုက်၏။

"ကျွန်တော်အခု အမှောင်ထဲတွင် စမ်းသပ်ပြီး ပစ္စည်းတစ်ခုက ဘာပစ္စည်းလဲ၊ ခင်ဗျား မှန်းဆကြည့်စမ်းဗျာ"

ရှောင်ယီက ချစ်ကျင်ဟုန်ကို လှမ်း၍ ပြောလိုက်သည်။

ချစ်ကျင်ဟုန်က ရှောင်ယီလက်ထဲမှ ပစ္စည်းကို စမ်းသပ်ကိုင်ကြည့်ပြီး-

"ဓားတစ်လက်ပါပဲ၊ ဒါပေမယ့် ရိုးရိုးဓား မဟုတ်ဘူး၊ ချိတ်ဓား၊ ဓားဖျားက ချိတ်ကောက်ချွန်နဲ့"

"ဟုတ်ပါတယ်၊ ချိတ်ဓားက ရန်သူကို ခုတ်လဲခုတ်နိုင်တယ်၊ ချိတ်ဆွဲပြီးတော့လဲ အန္တရာယ်ပေးနိုင်တယ်၊ ထိုးနက်လို့တော့ မရဘူးပေါ့"

"သိုင်းလောကမှာ ဒီလို ချိတ်ဓားမျိုး ကိုင်တွယ်တဲ့ သိုင်းသမားမျိုး သိပ်ရှားတယ်၊ ဒီချိတ်ဓား သိုင်းသမားဟာ ဘယ်သူများ ဖြစ်နိုင်မလဲ"

ချစ်ကျင်ဟုန်က စဉ်းစားနေလေသည်။

ရှောင်ယီက သက်ပြင်းချပြီး မှတ်ချက်ချလိုက်၏။

"သိုင်းလောကသားတစ်ယောက် သေဆုံးသွားပြန်ပြီဆိုတဲ့ သဘောပဲဗျ"

သူက နောက်ထပ်ပစ္စည်းတစ်ခုကို ကောက်ယူပြီး-

"ဟောဒီ ပစ္စည်းကရော ဘာများ ဖြစ်မလဲ"

ချစ်ကျင်ဟုန်က လှမ်းကိုင် စမ်းသပ်သည်။

"ဟာ... ဒါသံကြိုးတပ်လုံသွားလက်နက်ပဲ၊ ဒီလက်နက်မျိုးသုံးတဲ့လူကို ကျုပ် ကောင်းကောင်း သိတာပေါ့၊ အဲဒီသိုင်းသမားရဲ့နာမည်က ယန်ထိန်ပဲ၊ အင်း... ယန်ထိန်လဲ သေပြီနဲ့တူတယ်၊ ကဲ... ကျန်းယီ ထပ်ပြီး ရှာစမ်းကွာ၊ နောက်ထပ် ဘာပစ္စည်းတွေများ တွေ့ရဦးမလဲ မသိဘူး"

ရှောင်ယီ ထပ်မံ စမ်းသပ်ရာ လက်နက်တစ်ခုကို တွေ့ပြန်သည်။

"ဒါဟာ သံကွင်းတပ် ခုတ်ဓားကြီးပဲ"

ရှောင်ယီက ဓားကို အမှောင်ထဲတွင် လှုပ်ရှားကြည့်ရာ သံကွင်းများ တပ်ထားသဖြင့် တချွမ်းချွမ်းအသံ ထွက်ပေါ်လာလေသည်။ သံကွင်းများမှာ ဓားကျောဘက်တွင် အပေါက်များ ဖောက်၍ စွပ်ထားခြင်းဖြစ်သည်။

ဓားလှုပ်ရှားတိုင်း သံကွင်းများ အသံမြည်လေသည်။

"မင်း အခု ကောက်ယူလိုက်တဲ့ သံကွင်းဓားက အတော်ပဲ လေးလံပုံရတယ်"

ချစ်ကျင်ဟုန်က ခန့်မှန်း၍ ပြောသည်။

"ဟုတ်ကဲ့၊ အနည်းဆုံး (ကျင်း) ငါးဆယ်လောက် လေးမယ်ထင်တယ်"

"ကျင်း ငါးဆယ်လေးတဲ့ ခုတ်ဓားကြီးကို ကိုင်တွယ်အသုံးပြုတဲ့ သိုင်းသမားဟာ သိပ်ကို အားကောင်းတဲ့လူပဲဖြစ်မယ်၊ အဲဒီသိုင်းသမားဟာ သံခွင်းခုတ်ဓား ကျင်းလွန်ပဲဖြစ်ရမယ်"

"ဟောဒီမှာ ရပြန်ပြီ၊ သံဆူးချွန်တစ်လက်နဲ့ တူပါရဲ့၊ ဟုတ်တယ်၊ သံ... သံချွန်လက်နက်ပဲ၊ ဒီသံဆူးချွန်ကလဲ အတော်လေးလံတယ်၊ ဒီလူဘယ်သူများ ဖြစ်မလဲဗျ၊ ခင်ဗျားဟာ သိုင်းလောကမှာ အတော်နံ့စပ်တဲ့လူဆိုတော့ သူ့ကိုလဲ ခင်ဗျား သိနိုင်တာပါပဲ"

ချစ်ကျင်ဟုန်က-

"ပေးစမ်းပါဦး၊ ကျုပ် ကိုင်ကြည့်လိုက်ဦးမယ်"

ဟုဆိုကာ လှမ်းတောင်းသည်။

သူက အေးစက်မာကျောသော သံဆူးချွန်လက်နက်ကို စမ်းသပ်ကြည့်ပြီး

"ဒီသံဆူးချွန်လက်နက်ကို ကိုင်တဲ့ သိုင်းသမားဟာ ကျောက်ကန်းပဲဖြစ်ရမယ်၊ ဒါဖြင့် ဒီလူလဲ သေပြီပေါ့၊ သေလို့ သူ့လက်နက် ဒီရောက်လာတာပေါ့"

အတန်ငယ် ငြိမ်သက်သွားကြပြီးမှ ချစ်ကျင်ဟုန်၏ အသံက ထွက်ပေါ်လာသည်။

"သိုင်းလောကသား နာမည်ကျော်တွေ ဒီရောက်လာကြပြီး သေကုန်ကြရပြီ၊ သူတို့ဟာ တစ်ယောက်နဲ့ တစ်ယောက် အဆင့်ဆင့် တိုက်ခိုက်သတ်ဖြတ်ကြလို့ သေကြတာလား၊ ဒါမှမဟုတ်သူတို့ထက်စွမ်းတဲ့ အဆင့်မြင့်သိုင်းသမားတစ်ယောက်က သတ်ဖြတ်လို့ သေကြတာလား၊ တို့မသိတာ နာတယ်ကွာ"

ထိုအချိန်တွင် ကျောက်ဂူအတွင်းသို့ လရောင် ခပ်စောင်းစောင်း ထိုးဝင်လာသည်။

အလင်းရောင်မှာ လင်းလင်းခြင်းခြင်း မဟုတ်သော်လည်း မြေကြီးပေါ်တွင် ကျနေသော လက်နက်များကိုမူ တွေ့မြင်နိုင်သည်။

မည်သည့်လက်နက်မျိုးဖြစ်သည်ကို ခွဲခြားသိရှိနိုင်သည်။

ရှောင်ယီ၊ ချစ်ကျင်ဟုန်တို့လို သိုင်းသမားများ၏ မျက်လုံးမျိုးက အမှောင်ထဲမှ ပစ္စည်းများကို ပို၍ မြင်သည်။

မြေပေါ်တွင် ကျနေသော လက်နက်များမှာ ဓားနစ်လက်၊ လှံတစ်ချောင်း၊ သံတုတ်တစ်ချောင်း၊ လက်နက်ပုန်းအိတ်နစ်အိတ် ဖြစ်သည်ကိုတွေ့ရ၏။ ချစ်ကျင်ဟုန်က ဓားတစ်လက်ကို သွားကောက်ယူသည်။

ထိုဓားမှာ ပေ့ါပါးပြီး ဓားရွက်မှာ အလွန်ပါးလှကြောင်း တွေ့ရ၏။

ထိုလိုဓားမျိုးကို ဖက်ရွက်ဓားဟု ခေါ်သည်။

"ဒီဖက်ရွက်ဓားမျိုးကိုင်တဲ့ သိုင်းသမားဟာ လှံဖုန့်ကျင်ပဲ ဖြစ်မယ်၊ သူလဲ ဒီရောက်လာပြီးတော့ သေရပြန်ပြီ၊ ကောင်းကွာ၊ သိုင်းလောကက သိုင်းသမားတွေတော့ ကုန်တော့မှာပဲ"

ချစ်ကျင်ဟုန်က ဖက်ရွက် ဓားကို ပြန်ချလိုက်ပြီး မြေပေါ်မှ လှံတံကို ကောက်ယူကြည့်လိုက်ပြန်သည်။

ချစ်ကျင်ဟုန်သည် လှံတံကိုင် သိုင်းသမားကိုလည်း ခန့်မှန်းနိုင်သည်။

သည့်နောက် မြေပေါ်တွင် ကျနေသော လက်နက်များကို တစ်ခုချင်း ကောက်ယူကြည့်သည်။

"ဒီသိုင်းလောကသားတွေဟာ အားလုံး ဒီရောက်လာပြီး သေကုန်ကြပြီနဲ့ တူပါရဲ့၊ ဒီချောက်ကြီးပေါ်မှာ ပြင်းထန်တဲ့ တိုက်ခိုက်ပွဲကြီး ဖြစ်ပွားနေတာကို ကျုပ်တို့ မမြင်ရဘူး၊ သိပ်နာတာပဲကွာ"

ရှောင်ယီက-

"ဒီသိုင်းသမားတွေကို သိုင်းပညာ အလွန်အဆင့်မြင့်တဲ့ လူတစ်ယောက်က တစ်ယောက်ပြီးတစ်ယောက် သတ်ပစ်နေသလား မဆိုနိုင်ဘူး၊ အဲဒီလိုများ ဖြစ်ခဲ့ရင် ဒီလူဟာ ဘယ်သူဖြစ်နိုင်သလဲ၊ ခင်ဗျား ခန့်မှန်းပါဦးဗျာ၊ ကျွန်တော်တော့ မခန့်မှန်းနိုင်ဘူး"

ချစ်ကျင်ဟုန်က စဉ်းစဉ်းစားစား ပြောသည်။

"ခုလို အဆင့်မြင့် နာမည်ကျော် သိုင်းသမားတွေ အများအပြားကို လွယ်လွယ်ကူကူ သတ်ဖြတ်ပစ်နိုင်တဲ့လူမျိုး သိုင်းလောကမှာ ဆယ်ယောက်လောက်ပဲ ရှိတယ်၊ အဲဒီ ဆယ်ယောက်လောက်ထဲက သိုင်းပညာအဆင့်မြင့်ဆုံးလို့ ပြောရမယ့်လူနစ်ယောက်ရှိတယ်၊ ရက်စက်တဲ့နေရာမှာ ကမ်းကုန်တယ်၊ အဲဒီလူနစ်ယောက်ကတော့ မဟူရာနန်းတော်က သခင်မနစ်ယောက်ပဲ"

မဟူရာနန်းတော်က သခင်မနစ်ယောက်ဟု ပြောလိုက်ရာတွင် သူ့အသံများ တုန်သွားကြောင်း ရှောင်ယီ သတိပြုမိလိုက်လေသည်။

သူသည် စကားဆုံးသည်နှင့် ဂူပြင်ကိုလည်း လှမ်းကြည့်သည်။

သူပြောနေစဉ် သခင်မနစ်ယောက် ဝင်လာလေမလားဟု တွေးတောစိုးရိမ်ပြီး လှမ်းကြည့်ဟန်တူသည်။

ရှောင်ယီက ရယ်မောလိုက်ပြီး-

"ခင်ဗျား မစိုးရိမ်ပါနဲ့၊ မဟူရာသခင်မနစ်ယောက်ဟာ ဒီလိုနေရာမျိုးလာပြီး သတ်ဖြတ်ပွဲ ဆင်နွှဲမှာ မဟုတ်ပါဘူး"

ချစ်ကျင်ဟုန်က သက်ပြင်းတစ်ချက် ချလိုက်သည်။

"အင်း… ဟုတ်နိုင်ပါတယ်၊ မဟူရာနန်းတော်က သခင်မနစ်ယောက်ဟာ ဒီလို ရတနာသိုက်ကိစ္စလောက်နဲ့ လာကြမယ် မထင်ဘူး၊ ဒီလိုဆိုရင် ဘယ်သူဖြစ်နိုင်မလဲ၊ တစ်ချိန်က သိုင်းလောကမှာ ဆိုးသွမ်းရက်စက်လှတဲ့ လူဆိုးလူသွမ်း ဆယ်ယောက်စာရင်းဝင် သွေးလက်ဝါးတူစပ် ဖြစ်လေမလား၊ ဒါမှမဟုတ် ခြသေ့်ရိုင်း ထိကျင့်ပဲ ဖြစ်လေမလား၊ ဟင်း… စဉ်းစားရတော့ ခက်နေပြီ"

ရှောင်ယီက ဦးခေါင်းကို ခါယမ်းလိုက်သည်။

"ဒီလူနစ်ယောက်လဲမဖြစ်နိုင်ဘူးလို့ ကျွန်တော်ထင်တယ်ဗျ"

ချစ်ကျင်ဟုန်က ခေါင်းညိတ်၏။

"အင်း... သေသေချာချာ စဉ်းစားပြန်တော့လဲ ဒီလူနှစ်ယောက်ဟာ သိုင်းလောကမှာ မလှုပ်ရှားဘဲ ဇာတ်မြုပ်သွားတာ နှစ်ပေါင်းကြာလှပြီ၊ သူတို့ဟာ ဒုစရိုက်တောင်ကုန်းမှာ ခိုလှုံနေကြတယ်လို့တော့ သတင်းကြားထားခဲ့ရတာပဲ၊ တို့ ဒီရောက်နေတဲ့ ဆယ့်လေးနှစ်အတွင်း သိုင်းလောကထဲ ပြန်ဝင်လာရင်တော့ မပြောတတ်ဘူးပေါ့ကွာ"

"မဝင်ပါဘူးဗျာ၊ ကျွန်တော် သေသေချာချာသိပါတယ်၊ ကဲ... နောက်ထပ်ဖြစ်နိုင်ခြေရှိတဲ့ လူတွေကို စဉ်းစားစမ်းပါဦး"

"ရှိပါသေးတယ်၊ ဒါပေမယ့် အဲဒီပုဂ္ဂိုလ်တွေရဲ့ နာမည်ကိုတော့ မပြောတော့ပါဘူးလေ"

"ဘာဖြစ်လို့လဲ"

"အဲဒီပုဂ္ဂိုလ်လေးငါးယောက်ဟာ သိုင်းပညာအဆင့်မြင့်ပေမယ့် လောဘမရှိကြဘူးကွ၊ ဒီတော့ ဒီလူတွေလာပြီး သတ်တာတော့ ဘယ်လိုမှ မဖြစ်နိုင်ဘူး၊ အဲ... ဖြစ်နိုင်တဲ့ တစ်ယောက်တော့ရှိတယ်၊ ဒါပေမယ့် အဲဒီလူ ခုထိ အသက်ရှင်၊ မရှင် မသိရတော့ ပြောရခက်နေတယ်၊ သူ အသက်ရှင်နေမယ်ဆိုရင် ဒီသိုင်းလောကသားတွေကို သူကလွဲလို့ ဘယ်သူမှ ဒီလို တိုက်ခိုက်သတ်ဖြတ်နိုင်မှာ မဟုတ်ဘူး"

"ဘယ်သူ့ကို ပြောတာလဲ"

"ရဲ့နန်းထင်လေ"

ရောင်ယီ၏ တစ်ကိုယ်လုံးရှိ သွေးများဆူပွက်သွားသည်ဟု ထင်မှတ်သွားလိုက်ရသည်။

သူက ချစ်ကျင်ဟုန်ထံမှ စကားသစ်များ ထွက်လာရန် လမ်းခင်းပေးလိုက်သည်။

"ဟုတ်တယ်... ဟုတ်တယ်၊ ရဲ့နန်းထင်လို လူမျိုးဟာ သိုင်းလောကမှ ပြိုင်စံရှားတဲ့ အဆင့်မြင့်သိုင်းသမားလို့ ကျွန်တော် ကြားဖူးတယ်"

"ဒါပေမယ့် ရဲ့နန်းထင်ဖြစ်မယ်ဆိုရင်လဲ ဒီလို ရက်ရက်စက်စက် သတ်ဖြတ်မှာ မဟုတ်ပါဘူး၊ အင်း... အခု ရဲ့နန်းထင် အသက်ရှင်နေဦးမယ်ဆိုရင် အသက်အရွယ် ကြီးရင့်ရောပေါ့၊ သူ ဖြစ်ခဲ့ရင်တောင်မှ ဒီသိုင်းလောကသားတွေကို သက်သက်ညှာညှာ တိုက်မှာပါ၊ ခုလိုတော့ မရက်စက်ပါဘူး"

ရောင်ယီသည် လက်နက်ပုန်းအိတ်တစ်လုံးကို ကောက်ယူဖွင့်ကြည့်သည်။

အိတ်တွင်းမှ လက်နက်ပုန်းများကို အားလုံးထုတ်ယူကြည့်လေသည်။

အိတ်ထဲမှထွက်လာသည်မှာ အဆိပ်အပ်ဆယ့်သုံးချောင်း၊ မည်းနက်သော်လည်း အရောင်မတောက်သည့် အဆိပ်ယမ်းပုံး ခုနစ်လုံး၊ သံလုံးလက်နက်ပုန်းနှစ်ဆယ်ခန့်ကို တွေ့မြင်ရသည်။

ချစ်ကျင်ဟုန်ထိတ်လန့် အံ့သြသွားဟန်နှင့် ခပ်ကျယ်ကျယ် အော်ပြောမိသည်။

"ဟာ... ချွမ်းကျုံးထန်ဂေဟာက လူတွေလဲ လာကြပါလား၊ ဒါ... ဒါ ထန်ဂေဟာက အစွမ်းထက်တဲ့လက်နက်ပုန်းတွေ ပါလား"

"အဲဒီလက်နက်ပုန်းတွေကို ဒီလူတွေတစ်စင်းမှတောင် မသုံးလိုက်ရဘူးထင်ပါရဲ့"

ချစ်ကျင်ဟုန်က မျက်မှောင်ကြုတ်နေသည်။

"ချွမ်းကျုံးထန်ဂေဟာက သိုင်းသမားတွေဟာ လက်နက်ပုန်း ပစ်ခတ်တဲ့ပညာ သိပ်စွမ်းကြတယ်၊ လက်နက်ပုန်းဝိဇ္ဇာတွေပဲ၊ လက်နက်ပုန်းဝိဇ္ဇာတွေတောင်မှ အသတ်ခံရတယ်ဆိုတော့ အဲဒီသိုင်းသမားရဲ့စွမ်းရည်ဟာ ကြောက်စရာကောင်းအောင် ဖြစ်နေပြီကွ၊ ငါလဲ မခန့်မှန်းတတ်တော့ဘူး"

ရောင်ယီက ဓားကိုဆန့်လိုက်ပြီး သက်ပြင်းရှူလိုက်သည်။

"ဘယ်လိုပဲဖြစ်ဖြစ်လေ၊ အဲဒီလူ မကြာခင် ရောက်လာမှာပဲ၊ ကျွန်တော်တို့ သူနဲ့ ရင်ဆိုင်ရလိမ့်မယ်၊ ဘယ်လိုဖြစ်လာလိမ့်မယ် ဆိုတာတော့ မပြောနိုင်ဘူးပေါ့ဗျာ"

လူတစ်ပိုင်းမျောက်တစ်ပိုင်းသိုင်းသမားမှာ မျက်လုံးပြူးကျယ်လျက်ရှိ၏။

သူ့မျက်လုံးများ၌ ကြောက်ရွံ့စိုးရိမ်မှု အရိပ်အယောင်များ ယှက်သန်းလျက်ရှိနေပေသည်။

သူက ရောက်လာမည့်သူကို မည်သို့လက်ဦးမှု ရယူနိုင်မည်ကို တွေးတောနေသည်။ ရောက်လာမည့်သူသည် သိုင်းပညာအလွန်အဆင့်မြင့်ကြောင်း ရှောင်ယီနှင့် ချစ်ကျင်ဟုန်တို့ အပြန်အလှန် ပြောစကားအရ သိနေရပြီ။

သူသာ ဂူဝသို့ ရောက်လာမည့် ထိုလူကို နိုင်အောင် မတိုက်နိုင်ပါက ထိုလူက သူတို့အားလုံးကို သတ်ပစ်ပြီး သူ့ရတနာသေတ္တာကို ယူဆောင်သွားပေလိမ့်မည်။ လူတစ်ပိုင်းမျောက်တစ်ပိုင်းသိုင်းသမားသည် လက်သီးနှစ်ဘက်ကို ကျစ်ကျစ်ပါမျှ ဆုပ်လိုက် ၏မိသည်။

အံကိုကြိတ်ရင်း သူသည် ဂူဝသို့ မမိုတ်မသုန်သော မျက်လုံးအစုံဖြင့် ကြည့်နေပါတော့သည်။

------------------- * * * * * -------------------

အခန်း(၄၅)

နတ်ကညာလော မိစ္ဆာလော

==============================

လေတိုက်နေသည်။

လေပြင်းသဖြင့် ဂူအထက်မှ ချုံကိုင်းကြီး လှုပ်ရှားယိမ်းခါနေသည်။

မျောက်များ ဆူဆူညံညံ မလုပ်ကြပေ။

ထိုချုံကိုင်းများအတွင်း၌ မရှိသဖြင့်သာ ဤမျှတိတ်ဆိတ်နေခြင်း ဖြစ်ပေမည်။

ဂူဝတွင် လက်တစ်ဘက် ထွက်ပေါ်လာသည်။

ထိုလက်မှာ အလွန်ဖြူဖွေးနူးညံ့လှသည်ကို တွေ့ရ၏။ လက်ချောင်းကလေးများမှာ ကျောက်ဆစ်လက်ချောင်းနှယ် ရှိနေသည်။

ဤဂူဝတွင် အလွန်လှပသော လက်တစ်ချောင်း ထွက်ပေါ်လာသည်မှာ မြင်တွေ့ရသူကို အံ့ဩစေမိပေလိမ့်မည်။

ရောင်ယီ၊ ချစ်ကျင်ဟုန်နှင့် လူတစ်ပိုင်းမျောက်တစ်ပိုင်းသိုင်းသမားတို့သည် ထိုဖြူဖွေးနူးညံ့ပြီး လှပသောလက်ကို မျက်လုံးပြူးကြည့်နေမိကြလေတော့၏။

ဦးစွာ လှုပ်ရှားလိုက်သူကား လူတစ်ပိုင်းမျောက်တစ်ပိုင်း သိုင်းသမားဖြစ်လေသည်။

သူသည် လက်ဦးမှုကို ရယူမည်ဟု ဆုံးဖြတ်ထားသူဖြစ်၏။

လူတစ်ပိုင်းမျောက်တစ်ပိုင်းသိုင်းသမားသည် ထိုလူရိပ်ကို အင်အားပြင်းထန်သောလက်ဝါးရိုက်ချက်ဖြင့် ဆီးရိုက်လိုက်သည်။

သို့သော် ထိုလူရိပ်သည် လှုပ်ခနဲဖြစ်ရုံသာ လှုပ်ရှားလိုက်သည်ကို တွေ့ရ၏။

လူတစ်ပိုင်းမျောက်တစ်ပိုင်းသိုင်းသမား၏ လက်ဝါးမှာ လေကိုသာ ဟူးခနဲ ရိုက်မိ၏။

ထိုလူရိပ်သည် အံ့ဩလောက်အောင်ပင် လူတစ်ပိုင်းမျောက်တစ်ပိုင်းသိုင်းသမား၏ ကိုယ်ပေါ်မှ ပေါ့ပါးစွာ ခုန်ပျံကျော်လွှားကာ မြေတွင်ကျလာသည်။ သူ၏ ကိုယ်ဖော့ပညာကား အံ့မခန်းပေတည်း။

လူတစ်ပိုင်းမျောက်တစ်ပိုင်းသိုင်းသမား ထိတ်လန့်သွားလေပြီ။

နောက်သို့ ချာခနဲ လှည့်လိုက်၏။

သူဒုတိယအကြိမ် ထိုလူရိပ်ကို ထပ်မံတိုက်ခိုက်ရန် ခုန်ဝင်သွားပြန်သည်။

ထိုလူရိပ်က နောက်သို့ လျင်မြန်စွာ ခုန်ဆုတ်လိုက်၏။ ထို့နောက် ကြည်လွင်သော အသံဖြင့် လှမ်းပြောလိုက်သည်။

"ဘယ်လိုလဲရှင်၊ ရှင်တို့အားလုံး ယောကျာ်းတွေချည်းပဲ မဟုတ်လား၊ မိန်းကလေးတစ်ယောက်ကို ခုလို အလစ်ဝင်တိုက်တာ မရှက်ဘူးလား"

ထိုအချိန်၌ အလင်းရောင် အတော်အတန်ပေါ်ထွက်လာပြီဖြစ်ရာ အသံရှင်၏မျက်နှာကိုလည်း တွေ့မြင်လာရလေတော့၏။

အမျိုးသမီးတစ်ယောက်သာ ဖြစ်ပါလေ၏။ အစိမ်းရောင် သိုင်းဝတ်စုံကို ဝတ်ဆင်ထားသော သူမမှာ လွန်စွာရဲဝံ့သော မျက်နှာထားရှိနေသည်။

လူတစ်ပိုင်းမျောက်တစ်ပိုင်းသိုင်းသမားသည် ထိုအမျိုးသမီးကို ဒုတိယအကြိမ် ခုန်လွှားတိုက်ခိုက်ပြန်သည်။ ထိုအမျိုးသမီးကို ထိအောင် မတိုက်ခိုက်နိုင်ပါ။ သူသာ ဝုန်းခနဲ ပြိုလဲကျသွားရပါသည်။

အမျိုးသမီးမှာ ခပ်အေးအေးပင်။

နဂိုရပ်နေရာနှင့် သုံးပေမျှဝေးသောနေရာတွင် ရပ်ကြည့်နေသည်။

"မင်း... ဘယ်သူလဲ"

ချစ်ကျင်ဟုန်က ထိုအမျိုးသမီးကို လှမ်းမေးလိုက်လေသည်။

အမျိုးသမီးက ခပ်ပြုံးပြုံးကြည့်နေသည်။ သူမက ချစ်ကျင်ဟုန်ကို ပြုံး၍ပင် ပြလိုက်သေးသည်။

မိဘမောင်ဘွားအိမ်သို့ အလည်ရောက်လာသည့် မိန်းကလေးနယ် အေးအေးဆေးဆေးရှိလှသည်။

"ရှင်တို့သုံးယောက်က ဒီဂူထဲမှာ ပြန်လမ်းမရှိဘဲ ဖြစ်နေတယ်နဲ့ တူပါရဲ့၊ ကျွန်မစိတ်ထင် မှန်ရဲ့လား"

အမျိုးသမီးက သူမ မည်သူမည်ဝါဆိုသည်ကို မပြောဘဲ သူမကပင် ထပ်၍ မေးခွန်းထုတ်လိုက်ပေသေးသည်။

ချစ်ကျင်ဟုန်က ခေါင်းညိတ်သည်။

ချစ်ကျင်ဟုန်သည် လူတစ်ပိုင်းမျောက်တစ်ပိုင်းသိုင်းသမားထက် အကင်းပါး၏။ ထရပ်လိုက်သော လူတစ်ပိုင်း မျောက်တစ်ပိုင်းသိုင်းသမားကိုလည်း လက်ကာပြပြီး ဟန့်တားလိုက်သည်။

"ကျုပ်တို့သုံးယောက်က ကြိုးတစ်ချောင်းနဲ့ တွယ်ဆင်းပြီး ရောက်လာမယ့် လူတစ်ယောက်ယောက်ကို စောင့်မျှော်နေကြတာပါ၊ အခု အစ်မလေးရောက်လာတော့ ကျုပ်တို့ ဘယ်လိုဝမ်းသာသွားမှန်း မသိပါဘူးခင်ဗျာ"

အမျိုးသမီးချောက ရယ်မောလိုက်ပြီး-

"ဝမ်းသာလို့ ကျွန်မကို ခုလို တိုက်ခိုက်ပြီး ကြိုဆိုတယ်ဆိုပါတော့"

"ဒီလိုပါ၊ ကျုပ်တို့က ရန်သူလို့ ထင်မှတ်မိလို့ပါ၊ ကျုပ်တို့ကို ကယ်တင်ကူညီမယ့် လူမှန်းသိရင် ဒီလို တိုက်ခိုက်မိမှာ မဟုတ်ပါဘူး၊ ခွင့်လွှတ်ပါခင်ဗျာ"

ချစ်ကျင်ဟုန်က တောင်းပန်လိုက်၏။

အမျိုးသမီးက ရှောင်ယီတို့သုံးယောက်မျက်နှာကို တစ်လှည့်စီ ကြည့်လိုက်ပြီး-

"ကျွန်မ ရှင်တို့သုံးယောက်ကို ကယ်တင်ပါ့မယ်၊ ရှင်တို့ ကျွန်မ ဆင်းလာတဲ့ကြိုးနဲ့ အပေါ်ကို တက်သွားနိုင်ပါတယ်၊ ကြိုးက ခိုင်လဲခိုင်၊ စိတ်လဲ ချရပါတယ်"

"တကယ်ပြောတာလား၊ မင်း ကျုပ်တို့ဆီမှာ ဘာအခွင့်အရေးတစ်ခုမှ မတောင်းဆိုတော့ဘူးလား"

သူ မေးသင့်သည်။ အမျိုးသမီး ခွင့်ပြုပုံက လွယ်လွန်း၍ ဖြစ်သည်။

အမျိုးသမီးက ပြုံးလိုက်သည်။

"ရှင်က ကျွန်မ ခုလိုကူညီတာကို မယုံဘူးလား၊ ရှင် အရင်ဆုံး အပေါ်တက်သွားပါ၊ ရှင် တက်ပြီးရင် ရှင်ယူချင်တဲ့ ရှင့်ပစ္စည်းတွေကို အပေါ်တင်ပေးမယ်၊ ပြီးမှ ကျွန်မတို့ ရှေ့ဆင့် နောက်ဆင့် အပေါ်တက်ခဲ့မယ်၊ ဒါဆိုရင် ရှင် စိတ်ချရပြီပေါ့"

"ကျုပ်က သေတ္တာတစ်လုံးပဲ အရယူချင်တာပါ၊ အဲဒီသေတ္တာကိုတော့ ကျုပ် အပါမယူလို့ မဖြစ်ဘူး၊ အစ်မလေး အကူအညီပေးမယ်ဆိုရင် ကျုပ် သိပ်ကို ကျေးဇူးတင်မှာပါ၊ ကျေးဇူးလဲ မမေ့ပါဘူးဗျာ"

လူတစ်ပိုင်း မျောက်တစ်ပိုင်းသိုင်းသမားက ဝမ်းသာအားရ ပြောလိုက်လေ၏။

"ဩော်ရှင်... ကျွန်မက ကူညီဖို့သက်သက်ပဲ အပင်ပန်းခံပြီး ဆင်းလာတာပါ၊ ကျေးဇူးတင်စကားတွေ ဘာတွေပြောမနေပါနဲ့ မလိုပါဘူး၊ ဟင်း... ဟင်း... ဟင်း"

ရောင်ယီနှင့် ချစ်ကျင်ဟုန်မှာ ထိုအမျိုးသမီး၏ မျက်နှာကို လှမ်းကြည့်နေမိကြသည်။

လူတစ်ပိုင်းမျောက်တစ်ပိုင်းသိုင်းသမားသည် အတန်ငယ် စဉ်းစားလိုက်ပြီး မျက်မှောင်ကြုတ်သွားသည်။

သူက အမျိုးသမီး၏မျက်နှာကို စေ့စေ့ကြည့်ပြီး မေးမြန်းလေ၏။

"နေပါဦး၊ မင်းက ဘာဖြစ်လို့ ဒီလောက်တောင်မှ စိတ်ကောင်းရှိနေရတာလဲ"

"ကျွန်မက ဒီလိုပဲ၊ သူတစ်ပါးကို ကူညီတတ်တဲ့စိတ် အမြဲရှိတယ်၊ သူတစ်ပါးကို ကူညီရရင် သိပ်ပျော်တတ်တဲ့ လူမျိုးပါ၊ ဘာလဲ... ရှင်က ကျွန်မကို မယုံကြည်ပြန်ဘူးလား"

ထိုအမျိုးသမီးသည် သဘောကောင်းလွန်း၊ ချိုသာလွန်းနေသဖြင့် ရောင်ယီနှင့် ချစ်ကျင်ဟုန်တို့ သံသယဝင်မိကြသည်။

သို့သော်လည်း အခြားနည်းလမ်း မရှိပါ။ ထိုအမျိုးသမီး၏ကြိုးဖြင့် အပေါ်တက်ရမည်သာဖြစ်ပါ၏။

လူတစ်ပိုင်းမျောက်တစ်ပိုင်းသိုင်းသမားသည်လည်း သူမကို မယုံပါ။

မည်သို့သောအကြံအစည်နှင့် ရောက်လာသည်ကို မှန်းဆ၍ မရသော်လည်း သူတို့အဖို့ သူမမှတစ်ပါး ကိုးကွယ်ရာ မရှိသလို ဖြစ်နေသည်။

သူမ၏ကြိုးသည် သူတို့အား လူ့လောကအသိုင်းအဝိုင်းသို့ ပို့ဆောင်နိုင်သည့် ကြိုးမဟုတ်ပါလော။

"ကောင်းပြီ၊ ဒီလိုဆိုရင် ကျုပ် အပေါ်အရင်တက်မယ်၊ ကျုပ်တက်ပြီးရင် ကျုပ်သေတ္တာကို အပေါ်တင်မယ်နော်၊ ပြီးမှ အစ်မလေးတို့ တက်ခဲ့ကြပေါ့"

"ဟုတ်ကဲ့ တက်ပါရှင် တက်ပါ၊ ရှင်အပေါ်ရောက်ရင်သာ ကြိုးကို ဆွဲလှုပ်ပြပါ၊ ရှင့်သေတ္တာကို ချည်ပေးလိုက်ပါ့မယ်"

လူတစ်ပိုင်း မျောက်တစ်ပိုင်း သိုင်းသမားသည် ရောင်ယီနှင့် ချစ်ကျင်ဟုန်ကို လှမ်းကြည့်ပြီး ပြောသည်။

"ကဲ... ကျုပ်အရင် အပေါ်တက်မယ်၊ ကြိုးလှုပ်ပြရင် ကျုပ်သေတ္တာကို ချည်တပ်ပေးလိုက်ပါ၊ တင်ပေးကြမယ် မဟုတ်လား"

"စိတ်ချပါဗျာ"

ရောင်ယီက ဝန်ခံချက် ပေးလိုက်၏။

လူတစ်ပိုင်းမျောက်တစ်ပိုင်းသိုင်းသမားသည် ဂူဝတွင် တွဲလောင်းကျနေသော ကြိုးဆီ လျှောက်သွားလေတော့၏။ လူ့လောကလှေကားဖြင့် လူ့ဘဝဝန်းကျင်သို့ ပြန်လည်ရောက်ရှိရတော့မည်။

နေရောင် ပေါ်ထွန်းနေပြီဖြစ်၏။ လေနအေးက တိုက်ခတ်နေလေသည်။

ပျော်ရွှင်စရာအတိ ကောင်းလှသော လူ့ရပ်လူ့ရွာဒေသသို့ သူ ပြန်ရောက်လိုလှသည်။ သူ့တွင် ရတနာသေတ္တာတစ်လုံး ကျန်နေသေးသည်။

ပျော်လိုက်ပါးလိုက်၊ သုံးမကုန်ဖြုန်းမကုန် ဖြစ်နေလိမ့်မည်။ သူ့အဖို့ ဤရတနာတစ်သေတ္တာကို ပိုင်ဆိုင်ထားသဖြင့် လိုတရနေသော လူတစ်ယောက် ဖြစ်နေပေလိမ့်မည်။

လူတစ်ပိုင်းမျောက်တစ်ပိုင်းသိုင်းသမား၏ မျက်နှာမှာ ဝင်းထိန်၍ သွားသည်။ မြူးပျော်၍ သွားဟန်ဖြင့် ကြိုးကို လှမ်းကိုင်လိုက်၏။

သူသည် အပေါ်သို့ မော့ကြည့်လိုက်ပြီး ကြိုးကို ခိုင်၊ မခိုင် နှစ်ချက်မျှ ဆောင့်ဆွဲကြည့်သည်။

"ကဲ... ကျုပ် တက်တော့မယ်၊ ခင်ဗျားတို့ ကျုပ်သေတ္တာကို တင်ပေးပြီးရင် လိုက်တက်ခဲ့ကြပေတော့"

သူက နောက်ဆုံး မှာကြားပြီး ကြိုးကို ဆွဲ၍ တက်သွားတော့သည်။

ဆယ်ပေခန့် တက်ပြီးနောက် သူ တုန်လှုပ်သွား၏။

"အား.. "

လူတစ်ပိုင်းမြောက်တစ်ပိုင်းသိုင်းသမားထံမှ အော်သံထွက်ပေါ်လာသည်။

သူ့ကို မော့ကြည့်မည်ဆိုလျှင် ကြိုးပေါ်တွင် မျက်နှာကြီးရှုံ့မဲ့လျက် တုန်ယင်နေသည်ကို တွေ့ရမည်ဖြစ်၏။

"ဘာဖြစ်လို့လဲ၊ ခင်ဗျား ဘာဖြစ်သွားတာလဲ"

ချစ်ကျင်ဟုန်က စိုးရိမ်ကြီးစွာ အော်မေးလေ၏။ သို့သော် လူတစ်ပိုင်းမြောက်တစ်ပိုင်းသိုင်းသမားက အဖြေမပေးနိုင်ပါ။

ကြိုးစကို တင်းတင်း ဆုပ်ကိုင်လျက် တုန်ယင်နေသည်။ မျက်လုံးကြီး ပြူးနေသည်။

နောက်ဆုံးသူ့ခန္ဓာကိုယ်ကြီးသည် လေဟာပြင် ချောက်ထဲသို့ လျှောခနဲ ကျဆင်းသွားလေတော့၏။

"ဟာ..."

အဖြစ်မှာ လွန်စွာ အံ့သြဖွယ်ရာ ကောင်းလှသည်။

အပေါ်သို့ လွန်စွာ ရောက်ချင်နေသော လူတစ်ပိုင်း မြောက်တစ်ပိုင်း သိုင်းသမားသည် ချောက်ထဲသို့ တမင်ခုန်ဆင်းသွားခြင်းတော့ မဖြစ်နိုင်ပေ။

အန္တရာယ်တွေ့ပြီး ချောက်ထဲ လျှောကျသေဆုံးသွားခြင်းသာ ဖြစ်ပေလိမ့်မည်။

"ဘယ်လို ဖြစ်သွားတာလဲ၊ ဘယ်လို ဖြစ်သွားရတာလဲဗျာ"

ချစ်ကျင်ဟုန်မှာ မျက်နှာကြီး ဖြူရော်ပြီး တုန်တုန်ယင်ယင် မေးမြန်းမိလေ၏။

သူသည် လူတစ်ပိုင်းမြောက်တစ်ပိုင်းသိုင်းသမားအပေါ် သံယောဇဉ် ဖြစ်နေခဲ့လေပြီ။

ဝတ်စုံစိမ်းနှင့်အမျိုးသမီးမှာလည်း ထိတ်လန့်သော မျက်နှာဖြင့် တုန်ယင်စွာ ပြောသည်။

"ဘယ်လိုဖြစ်တာလဲ၊ ကျွန်မလဲ မသိဘူး၊ သူ့ကို... သူ့ကို အပေါ်ကနေ ဘယ်သူများ အန္တရာယ်ပြုလိုက်တာလဲ မသိဘူး၊ တကယ်ပါ၊ ကျွန်မ ဘာမှ မသိပါဘူး"

ရှောင်ယီက အထက်သို့ မော့ကြည့်နေရာမှ ဝတ်စုံစိမ်းနှင့် အမျိုးသမီး၏မျက်နှာကို ပြန်ကြည့်သည်။ ထို့နောက် အေးစက်စက် ပြောလိုက်လေ၏။

သူ့လေသံက မယုံသင်္ကာ အပြည့်အဝ ဖြစ်နေသည်။

"သူအခုလို ကြိုးပေါ်ကနေ အောက်ကျသွားတာ ဘာ့ကြောင့်လဲဆိုတာ အစ်မလေး သိမှာပါ"

ဝတ်စုံစိမ်းနှင့်အမျိုးသမီးက တုန်ယင်သောအသံနှင့်-

"သူ့အသက်အရွယ်ကလဲ ကြီးပြီမဟုတ်လား၊ အလေ့အကျင့်နဲ့လဲ ကင်းကွာခဲ့တာ ကြာလှတော့ ကြိုးကို မြဲအောင် ကိုင်မတက်နိုင်တော့ဘဲ ကျသွားတာ ဖြစ်မှာပဲ"

ရှောင်ယီက ခေါင်းကို ခါယမ်းလိုက်သည်။

"မဖြစ်နိုင်ဘူး၊ သူဘယ်လောက်ပဲ လေ့ကျင့်မှု ကင်းကွာ ကင်းကွာ ကြိုးကို ကောင်းကောင်း တက်နိုင်စွမ်း ရှိပါတယ်၊ သူဟာ လူတစ်ပိုင်းမျောက်တစ်ပိုင်း သိုင်းသမားပဲ၊ ခင်ဗျားတို့ ကျွန်တော်တို့ထက်ကို ကြိုးတက် ကျွမ်းကျင်တယ်၊ ရှင်းရှင်းပဲ မေးပါ့မယ်၊ ခင်ဗျားရဲ့ကြိုးမှာ လျှို့ဝှက်ချက် ရှိတယ် မဟုတ်လား၊ ခင်ဗျား တစ်ခုခု မကောင်းကြံထားရမယ်"

ဝတ်စုံစိမ်းနှင့်အမျိုးသမီးက အပြစ်ကင်းစင်သော ကလေးငယ်တစ်ယောက်ကဲ့သို့ ရှောင်ယီအား ပြန်ကြည့်၏။ တကယ့် ကလေးအကြည့်မျိုးပင်။

"ကျွန်မကြိုးက အကောင်းကြီးပဲ မတွေ့ဘူးလား၊ ပြတ်လဲ မပြတ်နိုင်ဘူး၊ ကျွန်မလဲ ဒီကြိုးနဲ့ပဲ ဆင်းလာခဲ့တာပဲ၊ ဘာဖြစ်လို့လဲ၊ ဘာမှ မဖြစ်ခဲ့ဘူး၊ ကျွန်မ စေတနာဟာ ဝေဒနာတော့ ဖြစ်နေပါပြီ"

ချစ်ကျင်ဟုန်သည် ရှောင်ယီ မယုံသင်္ကာ ဖြစ်နေခြင်းကို သဘောပေါက်လာ၏။

ဝတ်စုံစိမ်းနှင့်အမျိုးသမီးသည် သူတို့အား မဖွယ်မရာ လုပ်ကြံနေလေပြီဟု နားလည်လာသည်။ ထို့ကြောင့် ခက်ထန်စွာ အော်ငေါက်မေးမြန်းမိသည်။

"မင်းရဲ့ကြိုးစထဲမှာ အဆိပ်ပြင်းတွေ သုတ်လမ်းထားတဲ့ အပ်ကလေး သုံးလေးချောင်းလောက် စိုက်ထားရင် ကြိုးကို ဆွဲတက်နေတဲ့လူဟာ အဆိပ်အပ် စူးသွားမှာပဲ၊ အဆိပ်က ပြင်းထန်လှတော့ စူးမိတာနဲ့ ခဏအချိန်ကလေးအတွင်းမှာ အသက် ပျောက်သွားမယ်၊ ဒီတော့ကြိုးပေါ်မှာပဲ သေဆုံးပြီး ကျသွားမှာပဲ၊ မင်း ဒီလို လုပ်ထားတာ မဟုတ်လား"

ဝတ်စုံစိမ်းနှင့်အမျိုးသမီးက ခေါင်းကို ခါယမ်းသည်။ မျက်လုံးအစုံ၌ မျက်ရည်များပင် ဝဲလာသည်ကို တွေ့ရ၏။

"ဒီလို မဟုတ်ပါဘူး၊ ကျွန်မ ဒီလို မလုပ်ခဲ့ပါဘူးရှင်၊ ရှင်တို့မယုံရင် ကျွန်မ ဒီကြိုးကို ပြန်ဆွဲပြီး အပေါ်တက်ပြပါ့မယ်၊ ကြည့်ပါ"

သူမသည် ကြိုးစကို ဆွဲပြီး သွက်လက်စွာ တက်သွားလေတော့သည်။

ချစ်ကျင်ဟုန်နှင့် ရှောင်ယီက သူမတက်သွားနေသည်ကို မော့ကြည့်ကြသည်။

အစိမ်းရောင် ဝတ်ထားသော အရုပ်ကလေးတစ်ရုပ်လောက်ထိအောင် သေးငယ်သွားသည်။

သူမသည် အလွန်မြင့်မားသော တောင်ကမ်းပါးယံသို့ ရောက်ရှိသွားလေပြီ။

"ကျန်းယီ... တို့လဲ အမြန် ဒီကြိုးကို ဆွဲပြီး လိုက်တက်မှထင်တယ်၊ သူအပေါ် ရောက်သွားပြီး ကြိုးကို ဆွဲတင်သွားရင် တို့ ဂူထဲမှာပဲ အရိုးထုတ်ရတော့မယ်"

ချစ်ကျင်ဟုန်က မျက်လုံးပြူး မျက်ဆန်ပြူးဖြင့် ပြောလိုက်လေ၏။

ရှောင်ယီကား ခပ်အေးအေးပင်။

"မစိုးရိမ်ပါနဲ့ဗျာ၊ သူ ပြန်ဆင်းလာမှာပါ"

"မင်း ဘာကြောင့် အတပ်ပြောနေတာလဲ၊ ဒီအမျိုးသမီးဟာ မရိုးသားဘူးကွ၊ ဒါတောင် မင်းက သူ ပြန်ဆင်းလာမယ်လို့ ယုံကြည်နေတုန်းလား"

"စိတ်ချစမ်းပါဗျာ၊ သူ့ဆီမှာ ရတနာသေတ္တာ ပါသွားတာမှ မဟုတ်ဘဲ၊ လူတစ်ပိုင်းမျောက်တစ်ပိုင်းသိုင်းသမားကို သတ်ဖို့ သက်သက်တော့ သူ ဆင်းလာတာ မဟုတ်ပါဘူး၊ ဟော.. ကြည့် သူ ဆင်းလာပြီ"

ရှောင်ယီ၏ အတွေးမှာ မှန်ကန်လှပါသည်။ ဝတ်စုံစိမ်းနှင့် အမျိုးသမီး ပြန်ဆင်းလာနေပေပြီ။

သူမသည် ဂူထဲသို့ ပေါ့ပါးစွာ ခုန်ဝင်လာသည်။

ရှောင်ယီက ခပ်တည်တည် ပြောလိုက်လေ၏။

"မင်း ပြန်ဆင်းလာလိမ့်မယ်ဆိုတာ ကျုပ် သိသားပဲ"

ဝတ်စုံစိမ်းနှင့်အမျိုးသမီးက သက်ပြင်းကလေး ရှိုက်လိုက်ပြီး-

"အစကတော့ ကျွန်မ ရှင်တို့ကို ထားပစ်ခဲ့ပြီး ပြန်သွားတော့မလို့ပါ၊ ဒါပေမယ့် ကျွန်မ ပြန်စဉ်းစားပြန်တော့ ဒီလို မလုပ်ရက်တော့ပြန်ဘူး၊ ဟင်း... ကျွန်မစိတ်ဟာ ပျော့ကိုပျော့ပါတယ်ရှင်၊ အသည်းက လုံးဝ မာလို့ မရဘူး၊ ဒါနဲ့ ရှင်တို့ကို ကယ်ဖို့ တစ်ခေါက်ပြန်ဆင်းလာရတော့တာပေါ့"

သူမက ထိုသို့ ပြောပြီးမှ ချစ်ကျင်ဟုန်ကို ကြည့်သည်။

"ကဲ... ဘယ်လိုလဲရှင်၊ ကျွန်မကြိုးထဲမှာ ဘာကြံစည်မှုမျိုးမှ မရှိဘူးဆိုတာ ရှင်တို့ တွေ့ကြပြီ မဟုတ်လား"

ရှောင်ယီကို ချစ်ကျင်ဟုန်က ဂူထဲသို့ ဆွဲခေါ်သွားသည်။ တီးတိုးတိုင်ပင်သည်။

"ဘယ်လိုလဲကျန်းယီ၊ ငါတို့ ဒီကြိုးကို ဆွဲပြီး အပေါ်တက်လို့ ဖြစ်ပ့ါမလား၊ မင်းသဘော ဘယ်လိုရသလဲ"

"ကျွန်တော်လဲ မပြောတတ်တော့ဘူး၊ ဒီလိုလုပ်ပါလား၊ ခင်ဗျား လက်ကို အဝတ်ပတ်ပြီး ဆွဲတက်ဗျာ၊ တကယ်လို့ ကြိုးထဲမှာ အဆိပ်ပါတဲ့ဆူးတွေ၊ အပ်တွေ ထည့်ထားလည်း လက်ကို မစူးမိဘူးပေါ့"

ချစ်ကျင်ဟုန်လည်း ခေါင်းညိတ်လိုက်သည်။

"ကဲ... ကျုပ် တက်မယ်၊ ကျုပ် အပေါ်ရောက်ပြီးတော့ မင်းတို့ တက်လိုက်ခဲ့ကြပေါ့"

ချစ်ကျင်ဟုန်က ရတနာသေတ္တာကို တမင် ထည့်မပြောဘဲ ထား၏။ သူ့အဖို့ အပေါ်ရောက်သွားနိုင်ဖို့သာ အရေးကြီးသည် မဟုတ်ပါလော။ ရတနာသေတ္တာကြောင့်တော့ သူအသေ မခံနိုင်ပေ။

လူတစ်ပိုင်းမျောက်တစ်ပိုင်းသိုင်းသမားက ရတနာသေတ္တာကို သူနှင့် ပါသွားလိုသည်။

ဤအမျိုးသမီးကလည်း ဤရတနာသေတ္တာကို လိုချင်သည်။ သည်တော့ လူတစ်ပိုင်းမျောက်တစ်ပိုင်းသိုင်းသမားကို အမျိုးသမီးက သေအောင်ကြံစည်လိုက်ခြင်းသာ ဖြစ်ရမည်ဟု ချစ်ကျင်ဟုန်က ယုံကြည်၏။

သူကတော့ ရတနာတွေ မလိုချင်ပါ။ အမျိုးသမီးက သူ့ကို အပေါ်သို့ရောက်သွားအောင် ကူညီလိမ့်မည်ဟု တွေးသည်။

ချစ်ကျင်ဟုန်သည် သူ့အင်္ကျီလက်မောင်းစနစ်ခုကို ဆုတ်ဖြဲပြီးလက်အစုံအတွင် ရစ်ပတ်လိုက်သည်။

ချစ်ကျင်ဟုန်၏ အပြုအမူကို အမျိုးသမီးက ပြုံး၍ ကြည့်လေ၏။

ထို့နောက် ချစ်ကျင်ဟုန် စတင်တက်သွားလေတော့သည်။

ရှောင်ယီသည် ရင်တထိတ်ထိတ်ဖြင့် ချစ်ကျင်ဟုန်ကို မော့ကြည့်၏။

ချစ်ကျင်ဟုန် တက်နေသည်။ ၁၀ပေခန့်အမြင့်သို့ ရောက်သွားသည်။ နောက် တရွေ့ရွေ့ဖြင့် ပေ ၂၀ခန့်အမြင့်ကို ရောက်ရှိသွားသည်။

ချစ်ကျင်ဟုန်အတွက် စိတ်ချသွားသည်။ သက်ပြင်းကို ချမိလိုက်သည်။ တစ်ယောက်တော့ လူ့လောကအတွင်းသို့ ခြေချနင်းနိုင်တော့မည်။

ထိုစဉ် စိတ်မချမ်းသာစရာ အသံနက်ကြီး ပေါ်လာလေတော့၏။

"အား"

ချစ်ကျင်ဟုန်၏ ထိတ်လန့်တကြား အော်ဟစ်သံမှာ တောလုံး ပဲ့တင်ထပ်မျှ ဖြစ်သွားလေတော့သည်။

ရှောင်ယီ မျက်လုံးပြူးသွားရတော့သည်။ တစ်ကိုယ်လုံး တုန်ခါ၍ သွားရတော့သည်။

အခန်း(၄၆)

သေခြင်းတရားကို မြည်းစမ်းခြင်း

==============================

ချစ်ကျင်ဟုန်၏ ခန္ဓာကိုယ်ကြီးသည် ကြိုးအပိုင်းအစတစ်ခုကိုကိုင်ပြီး ချောက်ထဲသို့ ဇောက်ထိုးကြီး ထိုးကျသွားလေ၏။

ချောက်ကမ်းပါးချိုင့်ဝှမ်း အရပ်ဖြစ်၍ ချစ်ကျင်ဟုန်၏ အသံနက်ကြီးသည် တော်တော်နှင့် ပျောက်မသွားပေ။ ပဲ့တင်ထပ်သံ ကျန်နေရစ်သည်။

ကြိုးစပြတ်၍ ကျလာသော ချစ်ကျင်ဟုန်ကို မည်သို့မှ ဆီးဖမ်းနိုင်ခြင်း မရှိပါ။ မည်သူမျှလည်း မဖမ်းနိုင်ပါ။ နတ်သိကြားမှသာ ကယ်တင်နိုင်ပါလိမ့်မည်။

ချစ်ကျင်ဟုန်ချောက်ထဲသို့ ထိုးကျသွားရာ ခဏတွင်း ပျောက်ကွယ်သွားလေတော့သည်။

အသူရာတမျှနက်သော ချောက်ထဲတွင် မည်သူမျှ အသက်မရှင်နိုင်ပါ။

ရှောင်ယီမှာ ပါးစပ်အဟောင်းသားကြီးဖြစ်၍ ထိတ်လန့်နေသည်။

သူ သတိဝင်လာသည်နှင့် ဝတ်စုံစိမ်းနှင့်အမျိုးသမီးအား စူးစူးစိုက်စိုက် ကြည့်လိုက်၏။

"မင်း ဘာအကြံနဲ့ လူတွေကို သတ်နေရတာလဲ"

ဝတ်စုံစိမ်းနှင့်အမျိုးသမီးက ရယ်မောနေသည်။

ရှောင်ယီ ပို၍ ဒေါသထွက်လာသည်။ အမျိုးသမီးကို လက်ညှိုးထိုးပြီး စွပ်စွဲ အော်ငေါက်သည်။

"မင်းက ကြိုးထဲက အဆိပ်အပ်နဲ့ လူတစ်ယောက်ကို စူးအောင် လုပ်ပြီး ချောက်ထဲကျသေစေတယ်၊ အခုလဲကြိုးပြတ်အောင် လုပ်ထားပြီး ကျသေစေပြန်တယ်၊ မင်းဘာကြောင့် သူတို့နှစ်ယောက်ကို သေကြောင်းကြံစည်ရတာလဲ၊ သတ်ချင်ရင်လဲ စောစောကတည်းက တိုက်ခိုက်ပြီး သတ်လိုက်ပါလား၊ မင်းရဲ့ သိုင်းပညာစွမ်းရည်က သူတို့နှစ်ယောက်ထက် ပိုမြင့်တာပဲဥစ္စာ၊ ဘာဖြစ်လို့ ခုလို ရှည်ရှည်ဝေးဝေး လုပ်နေရတာလဲ၊ အလိမ်ညာမ"

ဝတ်စုံစိမ်းနှင့်အမျိုးသမီးကား အပြုံးမပျက်ပေ။ မင်းသမီးမျက်နှာဖုံးကား ကွာကျသွားလေပြီ၊ လူသတ်သမား မျက်နှာပေါ်လာလေပြီ။

"ကျွန်မဟာ ဘယ်တော့မှ လူတစ်ယောက်ကို ကိုယ်တိုင် လက်နဲ့ မသတ်ဘူး၊ သူတို့ဘာသာ သူတို့ သေစေအောင် လုပ်ခဲ့တာချည်းပဲ"

သူမ၏အသံကား အေးစက်စက်ပင်။ လက်မရွံ့ လူသတ်သမား၏ အသံတည်း။

"ကျုပ်... တစ်ခုတော့ အံ့သြမိတယ်၊ မင်း ကြိုးကို တဲတဲကလေး ဓားနဲ့ ဖြတ်ခဲ့တယ်၊ အဲဒီကြိုး တဲတဲကလေးကို မင်းဘယ်လိုလုပ် ခိုတွယ်ဆင်းလာတာလဲ၊ မင်းကျတော့ ကြိုးပြတ်ကျမလာပါလား၊ ကဲ... ဒါတွေ ထားပါတော့၊ အခု ကြိုးပြတ်သွားပြီ၊ မင်းဘယ်လိုလုပ် အပေါ်ပြန်တက်တော့မှာလဲ၊ မင်းမှာ သူတစ်ပါးကို ရက်စက်ဖို့ ဦးနှောက်ပဲ ရှိတယ်"

အမျိုးသမီးသည် ဂူအတွင်း ဟိုဟိုဒီဒီ လျှောက်ကြည့်သည်။ အလည်အပတ်လာသောလူတစ်ယောက်ကဲ့သို့ ရှိနေလေ၏။

"ဒီဂူထဲမှာ နေရတာ သိပ်ပျော်ဖို့ကောင်းမှာပဲနော်၊ ကျွန်မတော့ ဒီဂူထဲမှာ နေချင်တယ်၊ အပေါ်ပြန်မတက်ချင်တော့လို့ ဒီလို လုပ်လိုက်တာပါ"

"ဘာ"

ရောင်ယီမှာ အမျိုးသမီး၏ စကားကြောင့် ပါးစပ်အဟောင်းသား ဖြစ်သွားလေသည်။ အာမေဋိတ်စကားလုံးသည် ခုန်ထွက်သွား၏။

အမျိုးသမီးက ရောင်ယီ၏မျက်နှာကို လှည့်ကြည့်ပြီး-

"ရှင်... ပြောစမ်းပါ၊ ရှင့်မိတ်ဆွေနှစ်ယောက်ကို ကျွန်မ သေအောင် လုပ်ခဲ့တယ်၊ ရှင်ကျွန်မကို ကလဲ့စား မချေဘူးလား"

ရောင်ယီ သက်ပြင်းချလိုက်မိသည်။

"ကျုပ်... မင်းကို တိုက်လို့ နိုင်မှာ မဟုတ်ဘူး၊ မင်းရဲ့သိုင်းပညာအဆင့်ကို ကျုပ် မှန်းကြည့်ပြီးပါပြီ၊ နောက်ပြောရရင် ပထမတစ်ယောက်ဟာ အစောကြီးကတည်းကိုက သေသင့်နေပါပြီ၊ နောက်တစ်ယောက်ဟာလဲ လွန်ခဲ့တဲ့ဆယ့်ငါးနှစ်လောက်ကတည်းက သူ့ကိုယ်သူ လောကမှာ အသက်ရှင်မနေချင်တော့တဲ့လူပဲ၊ ဒီလူနှစ်ယောက် သေသွားတာဟာ သူတို့အတွက် ကျုပ်အနေနဲ့ ဝမ်းနည်းဖို့ မလိုဘူး၊ ကဲ... အခု ကျုပ်တစ်ယောက်ထဲပဲ ကျန်ပါတော့တယ်၊ မင်း ကျုပ်ကို ဘယ်လိုသေအောင် ကြံစည်မလဲ၊ ကျုပ်ကို ဘယ်လို သတ်မလဲ"

"ရှင့်ကို ကျွန်မ သေအောင် ဘယ်လိုမှ မကြံဘူး၊ ရှင် သေသွားရင် ကျွန်မ ဒီဂူထဲမှာ အဖော်မရှိဘဲ ကျန်ခဲ့မှာပေါ့၊ ဘယ်လောက် ပျင်းဖို့ကောင်းလိုက်မလဲ"

ရောင်ယီ မျက်လုံးပြူးသွားသည်။

"မင်း... တကယ်ပဲ အပေါ်ကို ပြန်မတက်တော့ဘူးလား"

သူ တအံ့တဩ မေးလိုက်မိ၏။

သူတကယ် အံ့ဩမိသည်။

ဤအမျိုးသမီးကလေး၏ ရည်ရွယ်ချက်ကို သူ မခန့်မှန်းနိုင်တော့ပေ။

သူမက ရယ်မောလိုက်ပြီး-

"ကျွန်မက ငှက်လဲမဟုတ်၊ နဂါးလဲမဟုတ်၊ ဘယ်လိုလုပ်ပြီး ဒီနေရာက ထွက်နိုင်တော့မှာလဲ"

"မင်းဟာ လူမိုက်ပဲ"

"ဟုတ်လား၊ ကျွန်မက လူမိုက်မ၊ ရှင်က လူမိုက်လေး ခစ်... ခစ်... ခစ်၊ ဒီဂူထဲမှာ ရှင်နဲ့ ကျွန်မ အတူနေလို့ နောက်တစ်နှစ်လောက်ကြာရင် လူမိုက်ကလေးတစ်ယောက် တိုးလာလိမ့်ဦးမယ်"

ထိုစဉ်-

"ဟားဟားဟားဟား၊ ဟားဟားဟားဟား"

ကျယ်လောင်သောရယ်မောသံကြီးသည် လေလှိုင်းသဖွယ် ထွက်ပေါ်လာလေတော့၏။

ထိုအသံမည်မျှ ကျယ်လောင်သနည်းဟူမူ ရောင်ယီတို့ ဂူထဲမှာပင် ပဲ့တင်ထပ် ကြားနေရသည်။ မကြာမီ စကားသံလည်း ထွက်ပေါ်လာလေ၏။

"စုအမျိုးအနွယ် ကောင်မလေး၊ မင်း ဘယ်ပြေးမလဲ၊ ပြေးလို့ မလွတ်ပါဘူး၊ မင်း ဘယ်ကနေ ဆင်းသွားတယ်ဆိုတာ ကျုပ်သိတယ်၊ မင်း ပြန်မတက်လာနဲ့၊ တစ်သက်လုံး မတက်လာနဲ့၊ တက်လာရင်တော့ ကျုပ်လက်ထဲ ရောက်ပြီးသားပဲ"

ထိုပြောဆိုသံမှာ အဝေးမှ ဂူတွင်းသို့ ဝင်လာသည့်အသံဖြစ်သော်လည်း သူတို့နှစ်ယောက် နားနားတွင် ကပ်ပြောသလိုနယ် ရှိနေ၏။

ဝတ်စုံစိမ်းနှင့်အမျိုးသမီး မျက်နှာပျက်သွားသည်။ သူ့မျက်နှာမှာ ချက်ချင်း ဖြူရော်၍ သွား၏။ အဘယ့်ကြောင့် ဤမျှ ဖြစ်ရသနည်း။

ရောင်ယီက မျက်မှောင်ကြုတ်၍ ပြောသည်။

"ဒီလူဟာ ဘယ်သူလဲ၊ အတွင်းအားကလဲ ကောင်းတာ၊ မင်းကို ရည်ရွယ်ပြီး ပြောနေတာ မဟုတ်လား"

အမျိုးသမီးက ခေါင်းညိတ်လိုက်ပြီး အသံ ထစ်ငေ့ါငေ့ါနှင့် ပြောသည်။

"ဟုတ်... ဟုတ်ပါတယ်၊ ဒီလူဟာ လူမဟုတ်ဘူး၊ ဒီလူက ဘီလူးသဘက်ပဲ"

"အဲဒီလူက မင်းကို အပေါ်ကနေ စောင့်နေတယ်၊ ဒါကြောင့် မင်းအပေါ် ပြန်မတက်ချင်တော့တာ မဟုတ်လား"

"ဟုတ်... ဟုတ်ပါတယ်၊ အဲဒီ လူ့ဘီလူးကြီးဟာ သိပ်ကို ကြောက်စရာကောင်းတယ်ရှင့်"

သိုင်းပညာထက်မြက်သော ဝတ်စုံစိမ်းနှင့်အမျိုးသမီးပင် ဤမျှ ကြောက်ရွံ့နေလျှင် ရောင်ယီတို့အဖို့ မလွယ်လှတော့ချေ။

မည်သို့သော လူမျိုးပေနည်း။

ဘာမထီ စိတ်ထားရှိသော ရောင်ယီသည်ပင် ကြက်သီးမွေးညင်း ထသွားတော့သည်။

"ဒီလူဟာ ဘယ်လို လူမျိုးလဲ၊ သိုင်းပညာ သိပ်မြင့်တဲ့ လူလား"

"ဟုတ်တယ်၊ သိုင်းပညာ သိပ်ကို အဆင့်မြင့်တယ်၊ နောက်ပြီး သိပ်ကို သွေးအေးရက်စက်တဲ့လူ"

"အင်း... အံ့သြစရာပဲ၊ မင်းလို ရက်စက်တဲ့လူကတောင် ကြောက်ရတယ်ဆိုတော့ ဒီလူရဲ့ ရက်စက်ကြမ်းကြုတ်မှုဟာ ကမ်းကုန်နေပြီပေါ့"

ထိုစဉ် အပြင်မှအသံက ဝင်ရောက်လာပြန်သည်။

"စုအမျိုးအနွယ်ကောင်မလေး၊ မင်းအပေါ် ပြန်တက်ခဲ့ရင် ကောင်းလိမ့်မယ်လို့ ငါ ပြောမယ်၊ မင်း အဲဒီနေရာမှာ ကြာကြာ ပုန်းမနေနိုင်ဘူး၊ မင်း ကျုပ်ကို တစ်ရက်ဒုက္ခပေးရင် မင်းအတွက် အပြစ်တစ်ခု ပိုကြီးလာလိမ့်မယ်"

ဝတ်စုံစိမ်းနှင့်အမျိုးသမီးမှာ တစ်ကိုယ်လုံး တုန်တုန်ယင်ယင် ဖြစ်လာပါသည်။

သူမ အလွန်ပင်ကြောက်လန့်တုန်လှုပ်နေသည်မှာ အမှန်ပေတည်း။

အကယ်၍ ဟန်ဆောင်သည် ဆိုလျှင်လည်း အလွန်ပင် သရုပ်ပါပါ ဟန်ဆောင်ခြင်း ဖြစ်ပါလိမ့်မည်။

ရောင်ယီက သူမကို မျက်မှောင်ကြုတ်ကြည့်ပြီး မေးလေ၏။

"မင်း သူ့ကို ဒီလောက်တောင်မှ ကြောက်သလား"

ဝတ်စုံစိမ်းနှင့်အမျိုးသမီးက တုန်ယင်သောအသံဖြင့်

"ကြောက်တာပေါ့၊ ရှင် မသိဘူးနော်၊ သူ့လက်ရောက်သွားရင် သေရတာထက် ဆိုးလိမ့်မယ်၊ သူက ရှင် သေလို့လဲ မရအောင် ရှင်လို့လဲ မရှင်ချင်အောင် နှိပ်စက်လိမ့်မယ်၊ တရုတ်ပြည်မှာ အဆိုးဝါးဆုံး လူဆိုးကြီးပဲရှင့်"

"မင်း ပြန်တက်မသွားရင် ဒီလူဆင်းလိုက်လာမယ်နဲ့ တူတယ်၊ သူ့မှာ လုပ်ဖို့ အခွင့်အရေးတွေ ရှိနေတယ်၊ ငါတို့မှာ မရှိဘူး"

ရောင်ယီက ခြိမ်းခြောက်ခြင်း မဟုတ်ပါ။ ဖြစ်နိုင်ခြေ ရှိသည်ကို ပြောခြင်းဖြစ်သည်။

ထိုစကားကြောင့် အမျိုးသမီးကလေးမှာ ပို၍ ထိတ်လန့်သွားသည်။

မျက်နှာတစ်ပြင်လုံး ဖြူရော်သွားသည်။

ဂူပြင်မှ အော်ပြောသံ တိုးဝင်လာပြန်သည်။

"မင်း တက်မလာဘူးလား၊ အခု တက်လာခဲ့"

ဝတ်စုံစိမ်းနှင့်အမျိုးသမီးသည် နှုတ်ခမ်းကိုကိုက်ပြီး ငြိမ်နေ၏။

သူမက စကား မပြောတော့ပါ။

ခြိမ်းခြောက်သံသည် ထပ်မံ ထွက်ပေါ်လာပြန်သည်။

"ကဲ... ကျုပ် တစ်ကနေ တစ်ဆယ်အထိ ရေမယ်၊ တစ်ဆယ်ပြည့်လို့မှ တက်မလာရင် ကျုပ် မင်းကို ဆင်းဖမ်းမယ်၊ ကျုပ် မင်းကို ဆင်းဖမ်းရလို့ မိရင်တော့ မင်းကို ဆယ်ရက်ဆယ်ည အပြစ်ပေးမယ်"

ဝတ်စုံစိမ်းနှင့်အမျိုးသမီးသည် တစ်ကိုယ်လုံး တုန်တုန်ယင်ယင် ဖြစ်လာလေ၏။

ရောင်ယီ စဉ်းစားရတော့သည်။

သူ့မှာ ကယ်သူ ဝေးသည့်အပြင် သတ်သူနှင့် တွေ့ရချေဦးတော့မည်။

"ဒီလူတစ်ယောက်ပဲ ဆင်းလာလိမ့်မယ် ထင်တယ်"

"ဆင်းလာနိုင်တယ်"

ထိုစဉ် အပေါ်မှလူသည် စတင်ရေတွက်လေတော့၏။

"တစ်"

"နှစ်"

ဝတ်စုံစိမ်းနှင့်အမျိုးသမီးသည် ပျော့ခွေကျသွားလေတော့၏။ အကြောက်လွန်သွားခြင်း ဖြစ်မည်ထင်သည်။

"သုံး၊ လေး၊ ငါး"

အပေါ်မှ လူက ဆက်လက်ရေတွက်နေသည်။

ရောင်ယီက အမျိုးသမီးကို မေးလေ၏။

"အဲဒီလူကို မင်း ဒီလောက်ကြောက်ရအောင် ဒီလူက ဘယ်သူလဲ၊ သိုင်းလောကမှာ လူဆိုးလူသွမ်း ဆယ်ဦးစာရင်းဝင်တဲ့ လူတစ်ယောက် မို့လို့လား"

ဝတ်စုံစိမ်းနှင့်အမျိုးသမီးက သက်ပြင်းကို ချလိုက်ပြီး-

"အဲဒီလူဆိုးလူသွမ်းဆယ်ဦးထက် သူက ဆယ်ဆလောက် ပိုပြီး ရက်စက်တယ်၊ ကြောက်ဖို့ကောင်းတယ်"

"သူ့နာမည်က ဘယ်သူလဲ ပြောပြပါဦး"

"ရှင် သူ့နာမည်ကို သိမှာ မဟုတ်ပါဘူး"

"အဲဒီလူက လူဆိုး လူသွမ်း ဆယ်ဦးထက် ပိုဆိုးတယ်ဆိုရင် သိုင်းလောကမှာ နာမည်တော့ ကြီးရမှာပေါ့"

ဝတ်စုံစိမ်းနှင့်အမျိုးသမီးက သက်ပြင်းကို ချလိုက်ပြီး-

"လူကိုက်တဲ့ ခွေးဟာ ဘယ်တော့မှ မဟောင်ပါဘူး၊ ဒီလို သဘောပဲ၊ သိုင်းလောကမှာ နာမည်မရှိဘဲ ဆိုးတဲ့လူဟာ ကြောက်စရာ အကောင်းဆုံးပဲရှင့်"

ရှောင်ယီက သဘောပေါက်သွားဟန်ဖြင့် ခေါင်းညိတ်၏။

"ဟုတ်တယ်၊ သူ့မှာ နာမည်မရှိတော့ မထင်ပေါ်ဘူးပေါ့၊ သူဘာပဲလုပ်လုပ် လူမသိဘူးပေါ့၊ ဒီလိုနဲ့ ဒီလူဟာ နာမည်ကျော်လာမှာပါပဲ၊ အင်း ဒီလူနာမည်မကျော်ခင် သေရမယ့်လူတွေကတော့ မနည်းဘူး"

အပေါ်မှလူက ဆက်ရေနေသည်။

"ခြောက်၊ ခုနစ်၊ အေး... မင်းကတော့ တက်မလာဘူး ထင်ပါရဲ့၊ ငါ မင်းကို ဆင်းဖမ်းလို့ မိရင်တော့လား ဟင်း... ဟင်း၊ မိမိချင်း မင်းရဲ့ မျက်လုံးတစ်ဖက်ကို ဖောက်ပစ်မယ်၊ နောက် မင်းမျက်လုံးထဲကို ဆားရည်နဲ့ လောင်းထည့်မယ်"

ရှောင်ယီက မဲ့ပြုံးပြုံးလိုက်သည်။

"ဒီလူ ဘယ်လောက်များ ဆိုးသွမ်းလို့လဲ၊ လူဆိုးလူသွမ်း ဆယ်ဦးစာရင်းဝင်ထဲက လီတာ့ကြွေလောက် မဆိုးနိုင်ပါဘူး"

ထိုအခါ ဝတ်စုံစိမ်းနှင့်အမျိုးသမီးက ရှောင်ယီကို မျက်လုံးပြူးကြည့်သည်။

"ရှင်က လီတာ့ကြွေကို သိတယ် ဟုတ်လား"

ရှောင်ယီက သူမကို ပြန်ကြည့်ပြီး မေးလိုက်၏။

"မင်းကကော သူ့ကို သိလို့လား"

ဝတ်စုံစိမ်းနှင့်အမျိုးသမီးက အတန်ငယ် ငေးငိုင်ပြီးနောက် ခပ်ဖြည်းဖြည်း ပြောသည်။

"သိုင်းလောကမှာ လှုပ်ရှားကြတဲ့ သိုင်းသမားတိုင်း သူ့ကို မသိသူ ဘယ်ရှိမှာတုံး"

ထိုစဉ်အပေါ်မှလူ၏ ရေတွက်သံ ခပ်ကျယ်ကျယ် ထွက်ပေါ်လာသည်။

"ရှစ်"

"အေး... တစ်ဆယ် ပြည့်တော့မယ်နော်၊ မင်း တက်မလာသေးဘူးလား"

ရှောင်ယီက သူမကို ကြည့်ပြီး-

"မင်း ကြောက်မနေစမ်းပါနဲ့၊ မင်းအပေါ်ကို မတက်ရဲသလို သူလည်း ဆင်းမလာနိုင်ပါဘူး၊ ကြိုးက ပြတ်နေပြီပဲ၊ နောက်ကြိုးတစ်ချောင်းရဖို့ သူ အတော်အချိန်ဖြုန်းရဦးမှာပါ"

ဝတ်စုံစိမ်းနှင့်အမျိုးသမီးက တုန်ယင်သောအသံနှင့်-

"ရှင် မသိဘူးနော်၊ ဒီလူဟာ သူပြောရင် ပြောသလိုဖြစ်အောင် လုပ်တတ်တယ်၊ သူ ကျွန်မကို မရရအောင် ကြိုးစားဖမ်းလိမ့်မယ်၊ ကျွန်မ သူ့အမိကိုတော့ မခံနိုင်ဘူး၊ ကိုယ့်ကိုယ်ကို သတ်သေလိုက်တော့မယ်"

"မင်း ဘယ်လို သတ်သေမှာလဲ၊ မင်း မသေရဘူး၊ မင်းသေသွားရင် ကျုပ် တစ်ယောက်ထဲ ကျန်နေမှာပေါ့"

"ရှင်က အသက်ရှင်ပြီးများ ကျန်နေမယ် ထင်လို့လား၊ ဒီလူရောက်လာလို့ ရှင့်ကို တွေ့ရင် ရှင့်ကို အသက်ချမ်းသာပေးမှာ မဟုတ်ဘူး၊ သတ်ပစ်မှာပဲ၊ သူက တွေ့တဲ့လူကို သတ်တာရှင့်"

ထိုသို့ပြောပြီး ဝတ်စုံစိမ်းနှင့်အမျိုးသမီးသည် ဂူထဲသို့ လှမ်းလျှောက်သွားတော့သည်။

"မင်းချောက်ထဲ ခုန်ချပြီး သေမလို့လား"

ဝတ်စုံစိမ်းနှင့်အမျိုးသမီးက ခေါင်းညိတ်ပြသည်။

"ဟုတ်တယ်၊ ရှင်လဲ ကျွန်မနဲ့အတူ လိုက်ခုန်ချပြီး လိုက်သေပါလား"

"ဘယ်လို... ကျုပ်ပါ ခင်ဗျားနဲ့ လိုက်သေရမယ် ဟုတ်လား"

"ရှင်... ကျွန်မနဲ့ အဖော်လုပ်ပြီး လိုက်သေတာမှ ကောင်းဦးလိမ့်မယ်၊ ဟိုလူ ဆင်းလာလို့ ရှင့်ကို နှိပ်စက်ပြီး သတ်ရင်တော့ ရှင့်အဖို့ သေချင်လို့လဲ မသေရ၊ ရှင်ချင်လို့လဲ မရှင်ရ ဖြစ်နေလိမ့်မယ်၊ ကျွန်မက စေတနာနဲ့ ပြောတာပါ၊ မသေချင်ရင်တော့ ရှင့်သဘောပါပဲ"

ရောင်ယီသည် သူမကို စိုက်ကြည့်ပြီးနောက် ဆုံးဖြတ်ချက် ချလိုက်လေတော့၏။

"ကောင်းပြီ... ကျုပ် မင်းနဲ့အတူ လိုက်သေမယ်"

ဤဆုံးဖြတ်ချက်ကား ရောင်ယီ့ဘဝ၌ ထူးထူးခြားခြား ဆုံးဖြတ်ချက်ပင်။

အဘယ့်ကြောင့်ဆိုသော် သူသည် မည်သည့်အခါကမျှ မကြိုးပမ်း မလှုပ်ရှားဘဲ သေရန် စိတ်မကူးခဲ့ချေ။ ယခု ချောက်ကမ်းပါးထိပ်မှ လူ့ဘီလူးကြီးကို ရင်မဆိုင် မယှဉ်ပြိုင်ဘဲ သူအရှုံးပေးရန် ဆုံးဖြတ်လိုက်လေသည်။ သူ ဤသို့ ဆုံးဖြတ်လိုက်ခြင်းမှာ အကြောက်လွန်နေသော မိန်းကလေးကို ငဲ့ညှာအားပေးသောအားဖြင့် ဆုံးဖြတ်ခြင်းသာ ဖြစ်ပါ၏။

"ရှင် တကယ်ပြောတာနော်"

ဝတ်စုံစိမ်းနှင့်အမျိုးသမီးက အံ့ဩဝမ်းသာဟန်ဖြင့် ပြောလိုက်သည်။

ရောင်ယီက ခေါင်းညိတ်လိုက်ပြီး-

"တကယ်ပါ... ကျုပ် မင်းကို ဖက်ပြီးတော့ အတူတူ ချောက်ထဲခုန်ချပြီးတော့ သေမယ်"

ဒီနောက် ရောင်ယီသည် ဝတ်စုံစိမ်းနှင့်အမျိုးသမီးကို သွားရောက်ဖက်ထားလိုက်သည်။

အပေါ်မှလူသည် 'တစ်ဆယ်' ဟူ၍ ကျယ်လောင်စွာ ရွတ်ဆိုလိုက်သည်။

"ကဲ... တစ်ဆယ်ပြည့်ပြီ၊ ကျုပ် ဆင်းလိုက်လာပြီနော်၊ မိရင်တော့ မသက်သာဘူးမှတ်"

ဝတ်စုံစိမ်းနှင့်အမျိုးသမီးက တုန်ယင်သောအသံနှင့် ပြော၏။

"ဟော... သူ ဆင်းလာပြီထင်တယ်၊ ဒီလူပြောရင် ပြောသလိုဖြစ်အောင် လုပ်တတ်တယ်၊ ကျွန်မ သူ့ကို ရင်မဆိုင်ရဲဘူး၊ ရှင်လဲ ရင်မဆိုင်ပါနဲ့၊ သူ့လက်ထဲများ ရောက်သွားမယ်ဆိုရင် အခုလို သေရတာထက် အဆတစ်ရာလောက် ပိုဆိုးလိမ့်မယ်၊ ကဲ... ကျွန်မကို တင်းတင်းဖက်ထားပါရှင်၊ ကျွန်မတို့ ပြိုင်တူ ခုန်ချရအောင်"

"ကောင်းပါပြီ၊ ကျုပ်တို့ခုန်ချကြမယ်၊ သေတဲ့ခံစားချက်ဟာ ဘယ်လိုများ နေလိမ့်မလဲကွာ၊ သေခြင်းတရားကို မြည်းစမ်းကြည့်ရတာပေါ့လေ"

ရောင်ယီ၏စကားအဆုံးတွင် ဝတ်စုံစိမ်းနှင့်အမျိုးသမီးက တိုးညင်းစွာ ပြောသည်။ သူမအသံကား မတည်ငြိမ်ပါ၊ တုန်ယင်လျက်သား။

"ရှင် အခုမကြာခင် သိရတော့မှာပဲ၊ သေခြင်းဆိုတာ ဘယ်လိုနေမလဲ၊ ကျွန်မ သိရတော့မယ်၊ ကဲ..."

ဝတ်စုံစိမ်းနှင့်အမျိုးသမီးသည် ရောင်ယီကို တင်းတင်းပြန်ဖက်ပြီး ချောက်ထဲသို့ ခုန်ချလိုက်တော့သည်။ လူသားနှစ်ဦးသည် အသူရာချောက်ကြီးထဲသို့ ကျသွားလေတော့၏။

------------------- * * * * * -------------------

**အခန်း(၄၇)**

**သေခြင်း နယ်နိမိတ်မှအလွန်**

==============================

ယခင်က သိမထားခဲ့သော လူတစ်ယောက်နှင့်အတူ အဖော်အဖြစ်လိုက်၍ သေပေးသည် ဆိုသည့်ကိစ္စမှာ အတော်ကလေး မဖွယ်မရာကိစ္စ ဖြစ်ပေသည်။ လူ့လောက ဓမ္မတာအရ သဘာဝထက် ကျော်လွန်သည့် ကိစ္စတစ်ရပ်လည်းဖြစ်သည်။ လူဆိုသည်မှာ ကိုယ့်အသက်ကို အချစ်ဆုံးပင် မဟုတ်ပါလား။

အံ့သြဖွယ်ရာ ကောင်းပါတော့သည်။ လူတစ်ယောက်ကို ရှောင်ယီက သေဖော်ပြုပြီး လိုက်သွားတော့သည်။ သို့သော် ထိုလူ၏ နာမည်ကိုပင် ရှောင်ယီ မသိခဲ့။ ယခုမှ တွေ့ပြီး သိခဲ့ရသူနှင့်အတူ သေဖော်အဖြစ် ချောက်ကြီးထဲသို့ ခုန်ဆင်းခဲ့၏။

ဤလို မိုက်မဲလှသော အပြုအမူကို မည်သူပြုလေမည်နည်း။

ရှောင်ယီတစ်ယောက်မှလွဲ၍ အခြားမည်သူတစ်ဦးတစ်ယောက်မျှ ပြုလုပ်လိမ့်မည် မဟုတ်ချေ။

ရှောင်ယီ၏ နားထဲတွင် လေသံတွေ တဟူးဟူး ကြားရသည်။ သူ့ကိုယ်ခန္ဓာသည် အလွန်လျင်မြန်စွာဖြင့် အောက်သို့ ကျဆင်းနေသည်။ ချောက်ကြီးက အလွန်မှ နက်ရှိုင်းလှသည်။

ထိုသို့ ကျဆင်းနေရင်းမှ ရှောင်ယီက အတွေးတစ်ခုကို တွေးလိုက်မိ၏။

"ငါ ခုလို ဒီအမျိုးသမီးကို လိုက်လျောလိုက်တာဟာ မိုက်မဲမှုကြီးတစ်ရပ်များ ဖြစ်လေမလား"

သို့ရှိစဉ် သူတို့ ကိုယ်ခန္ဓာများကို တစ်စုံတစ်ခုသောအရာက ရုတ်ခနဲ ဆောင့်ဆွဲလိုက်သလို ဖြစ်သွား၏။ သည့်နောက် ကျဆင်းမှုအရှိန်သည် အလွန်နှေးကွေးသွားသည်ကို ရှောင်ယီ သတိပြုမိ၏။

ရှောင်ယီ၏ နားတွင်းသို့ ဝတ်စုံစိမ်းနှင့် အမျိုးသမီး၏အသံက တိုးဝင်လာသည်။

"ကျွန်မတို့ သေပြီးပြီနဲ့ တူတယ်"

"ဟုတ်တယ်၊ စောစောက ရုတ်ခနဲတော့ ဖြစ်သွားတာဟာ တို့ကိုယ်ခန္ဓာထဲက ဝိညာဉ်ထွက်သွားတာ ထင်တယ်၊ တို့ကိုယ်ခန္ဓာတွေက အောက်ကို ကျသွားပြီး အခု တို့ဝိညာဉ်က လေဟုန်စီးပြီး ဆင်းနေတာနဲ့ တူတယ်"

ရှောင်ယီက မျက်စိအစုံကို မှိတ်ပြီး ပြောဆိုလိုက်မိ၏။

ဝတ်စုံစိမ်းနှင့် အမျိုးသမီးက ရယ်မောသည်။

"ဟုတ်လိမ့်မယ်... ဟုတ်လိမ့်မယ်၊ အခု ရှင်နဲ့ကျွန်မဟာ ဝိညာဉ်တွေ ဖြစ်သွားပြီ၊ ဒါကြောင့်မို့ လေထဲမှာ ဝဲပျံပြီးတော့ ကျနေတာပဲ၊ ရှင် မျက်စိဖွင့်ကြည့်လိုက်စမ်းပါဦး၊ တကယ်တော့ သေတာဟာ သိပ်ပျော်ဖို့ ကောင်းတာပါ၊ တစ်ခုတော့ ပြောထားပါရစေနော်၊ ရှင် ကျွန်မခါးကိုတော့ မြဲမြဲဖက်ထားပါ၊ မလွှတ်လိုက်ပါနဲ့"

ရှောင်ယီသည် သူ့မျက်လုံးအစုံကို ဖွင့်ကြည့်လိုက်သည်။ သူတို့နှစ်ယောက်သည် ချောက်ကြီးထဲသို့ ဖြည်းညင်းစွာ ကျဆင်းလျက် ရှိသည်ကို အံ့သြစွာ တွေ့ရှိလိုက်ရသည်။

သူတို့အောက်ခြေ၏ ပတ်ဝန်းကျင်၌ သစ်ပင်များ၊ တောင်စောင်းများကို တွေ့ရ၏။ ရှောင်ယီသည် အလွန်အံ့သြစွာ ကြည့်ရှုမိ၏။ ဤသို့သော် မြင်ကွင်းမျိုးကို ယခင်ကလည်း မမြင်ဖူးခဲ့။ နောင်လည်း မြင်ဖူးရန် လွယ်မည် မထင်ပေ။

"ရှင်ကော ကျွန်မကော သိပ်ကံကောင်းတာပဲ၊ အခု ဘယ်လောက် လွတ်လပ်သွားပြီလဲ၊ အခု ကျွန်မတို့ မသေပါဘူး၊ အပေါ်ကို မော့ကြည့်လိုက်ပါဦး"

ရှောင်ယီသည် သူတို့ သေပြီး ဝိညာဉ်ဖြစ်ခြင်း မဟုတ်ဟု သိလိုက်၏။ သူ ခေါင်းမော့၍ ကြည့်လိုက်သောအခါ အလွန်ကြီးမားသော ပိတ်စ အဝန်းအဝိုင်းကြီးတစ်ခုကို တွေ့ရသည်။ ထိုအဝန်းအဝိုင်းကြီးမှာ ပိတ်စများကို ဆက်စပ်ချုပ်ထားပြီး

အောက်မှ လေခိုနိုင်အောင် ပြုလုပ်ထားသည်။ ထိုအဝန်းအဝိုင်းကြီးကို ကြိုးများနှင့် ဆိုင်းထားပြီး အမျိုးသမီး၏ ခါး၌ ချည်နှောင် ဆက်သွယ်ထားသည်။ မှိုပွင့်ကြီးသဏ္ဍာန် ပိတ်စကြီးကို ကြည့်ပြီး ရှောင်ယီ လွန်စွာ အံ့ဩသွား၏။

သူတို့ဦးခေါင်းအထက်မှ ပိတ်စ၏ အတွင်းတွင် လေများခိုဝင်နေသဖြင့် သူတို့နှစ်ယောက်မှာ ကျဆင်းရာတွင် နှေးကွေး နေခြင်းဖြစ်သည်။ မှိုပွင့်သဏ္ဍာန် ထိုအရာကြီးကြောင့်သာ သူတို့အန္တရာယ် မရှိခြင်းဖြစ်ကြောင်း ရှောင်ယီ သဘောပေါက်လာလေ ၏။

ရှောင်ယီမှာ လွန်မင်းစွာ ဝမ်းမြောက်ဝမ်းသာ ဖြစ်ခဲ့ရသည်။ သူတို့သည် မိုးပေါ်မှ ခပ်ဖြည်းဖြည်း ပျံသန်းဆင်းသက် သကဲ့သို့ ဖြစ်နေ၏။

ရှောင်ယီသည် သူ့မိုက်မိုက်မဲမဲ ဆုံးဖြတ်ချက်က ကံကောင်းထောက်မပြီး အချည်းအနှီး မဖြစ်ကြောင်း သိလာသဖြင့် မျက်ရည်ထွက်မတတ် အော်ဟစ်ရယ်မောမိတော့သည်။

"ဒီလိုနည်းလမ်းမျိုး မင်း စဉ်းစားပြီး တီထွင်တာ သိပ်ပဟုတ်နေတာပဲ၊ ကျုပ် မင်းကို ချီးမွမ်းတယ်"

ထိုစဉ် သူတို့နှစ်ယောက်သည် မြေကြီးပေါ်သို့ ထောက်မိကာ လဲကျသွားကြလေ၏။ ထိုအတွေ့အကြုံမှာ သူတို့အတွက် သစ်ဆန်းလှသဖြင့် လဲမကျအောင် သူတို့ကိုယ်ကို မပြုပြင်နိုင်ခဲ့ကြချေ။

ကြိုးများနှင့် သူတို့နှစ်ယောက် ရစ်ပတ်ကုန်တော့သည်။

ဝတ်စုံစိမ်းနှင့်အမျိုးသမီးက သူမ၏ ခါးမှ ဓားမြှောင်ဆွဲထုတ်ယူလိုက်ပြီး မှိုပွင့်သဏ္ဍာန်အဝတ်ကို ချည်ထားသော ကြိုးများ ကို ဖြတ်တောက်ပစ်လိုက်သည်။ ကြိုးများအားလုံး ဖြတ်တောက်ပစ်လိုက်သောအခါမှ သူတို့နှစ်ယောက် ထရပ်နိုင်တော့သည်။

"ကောင်ကလေး... တကယ်တော့ မင်းဟာ လူနုံ, လူအကလေးပါ"

ဝတ်စုံစိမ်းနှင့် အမျိုးသမီး၏ လေသံက ပြောင်းလဲသွား၏။

ရှောင်ယီက သူမကို မျက်လုံးကြီးအပြူးသားနှင့် ကြည့်ပြီး

"မင်းက ကျုပ်ကို လိမ်ညာခဲ့တယ်လို့ ဆိုလိုတာလား"

"မင်း မသိဘူးလား၊ ကျုပ်က မင်းကို လိမ်ခဲ့ညာခဲ့တာပဲဥစ္စာ"

သူမက မျက်လုံးအစုံကို မှေးလျက် ပြုံးရယ်နေသည်။

ရှောင်ယီက ရယ်မောလိုက်သည်။

"မင်းကို ကျုပ် ပြောပြမယ်၊ ကျုပ် ခုလို မင်းနဲ့အတူ ဟောဒီ ချောက်ကြီးထဲ ခုန်ဆင်းခဲ့တာဟာ နံလို့အလို့ မဟုတ်ဘူး၊ မင်း ဒီချောက်ထဲ ခုန်ဆင်းရင် မင်း မသေနိုင်ဘူးဆိုတာ ကျုပ် သိထားတယ်၊ အဲ... ဘယ်လိုနည်းနဲ့ မသေအောင် လုပ်ထားမလဲ ဆိုတာတော့ ကျုပ်လဲ မသိဘူးလေ၊ မင်းဟာ လွယ်လွယ်ကူကူနဲ့ ကိုယ့်ကိုယ်ကို သတ်သေမယ်လို့ ကျုပ်မထင်ဘူး၊ အခု ကျုပ်အထင် မှန်နေတာပဲ မဟုတ်လား"

ဝတ်စုံစိမ်းနှင့်အမျိုးသမီးက ရှောင်ယီ ပြောသည်ကို နားထောင်ပြီး ပြုံးရယ်နေသည်။ ရှောင်ယီက ရင်ကိုကော့ပြီး လက်မ ထောင်ပြလိုက်သည်။

"ဒီမှာ ကျုပ်ကို လှည့်စားလှည့်ဖြားဖို့ မလွယ်ဘူး မှတ်ပါ၊ ကျုပ်ဟာ အင်မတန် ဉာဏ်ကောင်းတဲ့ လူတစ်ယောက်ဆိုတာ တော့ မင်း မမေ့ပါနဲ့"

"ဟုတ်တယ်... ဟုတ်ပါတယ်၊ ကျွန်မလဲ ခုမှ ရှင်ဟာ ဉာဏ်ကြီးရှင်တစ်ယောက်မှန်း ကောင်းကောင်း သိပါတော့တယ်ရှင်၊ အင်း... အခု ကျွန်မ မသေခဲ့ပါဘူး၊ ကျွန်မ သေလဲ မသေတံ့သေးပါဘူးရှင်၊ ရှင်လဲ မသေခဲ့ပါဘူး၊ ကျွန်မ သေလဲ မသေတံ့ သေးပါဘူးရှင်၊ ရှင်လဲ မသေခဲ့ပါဘူး၊ ဒီတော့ ခုအချိန်က စပြီးတော့ ရှင့်ကို ကျွန်မ အစစအရာရာ အားကိုးရပါတော့မယ်၊ ဘာကြောင့်လဲဆိုတော့ ကျွန်မက ရှင့်လောက်မှ ဉာဏ်မကောင်းပဲကိုး၊ ကဲ... ဒီနေရာကနေ လူ့လောက လူ့ဝန်းကျင်ထဲ

ပြန်ရောက်အောင် ကြံဆောင်ပါတော့ရှင်၊ အဲဒီမိုးလောက်မြင့်တဲ့ ချောက်ကမ်းပါးကြီးပေါ် ကြိုးမပါ၊ အတောင်မပါဘဲနဲ့ ဘယ်လို ပြန်တက်မယ်ဆိုတာ ရှင်ပဲ စဉ်းစားပါတော့နော်"

ဝတ်စုံစိမ်းနှင့်အမျိုးသမီးက ရောင်ယီအား ကောင်းကောင်းကြီး ချောက်ချလေတော့၏။ ရောင်ယီမှာ တကယ့်ချောက် အတွင်း ကျခဲ့ရုံသာမက အသိဉာဏ်နှင့်ပတ်သက်သည့် ချောက်အတွင်းသို့လည်း ကျရောက်နေခဲ့လေပြီ။

ရောင်ယီ ပြုံးလိုက်၏။

"အို... မြေပြင်ရောက်နေမှ ဘာကြောင့် အပေါ်ပြန်တက်နေရတော့မှာလဲ၊ မြေပြင်မှာ ထွက်လမ်း ရှိရမယ်၊ ကျုပ် လမ်းရှာ မယ်"

ရောင်ယီက ပတ်ဝန်းကျင်ကို ဦးခေါင်းလှည့်ပတ် ကြည့်လိုက်သည်။ သူ မျက်မှောင်ကြုတ်သွားရတော့သည်။ အဘယ့် ကြောင့်ဆိုသော် သူတို့သည် စဉ့်အိုးအခြေအောက်တွင် ရောက်နေရသကဲ့သို့ ရှိနေသောကြောင့်တည်း။

လေးဘက်လေးတန်မှာ ကျောက်နံရံကြီး မြင့်မားလျှက်ရှိနေသည်။ မော့ကြည့်လျှင် အလွန်မြင့်မားလွန်းလှသဖြင့် ချောက် နှုတ်ခမ်းဝကိုပင် မှုန်မှုန်ဝါးဝါး တွေ့ရ၏။

သူတို့နှစ်ယောက်သည် ပေနှစ်ရာမျှ ကျယ်ဝန်းသော ချောက်ကြီး၏ အခြေတွင် ရောက်ရှိနေပြီး လေးဘက်လေးတန် ချောက်နံရံ ကာဆီးနေ၏။

သူတို့နှစ်ယောက်မှာ သဘာဝထောင်ချောက်ကြီး သို့မဟုတ် သဘာဝ အကျဉ်းစခန်းကြီးအတွင်းသို့ ရောက်ရှိနေသကဲ့ သို့ပင်တည်း။

ထူးဆန်းသည်မှာ ဤနေရာ၌ စိုစွတ်မှု မရှိခြင်းပင်။ သို့သော် မြက်ခင်းပြင် ရှိနေသည်။ သစ်ပင်ကြီးများလည်း ပေါက် သည်။ တိမ်တိုက်များက သူတို့ဦးခေါင်းအထက် ဟိုးအပေါ်တွင် ရွေ့လျားသွားနေသည်။ တိမ်တိုက်များ ရွေ့လျားနေသည့် အတွက်သာ ဖြေသာခြင်းဖြစ်သည်။ ဤသို့ မဟုတ်ပါက ရူးချင်စိတ် ပေါက်သွားနိုင်ပေသည်။

သူတို့နင်းထားသော မြက်ခင်းအောက်မှ မြေကြီးမှာ မာကျောခြောက်သွေ့သည်။

ဤချောက်ကြီး၏ အခြေတွင် မှောင်မနေဘဲ အလင်းရောင်ကောင်းစွာ ရသည်။ မြက်ခင်းစိမ်း ရနံ့ကိုလည်း ရရှိလေသည်။

"ရှင်... ဒီကနေ ဘယ်လိုထွက်နိုင်မလဲဆိုတာ စဉ်းစားလို့ ရပြီလား"

ဝတ်စုံစိမ်းနှင့်အမျိုးသမီးက မေးလိုက်လေ၏။ ရောင်ယီ မပြုံးမရယ်နိုင်တော့ပါ။ သူ တကယ် စဉ်းစားရမည့်အခန်းသို့ ဆိုက်ရောက်လာပြီ မဟုတ်ပါလား။

"ကျုပ် စဉ်းစားလိုက်ဦးမယ်"

သူ ထိုမျှသာ ပြောနိုင်တော့သည်။

"ရှင် ဉာဏ်ကောင်းတယ်ဆိုတာ ကျွန်မ သိပါတယ်၊ စဉ်းစားပါ၊ စဉ်းစားပေါ၊ ဒီနေရာက လွတ်ရင် ပြီးရော၊ ရှင် စဉ်းစားရင် လွတ်မယ်လို့လဲ ထင်ပါတယ်"

အမျိုးသမီး၏လေသံက ငေါ်တော့တော့ လေသံ။

ရောင်ယီ သိသည်ပေါ့။ ထို့အတွက် သူ ပို၍ စဉ်းစားရပေသည်။

ရောင်ယီက သက်ပြင်းကို ရှိုက်လိုက်ပြီး ပတ်ဝန်းကျင်ကို နှံ့နှံ့စပ်စပ် ကြည့်ရှုလေတော့၏။

"စဉ်းစားစမ်း၊ အင်း... အင်း၊ ဒီအချက်၊ ဒီအချက်"

ရောင်ယီ မျက်လုံးပြူးသွားသည်။

အဲဒီအချက်ဟာ စဉ်းစားစရာ ဖြစ်နေပြီ

"ဘာအချက်လဲ... ဘာအချက်လဲ၊ ပြောပါဦး၊ ကျွန်မ သိပါရစေ"

ဝတ်စုံစိမ်းနှင့်အမျိုးသမီးက စိတ်ပါဝင်စားစွာ မေးမြန်းလေ၏။

"ဒီနေရာမှာ ရှိသင့်တဲ့အရာ မရှိဘဲ ဖြစ်နေတယ်၊ ဒါဟာ စဉ်းစားစရာပေါ့"

"ဘာအရာလဲ၊ ဘာအရာ မရှိဘဲ ဖြစ်နေတာလဲ"

"ဘာအရာကမှာလဲ၊ အလောင်းနှစ်လောင်းလေ၊ လူတစ်ပိုင်း မျောက်တစ်ပိုင်း သိုင်းသမားနဲ့ ချစ်ကျင်ဟုန်ရဲ့အလောင်း ဘယ်ရောက်သွားပြီလဲ၊ အလောင်းတွေကို ရှာလို့ မတွေ့ဘူး၊ မင်းကော တွေ့သလား"

"ဟိုက်"

အမျိုးသမီး သတိရသွား၏။ မှန်သည်။ အလောင်းနှစ်လောင်း ရှိသင့်သည်။ အဘယ့်ကြောင့် ပျောက်ဆုံးနေရသနည်း။

"ဟုတ်တယ်၊ သူတို့နှစ်ယောက် ဒီချောက်ထဲကို ကျလာတာပဲ၊ ဒီအလောင် နှစ်လောင်း ဘယ်ရောက်သွားပြီလဲ၊ ကျားပဲ ကိုက်စားပစ်လိုက်ပြီလား၊ ကျားရှိလို့ ကိုက်စားပစ်လိုက်ပြီလား၊ ကျားရှိလို့ စားရင်လဲ အရိုးလေး ဘာလေးတော့ တစ်ချောင်း ကလေ ကျန်ရစ်ခဲ့ရမှာပေါ့၊ ခုတော့ ဘာမှ မတွေ့ရဘူး၊ တွေ့ရမယ်၊ တစ်ခုခုတော့ တွေ့ရမယ်"

ဝတ်စုံစိမ်းနှင့်အမျိုးသမီးမှာ လွန်စွာ ထိတ်လန့်နေလေပြီ။

ရှောင်ယီသည် ထိုပတ်ဝန်းကျင်တစ်ဝိုက်တွင် မနားတမ်း ရှာဖွေလေတော့၏။ ဝတ်စုံစိမ်းနှင့်အမျိုးသမီးကလည်း ကူညီပြီး ရှာပေးသည်။

ဤနေရာမှာ မကျယ်ဝန်းလှသဖြင့် သူတို့နှစ်ယောက်သား သုံးလေးပတ်မျှ ပတ်မိသည်နှင့် နေရာစုံသွားသည်။ သစ်ပင်များပေါ်သို့ မော့ကြည့်ကြသည်။

သို့သော် အလောင်းနှစ်လောင်းကို လုံးဝ ရှာ၍ မတွေ့ရချေ။

သူတို့သည် အရိုးတစ်ချောင်း၊ အသားတစ်စကိုမျှ မတွေ့ပါ။ သွေးကွက်၊ သွေးခဲကိုလည်း မမြင်ရပါ၊ ထို့အတွက် ရှောင်ယီ မျက်မှောင်ကုတ်သွားသလို ဝတ်စုံစိမ်းနှင့်အမျိုးသမီးမှာလည်း ကြက်သီးမွေးညှင်း ထသွားလေတော့၏။

"ကျွန်မ ကြောက်လာပြီ၊ ထူးဆန်းလိုက်တာ၊ အလောင်းနှစ်လောင်း မိုးပေါ် ပျံသွားပြီလား၊ ဒါမှမဟုတ် မြေကြီးထဲ ဝင်သွားပြီလား မသိဘူး"

"အဲဒီလိုတော့ မဖြစ်နိုင်ဘူး၊ ဒီနေရာမှာ ကြောက်စရာကောင်းတဲ့ အသားစားသတ္တဝါကြီး တစ်ကောင်ကောင်များ ပုန်းလျှိုးနေသလားတော့ မသိဘူး၊ ဒီကောင်ကြီးက အရိုးစတစ်စ မကျန်အောင် စားပစ်လိုက်တာ ဖြစ်ချင်ဖြစ်မယ်"

ဤကား ရှောင်ယီ၏ မှတ်ချက်ဖြစ်၏။

ဝတ်စုံစိမ်းနှင့် အမျိုးသမီးမှာ ဂနာမငြိမ်နိုင်တော့ပါ။ ဟိုကြည့်သည်ကြည့်ဖြင့် ဖြစ်နေလေပြီ။ ရှောင်ယီ၏ လက်မောင်းကို ပြေးဆွဲပြီး တုန်ယင်စွာ ပြောသည်။

"ကျွန်မတို့ ဒီနေရာကနေ အမြန် ထွက်ပြေးကြပါစို့၊ ကျွန်မ ကြာကြာ မနေရဲတော့ဘူး"

"ပြေးတာတော့ ဟုတ်ပါပြီ၊ ဘယ်လိုပြေးမှာလဲ၊ ဘယ်ကို ပြေးမှာလဲ"

ရှောင်ယီပြောမှ သူမ သတိရသွားသည်။ ငိုတော့မယောင် ဖြစ်သွားသည်။

"ဟုတ်တယ်၊ ပြေးဖို့မှ မလွယ်ပဲ၊ ကဲ... ရှင်ပဲ ဉာဏ်ကောင်းတယ်ဆို၊ ဉာဏ်ကြီးရှင်ဆို၊ ကဲ... လုပ်လေ၊ အကြံထုတ်လေ"

"ဖြည်းဖြည်းပေါ့ဗျာ၊ စဉ်းစားတယ်ဆိုတာ အရမ်းကာရော လုပ်လို့ မရဘူးဗျ၊ ခေါင်းအေးအေးထားပြီး စဉ်းစားမှ ရတာ"

"စဉ်းစားစမ်းပါရှင်ရယ်၊ ကျွန်မ ကြောက်လှပါပြီ"

"ဒီနေရာမှာ လှိုဏ်ဂူပေါက်ချက် ရှိတယ်၊ အဲဒီလှိုဏ်ဂူပေါက်ချက်ကို တွေ့အောင် ရှာဖွေရမယ်"

"ရှာပါရှင်၊ မြန်မြန် ရှာစမ်းပါ"

ရောင်ယီ လှည့်ပတ်ရှာဖွေပြန်တော့၏။ သစ်ပင်ကြီး လေးငါးပင်ကို ကြည့်သည်။ ထို့နောက် မြက်ခင်းပြင်ကို ကြည့်သည်။ ရောင်ယီ၏ခန္ဓာကိုယ် ရုတ်တရက် မတ်သွား၏။

"ဒီမှာ လူတွေရှိပုံရတယ်"

သူက သေချာပေါက် ကောက်ချက်ချလိုက်သည်။

"လူတွေရှိမယ် ဟုတ်လား၊ ဖြစ်နိုင်ပါ့မလားရှင်"

ဝတ်စုံစိမ်းနှင့်အမျိုးသမီး မျက်လုံး ဝိုင်းစက်နေ၏။

ရောင်ယီက မြက်ခင်းပြင်ကို လက်ညှိုးထိုးပြပြီး ရှင်းပြသည်။

"ဟောဒီမြက်ခင်းပြင်ကို သေသေချာချာကြည့်၊ ဓားနဲ့ ရိတ်ဖြတ်ထားလို့ ညီနေတာ၊ သဘာဝအလျောက် ပေါက်နေရင် ဒီလို ညီနေမှာ မဟုတ်ဘူး၊ အတိုအရှည်တွေ ဖြစ်နေမှာပေါ့၊ အခု ဒီမြက်ခင်းပြင်က မြက်စတွေ ထိပ်ပြတ်ပြီး ညီနေတယ်၊ လူတွေ ပြုပြင်ထားတာပဲ၊ သပ်ရပ်အောင် ရိတ်ဖြတ်ထားမှန်း သိပ်သိသာတယ်"

ဝတ်စုံစိမ်းနှင့် အမျိုးသမီးကလည်း မြက်ခင်းပြင်ကို သေချာငုံ့ကြည့်သည်။

"ဟုတ်ပါရဲ့၊ ရှင်မို့လို့ မြင်တယ်၊ စဉ်းစားတတ်တယ်၊ ဝမ်းသာလိုက်တာရှင်၊ ဒီနေရာမှာ လူရှိနေရင်တော့ ကြောက်စရာ မရှိတော့ပါဘူး၊ ကျွန်မတို့အပေါ်ကို ပြန်မရောက်နိုင်တော့ရင်လဲ အကြောင်းမဟုတ်တော့ဘူး၊ ဒီမှာ တစ်သက်လုံး နေလို့ ရနိုင်ပြီ"

ရောင်ယီသည် လှည့်ပတ်ရှာဖွေနေတော့၏။

"လူ... လူတွေ ဘယ်မှာလဲ၊ အလောင်းနှစ်လောင်းကို အဲဒီလူတွေ သယ်ယူသွားတယ်နဲ့ တူပါရဲ့"

သူက လျှောက်ရှာနေလေသည်။ သို့သော် လူရိပ်လူယောင်ဟူ၍ မတွေ့ရဘဲ ရှိနေလေ၏။

အခန်း(၄၈)

ယန္တရားမြေအောက်ခန်း

================================

ရောင်ယီ၏ တွေးတောခန့်မှန်းပုံမှာ မဆိုးပါ။ တောရိုးမြေ၌ရှိသော မြက်များသည် ညီညီညာညာ လှလှပပ ရှိလိမ့်မည် မဟုတ်ပါ။ လူတို့ ပြုပြင်ထားသောမြက်ခင်းသာ လှပနိုင်ပါသည်။ သို့သော် သူတို့နှစ်ယောက်အဖို့ လူသူအရိပ်အယောင် လုံးဝ မတွေ့ကြရသဖြင့် ရောင်ယီ အတွေးအခေါ် မှားလေပြီဟုပင် တွေးထင်လာကြရတော့သည်။

ပဟေဠိမှာ အဖြေမရှိသော ပဟေဠိဖြစ်နေပြီ။

"ကျွန်မတော့ ကြက်သီးထတယ်၊ ကြောက်လာပြန်ပြီ"

"မကြောက်နဲ့၊ အဖြေ ရှိရမှာပေါ့၊ လျှို့ဝှက်ချက်ဆိုတာ အဖြေရှိတတ်တာချည်းပဲ၊ ကျုပ် စဉ်းစားဦးမယ်၊ လျှောက်ကြည့် လိုက်ဦးမယ်"

ရောင်ယီက ပြောသာပြောလိုက်ရသည်။ တကယ်တော့ သူ ဘယ်လိုမှ စဉ်းစားနိုင်ခြင်း မရှိတော့ပါ။

ရောင်ယီ စဉ်းစားမိသည့်အရာတစ်ခုမှာ ရေရရှိရေးဖြစ်ပါ၏။

သူတို့ ဂူထဲမှာနေစဉ်က ရေအတွက် မပူရပါ။ မျောက်များပစ်ခတ်သည့် သစ်သီးများတွင် အရည်ရွှမ်းသောသစ်သီးများ မြောက်မြားစွာပါရှိရာ သူတို့အတွက် ရေသည် ပြဿနာ မဖြစ်တော့ချေ။

ယခုမူ သူတို့ထံ၌ ဘာသစ်သီးမျှ မရှိတော့။ သစ်သီးမရှိလျှင် အရည်ရရှိရန် မလွယ်။ ထို့ကြောင့် ရောင်ယီသည် ရေအတွက် အကြီးအကျယ် စိုးရိမ်ထိတ်လန့်လာတော့သည်။

ထမင်းမစားဘဲ ရက်အနည်းငယ် နေချင်နေနိုင်ဦးမည်။ ရေမသောက်ရပါက တစ်နေ့တာအတွင်း သေသွားပေလိမ့်မည်။ ဤနေရာတွင် မြက်ပင်တွေ ရှိသည်။ သစ်ပင် ရှိသည်။ တောပန်းကလေးများ ပွင့်နေသည်။ သို့သော် သစ်သီးဝလံ သီးနေသည်ကို ရှာဖွေရပေမည်။ သို့မှသာ သူတို့နှစ်ယောက် အစာရေစာ ငတ်ပြတ်သေခြင်း ဘေးမှ ကင်းဝေးပေလိမ့်မည်။

လျှို့ဝှက်ချက်ကို ဆန္ဒပြင်းပြစွာ ရှာလေလေ မတွေ့လေလေ ဖြစ်လာသော ရောင်ယီ ရူးချင်သလိုလို ဖြစ်လာသည်။ စိတ်ရှုပ်ထွေးလာသည်။ သူက လက်လျှော့ချင်လာသည်။ ဤလိုနေရာမျိုးသို့ အသက်မသေဘဲ ရောက်ရှိလာသည်ကိုပင် ဒေါသ ထွက်ချင်စရာ ဖြစ်လာတော့သည်။

"လာကြည့်ပါဦး၊ လာကြည့်စမ်းပါဦး"

ဝတ်စုံစိမ်းနှင့်အမျိုးသမီး၏ အလန့်တကြားခေါ်သံကြောင့် ရောင်ယီ လျှောက်ကြည့်လိုက်မိ၏။ ရောင်ယီ မျက်လုံးပိုပြူး သွားသည်။ ဝတ်စုံစိမ်းနှင့်အမျိုးသမီး၏အသံကိုသာ ကြားရပြီး လူကိုမတွေ့ရသောကြောင့် ဖြစ်ပေသည်။

"မင်း ဘယ်မှာလဲ"

ရောင်ယီက အော်မေးမိလေ၏။ သို့သော် ခြေသံထွက်ပေါ် မလာချေ။ ဤတွင် သူတစ်ယောက်တည်း ဤနေရာတွင် ကျန်ရစ်နေမည့်အဖြစ်ကို တွေးမိပြီး ရောင်ယီ ကြီးစွာတုန်လှုပ်သွားရတော့သည်။

"မင်း ဘယ်မှာလဲဟေ့"

ရောင်ယီမှာ မတုန်လှုပ်စဖူး တုန်လှုပ်မိတော့သည်။

ချွေးပြိုက်ပြိုက် ထွက်လာသည်။

"ကျွန်မ ဒီမှာပါ၊ ဒီကို လာခဲ့လေ"

ဝတ်စုံစိမ်းနှင့်အမျိုးသမီးသည် တစ်ပင်သော သစ်ပင်ကြီးနောက်မှ ထွက်လာလေ၏။ ရောင်ယီ သက်ပြင်းချလိုက်မိ၏။ အဖော်။ အရေးကြီးလှသော သူ့အဖော်ကို တွေ့လိုက်ရသဖြင့် သူ စိတ်အေးသွားရခြင်း ဖြစ်ပါသည်။ သူသည် အမျိုးသမီးရှိရာသို့ ပြေးသွား၏။ အမျိုးသမီးက သစ်ပင်နောက်ကွယ်သို့ ဝင်သွားပြန်သည်။

ထိုသစ်ပင်သည် အလွန်ကြီးမားကြောင်း ယခုမှ သေသေချာချာ ကြည့်မိသည်။ လုံးပတ်က လူသုံးဖက်စာမကအောင် ကြီးသည်။ သစ်ရွက်တွေမှာ မြိုင်လှပြီး အခြားသစ်ပင်တွေထက် စိမ်းလန်းလေသည်။ သူတို့သည် အဘယ်ကြောင့် ဤသစ်ပင်ကြီးကို သေချာစွာ မလေ့လာမိကြသနည်း။

ဝတ်စုံစိမ်းနှင့်အမျိုးသမီးသည် ထိုသစ်ပင်ကြီး၏နောက်တွင် ဒူးထောက်ပြီး တစ်စုံတစ်ရာကို စိတ်ဝင်စားလှစွာ ကြည့်နေလေ၏။ သူမသည် လွန်စွာစိတ်ဝင်စားနေသည်။

"မင်း ဘာလုပ်နေတာလဲ၊ သစ်ပင်စောင့်နတ်ကို ဒူးထောက်တောင်းပန်နေတာတော့ မဟုတ်ပါဘူးနော်"

အမျိုးသမီးက သစ်ပင် ပင်စည်တစ်နေရာကို လက်ညှိုးထိုးပြသည်။

"ဟောဒီနေရာဟာ လူတွေ လက်နဲ့ ခဏခဏ ကိုင်တွယ်ပွတ်သပ်ဖန်များတော့ ချောမွတ်နေတာပဲ၊ နောက်ပြီး ဒီချောမွတ်နေတဲ့နေရာဟာ လူတစ်ယောက် ဝင်ထွက်လို့ ရနိုင်မယ့် အပေါက်တစ်ပေါက် တစ်နေရာလို ဖြစ်နေတယ်၊ ဒါ လျှို့ဝှက်တံခါးပေါက် မဖြစ်နိုင်ဘူးလား"

ရောင်ယီက လက်ဖျောက်တစ်ချက် တီးလိုက်၏။

"သိပ်ဖြစ်နိုင်တာပေါ့၊ မင်း တယ်ဉာဏ်ကောင်းပါလား၊ မြင်လဲ မြင်တတ်ပါပေတယ် အစ်မလေးရယ်"

ရောင်ယီက ဝမ်းမြောက်ဝမ်းသာ ပြောလိုက်သည်။ သူသည် ထိုပြောင်ချောနေသောနေရာကို ထပ်မံပြီး လေ့လာသည်။ သေချာစွာ စမ်းသပ်သည်။

"ဒီသစ်ပင်မှာ လျှို့ဝှက်တံခါး ဖွင့်ပိတ်တဲ့ခလုတ် ရှိရမည်၊ ဟောဒီနေရာမှာ သစ်သားပြားကို အခုံးလုပ်ပြီး ပိတ်ထားတဲ့ လျှို့ဝှက်တံခါးပဲ၊ သေချာပါတယ်၊ ရုတ်တရက် အဝေးက ကြည့်မယ်ဆိုရင် သိနိုင်မှာ မဟုတ်ဘူး၊ အခု သေသေချာချာကြည့်တော့ ပိုသေချာသွားတယ်"

ရောင်ယီက ပြောပြောဆိုဆိုနှင့်ပင် လက်က သစ်ပင်ပင်စည်ကို ဟိုစမ်းကိုင် ဒီစမ်းကိုင်လုပ်လိုက်ပြီး လျှို့ဝှက်ခလုတ်ကို လိုက်ရှာနေလေတော့၏။

ခလုတ်ဟူ၍ ရှာဖွေ မတွေ့ရချေ။ ရောင်ယီ ဦးနောက်ခြောက်သွားသည်။ သို့သော် ရောင်ယီက အကြံတစ်မျိုး ရရှိသွားပြီး ပြောင်ချောနေသောနေရာကို လက်ဖြင့် သုံးချက်တိတိ ခပ်ပြင်းပြင်း ခေါက်လိုက်သည်။

"အိမ်ရှင်တို့၊ အိမ်ရှင်တို့ ရှိပါသလား၊ တံခါး ဖွင့်ပေးပါဦး၊ ဧည့်သည်တွေ ရောက်လာပါတယ်"

အတွင်းမှ တစ်စုံတစ်ရာ ထူးခြားချက် ကြားရသလို ကြားရငြား ရောင်ယီ အော်ဟစ်လိုက်ခြင်းဖြစ်သည်။ သစ်ခေါင်းအတွင်း အသံမရောက်သည့်တိုင် လက်ဖြင့်ခေါက်သံတော့ အတွင်းမှ ကြားရပေလိမ့်မည်။ ရောင်ယီသည် ဆက်တိုက်ပင် လက်ဖြင့်ခေါက်သည်။

တံခါးခေါက်သံ ပေးပြီးနောက် ရောင်ယီသည် နားနှင့်ကပ်ပြီး အတွင်းမှ အသံဗလံများကို နားထောင်သည်။

"ဟော... အသံတွေ ကြားရပြီ"

ရောင်ယီ ဝမ်းသာအားရ ဖြစ်သွား၏။ ရင်လည်း ထိတ်မိသည်။ သစ်ပင်အခေါင်းထဲမှ အသံဗလံများကို သူ ကြားလိုက်ရသောကြောင့်ပင်။

"ဘာသံပါလိမ့်"

တစ်စုံတစ်ရာ အရာဝတ္ထု ရွေ့လျားနေပြီး တစ်ဂျုတ်ဂျုတ်မြည်သံ ထွက်ပေါ်နေခြင်းပင် မဟုတ်ပါလား။

သူ အာရုံစိုက် နားထောင်နေရသည်။ သူ့နားက ပြောင်ချောနေသောနေရာကို ကပ်ထားပြီး လက်ကလည်း ကိုင်ထားသည်။ ဤတံခါးသည် သူတို့အတွက် အသက်ပင်တည်း။

"ကျွိ... အီး... အီး"

ပြောင်ချောနေသော သစ်ပင်ပင်စည်နေရာ ရွေ့လျားသွားခြင်း ဖြစ်လေသည်။ ထိုသစ်ပင် ပင်စည်နေရာဝယ် တံခါးပေါက် တစ်ပေါက် ပေါ်လာသည်။ တံခါးပေါက်မှာ အမြင့်လေးပေမျှ ရှိသည်။ လူတစ်ယောက် သစ်ပင်ထဲသို့ ဝင်သွားနိုင်လောက်အောင် ကျယ်သည်။

ရှောင်ယီ ခုန်ဆုတ်လိုက်မိ၏။ ဝတ်စုံစိမ်းနှင့်အမျိုးသမီးမှာ ရှောင်ယီလောက် အခြေအနေကို သတိမထားသဖြင့် ဒူးထောက်လျက်သားနှင့် ငေးကြောင်ကြည့်နေမိသည်။

သစ်ပင်ကြီးသည် အတွင်း၌ အခေါင်းကြီး ဖြစ်နေကြောင်း တွေ့လိုက်ရသည်။

ရှောင်ယီမှာ နောက်သို့ အလန့်တကြား ခုန်ဆုတ်လိုက်သဖြင့် အဆင်မသင့်ဘဲ လဲကျသွားသည်။ အသူရာချောက်နက် အတွင်း ရောက်ရှိနေခြင်းက သူ့စိတ်ဓာတ်များကို ဤသို့ ပျော့သွားစေခဲ့သည်လား မဆိုနိုင်ပေ။

သူသည် လဲနေသည့် အနေအထားနှင့်ပင် ပွင့်သွားသော သစ်ပင်ပင်စည်မှ လှိုဏ်ဂူက်အပေါက်ကို မျက်လုံးပြူးကြည့် နေမိလေတော့၏။

ပင်စည်တံခါးပေါက်အတွင်း မှောင်မည်းနေသည်ကို တွေ့မြင်ရသည်။ လှိုဏ်ဂူက်မှုသည် ပင်စည်အတွင်း ရှိနေလေပြီ။ ဤ အသူရာချောက် မြေပြင်သည် လှိုဏ်ဂူက်ဆန်းကြယ်မှုနှင့် ပြည့်နက်နေပေပြီ။

ဝတ်စုံစိမ်းနှင့်အမျိုးသမီးမှာလည်း ဒူးထောက်နေရာမှ သတိဝင်ကာ မတ်တတ်ထရပ်လိုက်သည်။

ရှောင်ယီလည်း ကမန်းကတန်း မတ်တတ်ထရပ်လိုက်လေတော့သည်။

"ဘယ်သူ ရှိသလဲ၊ လူလား၊ သရဲလား ထွက်လာခဲ့စမ်း"

ရှောင်ယီသည် တံခါးပေါက်ရှေ့သို့ သတိနှင့် ချဉ်းကပ်ပြီး အော်ငေါက်လိုက်သည်။ သူ့အော်သံက မာန်အပြည့် ဟန် အပြည့်ပင်။

သို့သော် သစ်ပင်တံခါးပေါက်အတွင်းမှ မည်သည့်အသံမှ ထွက်ပေါ်မလာပါချေ။

ရှောင်ယီသည် တံခါးပေါက်အနီးသို့ တဖြည်းဖြည်း တိုးကပ်သွားသည်။ လက်နှစ်ဘက်ကို ရင်ဝ၌ ကာလျက် သစ်ခေါင်း အတွင်း အစွမ်းကုန် စိုက်ကြည့်လိုက်၏။ ရှောင်ယီ ခြေလှမ်းပြင်လိုက်၏။

ထိုစဉ်-

"မဝင်နဲ့၊ အရမ်း မဝင်နဲ့နော်၊ အထဲမှာ ဘာကောင် ရှိမလဲ မသိနိုင်ဘူး၊ ကြောက်စရာကြီး"

ဝတ်စုံစိမ်းနှင့်အမျိုးသမီးက တုန်ယင်သောအသံနှင့် ရှောင်ယီအား သတိပေးလိုက်၏။ ရှောင်ယီမှာ သူ့ဘဝ၌ အလွန် တရာဆန်းကြယ်လှသောအဖြစ်ကို တွေ့နေရသဖြင့် လွန်စွာ စိတ်လှုပ်ရှားနေသည်။

"ဘာကြောက်စရာ ရှိသလဲ၊ မကြောက်နဲ့၊ ကြောက်ဖို့ မလိုဘူး၊ အထဲက အကောင်က တို့ကို ကြောက်လို့ ထွက်မလာ နိုင်တာပဲ၊ ဒီကောင် ထွက်မလာရင် ကျုပ်တို့ အထဲကို ဝင်လိုက်သွားရမှာပဲ"

"ဟင်... ရှင် ဝင်သွားမလို့လား၊ ဖြစ်ပါ့မလား၊ ရှင်... ဝင်သွားလို့ ဖြစ်ပါ့မလား "

"ဝင်မယ် ဘာမှ ကြောက်စရာ မလိုဘူး"

ထိုစဉ် မွှေးကြိုင်သောအနံ့သည် သစ်ခေါင်းအတွင်းမှ ထွက်ပေါ်လာလေတော့၏။

ထိုရနံ့မှာ ပန်းနံ့ မဟုတ်ပါ။ အမွှေးအကြိုင်နံ့လည်း မဟုတ်ပါ။ ထိုရနံ့မှာ အသားကို ကြော်ချက်ထားရမှ ဖြစ်ပေါ်လာသည့် ဟင်းလျာနံ့ပင် ဖြစ်ပါလေ၏။

ရောင်ယီသည် နာခေါင်းကို အလုပ်ပေးရတော့၏။ ထိုအနံ့မျိုးမှာ သူ အလွန်ရှူရှိုက်ချင်သော အနံ့မျိုးသာဖြစ်သည်။ သူသည် တံတွေးကို ဂွတ်ခနဲ မျိုချလိုက်မိသည်။ ထို့နောက် သစ်ပင်အခေါင်းထဲသို့ လှမ်းအော်လိုက်လေတော့သည်။

"သစ်ပင်ထဲမှာ လူ ရှိသလား၊ ရှိရင် ထွက်ခဲ့ပါ၊ ဒီပေါ်မှာ ဧည့်သည် ရောက်နေတယ်"

သို့သော် အတွင်းမှ ပြန်ဖြေသံ ထွက်ပေါ်မလာပါ။

ရောင်ယီက အမျိုးသမီးကို လှည့်ကြည့်ပြီးလျှင်-

"ကဲ... ကျုပ်ဝင်မယ်၊ ဗိုက်လဲဆာလှပြီ၊ ရေလဲငတ်လှပြီ၊ လူတွေ့ရင်တော့ အားမနာနိုင်ဘူး၊ ရှက်လဲမရှက်နိုင်ဘူး၊ တစ်ခုခု တောင်းစားရတော့မှာပဲ"

တကယ်တော့ ထို့ထက် အရေးကြီးသည်က အသက် ဖြစ်ပါသည်။

ရောင်ယီက သစ်ပင်တံခါးပေါက်ထဲဝင်ရန် ခြေလှမ်းလိုက်သည်။

အမျိုးသမီးက စိုးရိမ်တကြီး ပြော၏။

"ရှင်... အထဲကို ဝင်မယ်ဆိုရင် သတိထားနော်၊ သတိမလစ်စေနဲ့"

"စိတ်ချပါ၊ ဘာမှန်းမသိတဲ့နေရာကို ဝင်မှတော့ သတိမထားဘဲ ဘယ်ရလိမ့်မလဲ၊ မင်းလဲ သတိနဲ့နေရစ်နော်"

ရောင်ယီက သူမကိုပင် ပြန်သတိပေးနေလေ၏။

"ကျွန်မလဲ ရှင်နဲ့အတူ လိုက်တော့မယ်၊ အပြင်မှာတော့ ကျွန်မတစ်ယောက်ထဲ နေခဲ့ရင် ဘာတွေဖြစ်မယ်မှန်း မသိနိုင်ဘူး"

ဝတ်စုံစိမ်းနှင့်အမျိုးသမီးသည် သူမ တစ်ယောက်တည်း ကျန်ရစ်ခဲ့မည့်အဖြစ်ကိုတွေးလန့်လာဟန် တူ၏။

"မင်းလိုက်မယ်ဆိုရင်လဲ လိုက်ခဲ့ပေါ့၊ ဘာပဲဖြစ်ဖြစ် နှစ်ယောက်အတူသွားတော့ တစ်ဦးကိုတစ်ဦး ကူညီနိုင်တာပေါ့လေ၊ လိုက်လာပြီးမှတော့ ခွဲမနေနဲ့နော်"

"မခွဲပါဘူး၊ ရှင်က ကျွန်မကို ကျားပွတ်နဲ့ရိုက်ပြီး နှင်ထုတ်ရင်တောင် ကျွန်မက ခွဲမသွားဘူး၊ သိလား"

ရောင်ယီကပင် အရင်ဝင်သွားသည်။ သူသည် သံပြားကဲ့သို့ ညီညာသော ကြမ်းပြင်ကို နင်းမိသည်။

ဝတ်စုံစိမ်းနှင့်အမျိုးသမီးသည် ရောင်ယီနောက်မှ ထက်ကြပ်မကွာ လိုက်ဝင်လာသည်။ သစ်ပင်အခေါင်းကြီးမှာ ကျယ်ဝန်း လှသဖြင့် သူတို့နှစ်ယောက်အဖို့ အလွန်အမင်း ကျဉ်းကြပ်ခြင်း မရှိလှပါ။

သို့သော် ရောင်ယီမှာ မည်သို့ ရှေ့ဆက်ရမှန်း မသိတော့ဘဲ ဖြစ်နေသည်။

သစ်ပင်ထဲတွင် ဟောင်းလောင်းကြီးဖြစ်ပြီး မှောင်နေသည်။ အကျယ်အဝန်းမှာ ငါးပေပတ်လည်မျှ ရှိသည်။

"ဒီထဲမှာအောက်ဆင်းတဲ့ လှေကားလဲ မရှိ၊ ဝင်ပေါက်လဲ မရှိပါလား၊ ဘယ်လို လုပ်ကြမလဲ၊ ပြန်ထွက်ဖို့ပဲ ရှိတယ်၊ လူလဲ ရှိမနေဘူး၊ တော်တော်အံ့သြစရာ ကောင်းတဲ့နေရာပဲ၊ ကျွန်မတို့တော့ ရှုံးလိမ့်မယ်နဲ့တူတယ်"

အမျိုးသမီးက ပြောလိုက်သည်။

ရောင်ယီက-

"ရှိမှာပါ၊ ဒီနေရာဟာ မုချ တစ်ခုခု ထူးခြားမှာပါ၊ ခဏနေဦး၊ ကျုပ် ရှာကြည့်ဦးမယ်"

ရောင်ယီက ဒူးထောက်လိုက်ပြီး ကြမ်းကို စမ်းသပ်ကြည့်သည်။ ကြမ်းပြင်မှာ သံပြားဖြစ်နေသဖြင့် လွန်စွာ အံ့ဩမိလေ၏။

ရောင်ယီက-

"ထူးဆန်းလိုက်တာ၊ အခု ရနေတဲ့ဟင်းနံ့ ဘယ်အပေါက်ကြားက ထွက်နေတဲ့အနံ့လဲ မသိဘူး"

အမျိုးသမီးက မှတ်ချက်ချသည်။

"အနံ့ကတော့ ကျွန်မတို့ ကြမ်းပြင်အောက်ကနေ တက်လာတဲ့အနံ့ပါ၊ ဒါတော့ ကျွန်မ အသေအချာ သိတယ်"

ထိုစဉ် ကြမ်းပြင်မှာ သိမ့်ခနဲလှုပ်ရှားသွားလေတော့သည်။ အောက်ဘက်သို့ နိမ့်ဆင်းသွားကြောင်း သိရသည်။ ထို့ကြောင့် သူတို့ဝင်ခဲ့သော အပေါက်မှာ အထက်တွင် ကျန်ရစ်ခဲ့တော့သည်။

ဝတ်စုံစိမ်းနှင့်အမျိုးသမီးမှာ ထိတ်လန့်လွန်းသဖြင့် ရောင်ယီ၏ရင်ခွင်ထဲသို့ ဝင်ကာ ရောင်ယီအား တအားဖက်လေတော့သည်။

"ဘယ်လို ဖြစ်သွားတာလဲ၊ ကျွန်မတို့ အောက်ထဲကို ဆင်းနေပြီ"

ရောင်ယီက သူမ ပခုံးကို ပြန်ဖက်ထားရင်း အားပေး၏။

"မကြောက်ပါနဲ့၊ ကျုပ်တို့ အောက်ကိုရောက်ရင် လူတွေ တွေ့လိမ့်မယ်၊ ဒီထဲ ဝင်လာတာကိုက တစ်ယောက်ယောက်ကို တွေ့နိုင်ဖို့ပဲ မဟုတ်လား"

သူတို့နှစ်ယောက် နင်းထားသော ကြမ်းပြင်မှ အောက်သို့ ဆက်လက် နိမ့်ဆင်းနေသည်။ မှောင်နှင့်မည်းမည်း ဖြစ်နေသေးသည်။ သူတို့နှစ်ယောက်မှာ ဘူးရှည်ရှည်တစ်ခုအတွင်း ရောက်ရှိနေသကဲ့သို့ ရှိနေသည်။

ဝတ်စုံစိမ်းနှင့်အမျိုးသမီးသည် ရောင်ယီအား အားကိုးတကြီး ဖက်ထားမိသည်။ စောစောက သူမ သိပ်ကြောက်ပုံ မရပေ။ ယခုတော့ သာမန်မိန်းကလေးနယ် အကြောက်ပိုလျှက် ရှိနေလေပြီ။

ထိုစဉ် အောက်သို့ နိမ့်ဆင်းနေသော ကြမ်းပြင်မှာ ရုတ်တရက် ရပ်တန့်၍ သွားသည်။ သူတို့မျက်စိရှေ့တွင် အလင်းရောင်ကို မြင်လိုက်ရသည်။

သူတို့ရှေ့တွင် တံခါးပေါက်တစ်ပေါက် ပေါ်လာသည်။ ထိုတံခါးပေါက်မှ အလင်းရောင် မြင်ရခြင်းဖြစ်သည်။

မွှေးသင်းနေသော ဟင်းနံ့သည် ထိုအခန်းမှ ထွက်ပေါ်လာခြင်းဖြစ်ကြောင်း သူတို့ ချက်ချင်း ရိပ်မိသည်။

ရောင်ယီက တံခါးပေါက်အတွင်းသို့ လျင်မြန်စွာ ခုန်ဝင်လိုက်၏။ ဥမင်လမ်းပေါက်တစ်ခုဖြစ်ကြောင်း တွေ့လိုက်ရသည်။ ဥမင်လမ်းဘေးနှစ်ဘက် နံရံပေါ်တွင် မီးအိမ်များ ထွန်းညှိထားကြောင်း အံ့ဩစွာ တွေ့ရှိရလေတော့သည်။

"ဟာ... ကြည့်ပါဦး၊ ဒီဥမင်လမ်းပေါက်မှာ အထဲကိုဝင်နိုင်ဖို့ မီးအိမ်လေးတွေ အစီအရီ ထွန်းညှိထားတယ်၊ သေသေချာချာကို လူတွေ ပြုလုပ်တည်ဆောက်ထားတဲ့ မြေအောက်ခန်းကြီးပဲ၊ ဒီနေရာမှာ စခန်းချလာတဲ့လူဟာ နယ်နယ်ရရလူ မဖြစ်နိုင်ဘူး"

ရောင်ယီက ထိုသို့ပြောလိုက်ပြီး အမျိုးသမီးကို လှည့်ကြည့်လိုက်သည်။ သူက အမျိုးသမီးကို လှည့်ခေါ်ရန် ဖြစ်၏။ သို့သော် သူသည် ဝတ်စုံစိမ်းနှင့်အမျိုးသမီးကို မတွေ့မြင်ရတော့ချေ။ အဘယ်သို့နည်း။ ဝတ်စုံစိမ်းနှင့်အမျိုးသမီး မည်သည့်နေရာသို့ ရောက်ရှိသွားလေသနည်း။

ရောင်ယီ ခေါင်းနပန်း ကြီးသွားသည်။

သူ တွေ့မြင်ရသည်က မှောင်နှင့်မည်းမည်း ဖြစ်နေသည်။

တံခါးပေါက်ဟူ၍မတွေ့ရတော့ပေ။ သို့သော် ချက်ချင်းပင် ရောင်ယီ တွေးမိသည်။ အမျိုးသမီးသည် သံပြားကို နင်းပြီး အောက်ဘက်သို့ ဆက်လက်ပါရှိသွားဟန် တူသည်။

သံဘူးရှည်ကဲ့သို့ရှိသော ယန္တရားအခန်းသည် အောက်သို့ကျဆင်းသွားသဖြင့် ဉမင်တံခါးပေါက်လည်း ပိတ်၊ အမျိုးသမီးလည်း ပါသွားခြင်းပင် ဖြစ်ရပေမည်။

"မီးတွေ...မီးတွေ လောင်ကုန်ပါပြီ၊ ကယ်ပါဦး... ကယ်ပါဦး"

ဝတ်စုံစိမ်းနှင့်အမျိုးသမီး၏အော်သံ အောက်ဘက်ဆီမှ ထွက်ပေါ်လာသည်။

ရှောင်ယီမှာ အသံသာ ကြားရသော်လည်း ဉမင်ပေါက်အပြင်သို့ ထွက်မရဘဲ ဖြစ်နေလေရာ ပိတ်နေသောတံခါးကို လက်သီးနှင့် ထုမိတော့သည်။ ရှောင်ယီ လွန်စွာ ရင်နာရသည်။

သူ ထုသဖြင့် ထွက်ပေါ်လာသောအသံမှာ သံပြားကို ထုနက်သံမျိုး ဖြစ်နေသဖြင့် အမျိုးသမီးကို ကယ်ရန် မဖြစ်နိုင်တော့ပေ။

"မင်း ဘယ်မှာလဲ၊ မင်းအပေါ်ကို ရောက်အောင် မလုပ်နိုင်ဘူးလား"

ရှောင်ယီက အော်မေးသော်လည်း ပြန်ဖြေသံ ထပ်မံ၍ ထွက်ပေါ်မလာတော့ချေ။ အခြေအနေကို ထောက်ရှုပါက ဝတ်စုံစိမ်းနှင့် အမျိုးသမီးသည် မြေအောက်သို့ နိမ့်ဆင်းသွားပြီးနောက် မီးတွင်းသို့ ရောက်ရှိသွားဟန် တူသည်။

ရှောင်ယီမှာ စိတ်မကောင်းခြင်းကြီးစွာ ဖြစ်ရသည်။ တစ်ကိုယ်လုံး ချွေးစေးများ ထွက်လာသည်။ ကျောက်ရုပ်တစ်ရုပ်လို ဉမင်ပေါက်ဝတွင် ရပ်နေမိသည်။ ထိုစဉ် တကျိကျိ အသံ ပြန်ပေါ်လာသည်။

ဉမင်ပေါက်ဝ ပြန်ပေါ်လာသည်။ သူတို့နင်းခဲ့သည့် သံပြားသည် အပေါ်သို့ ပြန်တက်လာချေပြီ။ သို့သော် ဝတ်စုံစိမ်းနှင့်အမျိုးသမီး ပြန်ပါမလာတော့ချေ။

ဝတ်စုံစိမ်းနှင့်အမျိုးသမီး တစ်စုံတစ်ခု ဖြစ်ကျန်ရစ်ခဲ့မည်မှာ မြေကြီးလက်ခတ် မလွဲသေချာနေလေသည်။

ရှောင်ယီသည် ထိုအမျိုးသမီးနှင့် တွေ့သိခဲ့သည်မှာ မကြာလှသော်လည်း မိမိကို အားကိုးပြု၍ လိုက်ပါလာပြီးမှ ဤလိုအဖြစ်ဆိုးကြုံရသည်ကို လွန်စွာ စိတ်မကောင်းဖြစ်မိသည်။

သူမကား မထင်မှတ်ဘဲနှင့် သေတွင်းထဲသို့ ဆင်းသက်သွားခဲ့ချေပြီ။ သူမ၏ ထက်မြက်သော သိုင်းပညာကလည်း သူမအား မကယ်နိုင်ခဲ့ချေ။

ရှောင်ယီကော ရှေ့ဆက် မည်သို့ တွေ့ကြုံရဦးမည်နည်း။

ရှောင်ယီ တစ်ကိုယ်လုံး တုန်တုန်ယင်ယင် ဖြစ်မိတော့သည်။

------------------- * * * * * -------------------

အခန်း(၄၉)

လှိုဏ်ဂူဆန်းကြယ် မြေအောက်ဝယ်

==============================

ရှောင်ယီသည် အံကို တင်းတင်းကြိတ်လိုက်ပြီး လက်သီးနှစ်ဘက်ကို ကျစ်ကျစ်ပါအောင် ဆုပ်လိုက်သည်။ ဤထူးခြားဆန်းကြယ်သောနေရာသည် လူတစ်ယောက်၏ ဇီဝိန်ကို လွယ်လွယ် ချွေပစ်နိုင်သည် မဟုတ်ပါလော။

သူက ဥမင်လမ်းပေါက်အတိုင်း ဝင်သွားသည်။

ဤဥမင်လမ်းမှာ သိပ်မရှည်လျားပေ။ ပြုလုပ်ထားသူများသည် လွန်စွာ စိတ်ကူးကောင်းကောင်းနှင့် ပြုလုပ်ထားပေသည်။

လမ်းဆုံးသောအခါ တံခါးပေါက်တစ်ပေါက်ကို တွေ့ရသည်။

ထိုတံခါးပေါက်၌ တံခါးရှိသော်လည်း ဖွင့်ထားကြောင်း တွေ့ရ၏။

ရှောင်ယီသည် ထိုတံခါးပေါက်မှ ဝင်သွားသည်။ မဝင်၍လည်း မဖြစ်ပါ။ ဝင်စရာဆို၍ ထိုတံခါးပေါက် တစ်ပေါက်သာလျှင် ရှိသည် မဟုတ်ပါလော။

ရှောင်ယီထံ၌ ယခင်က အားမာန်များ ဝင်လာ၏။ ရှောင်ယီ လက်မြှောက်အရှုံးပေးလေ့မရှိသော ရှောင်ယီ။ ဘာမထီ ရှောင်ယီသည် သတိကြီးကြီးထားပြီး တံခါးပေါက်ထဲသို့ ရဲဝံ့စွာ ဝင်လိုက်တော့သည်။

သူ ဘာကိုမှ မကြောက်ရွံ့တော့ပါ။

တံခါးနောက်တွင်တော့ အခန်းတစ်ခန်းဖြစ်သည်ကို တွေ့မြင်ရသည်။

ထိုအခန်းမှာ အိမ်ထောင်ပရိဘောဂ အစုံအလင်ရှိသော လုပသန့်ရှင်းလျက်ရှိသည့် အခန်းတစ်ခန်းဖြစ်သည်။ မြေအောက်၌ ဤမျှ သန့်ရှင်းသပ်ရပ်စွာ ပြုလုပ်ထားနိုင်ခြင်းအတွက် ရှောင်ယီ အံ့သြရသည်။

အခန်းထဲသို့ရောက်သည်နှင့် လူသူ အရိပ်အခြည်ကို ကြည့်သည်။ လူတစ်ယောက်မျှ မရှိသည့် အခန်းတစ်ခန်းထဲသို့ သူရောက်လာခြင်းဖြစ်သည်။ မည်သူ့ကိုမျှ မတွေ့ရပေ။

ထိုစဉ် ရယ်သွမ်းလိုက်သံတစ်သံကို ရှောင်ယီ ကြားရ၏။ ထိုအသံမှာ အထက်မှ ပေါ်ထွက်လာသလိုလို၊ ကြမ်းပြင်အောက်မှ ထွက်ပေါ်လာသလိုလိုနှင့် မဝေခွဲနိုင်တတ်အောင်ရှိသည်။ အသံလာရာကို မခန့်မှန်းနိုင်အောင် ပြုလုပ်ထားသည်မှာ သေချာသည်။

"ဘယ်သူလဲ အခု ရယ်လိုက်တာ"

ရှောင်ယီက အော်မေးလိုက်၏။

ထိုအသံက-

"မင်း ကျုပ်ကို မမြင်ဘူး မဟုတ်လား၊ ကျုပ်ကတော့ မင်းကို မြင်ပါတယ်"

သူက တံခါးကဲ့သို့ အရာကို မြင်လိုက်လေပြီ။ ခုန်ထွက်သွားပြီး တွန်းဖွင့်လိုက်ရာ အခန်းတစ်ခန်းကို ဘွားခနဲ တွေ့လိုက်ရတော့သည်။

ထိုအခန်းသည် ပထမအခန်းထက် ခမ်းခမ်းနားနား ရှိသည်။ ထမင်းစားပွဲနှင့် ထိုင်ခုံများချထားပြီး စားပွဲပေါ်တွင် ကြက်ကောင်လုံးကင်ထားသည့် ပန်းကန်ပြားကြီးတစ်ချပ် ရှိနေလေ၏။

ကြက်ကောင်လုံးကင်မှာ စားချင်စဖွယ် ရှိသည်။ ရက်ပေါင်းများစွာ ဟင်းလျာနှင့် ပြတ်လပ်နေသော ရှောင်ယီမှာ အူတစ်ကြွတ်ကြွတ် ဖြစ်လာ၏။ သူတို့ ဂူထဲ၌ နေခဲ့စဉ်က မျောက်များ ပစ်ခတ်ထောက်ပံ့ခဲ့သည့် သစ်သီးများကိုသာ စားသောက်အသက်ဆက်ခဲ့ရသည် မဟုတ်ပါလော။

"ကျန်းယီ၊ ဒီကြက်ဟာ ကြက်ကောင်လုံးကင်ပဲ၊ အကုန်ဝါးစားလို့ရတယ်၊ မင်းသိပ်ဆာနေမယ်ဆိုတာ သိလို့ မင်းအတွက် ပြင်ပေးထားတာ"

"ခင်ဗျားက ကျုပ်နာမည်ကို သိတယ်၊ ဘယ်လို သိနေတာလဲ၊ အံ့ဩစရာပါလား"

ရှောင်ယီ လွန်စွာ အံ့ဩသွား၏။ ထို့ကြောင့် အသံရှင်အား ပြန်မေးလိုက်သည်။

အသံရှင်က ရယ်မောလိုက်ပြီး-

"ဟောဒီ မြေအောက်အခန်းရှင်ဟာ ဘာမဆို သိပါတယ်၊ မင်း ဘာမှ မအံ့ဩနဲ့၊ မင်းဟာ သာမန်လူတစ်ယောက်ပါ"

"ခင်ဗျား ဘယ်သူလဲ၊ ကျုပ် မြင်အောင် ထွက်လာပါလား"

ရှောင်ယီက အော်ပြောလိုက်၏။

ထိုအသံရှင်က ရယ်မောလိုက်၏။

"မင်းဟာ သတ္တိကောင်းတဲ့ ကောင်လေးပဲ၊ ကဲ... မင်းသတ္တိရှိဦးမယ်ဆိုရင် အဲဒီစားပွဲပေါ်က ကြက်ကောင်လုံးကင်ကို အားရပါးရ စားပစ်လိုက်စမ်းပါ၊ မင်း စားဝံ့ရဲ့လား"

ရှောင်ယီက စားပွဲနား ချဉ်းကပ်သွားသည်။ ကြက်ကောင်လုံးကင်ကို စိုက်ကြည့်သည်။

ကြက်ကောင်လုံးကင် ရနံ့က သင်းပျံ့နေသည်။ ဤကြက်ကောင်လုံးကင်ကို စားလိုက်လျှင် မည်သို့ ဖြစ်နိုင်သနည်းဟု တွေး၏။ သေသွားမည်လား၊ ဤကြက်ကောင်လုံး ချိုချဉ်တွင် အဆိပ်ခတ်ထားလေသလော။

ရှောင်ယီက ရုတ်တရက် ကျယ်လောင်စွာ ရယ်မောလိုက်လေသည်။ ရယ်မောလိုက်ပြီးမှ ပြောသည်။

"ခင်ဗျားက ဒီကြက်ကောင်လုံးကင်ကို မစားဝံ့ဘူးလို့ ထင်သလား၊ ကျုပ် စားဝံ့တယ်၊ စားပြမယ်၊ ခင်ဗျား ကျုပ်ကို မြင်နေရင် ကြည့်ပါ"

ရှောင်ယီက စားပွဲမှ ကြက်ကောင်လုံး ချိုချဉ်ကို လက်ဖြင့် လှမ်းနှိုက်ယူလိုက်သည်။

သူသည် ဘယ်လက်ဖြင့် ကြက်ကောင်လုံးကင်ကို ကိုင်ပြီး ညာလက်ဖြင့် ဖဲ့ကာ အားရပါးရ စားလေတော့သည်။ ရှောင်ယီအတွက် သေခြင်းတရားသည် ရယ်စရာပင်တည်း။

"ဟင်း... ဟင်း... ဟင်း... ၊ မင်းသတ္တိ မဆိုးဘူး၊ မင်းဟာ တကယ့်ကို သတ္တိရှိတဲ့လူပဲ"

"ဒီမှာ ကြက်သားကင်ကို အဆိပ်ခတ်ထားရင်လဲ ကျုပ်က စားမှာပဲ၊ ဝဝစားပြီးမှ သေမယ်၊ ကျုပ်ဟာ သေခြင်းတရားကို ဘယ်တော့မှ ခေါင်းငုံ့မခံဘူး၊ ဘာပဲဖြစ်ဖြစ် ဘယ်လိုပဲဖြစ်ဖြစ် ရင်ဆိုင်ပြီးမှ သေမယ်"

ရှောင်ယီသည် နူးနပ်လှသော ကြက်ကောင်လုံးကင်ကို အကုန်အစင် စားပစ်လိုက်သည်။

သူ စားသောက်နေသည်ကို မြေအောက်ခန်းမရှင်က စောင့်ကြည့်နေဟန် တူသည်။

ရှောင်ယီသည် ကြက်ကောင်လုံးကင်ကို ပလုတ်ပလောင်းစားနေ၏။ သို့သော် သူ့မျက်လုံးများက အခန်းပတ်ပတ်လည်ကို အလွတ်မပေးဘဲ ကြည့်နေသည်။ အသံကို နားစွင့်နေသည်။ သူ့ခေါင်းထဲ၌ အလုပ်လုပ်နေသည်။

ရှောင်ယီ စားနေစဉ် တွေးနေသည်မှာ တစ်ဘက်လူသည် ကြောက်စရာကောင်းသော ရက်စက်သူ တစ်ယောက်လော။ သူ့ကို တမင် နောက်ပြောင်ပြောနေခြင်းလော။

ထိုအသံရှင်က သူ့နာမည်ရင်းကို သိနေသည်မှာလည်း ထူးလှသည်။ ကြက်ကောင်လုံးကင်လည်း ကုန်သွားပြီ။

"ကဲ... စားပြီးပြီဗျို့၊ ခင်ဗျား ကျုပ်ကို ဘာပြောဦးမလဲ၊ ပြောပါ၊ ကျုပ် သေဖို့နေရာကော စီစဉ်ထားကြရဲ့လား"

ရှောင်ယီသည် လက်ကို အင်္ကျီလက်စဖြင့် သုတ်ရင်း အော်ပြောလိုက်၏။

စောင့်ကြည့်နေသူ၏ ရယ်သံလွင်လွင် ပေါ်လာလေ၏။

"မင်းစားလိုက်တဲ့ ကြက်ကောင်လုံးကင်ဟာ အဆိပ်ရှိတယ်၊ အဆိပ်ရည်နဲ့ စီစဉ်ထားတာ၊ မကြာပါဘူး၊ မင်း အခု စားပြီးပြီ မဟုတ်လား၊ ပထမ မင်း ခေါင်းတွေ မူးလာမယ်၊ ခေါင်းမူးလာပြီးရင် မျက်စိတွေ ပြာဝေလာမယ်၊ နောက်ဆုံး မင်း သေမှာပါပဲ၊ ဟား... ဟား... ဟား... ဟား"

မှန်ပါသည်။ အသံရှင် ပြောသည့်အတိုင်း ရှောင်ယီ ခေါင်းမူးလာသည်။ ချာချာလည်အောင် မူးလာသည်။ မျက်စိတွေ ပြာဝေ၍လာသည်။ အသံရှင် ပြောသည့်အတိုင်း တစ်လုံးမကျန် မှန်ကန်သည်။

ရှောင်ယီ သူ့ကိုယ်သူ ဤတစ်ခါတော့ သေဖြစ်ပြီဟုပဲ အောက်မေ့လိုက်တော့သည်။

သူသည် အသာအယာ ကြမ်းပေါ်လှဲချလိုက်၏။

"မင်းတို့ ဘယ်သူတွေလဲ၊ အကြောင်းမဲ့ ကျုပ်ကို ဘာကြောင့် အဆိပ်ခတ်သတ်တာလဲ၊ ကျုပ် မသေခင် သိသွားရအောင် ပြောပြစမ်းပါ"

ရှောင်ယီက မူးဝေနေလျက်က မေးခွန်းထုတ်လိုက်သည်။

သို့သော် သူ့အကြားအာရုံက ရုတ်တရက် ကင်းလွတ်သွားသည်။ သူ ဘာသံကိုမျှ မကြားရတော့။ ကိုယ့်အသက်ရှုသံကိုပင် မကြားနိုင်တော့ပါ။ သူ့မျက်လုံးအစုံမှာလည်း မှောင်အတိ ကျသွားတော့သည်။

သို့သော် ရှောင်ယီ မသေပါ။

သူ ပြန်လည်၍ သတိရလာပါသည်။

သူတစ်ကိုယ်လုံး နွမ်းနယ်၍ နေသည်။ အင်အားဟူ၍ လုံးဝ မရှိတော့ပါ။ ဤလိုအဖြစ်မျိုးမှာ သူ ကြုံတင်၍ မစဉ်းစား မတွေးတောခဲ့မိသောအဖြစ်မျိုးသာ ဖြစ်တော့သည်။

ထိုစဉ် အသံတစ်ခုကို သူ ကြားရသည်။

သူ့သောတအာရုံတွေ ပြန်ကောင်းနေသည်ကို သိရ၏။ ထို့အတွက် သူ ဝမ်းသာသွားသည်။

သူ သတိမလစ်ခင်က ကြားခဲ့ရသောအသံမျိုးပင် ဖြစ်သည်။

အသံရှင်က-

"ကျန်းယီ မင်း သတိရလာပြီလား"

"ဟုတ်တယ်၊ ကျုပ် သတိရပါပြီ၊ ကျုပ် မသေပါဘူး"

ရှောင်ယီက ပြန်ပြောလိုက်၏။

အသံရှင်က-

"မင်း မသေဘူးဆိုတာ သေချာရဲ့လား၊ အခု မင်းဟာ လူလား၊ တစ္ဆေလား၊ မင်းကိုယ်မင်း သိရဲ့လား"

"မသိဘူး"

ရှောင်ယီက သံပြတ်နှင့် ပြန်ပြောလိုက်၏။

"မင်းအခု ဘယ်လိုနေရာမျိုးကို ရောက်နေတာလဲ ဆိုတာကော သိရဲ့လား"

"မသိဘူး"

"မင်းကို တို့က ဘယ်လိုလုပ်မယ်ဆိုတာရော သိရဲ့လား"

"မသိဘူး"

"ဒါဆိုရင် မင်းသိတာ ဘာရှိသလဲ"

"ကျုပ် ဘာမှ မသိဘူး၊ ဘာမှလဲ မသိချင်ပါဘူး"

ရှောင်ယီ၏ ဘာမထီ အပြောအဆိုကြောင့် ထိုလူ ရယ်မောလေတော့၏။ အားရပါးရ ရယ်မောပြီးမှ-

"အင်း... ဟုတ်ပြီ၊ မင်း ဘာမှမသိဘူးလို့ ဝန်ခံရဲပြီ မဟုတ်လား၊ ဟုတ်ပြီ၊ မင်းဟာ ရိုးသားပါတယ်၊ ကဲ... အခု မင်းစောင့်ကြည့်ပါ၊ ဘယ်လို ထူးခြားမှုမျိုးတွေမလဲဆိုတာ စောင့်ကြည့်ပါ"

ထိုအသံ တိတ်ဆိတ်သွားပြီးလျှင် အခန်းတွင်းဝယ် မီးရောင်များ ပို၍ လင်းလာသလို ထင်မှတ်ရ၏။

ရှောင်ယီသည် ပတ်ဝန်းကျင်ကို အကဲခတ်လိုက်၏။ သူ နေရာသစ်ကို မရောက်ပေ။ မူးလဲကျသည့်နေရာ၌ပင် လဲကျနေသည်။

ထိုစဉ် နံရံတံခါးပေါက်တစ်ပေါက် ပွင့်ဟ၍ သွားလေ၏။

မြေအောက်တံခါးများဖြစ်၍ သိပ်မကျယ်ဝန်းလှပေ။ အသင့်အတင့်သာ ကျယ်သည်။ ရှောင်ယီ အိပ်နေသည့်နေရာမှ ထိုအခန်းတွင်းသို့ လှမ်းမြင်နိုင်သည်။

ထိုအခန်းအလယ်တည့်တည့်တွင် စားပွဲရှည်တစ်လုံး ရှိသည်။ ထိုစားပွဲ၌ လူခုနစ်ယောက်၊ ရှစ်ယောက်ခန့် ထိုင်နေကြသည်ကို တွေ့မြင်ရသည်။

ထိုလူအားလုံး ရှည်လျားသောဝတ်စုံများကို ဝတ်ဆင်ထားကြသည်။ အားလုံးပင် အသက် ၂၀ ကျော်ကျော်မျှသာ ရှိကြမည်ဟု ခန့်မှန်းမိ၏။ သူတို့အားလုံး ဖြူဖြူနုနု သန့်သန့်ပြန့်ပြန့် ကလေးများပင်။

ထို့ကြောင့် ထိုလူတွေအားလုံးမှာ အမျိုးသားတွေ ဖြစ်ကြသော်လည်း အမျိုးသမီးလေးများလို နုနယ်နေကြခြင်း ဖြစ်သည်။

သူတို့သည် အလွန်အေးဆေးစွာ ထိုင်နေကြပြီး ရှောင်ယီကို လှမ်းကြည့်နေသည်။ သူတို့သည် ရှောင်ယီကို ပြုံး၍ ကြည့်နေကြပေသည်။

ရှောင်ယီလည်း ထထိုင်လိုက်ပြီဖြစ်၏။

"ခင်ဗျားတို့အားလုံးဟာ ဒီနေရာက အိမ်ရှင်တွေလား"

ရှောင်ယီက လှမ်းမေးလိုက်ရာ သူတို့အားလုံးက ပြိုင်တူလိုလိုပင် ခေါင်းကို ခါယမ်းပြကြသည်။

"ခင်ဗျားတို့ဟာ ဒီနေရာက အိမ်ရှင်တွေ မဟုတ်ကြဘူးပေါ့"

အားလုံးပင် ပြိုင်တူလိုလို ခေါင်းညိတ်ပြကြသည်။

ရှောင်ယီ ကြည့်နေရင်းမှ ထိုလူများသည် အသက်ပင်ရှိနေကြသော်လည်း အားအင် မရှိ၊ ခွန်အား မရှိသူများနယ် ထင်မြင်လာမိသည်။

သူတို့ ကိုယ်ခန္ဓာအတွင်း၌ အရိုးမရှိသကဲ့သို့ ထိုင်နေကြသည် မဟုတ်ပါလား။

ရောင်ယီက လက်ညှိုးငေါက်ငေါက်ထိုး၍ အော်သည်။

"ဒီမှာ မင်းတို့ အိမ်ရှင်သခင် ဘယ်သူလဲ၊ ဘာ့ကြောင့် ကျုပ်ကို ထွက်မတွေ့တာလဲ၊ မင်းတို့ ပုံတွေကလဲ ယောကျာ်းလိုလို၊ မိန်းမလိုလိုပါလား၊ မင်းတို့သခင်ကရော မိန်းမလျာပုံပဲလား၊ စောစောက စကားပြောတဲ့လူဟာ မင်းတို့သခင်လား၊ အသံကတော့ မိန်းမလျာသံပဲ"

ရောင်ယီ ထိုသို့ ပက်ပက်စက်စက် ပြောသော်လည်း ထိုင်နေကြသူများက စိတ်မဆိုးကြပါ။ သူတို့သည် ရောင်ယီကို ခပ်ပြုံးပြုံးပင် ကြည့်နေကြလေသည်။

မကြာမီ တစ်ယောက်က စတင် စကားပြောသည်။

"မင်းက တို့ကို ဒီလိုပြောသလား၊ ဟင်း... ဟင်း... ဟင်း... နောက်သုံးလကြာရင် မင်းလဲပဲ တို့လို ပုံစံမျိုး ဖြစ်သွားလိမ့်မယ်"

"ကျုပ်လား၊ မင်းတို့လို မိန်းမလျာ ဖြစ်မှာ၊ ဟင်း... မဖြစ်သေးဘူးကွ"

ရောင်ယီက အော်ပြောလိုက်ရာ ထိုလူက ခပ်လွင်လွင်ကလေး ရယ်မော၏။

"ကျုပ်ပြောတာ မင်း မယုံဘူးလား၊ မင်းကိုယ်ခန္ဓာဟာ သံမဏိနဲ့ တည်ဆောက်ထားတာဖြစ်ဦးတော့၊ သူ့ဒဏ်ကို မခံနိုင်ပါဘူး"

"သူ... သူ ဆိုတာ ဘယ်သူ့ကို ပြောတာလဲ"

"ကျုပ်တို့ သခင်မကို ပြောတာ"

"မင်းတို့ သခင်မဟာ ဘယ်သူလဲ"

ထိုစဉ် ထူးခြားသော အသံတစ်သံ ရုတ်တရက် ဝင်ရောက်လာလေ၏။

"သူတို့ သခင်မဆိုတာ ကျွန်မပါပဲ"

ထိုပြန်ဖြေသံက အခြားတစ်နေရာမှ ထွက်ပေါ်လာခြင်း ဖြစ်သည်။ အသံက ဆည်းလည်းသံကဲ့သို့ ရှိ၏။

ရောင်ယီ လှည့်ကြည့်လိုက်မိသည်။ အသံရှင်ကို တွေ့မြင်ရလေပြီ။

ရောင်ယီမှာ ကျောက်ရုပ်ကြီးတစ်ရုပ်လို ဖြစ်သွားသည်။ အဘယ့်ကြောင့်ဆိုသော် သူ တွေ့မြင်ရသော အိမ်ရှင်သခင်မဆိုသူမှာ အခြားသူ မဟုတ်ဘဲ ဝတ်စုံစိမ်းနှင့်အမျိုးသမီး ဖြစ်နေသောကြောင့်တည်း။

သူမ မသေပါ။

ဤသို့ဖြင့် သူ တွေ့ကြုံခဲ့သည့် အဖြစ်အပျက်များ အားလုံး လှည့်ကွက်များဖြစ်သည်ကို ရောင်ယီ သိလိုက်ရတော့သည်။

ရောင်ယီသည် ပါးစပ် အဟောင်းသားကြီးနှင့် သူမကို ငေးမောကြည့်နေမိ၏။ ဝတ်စုံစိမ်းနှင့်အမျိုးသမီးသည် ခပ်နွဲ့နွဲ့ လှမ်းလျှောက်၍ လာနေလေသည်။

သူမ ပြုံးရယ်ပြီး လျှောက်လာနေပါ၏။ သူမသည် နိုင်သူ မဟုတ်ပါလော။

------------------- * * * * * -------------------

အခန်း(၅၀)

မလုံခြုံသော မြေအောက်ခန်း

==============================

"ရှင် သိပ်အံ့သြနေတယ်ပေါ့၊ ဟုတ်လား"

ဝတ်စုံစိမ်းနှင့်အမျိုးသမီးက ရှောင်ယီရှေ့တွင် ရပ်တန့်လိုက်ပြီး မျက်ခုံးတစ်ဘက်ပင့်၍ မေးလိုက်သည်။

"ဟုတ်တယ်… အံ့သြစရာပဲလို့ ကျုပ်ဝန်ခံပါတယ်၊ လှည့်ကွက်တွေက သိပ်များနေတာကိုး ဗျ၊ ဒါနဲ့ ဟိုအလောင်းနှစ်လောင်း၊ ချစ်ကျင်ဟုန်ရဲ့အလောင်းနဲ့ လူတစ်ပိုင်း မျောက်တစ်ပိုင်း သိုင်းသမားရဲ့ အလောင်း ဘယ်ရောက်သွားပြီလဲ၊ မင်းဆီမှာ-"

"ရှင် ကြည့်စမ်းပါဦး၊ ကျွန်မရဲ့ ဟောဒီမြေအောက်နန်းဆောင်ဟာ မကောင်းဘူးလား၊ ဟန်မကျဘူးလား"

ဝတ်စုံစိမ်းနှင့်အမျိုးသမီးက ရှောင်ယီမေးသည်ကို ပြန်မဖြေဘဲ သူမ ပြောလိုရာကို ပြောပြီး မေးသည်။

"ကောင်းပါတယ်၊ သိပ်ဟန်ကျပါတယ်၊ ဒါနဲ့ ခင်ဗျား နာမည်က စုမီမီ မဟုတ်လား"

ရှောင်ယီက မေးလိုက်သဖြင့် ဝတ်စုံစိမ်းနှင့်အမျိုးသမီးမှာ အံ့အားသင့်သွားလေသည်။

"ရှင်… ကျွန်မနာမည်ကို သိတယ်၊ ရှင် ဘယ်လိုလုပ်သိသွားတာလဲ"

သူမ မျက်လုံးပြူးသွားသည်။ မရယ်နိုင်တော့ပေ။

ရှောင်ယီက ပြုံးလိုက်ပြီး-

"ခင်ဗျားအကြောင်းကို ကျုပ်က ကြားဖူးထားတော့ ကျုပ်က စိတ်မှန်းနဲ့ မေးလိုက်တာပါ"

"ကျွန်မအကြောင်းကို ရှင် ဘယ်လိုကြားဖူးထားလို့လဲ၊ ပြောပြစမ်းပါဦး"

"ခင်ဗျားဟာ သိုင်းလောကလူဆိုးကြီး ဆယ်ဦးစာရင်းဝင်ထဲက တစ်ယောက်ပဲ၊ ခင်ဗျားပုံစံက နနုငယ်ငယ်လေး ဖြစ်နေပေမယ့် တကယ်တော့ ခင်ဗျားအသက်က မငယ်လှတော့ဘူး၊ ခင်ဗျားအသက်က လေးဆယ့်ငါးနှစ်လောက် ရှိနေပြီ"

ရှောင်ယီက သေချာပေါက် ပြောလိုက်သဖြင့် စုမီမီမှာ မျက်လုံးပြူး မျက်ဆန်ပြူးဖြစ်နေတော့သည်။ ထိုအလန့်တကြား ပုံစံကိုကြည့်ပြီး ရှောင်ယီက အရသာခံနေ၏။

"ရှင် အခုပြောခဲ့တာ တစ်ချက်ပဲ မှားတယ်"

"ဘယ်အချက် မှားသွားလို့လဲ"

"ကျွန်မအသက်ဟာ အခု သုံးဆယ့်ခုနစ်နှစ်ပါ၊ ရှင်ပြောသလို လေးဆယ့်ငါးနှစ်တော့ မဟုတ်သေးပါဘူး"

ရှောင်ယီက စဉ်းစဉ်းစားစား ပြောသည်။

"သုံးဆယ့်ခုနစ်နှစ်ပဲဖြစ်ဖြစ်၊ လေးဆယ့်ငါးနှစ်ပဲဖြစ်ဖြစ် ခင်ဗျားဟာ သိပ်လှပါတယ်၊ လှတဲ့အမျိုးသမီးကို ဘယ်ယောကျာ်းသားက မချစ်မနှစ်သက်ပဲ နေမှာလဲ"

"ဒီလိုဆိုရင် ရှင် ကျွန်မကို နှစ်သက်တယ်ပေါ့"

စုမီမီ၏မျက်နှာ ပြန်လည်ပြုံးရွှင်လာသည်။

ရှောင်ယီက ခေါင်းညိတ်ပြီး-

"ကျုပ် မင်းကို နှစ်သက်ပါတယ်၊ မင်းကို မြင်မြင်ချင်းပဲ နှစ်သက်မိပါတယ်"

စုမီမီသည် ဝမ်းမြောက်ဝမ်းသာဖြစ်သွားဟန်နှင့် ရောင်ယီ၏လက်ကို လှမ်းဆွဲထူထစေသည်။

"ကျွန်မ သိပ်ဝမ်းသာပါတယ်ရှင်၊ ရှင့်ကိုလဲ ကျွန်မက မြင်မြင်ချင်းပဲ ချစ်မိတာပါပဲရှင့်"

သူမ၏ လက်ဖဝါးအစုံမှာ နူးညံ့ချောမွတ်လှပါသည်။ သူမ၏ အပြုံးမှာ ရိုးသားသည်ဖြစ်စေ၊ ဆန်းပြားသည်ဖြစ်စေ၊ လှပသည်ကတော့ အမှန်ပင်။

"မင်း ဘယ်သူလဲဆိုတာ ကျုပ်သိတယ်၊ ကျုပ် ဘယ်သူလဲဆိုတာကော မင်းသိရဲ့လား"

စုမီမီ ချစ်မျက်စောင်းလေး ထိုးလိုက်၏။

"ရှင်လေးက ဘယ်သူများတုန်း၊ ပြောပြပါဦးရှင်၊ ကျွန်မ မသိလို့ပါ"

"သိုင်းလောက လူဆိုးကြီးဆယ်ဦးမှာ မိတ်ဆွေတစ်ဦးရှိတယ်ဆိုရင် အဲဒီလူဟာ ကျုပ်ပဲ၊ ကျုပ်နာမည် ကျန်းယီ၊ ကျုပ်ကို မင်းက လူရိုးလူကောင်းကလေးတစ်ယောက်လို့ မင် ထင်နေသလား"

"ရှင့်ကို လူကောင်းကလေးလို့ ကျွန်မ မထင်ပါဘူး၊ နေပါဦး၊ ရှင့်ကို ဟိုလူ့ဘီလူးကြီးကများ စေလွှတ်ထားတာလား"

ရောင်ယီက ခေါင်းမော့ပြီး စဉ်းစားဟန်ပြုသည်။

"လူ့ဘီလူးကြီး သုံးလေးယောက်တော့ ကျုပ် ကောင်းကောင်းသိပါတယ်၊ ကျုပ်ပြောတာက လူဆိုးကြီး စာရင်းဝင်ဆယ်ဦး ထဲကပါ။ အပြုံးဓား ရောင်အော်တို့၊ သွေးလက်ဝါး တူစပ်၊ နပုလ္လိင် ကျူကျော့ကျော့၊ လီတာ့ကြွေ၊ လူတစ်ပိုင်း တစ္ဆေတစ်ပိုင်း အင်းကျိုယို့"

စုမီမီ မျက်လုံးများ ဝိုင်းစက်ပြူးကျယ်သွားသည်။ သူမက ရောင်ယီအား တအံ့တသြ ကြည့်မိသည်။

"ဟင်... ရှင် အဲဒီလူတွေကို ကောင်းကောင်းသိသလား"

ရောင်ယီက-

"ကျုပ်ဟာ ငယ်စဉ်ကတည်းက ဒုစရိုက်တောင်ကုန်းပေါ်က ဒုစရိုက်ရွာမှာ နေလာပြီး ကြီးပြင်းအရွယ်ရောက်ခဲ့သူပါ"

ထိုစကားကို ကြားလိုက်ရသောအခါ စုမီမီသည် ရောင်ယီ၏လက်ကို လွှတ်ချလိုက်မိ၏။ နောက်သို့လည်း ခြေလှမ်း နှစ်လှမ်းမျှ ဆုတ်ခွာသွားတော့သည်။

သူမ ကြောက်၍ မဟုတ်ပါ။

သူမ ဝမ်းသာအံ့သြသွားဟန် ရှိပါသည်။

"ဟား... ဟား... လက်စသတ်တော့ မင်းဟာ သူတို့နဲ့ အတူနေပြီး ကြီးပြင်းလာခဲ့တဲ့ ကောင်လေးကိုး၊ ဒါနဲ့သူတို့က ငါ့အကြောင်းတွေ ဘာတွေများ ပြောခဲ့ကြသေးလဲ"

"သူတို့က ကျုပ်ကို မှာကြားထားပါတယ်၊ စုမီမီနဲ့ သိုင်းလောကမှာ တွေ့ကြုံခဲ့ရင်တဲ့ သတိထားပါတဲ့၊ စုမီမီကို ချစ်ကြိုက်မိရင် တစ်သက်လုံး ခွဲခွာမရ ဖြစ်လိမ့်မယ်တဲ့"

စုမီမီ တခစ်ခစ် ရယ်လေတော့၏။ သူမက ရောင်ယီ၏လက်ကို ပြန်လှမ်းဆွဲပြီး-

"မင်းက သူတို့ပြောတဲ့စကားကို ယုံသလား"

"အခုတော့ ယုံပါပြီ၊ အစ်မလေးလို လှတဲ့ချောတဲ့ အမျိုးသမီးကို သိုင်းလောကမှာ ကျွန်တော် တစ်ခါမှ မတွေ့ဖူးသေးဘူး၊ အစ်မလေးရဲ့အချစ်ကိုသာ ကျွန်တော်ရရင် တစ်သက်မပြောပါနဲ့ ဆယ်သက်မခွဲခွာဘဲ နေချင်ပါတယ်"

စုမီမီမှာ ရှောင်ယီ ထိုသို့ပြောလိုက်ခြင်းကို လွန်စွာနစ်သက် သဘောကျသွားဟန်တူသည်။ တခစ်ခစ်ရယ်ရင်း သဘောကျနေတော့သည်။

ကိုယ်လုံးကလေး သိမ့်သိမ့်ခါနေအောင် ရယ်မောနေတော့သည်။

"ကဲ... အစ်မလေးရယ်၊ ကျွန်တော့်ကို အရက်နဲ့ အစာကောင်းလေးများ ကျွေးပါတော့၊ တိုက်ပါတော့"

"မင်း စောစောကပဲ ကြက်ကောင်လုံး တစ်ကောင်လုံး စားပြီးပြီ မဟုတ်လား၊ ဒါတောင် ဆာနေသေးလား"

"စောစောက စားလိုက်တာက ဝမ်းပြည့်ရင်ပြီးရောဆိုပြီး စားတာ၊ အရသာခံ စားလို့ မရဘူးဗျ၊ အခု အရသာရှိရှိ စားချင် သောက်ချင်ပါတယ်၊ တကယ်ပြောတာပါဗျာ၊ ဂူထဲမှာ ဆယ့်လေးငါးရက် သစ်သီးချည်းပဲ စားနေရတော့ သည့်ပြင် လူလူသူသူ ဟင်းလျာလေး ဘာလေးများလဲ စားချင်ပါသေးတယ်"

"ဟင်း... ဟင်း... ကောင်လေးက စကားပြောတတ်လိုက်တာ လာ... လာ... အစ်မက မင်းကို အရသာရှိရှိ ဟင်းမျိုးစုံနဲ့ ဧည့်ခံမှာပါ"

စုမီမီက ရှောင်ယီ၏လက်ကို ဆွဲခေါ်သွားလေတော့သည်။

အရက်ရားအိုးကို လာပို့သောလူမှာ လူငယ်တစ်ယောက် ဖြစ်သည်။

ပိန်လှီပြီး အသားအရည်က ဝါကျင့်ကျင့်နှင့် ဖြစ်နေသော ထိုလူငယ်မှာ ရှောင်ယီထက်တော့ အသက်ကြီးသည်သာ ဖြစ်သည်။

သို့သော် သူ့ခန္ဓာကိုယ်ကတော့ ရှောင်ယီထက် များစွာသေးငယ်နေသည်။

ထို့ပြင် သူငယ်သည် ဇက်ကလေးတိုပြီး ခါးကကုန်းနေသဖြင့် လူမလေး ခွေးမခန့် ရုပ်ရည်မျိုး ပုံသဏ္ဍာန်မျိုး ဖြစ်နေ တော့သည်။

သို့သော် သူ့မျက်လုံးအစုံကမူ စုမီမီ၏ မျက်နှာကို မကြာခဏ စိုက်စိုက်ကြည့်နေလေသည်။

စုမီမီက ထိုလူငယ်ကို စောင်းငဲ့၍ ကြည့်လိုက်ပြီးလျှင် မျက်နှာထား တည်တည်နှင့် ပြောလိုက်သည်။

"ဘယ်လိုလဲ၊ အရက်အိုးချပြီး ကိုယ့်နေရာ ကိုယ်သွားနေ၊ ဘာလို့ အကြာကြီး လုပ်နေတာလဲ"

ထိုလူငယ်သည် အရက်အိုးကို စားပွဲပေါ် အသာတင်ပြီး ပြန်လှည့်ထွက်သွားသည်။ သူ့မျက်နှာပေါ်မှ တင်းမာမှုကို ရှောင်ယီ ရုတ်တရက် တွေ့မြင်လိုက်ရသည်။

ရှောင်ယီက စုမီမီကို ကြည့်သည်။ စုမီမီက ရှောင်ယီအတွက် ကိုယ်တိုင် အရက်တစ်ခွက် ငှဲ့ပေးနေသည်။ ပြီးမှ သူမ အတွက် ငှဲ့သည်။

"အဲဒီကောင်လေးက ဘယ်သူလဲ"

ရှောင်ယီက မေးလိုက်၏။

စုမီမီက-

"ဒီကောင်လေးလား၊ ဒီကောင်လေးရဲ့ အဖေဟာ သိပ်ကို ရက်စက်ဆိုးသွမ်းတဲ့ လူတစ်ယောက်ပဲ"

"ဘယ်လောက်များ ဆိုးသွမ်းရက်စက်တဲ့လူမို့လို့လဲဗျာ၊ ကျွန်တော်တို့ရဲ့ အင်းကျိုးယို့တို့၊ လီတာ့ကြွေတို့ထက်များ ပိုဆိုး လို့လား"

စုမီမီက နှုတ်ခမ်းကို မဲ့ပြလိုက်သည်။

"ဒီကောင်လေးရဲ့အဖေ ဆိုးသွမ်းရက်စက်ပုံကို လူတွေ မသိကြဘူး၊ ဒီကောင်လေးအဖေကို သိုင်းလောကသားတွေက လူတော်လူကောင်း သုစရိုက်သိုင်းသမားကြီးလို့ ပြောဆိုချီးမွမ်းနေကြတယ်၊ ဟင်း... ဟင်း... ဟင်း"

ရှောင်ယီက ဟက်ဟက်ပက်ပက် ရယ်ပြီး ဝင်ပြောလိုက်၏။

"အစ်မလေးလို လူမျိုးကတောင် ဆိုးသွမ်းရက်စက်တယ်လို့ ပြောခဲ့တဲ့လူပဲ၊ ဒီလူ ဘယ်လောက်ဆိုးသွမ်းလိမ့်မလဲဆိုတာ ကျွန်တော် ခန့်မှန်းလို့ ရပါပြီ"

သူက ထိုလူ မည်သူဖြစ်သည်ကို တမင် မမေးဘဲနေသည်။ စုမီမီကလည်း ထိုလူ့နာမည်ကို ပြောမပြပေ။

စားပွဲပေါ်တွင် အရက်နှင့် ဟင်းပွဲများ စုံလင်စွာ ရောက်ရှိနေပြီဖြစ်၍ စားသောက်ရန်သာ ရှိတော့သည်။

ရှောင်ယီ တစ်ချက်စဉ်းစားပြီး ထိုင်ရာမှ ထလိုက်သည်။ သူက စုမီမီကို ပြုံးကြည့်ရင်း ပြောသည်။

"ကျွန်တော်အစာကို အဝ မစားခင် ဝမ်းဗိုက်ထဲက အစာဟောင်းကို ထုတ်ပစ်တဲ့အကျင့် ရှိပါတယ်၊ ဒါကြောင့် အပြင်ခဏ ထွက်ပါရစေ"

စုမီမီက ခေါင်းညိတ်ပြလေ၏။

ရှောင်ယီလည်း စားပွဲမှ ထွက်လာလေသည်။

"ကျန်းယီ... အပြင်မှာ ဟိုကောင်လေး ရှိတယ်၊ သူ့ကို လိုက်ပို့ခိုင်း"

စုမီမီက လှမ်းပြောလိုက်သည်။

အခန်းပေါက် အပြင်ဘက်တွင် ထိုလူငယ်ထိုင်နေသည်။ သူ့နေရာမှာ ထိုင်ခုံပုကလေးဖြစ်လေသည်။ ထိုင်ခုံပုကလေးတွင် ထိုင်ပြီး ကြမ်းပြင်ကို ငုံ့ကြည့်ကာနေသည်။

ရှောင်ယီ သူ့အနားရောက်လာသောအခါ သူ ထိတ်လန့်သွားပြီး ခေါင်းမော်ကြည့်သည်။

ရှောင်ယီက ထိုလူငယ်၏လက်ကို လှမ်းဆွဲထလိုက်စေကာ ပြုံးပြီးပြော၏။

"လာ... ကျုပ်ကို အိမ်သာ လိုက်ပြပါ၊ ကျုပ် အိမ်သာ ဝင်ချင်လို့"

ထိုလူငယ်သည် ခေါင်းကိုငုံ့ပြီး ရှေ့မှလျှောက်သွားလေသည်။ ရှောင်ယီက သူ့နောက်မှ ကပ်ပြီးလိုက်သွားသည်။ ရှောင်ယီက ထိုလူငယ်၏ နောက်ကျောကိုကြည့်ရင်း လှမ်းမေးသည်။

"မင်း အမျိုးအနွယ်က ဘာများလဲကွာ၊ သိချင်လို့ပါ"

ထိုလူငယ်က နောက်လှည့်မကြည့်ဘဲ ပြော၏။

"ကျွန်တော့်အမျိုးအနွယ်က ကျန်းပါ၊ ကျန်းအမျိုးအနွယ်ပါ"

ရှောင်ယီ အံ့ဩသလို ဖြစ်သွားသည်။

"မင်းဟာ ကျန်းအမျိုးအနွယ်တစ်ယောက် ဟုတ်လား၊ မင်းအသက်က ကျုပ်နဲ့ မတိမ်းမယိမ်းနေမှာပဲ"

"ကျွန်တော်ဟာ ခင်ဗျားနဲ့ရွယ်တူလောက်ပဲ ဖြစ်မှာပါ"

"မင်းနာမည်ကကော ဘယ်လို ခေါ်သလဲ"

"ကျွန်တော့်နာမည် ယီလန်ပါ၊ ကျန်းယီလန်"

ရှောင်ယီ မျက်နှာကုတ်ကာ-

"ဒီနေရာဟာ မြေအောက်ခန်းကြီးပဲ၊ ဒီကလူတွေ ကျင်ကြီးကျင်ငယ်စွန့်ရင် အဲဒီကျင်ကြီးကျင်ငယ်တွေ ဘယ်ကိုစီးဆင်းသလဲ၊ ဒီမြေအောက်ခန်းထဲမှာ ရေဆင်းမြောင်းတွေ ရှိသလား"

ကျန်းယီလန်က ခေါင်းယမ်းပြပြီး-

"ဒီမြေကြီးအောက်မှာ ရေမြောင်းတွေတော့ မရှိဘူး၊ သချိုင်းပဲ ရှိပါတယ်"

"သချိုင်း... ဘယ်သချိုင်းလဲ"

ရောင်ယီ အံ့သြနေသည်။

ကျန်းယီလန်က-

"ကြားသိရတာကတော့ ဟောဒီ မြေအောက်ခန်းကြီးကို တည်ဆောက်ပေးခဲ့တဲ့လူရဲ့ သချိုင်းတဲ့"

ရောင်ယီမှာ မျက်မှောင် ပို၍ကုတ်သွားမိသည်။

"အင်း... မင်းသိထားတာတွေ မနည်းဘူးထင်ပါတယ်၊ မင်း ဒီကို ရောက်နေတာ ဘယ်လောက်ကြာနေပြီလဲ"

"တစ်နှစ်လောက် ရှိပါပြီ"

"တစ်နှစ်... မင်း ဘယ်လိုလုပ်ပြီး ဒီကိုရောက်ခဲ့တာလဲ"

"ခင်ဗျားကော ဘယ်လို ဒီကို ရောက်ခဲ့တာလဲ"

ကျန်းယီလန်က ပြန်မေးလိုက်သဖြင့် ရောင်ယီက ရယ်မောမိသည်။

"အင်း... ဟုတ်တယ်၊ စုမီမီကတော့ မင်းကိုတစ်နည်းနည်းနဲ့ ဒီကိုရောက်အောင် ခေါ်လာမှာပါပဲ၊ ကျုပ်အထင်တော့ ဒီမြေအောက်ခန်းကနေ အပြင်ရောက်နိုင်တဲ့မြောင်းတို့၊ ဥမင်လမ်းတို့ ရှိမှာပဲ၊ မင်း မသိဘူးလား၊ သိရင်..."

"ကျွန်တော် မသိပါဘူး"

ကျန်းယီလန်က ခေါင်းယမ်းသည်။

"မင်း မလေ့လာဘူးလား၊ မစုံစမ်းဘူးလား"

"ကျွန်တော် လေ့လဲ မလေ့လာဘူး၊ စုံလဲ မစုံစမ်းဘူး"

"မင်း ဘာကြောင့် မလေ့လာသလဲ၊ မင်း တစ်သက်လုံး ဒီမြေအောက်ခန်းထဲမှာ နေတော့မလို့လား၊ မင်းအိမ်မပြန်တော့ဘူးလား"

ကျန်းယီလန်က-

"ဒီမှာနေရတာ သိပ်ကောင်းတယ်၊ နေလို့ထိုင်လို့ ကောင်းတယ်၊ ဘာကြောင့် ကျွန်တော် အိမ်ပြန်ရမှာလဲ"

ရောင်ယီက ကျန်းယီလန်၏ပခုံးကို လှမ်းဆွဲလိုက်ပြီး-

"မင်းကို ကျုပ်အကဲခတ်ပြီးပါပြီ၊ မင်း ဒီမှာ သိပ်နေချင်တာ မဟုတ်ပါဘူး၊ မင်း အပြင်ကို ထွက်ချင်နေတာ မဟုတ်လား၊ မင်း ကျုပ်နဲ့ပူးပေါင်းမယ်ဆိုရင် တို့နှစ်ယောက်အတူ ဒီကနေ လွတ်မြောက်အောင် ကြံကြတာပေါ့"

ကျန်းယီလန်၏ မျက်နှာမှာ ပြောင်းလဲမှု မရှိဘဲ နေ၏။ သူက ခပ်ဖြည်းဖြည်း ပြောလေသည်။

"ဟောဟို အခန်းထဲ ဝင်သွားပါခင်ဗျာ၊ ခင်ဗျားကိစ္စပြီးရင် ပြန်ထွက်လာပါ၊ ကျွန်တော် စောင့်နေပါ့မယ်"

အခန်းပေါက်တစ်ခန်းရှေ့သို့ ရောက်လာသည်။ ထိုအခန်းမှာ အိမ်သာခန်းဖြစ်သည်။ ရှောင်ယီလည်း ဆက်မပြောဘဲ အိမ်သာထဲသို့ ဝင်လိုက်ရတော့သည်။

ရှောင်ယီ ပြန်ထွက်လာသောအခါ ကျန်းယိလန်က ရှေ့မှထွက်သွားသည်။

သူသည် ရှောင်ယီကို လှည့်မကြည့်၊ စကားမပြောတော့ချေ။ ရှောင်ယီကလည်း အပြန်ဖြစ်သဖြင့် စကားမမေး၊ မပြောတော့။

စုမီမီရှေ့သို့ ရောက်လျှင် ကျန်းယိလန်က ရပ်နေလိုက်၏။ သူက တစ်စုံတစ်ရာ စုမီမီကို ပြောဆိုချင်နေဟန် ရှိသည်။

စုမီမီက ကျန်းယိလန် မျက်နှာကို အကဲခတ်ပြီး မေးသည်။

"မင်း... ဘာပြောချင်လို့လဲ၊ ပြောပါ"

ကျန်းယိလန်က ရှောင်ယီကို လက်ညှိုးထိုးပြပြီး-

"သူ အိမ်သာ သွားချင်လို့ မဟုတ်ဘူး၊ ခဏလေး နေပြီး ပြန်ထွက်လာပါတယ်၊ သူက ကျွန်တော့်ကို ဒီကနေ အတူထွက်ပြေးဖို့ ပြောပါတယ်၊ ဒီကနေ ထွက်နိုင်မယ့် ဥမင်လမ်းကို မေးပါတယ်၊ ကျွန်တော်က မသိဘူးလို့ ပြောတာကို သူက မယုံပါဘူး"

စုမီမီက ရှောင်ယီကို မျက်လုံးပြူးကြည့်သည်။ ပြီးမှ အေးစက်စက် ရယ်သွမ်းလိုက်၏။

"ကျန်းယီ မင်း ဒီကနေ တကယ်ပဲ ထွက်ပြေးချင်လို့လား၊ မင်းကို ငါ ပြောပြမယ်၊ ဟောဒီမြေအောက်ခန်းကနေ အပြင်ကို ရောက်ချင်ရင် ဘယ်သူ့ကိုမှ လျှောက်မမေးပါနဲ့၊ ဘယ်သူမှလဲ လျှို့ဝှက်ဥမင်လမ်းကို သိမှာမဟုတ်ဘူး၊ လျှို့ဝှက်လမ်းကို ငါ တစ်ယောက်တည်းပဲ သိတယ်"

ရှောင်ယီက ရယ်မောပြီး-

"ကျုပ်ဟာ ဒုစရိုက်ရွာမှာ တစ်သက်လုံး နေနိုင်ခဲ့တဲ့လူပါဗျ၊ ဒီမြေအောက်ခန်းဟာ ဒုစရိုက်ရွာထက် အများကြီး နေလို့ထိုင်လို့ ကောင်းပါတယ်၊ ကျုပ် မနေချင်စရာ မရှိပါဘူး၊ ကျုပ်က ဒီကောင်လေးကို စိတ်စမ်းကြည့်တဲ့အနေနဲ့ တမင် မေးစမ်းကြည့်တာပါ"

စုမီမီက-

"မင်းက ငါ့လူတွေကို စိတ်စမ်းတာလား၊ မစမ်းနဲ့ မရဘူး၊ သူတို့က ဒီမြေအောက်ခန်းဆောင်မှာ ပျော်နေကြတာ"

သူမက ကျန်းယိလန်၏ ပခုံးကို လှမ်းကိုင်ပြီး ပြုံးရယ်ပြသည်။

"မင်း... သစ္စာရှိပါတယ်၊ မင်း သွားတော့"

ကျန်းယိလန်သည် ခေါင်းညိတ်ကာ လှည့်ထွက်သွားလေသည်။

စုမီမီက ရှောင်ယီဘက်ကို ပြန်လှည့်လာပြီးပြုံးကာ မေးခွန်းထုတ်သည်။

"ငါ မင်းကို သတ်ပစ်ချင်တယ်၊ ဒါပေမယ့် ဘာလို့ မသတ်တာလဲဆိုတာ မင်း သိရဲ့လား"

ရှောင်ယီက မဲ့ပြုံးပြုံးပြပြီး ခေါင်းယမ်းလိုက်သည်။

"ဘယ်သိနိုင်မလဲဗျာ၊ ကျုပ်က တန်ခိုးရှင်မှ မဟုတ်တာပဲ"

စုမီမီက-

"မင်းကို ငါ သိပ်သဘောကျလို့ မသတ်ရက်လို့ပဲကွ၊ နားလည်ရဲ့လား"

"ကျုပ်ကလဲ အစ်မလေးကို မြင်မြင်ချင်း သဘောကျ နှစ်သက်ပါတယ်၊ ဒါကြောင့် ဒီမြေအောက်ခန်းဆောင်မှာ ကျုပ် အစ်မလေးနဲ့ တစ်သက်လုံး နေဖို့ စိတ်ဆုံးဖြတ်လိုက်တာပေါ့ဗျ"

ရောင်ယီ၏စကားကို ကြားသောအခါ စုမီမီ ပြုံးသွားတော့သည်။

"ကဲ... လာ ထိုင်လေ၊ အရက်နဲ့ အရသာရှိလှတဲ့ ဟင်းလျာတွေ စားကြသောက်ကြရအောင်၊ စားသောက်ပြီးရင်-"

စုမီမီ စကားမဆုံးမီ ကျန်းယိလန် ပြေးဝင်လာသည်။ သူ့မျက်နှာမှာ အလွန်ထိတ်လန့်နေဟန်ရှိ၏။

"သေကုန်ပြီ၊ အကုန်လုံး သေကုန်ပြီ"

"ဘယ်သူတွေ သေကုန်တာလဲ၊ ရှင်းအောင် ပြောစမ်း၊ အမြန်ပြောစမ်း၊ ဘာဖြစ်လို့လဲ"

စုမီမီ မျက်လုံးပြူးသွားသည်။

ကျန်းယိလန်က တုန်ယင်သောအသံနှင့်-

"သွားကြည့်ပါ၊ ရှေ့ခန်းထဲမှာ ထိုင်နေကြတဲ့ သူတို့အားလုံး သေကုန်ပြီ အစ်မလေး"

ကျန်းယိလန်မှာ ထိတ်လန့်လွန်းအားကြီးစွာ ဖြစ်နေသည်ကြောင့် ထင်၏။ မူးမိုက်ပြီး လဲကျသွားပါတော့သည်။

စုမီမီလည်း ထိုင်ရာမှ ဝုန်းခနဲထပြီး ပြေးထွက်သွားလေတော့၏။

ရောင်ယီသည် ဣန္ဒြေရရပင် ထရပ်လိုက်၏။ သူ့အဖို့ ဘာမျှ ပြုးပြူးပျာပျာ ဖြစ်စရာ မလိုပေ။ သူက ကံကောင်း၍ မသေသေးသော ဧည့်သည်မျှသာဖြစ်သည် မဟုတ်ပါလား။

------------------- * * * * * -------------------

အခန်း(၅၁)

မဖွယ်မရာ ပုန်းအောင်းစရာ

==============================

အလောင်းများ ပုံစံအမျိုးမျိုးဖြင့် လဲကျနေ၏။

စောစောက မိန်းမလျာလိုပုံစံမျိုး ရှိကြသည့် လူငယ်ရှစ်ဦးမှာ အားလုံး အလောင်းကောင်တွေ ဖြစ်နေကြပြီ။ အားလုံး သေနေကြပြီ။

ထိုလူငယ်များ၏ မျက်လုံး၊ နှာခေါင်းပေါက်၊ နားပေါက်၊ ပါးစပ်ပေါက်များမှ သွေးများ ယိုစီးကျနေသည်။

"ဘယ်လို ဖြစ်ကုန်တာလဲ၊ သူတို့ကို ဘယ်သူ လာသတ်သွားတာလဲ၊ ဘယ်ရန်သူ ကျူးကျော်ဝင်လာတာလဲ"

စုမီမီတစ်ယောက် လွန်စွာ ထိတ်လန့်အံ့သြနေသည်။ ရှောင်ယီက ထင်ကြေးပေးသည်။

"အစ်မလေး ပြောတဲ့ ဟိုလူ့ဘီလူးကြီး ဝင်လာပြီး သတ်ပစ်လိုက်တာများလား"

စုမီမီ ခေါင်းယမ်းသည်။

"မဖြစ်နိုင်ဘူး၊ ဒီမြေအောက်ခန်းဆောင်ထဲ ဝင်တဲ့ လျှို့ဝှက်လမ်းကို ဘယ်သူမှ မသိဘူး၊ ငါ တစ်ယောက်ထဲကလွဲလို့ ဘယ်သူမှ မသိနိုင်ဘူး"

စုမီမီသည် ထိုသို့သာ ပြောနေသော်လည်း အခန်းပေါက်တစ်ခုကို ပွင့်စေအောင် ခလုတ်နှိပ်ပြီး ဝင်တော့မည့်ဟန်ပြင်သည်။ သူက ရှောင်ယီကို သတိရသွားဟန်နှင့် လှည့်ပြီး ပြောသည်။

"မင်း ငါ့နောက်ကနေ လိုက်မချောင်းရဘူးနော်၊ ထမင်းစားခန်းထဲပဲ ပြန်သွားနေပါ၊ ငါ ပြန်လာမယ်၊ ငါ့နောက်ကို လိုက်ချောင်းရင်တော့ ငါ မင်းကို မညှာဘူး၊ သတ်ပစ်မယ် သိလား"

ရှောင်ယီက-

"စိတ်ချသွားပါ၊ ကျုပ် လိုက်မကြည့်ပါဘူးဗျာ"

စုမီမီ လျှို့ဝှက်တံခါးကို ပိတ်၍ ပျောက်ကွယ်သွားသည်နှင့် ရှောင်ယီသည် ထမင်းစားရာ အခန်းထဲသို့ ပြန်လာခဲ့တော့သည်။

မူးမေ့လဲနေသော ကျန်းယီလန်ကို မတွေ့ရတော့ပါ။ ကျန်းယီလန် ဘယ်ပျောက်သွားလေသနည်း။

အခန်းပေါက်တစ်ပေါက်သာ ရှိသောကြောင့် ရှောင်ယီ ပြန်ပြေးထွက်လာသည်။ သူက အိမ်သာသွားရာလမ်းအတိုင်း ပြေးသွားသည်။ ဤတစ်လမ်းသာလျှင် ပြေးလိုက်ကြည့်နိုင်သည်ဟု ရှောင်ယီ ယူဆ၏။

အိမ်သာတံခါးက အနည်းငယ် ဟနေသည်။ ရှောင်ယီက အိမ်သာတံခါးကို ဆွဲဖွင့်လိုက်ရာ ကျန်းယီလန်၏ ကိုယ်ခန္ဓာကို တွေ့မြင်ရတော့သည်။

ဦးခေါင်းကို မတွေ့ရပါ။

သူ့ဦးခေါင်းမှာ အိမ်သာပေါက်ထဲ စိုက်ကျနေသည်ကို တွေ့ရ၏။

ရှောင်ယီက အသံမပြုဘဲ ရပ်ကြည့်နေလိုက်၏။ ကျန်းယီလန်သည် တစ်ကိုယ်လုံး အိမ်သာပေါက်ထဲ တိုးဝင်သွားသည်။

အိမ်သာပေါက်ဘေးတွင် အဖုံးရှိသည်။ ကျန်းယီလန်အောက်သို့ရောက်ပြီး အဖုံးကို ပြန်ပိတ်ရန် ဦးခေါင်းပြန်ထွက်လာ၏။ ဤတွင် ရှောင်ယီကို တွေ့မြင်သွားတော့သည်။

ကျန်းယိလန် လွန်စွာ ထိတ်လန့်သွားသည်။ မျက်လုံးအစုံ ပြူးကျယ်သွားပြီး ပါးစပ်ဟောင်းလောင်း ဖြစ်သွားသည်။

"မင်းတစ်ယောက်ထဲ ထွက်ပြေးမလို့ ကြံသလား၊ ငါ့ကို မခေါ်ဘဲ ပြေးလို့ရမလား"

ရှောင်ယီက ပြုံးရယ်ပြီး ပြောလိုက်ရာ ကျန်းယိလန်က-

"ကျွန်တော်... ကျွန်တော် ထွက်ပြေးမလို့ မဟုတ်ပါဘူး၊ ကျွန်တော်အိမ်သာတွင်းထဲ ဝင်ပြီး..."

"အိမ်သာတွင်းထဲ ဝင်ပြီး မစင်စားမလို့လား၊ ဟား... ဟား... ဟား... ငါ့ကို ဘာမှ လှည့်စားမယ် မကြံနဲ့၊ မရဘူး၊ ကဲ... ဆင်းစမ်း၊ ငါလဲ လိုက်ဆင်းမယ်"

ကျန်းယိလန်မှာ ထပ်မံ မပြောတော့ဘဲ ဆက်ဆင်းသွားသည်။ ရှောင်ယီက အိမ်သာပေါက်ထဲ ခြေဖြင့် အရင်ဆင်းသည်။ တွင်းနံရံကို ခြေကန်ပြီး ဆင်းရလေသည်။

အောက်မှ ကျန်းယိလန်လည်း တွင်းနံရံကို ခြေကန်ထောက်ပြီး ဆင်းသွားသည်။ အတန်ငယ်ဆင်းသက်မိသောအခါ ကျန်းယိလန်သည် တွင်းနံရံမှ အပေါက်တစ်ပေါက်ထဲသို့ ဝင်ရောက်ပျောက်ကွယ်သွားတော့၏။

မစင်တွင်းပေါက်နံရံတွင် ဥမင်ပေါက် ဖောက်ထားသည်ကို အံ့သြဖွယ်ရာ တွေ့ရလေသည်။ ဥမင်လမ်းမှာ ဆယ်ပေခန့် ရှည်လျားသည်။

ရှောင်ယီက ဥမင်ပေါက်အဆုံးသို့ ရောက်၍ ကြည့်လိုက်ရာ လူတစ်ယောက် ချောင်ချောင်ချိချိ ဝင်ထိုင်ဝင်ခွေလှဲနိုင်သည့် နေရာလေးသာ ကျယ်ဝန်းကြောင်း တွေ့ရ၏။

သူတို့နှစ်ယောက် တိုးတိုးငှေ့ငှေ့ ပူးကပ်ထိုင်လိုက်ကြ၏။

"မင်း ဟိုလူတွေအားလုံးကို အဆိပ်ခတ်သတ်လိုက်တာ မဟုတ်လား"

"မဟုတ်ပါဘူး၊ ကျွန်တော် သူတို့ကို မသတ်ပါဘူး"

ကျန်းယိလန်က ခေါင်းကို တွင်တွင်ခါယမ်းပြပြီး ငြင်းသည်။ ရှောင်ယီက အေးစက်စက် ရယ်လိုက်ပြီး-

"မင်း မလိမ်ပါနဲ့တော့၊ ဘယ်လိုဖြစ်တယ်ဆိုတာ မင်းမပြောလဲ ငါသိပါတယ်၊ မင်းက စုမီမီကို ထွက်သွားအောင် လုပ်ပြီးမှ ဒီမှာ လာပုန်းတယ်၊ မင်းကို စုမီမီ ရှာလို့မတွေ့တော့မှ မင်း တစ်နည်းနည်းနဲ့ ဒီမြေအောက်ခန်း ထောင်ထဲကနေ ထွက်ပြေးမယ်၊ ဒီလို မဟုတ်လား"

ကျန်းယိလန် သက်ပြင်းကိုချလိုက်သည်။ သူသည် ရှောင်ယီအား ဆက်လက်လိမ်ညာ၍ မဖြစ်နိုင်တော့ကြောင်း ရိပ်မိလိုက်လေပြီ။

"ဒီလိုပါ၊ ဒီနေရာကို ကျွန်တော်အရေးကြုံရင် ပုန်းဖို့ တူးဖောက်ထားခဲ့တာပါ၊ ဒီတွင်းကို ကျွန်တော် တစ်နှစ်လောက် အချိန်ယူပြီး ဖောက်ခဲ့ရပါတယ်"

"မင်းမို့လို့ ကြံကြံဖန်ဖန် ပုန်းခိုဖို့နေရာကို မစင်တွင်းထဲ လာဖောက်ထားတယ်၊ နံမှာပေါ့"

"နံတာထက် အသက်ဘေးက ပိုအရေးကြီးပါတယ်၊ ကျွန်တော့်မှာ ရိက္ခာအခြောက်တွေ၊ ရေအိတ်တွေ သိုလှောင်ထား သေးတယ်"

မှန်သည်။ သူတို့ရှေ့တွင် ရေအိတ်ကြီးနှစ်လုံးနှင့် ပစ္စည်းထုပ်များ စီထားသည်ကို တွေ့ရ၏။ စာအုပ် လေးငါးအုပ်ကိုလည်း တွေ့ရ၏။

ရှောင်ယီက အထုပ်တစ်ထုပ်ကို ဆွဲယူပြီး ဖြေကြည့်လိုက်သည်။ ဝက်အူချောင်းများ ဖြစ်ကြောင်း တွေ့ရ၏။

"ကျွန်တော် ဒီတွင်းပေါက်ကို ဖောက်ခဲ့ရတာ အတော့်ကို ပင်ပန်းခဲ့ရပါတယ်၊ သတိလဲ အတော့်ကို ထားခဲ့ရတယ်"

"ဟုတ်တာပေါ့၊ စုမီမီသာ သိရင် မင်းကို အသတ်ပဲ"

"ဟုတ်တယ်၊ ကျွန်တော် အိမ်သာတက်တိုင်း တွင်းထဲဆင်းပြီး တူးခဲ့ရပါတယ်၊ ခင်ဗျားပဲ စဉ်းစားကြည့်ပါဦး၊ လူတစ်ယောက်ဟာ တစ်နေ့ကို အိမ်သာ ဘယ်နှစ်ခါ တက်နိုင်သလဲ၊ တစ်နေ့တစ်ခါ အများဆုံး နှစ်ခါပဲ တက်မှာပေါ့၊ အိမ်သာတစ်ခေါက်တက်မှ တစ်ခါ ဆင်းတူးရတာ၊ ကဲ... တစ်နေ့ ဘယ်လောက်များ တူးနိုင်မှာလဲ၊ နောက်ပြီး အိမ်သာတက်ချိန်က သိပ်ကြာလို့ မဖြစ်ပြန်ဘူး၊ သိပ်ကြာနေရင် သင်္ကာမကင်းဖြစ်ခံရမယ်ဆိုတော့ ကျွန်တော် ဘယ်လိုအချိန်ယူပြီး တူးရသလဲဆိုတာ ခင်ဗျားပဲ တွေးကြည့်ပါတော့"

သူသည် ပြောပြနေရင်းမှ အော့အန်ချင်လာဟန်နှင့် ပျို့ပျို့တက်လာသည်။

မစင်တွင်းထဲမှ အနံ့အသက်တို့ကို သတိထားရှူရှိုက်မိသောကြောင့်ဖြစ်၏။ ဤတွင်မှ ရောင်ယီသည် အနံ့ဆိုးကို သတိထားမိသွားသည်။

ရောင်ယီသည် အော့အန်ချင်လာသည်။ ကျန်းယိလန်က အန်လိုစိတ်ကို မနည်းအောင့်ထားလိုက်ရဟန်တူသည်။ သူ့ထံမှ အော့အန်သံ မထွက်ပေါ်စေရန် ဖြစ်သည်။

ရောင်ယီလည်း မအန်မိအောင် အောင့်အည်းသည်းခံရသည်။

"ကျွန်တော် ဘာကြောင့် ဒီလောက် ပိန်နေတာလဲဆိုတာ ခင်ဗျား သိရဲ့လား"

ကျန်းယိလန်က မေးလိုက်သည်။

ရောင်ယီက ခေါင်းယမ်းပြသည်။

ကျန်းယိလန်က အံကြိတ်ပြီး-

"ကျွန်တော်အခုလို ပိန်နေရတာက ကျွန်တော် အစာသိပ်မစားလို့ပဲဗျ၊ အခင်းသွားချိန်ကို မဖြုန်းချင်လို့ ကျွန်တော်အစာကို နည်းနည်းကလေးပဲ စားတယ်၊ အစာနည်းနည်းပဲ စားတဲ့အတွက် နေ့တိုင်း အခင်းသွားဖို့ မလိုဘူးပေါ့ခင်ဗျာ၊ အိမ်သာတော့ နေ့စဉ် ဝင်ပါတယ်၊ အခင်းမသွားရတဲ့နေ့မှာ အချိန်ပိုရတော့ ဥမင်တူးရတာ ပိုပြီး အလုပ်ပြီးတာပေါ့ဗျာ"

သူသည် ဖြူဖွေးလှသော သွားတွေပေါ်အောင် ပြုံးရယ်လိုက်သည်။

"ကျွန်တော် တစ်နှစ်တာအတွင်း ဒီလောက်ပဲ အကျယ်အဝန်းရှိတဲ့ ဥမင်ကို တူးနိုင်ခဲ့ပါတယ်၊ ပုန်းလို့ခိုလို့ ရလောက်ရုံပါပဲ"

ရောင်ယီက ခေါင်းကို ခပ်ဖြည်းဖြည်း ခါယမ်းသည်။ ဘာမှ မပြောပါ။ ကျန်းယိလန်က ရောင်ယီကို စူးစိုက်ကြည့်ပြီးလျှင် ခေါင်းကို ငုံ့လိုက်၏။ သူက တစ်စုံတစ်ရာ ငုံ့ပြီး စဉ်းစားနေဟန် တူသည်။

ရုတ်တရက် သူ ခေါင်းမော့လာသည်။ သူ့မျက်နှာမှာ လွှန်မင်းစွာ ထိတ်လန့်နေဟန် ပေါ်လွင်လာသည်။

"ဟာ... ဒုက္ခပဲ၊ ဒုက္ခတော့ ရောက်ပါပြီဗျာ၊ ဒုက္ခအစစ် မလွဲမသွေ ရောက်တော့မယ်"

"ဘာဒုက္ခရောက်ရမှာလဲ ပြောစမ်းပါဦး"

ရောင်ယီက မျက်လုံးပြူးကြည့်ပြီး မေးမိသည်။

ကျန်းယိလန်လည်း မျက်လုံး ပြူးနေ၏။

"ခင်ဗျား အိမ်သာတွင်းထဲ ဆင်းလာတော့ တွင်းပေါက်အဖုံးကို ပြန်ဖုံးခဲ့ရဲ့လား"

"ဟာ... ကျုပ် ပြန်မဖုံးခဲ့ဘူး"

ရောင်ယီမှာ ကျန်းယိလန်ထက်ပင် မျက်လုံး ပို၍ ပြူးသွားသည်။

ကျန်းယိလန် တုန်တုန်ယင်ယင် ဖြစ်လာသည်။

"စုမီမီဟာ ကျွန်တော်တို့ကို မတွေ့ရင် နေရာအနှံ့လိုက်ပြီး ရှာမှာပဲ၊ အိမ်သာခန်းကို ဝင်ကြည့်ရင် တွင်းအဖုံး ပွင့်နေတာ တွေ့ရင် သူ သံသယဝင်မှာ မလွဲဘူး"

"စုမီမီ တွေ့နိုင်ပဲ့မလားကွ၊ ငါတို့ မစင်တွင်းထဲမှာ ရှိလိမ့်မယ်လို့တော့ သူ တွေးမှာ မဟုတ်ပါဘူး"

"စုမီမီက သိပ်ပါးနပ်တဲ့အမျိုးသမီးဗျ၊ သူက တွေးချင် တွေးမှာ၊ ကုသိုလ်ကံပေါ့ဗျာ၊ ခုမှတော့ ပြန်မထွက်တာ အကောင်း ဆုံးပဲ၊ မိချင်လဲ မိသွားပါစေတော့၊ အသေခံလိုက်ရုံပဲ"

ကျန်းယီလန်က စိတ်လျှော့ဟန်ဖြင့် သက်ပြင်းကို ချပြီး ငေးငိုင်သွားလေသည်

ရှောင်ယီကလည်း သက်ပြင်းချသည်။

"ငါ... စုမီမီရဲ့ သိုင်းပညာအဆင့်ကို ခန့်မှန်းလို့ မတတ်သေးဘူး၊ ဒါကြောင့် သူ့ကို ရင်ဆိုင်ယှဉ်ပြိုင်တိုက်ဖို့ မဝံ့သေးပါ ဘူး"

ကျန်းယီလန်က-

"စုမီမီရဲ့ သိုင်းပညာအဆင့်လား၊ မြင့်တယ် မြင့်လှပါတယ်၊ သူဟာ ချစ်သူ တော်တော်များများ ထားခဲ့သတဲ့၊ အဲဒီချစ်သူ တွေဆီက သိုင်းပညာတွေကို တစ်ကွက်ဆီလောက်ပဲ သင်ခဲ့ဦးတော့ သူ ဘယ်လောက် ထက်မြက်နေလဲဆိုတာ ခင်ဗျား စဉ်းစား လို့ ရပါတယ်"

ရှောင်ယီက ခေါင်းညိတ်မိသည်။

"ဒီလိုလုပ်ရအောင်၊ ငါ... တွင်းပေါ် အသာကလေး ပြန်တက်မယ်၊ တွင်းဖုံးကို သွားပိတ်လိုက်မယ်၊ ငါ့ကြောင့် မင်း ဒုက္ခ ရောက်မှာတော့ မဖြစ်စေချင်ပါဘူးကွာ"

"နေဦး... နေပါဦး၊ ကျွန်တော် အပေါ်က ခြေသံ ကြား မကြား နားထောင်ကြည့်လိုက်ဦးမယ်၊ နားထောင်ပြီးမှ ခင်ဗျားသွား ပါ"

ကျန်းယီလန်သည် သူ့နားကို နံရံတွင် ကပ်လိုက်ပြီး နားထောင်လိုက်သည်။ ယင်းသို့နားထောင်နေသည့် သူ့မျက်နှာ သည် တဖြည်းဖြည်း သွေးဆုတ်ဖြူရော်လာလျက်ရှိနေသည်။

"ဟာ... ခက်ပြီ... ခက်ပြီ၊ သူ့ခြေသံကို ကြားတယ်၊ သူ အိမ်သာရှေ့ကို ရောက်နေပြီ ထင်တယ်"

ကျန်းယီလန်၏ မျက်နှာမှာ စက္ကူဖြူတစ်ရွက်နယ် ဆွတ်ဆွတ်ဖြူသွားပါတော့သည်။

------------------- * * * * * -------------------

အခန်း(၅၂)

ကံဆိုးသူများ

==============================

ရောင်ယီလည်း မြေနံ့ရံကို နားရွက်ဖြင့် ကပ်၍ နားထောင်ကြည့်သည်။ အပေါ်ဘက် မြေကြီးပေါ်တွင် နင်းလျှောက်နေသော ခြေသံကို ကောင်းစွာ ကြားနေရသည်။

ခြေသံမှာ ဟိုဟိုသည်သည် ပြေးလွှားနေသော ခြေသံမျိုး ဖြစ်သည်။

စုမီမီသည် ရောင်ယီနှင့် ကျုန်းယိလန်ကို ဒေါသတကြီး လိုက်လံရှာဖွေနေဟန် ရှိ၏။

အတန်ကြာ နားထောင်ပြီးနောက် ရောင်ယီက ကျုန်းယိလန်ကို လှမ်း၍ တီးတိုးပြောသည်။

"တို့ ဘယ်ရောက်သွားပြီလဲဆိုတာ သူ မခန့်မှန်းတတ်တော့ဘူး ထင်တယ်၊ ဟိုပြေးဒီလွှား လုပ်နေတယ်"

ကျုန်းယိလန်က-

"ဘယ်လိုပဲ ခန့်မှန်းမတတ် ဖြစ်နေပေမယ့် နောက်ဆုံးတော့ သူ ပြန်စဉ်းစားမိသွားမှာပါပဲ၊ မစင်တွင်းရဲ့အဖုံးက ဘာကြောင့်ပွင့်နေတာလဲဆိုတာ သူ စဉ်းစားမိလိမ့်မယ်၊ ဒါကို ကလေးတောင် စဉ်းစားနိုင်ပါတယ်ဗျာ"

"သူ သိပ်ပြီး ဒေါသဖြစ်နေပုံရတယ်၊ ဒါကြောင့် သူ ဒီလောက်အထိ တွေးပါ့မလား၊ ငါ့စိတ်ထင်တော့ သူ တွေးမိမှာ မဟုတ်ဘူးလို့ ထင်တာပဲ"

"ခင်ဗျားပြောသလို သူ မတွေးမိပါစေနဲ့လို့ပဲ ကျွန်တော် ဆုတောင်းနေပါတယ်"

ကျုန်းယိလန်က ပြောပြီး သက်ပြင်းချလေသည်။ ထို့နောက် ခပ်ဖြည်းဖြည်း ပြောပြ၏။

"ကျွန်တော်တို့နှစ်ယောက်ကို သူ ရှာလို့ မတွေ့တော့ရင် သူ ဒီမြေအောက်ခန်းဆောင်မှာ ကြာကြာဆက်နေမှာ မဟုတ်တော့ဘူး၊ သူ အဖော်ပြုတဲ့လူတွေ တစ်ယောက်မှ မရှိတော့လို့ သူလဲ တစ်ယောက်တည်း နေချင်မှာ မဟုတ်ဘူး"

"အင်း... ဟုတ်တယ်၊ သူ သွားမှာပါပဲ"

"ကျွန်တော်တို့ ဒီဥမင်ထဲမှာ ဆယ်ရက်၊ ဆယ့်ငါးရက်လောက် ပုန်းအောင်းနေရလိမ့်မယ်၊ အပေါ်က အသံဗလံတွေ ရှိ၊ မရှိ စောင့်နားထောင်ရမယ်၊ သူ ဒီက ထွက်သွားပြီဆိုရင်တော့ ကျွန်တော်တို့ တွင်းပေါ် ပြန်တက်ပြီး ထွက်ပေါက် ရှာထွက်ရမယ်၊ ဒါဟာ ကျွန်တော့်အစီအစဉ်ပဲ"

"မင်းအစီအစဉ် သိပ်မဆိုးပါဘူး၊ သူ အဖော်ပြုနေတဲ့ လူတွေအားလုံးကို အဆိပ်ခတ်သတ်လိုက်ပြီး မင်းက ကြိုတင်တူးဖောက်ထားတဲ့ မစင်တွင်းထဲက ဥမင်ထဲကို ဝင်ပုန်းနေမယ်၊ စုမီမီ အဖော်မဲ့နေလို့ ဒီမှာ မနေနိုင်တော့ရင် ထွက်သွားလိမ့်မယ်၊ အဲဒီတော့မှ မင်းက အေးအေးဆေးဆေး ထွက်ပြီးတော့ အပြင်ရောက်မယ့် ထွက်ပေါက် ရှာမယ်၊ ဒီအတိုင်း ဆိုပါတော့"

"ဟုတ်ကဲ့၊ ဒီလို အကြံ ကြံထားတာပါပဲ

"နေစမ်းပါဦး၊ အပြင်ရောက်နိုင်တဲ့ လျှို့ဝှက်ထွက်ပေါက်ကို မင်းသိလို့လား"

"လောကမှာ ထာဝရ လျှို့ဝှက်ထားနိုင်တဲ့အရာဆိုတာ မရှိနိုင်ပါဘူးခင်ဗျာ"

ကျုန်းယိလန်က တည်ကြည်သော မျက်နှာထားဖြင့် ပြန်ပြောသည်။

ရောင်ယီ ဝမ်းမြောက်ဝမ်းသာဖြစ်သွားသည်။

"တို့ ဒီဥမင်တွင်းထဲမှာ ဆယ်ရက်လောက် ပုန်းနေကြမယ်၊ မင်း သိုမှီးထားတဲ့ ရိက္ခာတွေက တို့နှစ်ယောက် ဆယ်ရက်စာ ရှိပါ့မလား၊ လောက်ငပါ့မလား၊ အဲဒီအတွက်တော့ ငါ နည်းနည်းပူတယ်ကွာ"

"ဒါတောင့် ချွေချွေတာတာ စားရမှာပေါ့ဗျာ၊ ကျွန်တော်တော့ နည်းနည်းပဲ စားရင် ဖြစ်ပါတယ်၊ ရေကိုလဲ နည်းနည်းပဲ သောက်ရမှာပေါ့၊ ကျွန်တော် တစ်ယောက်တည်းဆိုရင်တော့ လုံလောက်ပါတယ်၊ ခုတော့ မထင်မှတ်ပဲ ခင်ဗျားတစ်ယောက် ပိုလာတော့ အင်း... ချွေတာရမှာပေါ့ဗျာ၊ အသက်ထက်တော့ ဘာမှ အရေးမကြီးပါဘူး"

ပြောရင်းပြောရင်း ကျင်းယိလန် အသံတိမ်ဝင်သွားသည်။ သူတစ်စုံတစ်ခုကို တွေးမိသွားဟန် ရှိ၏။ ရောင်ယီ ရိပ်မိလိုက်သော်လည်း အတင်းအကြပ် မမေးတော့ပေ။

အတန်ကြာသောအခါ ကျန်းယိလန်ရော ရောင်ယီပါ မဟန်နိုင်ကြတော့ပေ။ လွန်စွာညောင်းညာလာသဖြင့် ကျဉ်းကျဉ်းကြပ်ကြပ်ပင် ခွေလှဲလိုက်ကြသည်။

မစင်တွင်းထဲမှာ အနံ့အသက်ဆိုးကလည်း သူတို့ကို တော်တော် ဒုက္ခပေးသည်။ တွင်းကို ပြုလုပ်ထားပုံမှာ စနစ်ကျလှပြီး မစင်နံ့ကို အခြားအပေါက်တစ်ပေါက်မှ ထွက်စေရန် ပြုလုပ်ထားသောကြောင့်သာ သူတို့ နေနိုင်ကြခြင်းဖြစ်ပေသည်။

ရောင်ယီမှာ အရက်သောက်ထားသောကြောင့် ဤအချိန်တွင် အိပ်ချင်စ ပြုလာသည်။

နောက်ဆုံး ရောင်ယီ အိပ်ပျော်သွားသည်။ အရက်ရှိန်ကြောင့် သူ့မျက်နှာ နီမြန်းနေလေ၏။ မကြာမီ တစ်ခေါခေါဖြင့် ဟောက်သံပေါ်လာ၏။

ကျန်းယိလန်မှာ မျက်လုံးကို မှိတ်ထားသော်လည်း မှိတ်ထားသော မျက်လုံးမှာ လှုပ်ခနဲလှုပ်ခနဲ ဖြစ်နေသည်။ သူအိပ်၍ မပျော်သေးဘဲရှိသည်။

ရောင်ယီကား အကယ်ပင် အိပ်မောကျသွားဟန် ရှိ၏။ သူ့ဟောက်သံမှာ နားမခံနိုင်အောင် ထွက်ပေါ်လာသည်။ အတန်ကြာသောအခါ ကျန်းယိလန်၏ မျက်လုံးပွင့်လာသည်။ သူသည် ခပ်ဖြည်းဖြည်း ထထိုင်သည်။ အိပ်နေသော ရောင်ယီ၏ မျက်နှာပြင်ကို စူးစူးစိုက်စိုက် ကြည့်သည်။

သူက တဖြည်းဖြည်း ကိုယ်ကို ရွေ့သည်။ နံရံဘေးရှိ ပစ္စည်းတစ်ခုကို လှမ်းယူသည်။ အသံဗလံ လုံးဝ မထွက်စေအောင် ဂရုစိုက်ပြီး လှမ်းယူခြင်းဖြစ်၍ လုံးဝ အသံမထွက်ပေ။ ရောင်ယီကိုလည်း အကဲခတ်ရသေးသည်။

ရောင်ယီမှာ အသက်ကို မှန်မှန်ရှူ၍သာ နေ၏။ အိပ်ပျော်နေဆဲသာ။

ကျန်းယိလန်သည် လက်ထဲရောက်လာသောပစ္စည်းကို အသံမမြည်အောင် ကိုင်တွယ်သည်။ စာအုပ်တစ်အုပ် ဖြစ်နေ၏။

ထိုစာအုပ်ကြားမှ စာရွက်တစ်ရွက်ကို ဆွဲထုတ်၍ ယူပြီး အသာအယာ ကိုင်ပြီး ခေါက်သည်။

ထို့နောက် သူဝတ်ထားသော ဖိနပ်ထဲသို့ ထည့်သည်။ လျှို့ဝှက်ပစ္စည်းတစ်ခုကို တစ်နေရာသို့ လွှဲပြောင်းခြင်းဖြစ်ကြောင်း သိသာသည်။

စာရွက်ခေါက်ကလေးကို ဖိနပ်ထဲထည့်ပြီးနောက်ပိုင်းတွင် သူ စိတ်သက်သာရာ ရသွားဟန်တူ၏။ စာအုပ်ကို နံရံထောင့်သို့ အသာပြန်ထားပြီး ခပ်ဖြည်းဖြည်း ခွေလှဲအိပ်ချလိုက်တော့သည်။

သူမျက်လုံးအစုံကို ပြန်ပိတ်လိုက်သည်။ ဤတစ်ကြိမ်တွင်မူ စိတ်ချလက်ချ ဖြစ်သွားဟန်နှင့် အိပ်ပျော်သွားလေတော့သည်။

ကျန်းယိလန် မျက်လုံးပိတ်သွားပြီးသည့်အခါတွင် ရောင်ယီ၏မျက်လုံးများ ပွင့်လာ၏။ ရောင်ယီ အိပ်ချင်ယောင်ဆောင်ခြင်းသာတကား။ ရောင်ယီသည် ကျန်းယိလန်အိတ်အတွင်းမှ ဖယောင်းတိုင်နှင့် မီးခတ်ကျောက်ကို ရှာပြီး မီးထွန်းညှိလိုက်၏။

မီးရောင်မှိန်မှိန်က ကျန်းယိလန်၏ မျက်နှာပေါ် ကျနေသည်။ ရောင်ယီက ကျန်းယိလန်မျက်နှာကို စိုက်ကြည့်သည်။ နှုတ်ခမ်းကမူ ပြုံးရောင်သမ်းနေ၏။ သူ့အပြုံးက 'ကျန်းယိလန် မင်း နုပါသေးတယ်' ဟု ပြောနေသည့်သဘောပင်။

ကျန်းယိလန်မှာ အသက်မှန်မှန်ရှူနေသည်။ ရောင်ယီက ခပ်ဖြည်းဖြည်း ရွေ့လျားသည်။

သူက ကျန်းယိလန် ကိုယ်ပေါ်ရှိ နေရာအချို့ကို ခပ်ဖြည်းဖြည်း တို့နှိပ်လိုက်လေသည်။ ကျန်းယိလန်ကို သွေးကြောပိတ်လိုက်ခြင်းဖြစ်သည်။

ကျန်းယိလန် နိုးလာသည့်တိုင် သူ့ကို မည်သို့မျှ ကလန်ကဆန် မလုပ်နိုင်တော့ပါ။

ရောင်ယီက ကျန်းယိလန်၏ဖိနပ်ကို လက်ဖြင့် ဆုပ်ကိုင်လိုက်၏။

ထိုစဉ်-

"ကျွန်တော် ဘာလုပ်တယ်ဆိုတာ သိနေတာကိုး၊ ယူကြည့်ချင်ရင် ယူကြည့်ပါလေ၊ ဘာကြောင့် ကျွန်တော့်ကို အကြောပိတ်ရတာလဲဗျာ၊ အကြောမပိတ်ဘဲနဲ့လဲ ခင်ဗျား ကြည့်ချင်တာ ကြည့်လို့ရပါတယ်"

ရောင်ယီမှာ အံ့အားသင့်သွားသည်။ နောက်မှ ပြုံးလိုက်မိသည်။

"ဩော်... မင်းက တကယ်ပဲ အိပ်ပျော်တာမှ မဟုတ်သေးဘဲကိုး"

"ခင်ဗျားလဲ တကယ် အိပ်ပျော်တာမှ မဟုတ်ဘဲ"

"အေး... ငါက အမှောင်ထဲမှာ မင်း ဘာလုပ်တယ်ဆိုတာ မြင်တယ်၊ မင်းဖိနပ်ထဲကပစ္စည်းကို ကျုပ် ယူကြည့်မယ်နော်"

"ယူမကြည့်ပါနဲ့လို့ ကျွန်တော် ပြောလို့ရမလား၊ ယူကြည့်ပါဗျာ"

ရောင်ယီလည်း ကျန်းယိလန်၏ ဖိနပ်ကို ဆွဲချွတ်လိုက်၏။ ဖိနပ်ထဲမှ စာရွက်ခေါက်ကလေး ထွက်ကျလာသည်။

စာရွက်ခေါက်ကလေးကို ရောင်ယီက ကောက်ယူပြီး မီးရောင်တွင် ဖြန့်ကြည့်လေသည်။

ရောင်ယီသည် ထိုစာရွက်ကလေးပေါ်မှ အမှတ်အသားများကိုကြည့်ပြီး ကျန်းယိလန်ကို သနားမိသွားလေ၏။

အစပိုင်းတွင် ကျန်းယိလန် ဂရုတစိုက် ဝှက်နေသောစာရွက်သည် အခြားလျှို့ဝှက်ချက်တစ်ခုခု ဖြစ်မည်ဟု ထင်ခဲ့မိသည်။ ယခုသော် ရောင်ယီသည် ကျန်းယိလန်ကို သနားခဲ့ရလေပြီ။

နောက်ဆုံး မအောင့်နိုင်တော့ဘဲ ရယ်မိသည့်အဆင့်သို့ ရောက်လာရသည်။

ကျန်းယိလန်မှာ ရောင်ယီကို မျက်လုံးအပြူးသားနှင့် ကြည့်သည်။

"ခင်ဗျား သိပ်ပျော်သွားတယ်နဲ့ တူပါရဲ့၊ တကယ်တော့ ဒီစာရွက်ဟာ ကျုပ်ဘဝရဲ့ မျှော်လင့်ချက်ရောင်ခြည်ပါ"

ရောင်ယီက ခေါင်းညိတ်လိုက်ပြီး-

"ဟုတ်တယ်၊ ငါ သိပ်ပျော်သွားတာပေါ့၊ ဒါကြောင့်မို့လဲ ရယ်တာပေါ့ကွ"

"ခင်ဗျားအဖို့ ဒီလိုစာရွက်မျိုးကို ရလိုက်တာ အင်မတန် ကုသိုလ်ထူးတယ်လို့ အောက်မေ့မှာပဲ၊ ကျွန်တော်ကတော့ ကံဆိုးပြီး ခင်ဗျားနဲ့ လာတွေ့ရတယ်၊ အင်း... ကျွန်တော့်ရဲ့ ကံပေါ့လေ၊ ကုသိုလ်ကံဆိုးတဲ့အခါ သမန်းမြက် ရှုပြီးလဲ သေနိုင်တယ်ဆိုတဲ့ စကားဟာ မှန်လှသပေါ့ဗျာ"

ကျန်းယိလန်က သက်ပြင်းချသည်။

ရောင်ယီက ရယ်မောပြီး-

"မင်း ကံဆိုးပါတယ်၊ ဒါပေမယ့် ငါကတော့ မင်းရဲ့စာရွက်ကို ဟောဒီလိုပဲ လုပ်ပစ်လိုက်မယ်"

ရောင်ယီက သူ့လက်ထဲမှ စာရွက်ကို အစိတ်စိတ်အမြွှာမြွှာ ဆွဲဆုတ်ပစ်လိုက်တော့သည်။

"ခင်... ခင်... ခင်ဗျား"

ကျန်းယီလန် တစ်သက်နှင့်တစ်ကိုယ် ဤမျှ ထိတ်လန့်မိခြင်းမျိုး မဖြစ်မိခဲ့ချေ။ သူ့မျက်နှာတစ်ပြင်လုံး သွေးဆုတ်ဖြူရော်သွားသည်။ သူ့အသံမှာလည်း တုန်ယင်နေသည်။

"ခင်ဗျား... ခင်ဗျား ဘယ်လိုလုပ်လိုက်တာလဲ၊ ရက်စက်ပါပေ့ဗျာ"

"ဘယ်လို လုပ်လိုက်တယ်ဆိုတာ မင်း မမြင်ဘူးလား"

ရှောင်ယီက ခပ်အေးအေး ပြန်မေးလိုက်သည်။

ကျန်းယီလန်က အစိတ်စိတ်အမြွှာမြွှာဖြစ်ကုန်သော စာရွက်စများကို ကြည့်ပြီး တုန်ယင်သောအသံဖြင့် ပြော၏။

"ဒီစာရွက်ကလေးဟာ ဘယ်လောက် တန်ဖိုးရှိသလဲဆိုတာ ခင်ဗျား သိရဲ့လား၊ ကျွန်တော့်စိတ်ထင် ခင်ဗျားဟာ အင်မတန် အတွေးအခေါ် ကောင်းတဲ့လူလို့ ထင်ခဲ့တယ်၊ အခု ကျွန်တော်သိရတာကတော့ ခင်ဗျားဟာ အရူးပဲ"

"ဒီစာရွက်အကြောင်း ငါကောင်းကောင်း သိပါတယ်ကွ၊ ငါ မရူးပါဘူး"

"သိရဲ့သားနဲ့များ ဘာဖြစ်လို့ ဆုတ်ပစ်ရတာလဲဗျာ၊ ခင်ဗျားဟာ ကိုယ်ရူးတာ ကိုယ်မသိတဲ့လူပဲ ဖြစ်မှာပါ"

ရှောင်ယီက ခပ်အေးအေး ပြောလိုက်သည်။

"ငါ့ဆီမှာလဲ မင်းလိုစာရွက်မျိုးတစ်ရွက် ရှိတယ်"

"ဟင်... ဟုတ်လား၊ ခင်ဗျားဆီမှာလဲ တစ်ရွက်ရှိတယ်"

ကျန်းယီလန်မှာ ပါးစပ်အဟောင်းသား ဖြစ်သွားတော့သည်။

ထိုစကားကို သူ မမျှော်လင့်ခဲ့ချေ။ ရှောင်ယီ မရူးဘဲ သူရူးတော့မည်လားဟု ထင်လိုက်မိသည်။

"ဟုတ်တယ်၊ ငါလဲ စာရွက်ထဲက အညွှန်းအတိုင်း ရတနာသိုက်ကို သွားရှာခဲ့ပြီးပါပြီကွ၊ အဲဒီအကျိုးဆက်နဲ့ ငါ ဒီကို ရောက်လာတာပေါ့"

ကျန်းယီလန်ထံမှ ရသော ထိုစာရွက်မှာ ရှောင်ယီအား ထိစင့်လွမ်က ပေးသော ရတနာသိုက်မြေပုံနှင့် တသဝေမတိမ်း တူညီမှုရှိသည်။

ထိုလို ရတနာသိုက်မြေပုံအညွှန်းကား သိုင်းလောကသားများကို လိမ်ညာသောကိစ္စတစ်ရပ်သာလျှင်ဖြစ်သည်။ ဤလိမ်ညာမှုကြောင့် သိုင်းလောက၌ သွေးစွန်းမှုကြီး ဖြစ်ပေါ်ခဲ့ရပေသည်။

ကျန်းယီလန်မှာ ထိုအချက်ကို မသိသဖြင့် ထိတ်လန့်ခြင်း၊ နမြောခြင်း ဖြစ်သွား၏။ ယခု ရှောင်ယီက သူ့တွင်လည်း ရှိသည်ဟု ပြောလာသောအခါ သူ ဦးနှောက်ခြောက်သွားတော့သည်။ သူ မစဉ်းစားတတ်တော့ပေ။

"ခင်ဗျား ရတနာသိုက် ရှိတဲ့နေရာကို ရောက်ခဲ့ပြီးပြီ မဟုတ်လား၊ ခင်ဗျား ကျွန်တော့်ကို မလိမ်ပါဘူးနော်"

"ငါ လိမ်မပြောပါဘူး၊ ငါ့ကို တစ်ခုတော့ ပြောပြပါဦး၊ အဲဒီ ရတနာမြေပုံစာရွက်ကို မင်း ဘယ်က ရခဲ့တာလဲ"

ကျန်းယီလန်က နွမ်းနယ်သောလေသံဖြင့် ပြောသည်။

"အဲဒီ ရတနာမြေပုံစာရွက်ကို ကျွန်တော့်အဖေရဲ့ စာဖတ်ခန်းထဲက ခိုးယူခဲ့တာပါ၊ တခြားလူဆီက ခိုးတာ မဟုတ်ရပါဘူး"

"မင်းအဖေကကော ဘယ်က ရခဲ့တာလဲ"

ရှောင်ယီ မျက်မှောင်ကြုတ်နေသည်။

ကျန်းယီလန် ဦးခေါင်းကို ခါယမ်းပြသည်။

"ဒါတော့ ကျွန်တော် မသိဘူး"

"မင်းအဖေဟာ သိုင်းလောကမှာ နာမည်ကြီးတစ်ယောက်ပဲလို့ ကျုပ် သိရတယ်၊ ဒီရတနာမြေပုံကို လူတစ်ယောက်ယောက်က သူ့ကို ပေးခဲ့တာပဲဖြစ်မယ်၊ မင်းကတော့ သိပ်လိမ္မာရေးခြား ရှိလှပါတယ်လေ၊ ကိုယ့်အဖေရဲ့ပစ္စည်းကို ခိုးခဲ့တဲ့ သားလိမ္မာတစ်ယောက်ပဲ"

ရှောင်ယီက ရွဲ့ပြီး ပြောလိုက်သည်။

ရှောင်ယီ၏ လှောင်ပြောင်စကားက ကျန်းယီလန်ကို ထိခိုက်သွားစေသည်။

ကျန်းယီလန်က သက်ပြင်းချသည်။ မျက်နှာပြင် နီမြန်းသွားသည်။ ခေါင်းငုံ့သွားသည်။ ဘာမှ ပြန်မပြောတော့ချေ။

ရှောင်ယီက သူ့မျက်နှာကို စေ့စေ့ကြည့်ပြီး-

"မင်းဟာ ရတနာသိုက်မြေပုံကို ခိုးယူပြီး ထွက်လာတယ်၊ ရတနာရှာဖို့ လာရင်း စုမီမီရဲ့ လက်ထဲရောက်သွားတာပဲ ဖြစ်ရမယ်"

"ဟုတ်ပါတယ်၊ ခင်ဗျားပြောတဲ့အတိုင်းပါပဲ"

"အင်း... မင်း စုမီမီနဲ့တွေ့လို့ ကံကောင်းတယ်၊ နို့မဟုတ်ရင်..."

"နို့မဟုတ်ရင် ဘာဖြစ်သလဲ"

"နို့မဟုတ်ရင် မင်း သေပြီးတာ ကြာလှပြီကွ၊ မင်းက ကံကောင်းပြီး အသက်ရှင် ကျန်နေရစ်တာ"

"ဟင်... ဘာဖြစ်လို့လဲ"

"အဲဒီရတနာမြေပုံဟာ လိမ်ညာပြီး ရေးဆွဲထားတဲ့ အညွှန်းစာရွက်ကွ၊ ဘာမှ တန်ဖိုးမရှိတဲ့စာရွက်၊ တစ်ယောက်ယောက်က ဒီလို မြေပုံစာရွက်တွေ ရေးပြီး ဖြန့်ခဲ့တာပဲ၊ သိုင်းလောကသားတွေကို ရတနာ မရှိတဲ့ ရတနာသိုက်ဆီကို ရောက်လာစေပြီး သတ်ပွဲတွေဖြစ်အောင် ကြံစည်တာပဲ၊ ဒီလို မြေပုံညွှန်းစာရွက်တွေဟာ အရွက်တစ်ရာလောက်များ ရှိနေမလား မသိဘူး၊ တကယ့်ကို ညစ်ပတ်စုတ်ပဲ့တဲ့ အကြံပါပဲကွာ"

"ဟင်... တကယ်ပဲ ဒီလို ဖြစ်ခဲ့သလားဗျာ"

ကျန်းယီလန် မျက်လုံးပြူးနေသည်။

ရှောင်ယီက ခေါင်းညိတ်လိုက်၏။

"တကယ်ပြောနေတာကွ၊ ပိုမိန်စန်းတောင် တစ်နေရာမှာ ရတနာသိုက်မြေပုံကို ရရှိခဲ့တဲ့ သိုင်းလောကသားတွေ တစ်ယောက်နဲ့ တစ်ယောက် သတ်လိုက်ကြတာကွာ၊ သေသူသေ၊ ဒဏ်ရာရသူရ ဖြစ်ခဲ့ကြတယ်၊ ငါ့ အမြင်ပဲ၊ မင်းကို ငါက ဘာကြောင့် လိမ်ရမှာလဲ၊ စေတနာနဲ့ ပြောတာကွ"

"ဘယ်သူကများ ဒီလို ကြံစည်ခဲ့ပါလိမ့်ဗျာ"

"မသိဘူး၊ အဲဒီကြံစည်တဲ့လူကို ငါ စုံစမ်းဦးမယ်၊ ငါလဲ အလိမ်ခံလိုက်ရတဲ့လူဆိုတော့ အဲဒီလူကို ဒေါသဖြစ်နေတယ်၊ စုံစမ်းလို့ သိရရင်တော့ အဲဒီလူကို ကောင်းကောင်းဆုံးမမယ်"

ထိုစဉ်-

"ကျန်းယီလန်၊ ကျန်းယီ၊ မင်းတို့နှစ်ယောက် အထဲမှာ ရှိနေကြသလား"

ကျန်းယီလန်ရော၊ ရှောင်ယီပါ နှစ်ယောက်စလုံး အေးစက်တောင့်တင်းသွားကြသည်။ သူတို့နှစ်ယောက် ရုတ်တရက် စကားမပြောနိုင်ကြတော့ပေ။ စိုးရိမ်ထားသလို တကယ်ပင် ဖြစ်လာခဲ့ချေပြီ။

စုမီမီ၏ အသံက တိုးဝင်လာပြန်သည်။

"မင်းတို့ ငြိမ်နေလဲ ငါ သိပါတယ်၊ မင်းတို့အပေါ် တက်ကြ"

"သူ သူတကယ်ပဲ ကျွန်တော်တို့ တွင်းထဲမှာ ပုန်းနေတာကို သိသလား၊ မှန်းဆပြီး ခေါ်နေတာများ ဖြစ်လေမလား၊ ခင်ဗျား ပြောစမ်းပါဗျာ"

ကျန်းယီလန်က တုန်ယင်သောစကားအသံဖြင့် ခပ်တိုးတိုး မေးသည်။

ရှောင်ယီကလည်း တီးတိုးပြန်ပြောသည်။

"သူ သိလို့ ခေါ်နေတာပဲဖြစ်မယ်၊ သူက မစင်တွင်းထဲ ကြည့်ပြီး ခေါ်နေတာကွ၊ ဒါကြောင့် အသံက တွင်းထဲဝင်လာတာပေါ့၊ အပြင်မှာ အော်နေရင် သူ့အသံကို ဒီလောက် ပီပီသသ မကြားနိုင်ဘူး"

"တွင်းအဖုံးကို မဖုံးခဲ့လို့ သူ ရိပ်မိသွားတာပဲ၊ ကျွန်တော် ထင်ပြီးသားပါ၊ အခုတော့ ကျွန်တော်စိုးရိမ်သလို ဖြစ်လာတာ ပါပဲဗျာ၊ ကဲ... ကဲ... ကျွန်တော် ကံ သိပ်ဆိုးပါကလား"

ကျန်းယီလန်က သက်ပြင်းချပြီး စိတ်ပျက်စွာ ပြောသည်။

ရှောင်ယီက ခေါင်းညိတ်ပြီး-

"ဒီမိန်းမ သိပ်ပါးနပ်တယ်ကွ"

စုမီမီ၏အသံက တိုးဝင်လာပြန်သည်။

"ကျန်းယီလန်၊ မင်းမို့ ကြံကြံဖန်ဖန် အတွေးပေါက်တတ်ပါလေတယ်၊ မစင်တွင်းထဲ ဝင်ပုန်းရတယ်လို့ ဘယ်လောက်များ နံစော်နေလိုက်မလဲ ထွက်ခဲ့စမ်း"

ကျန်းယီလန်က တုန်ယင်နေသည်။ ဥမင်အဝကို လှမ်းကြည့်နေသည်။

ရှောင်ယီက ပြုံးရယ်ကာ-

"သူ ဆင်းလာမှာ မဟုတ်ပါဘူး၊ မစင်တွင်းထဲကို သူရွံလို့ ဆင်းလာလိမ့်မယ် မထင်ဘူး၊ ဆင်းလာရင်လဲ သိပ်စိုးရိမ်စရာ မလိုဘူးကွ၊ တို့က သူ့ကို ဥမင်အဝကနေ တွင်းထဲ ကန်ချလိုက်ရုံပဲ မင်း သဘောပေါက်ရဲ့လား၊ ဒါတော့ တို့ တတ်နိုင်တယ်"

"ဟုတ်တယ်... ဟုတ်တယ်... တွင်းထဲကို သူ ဆင်းနေတုန်း ကျွန်တော်တို့က သူ့ကို ဒီလို လုပ်လို့ရတယ်၊ ကျွန်တော်တို့ ဥမင်အဝ ထွက်ကြည့်ရအောင်၊ သူ ဆင်းလာရင် မြင်ရတာပေါ့"

ရှောင်ယီက ဖယောင်းတိုင်မီးကို မှိတ်ပြီး ကျန်းယီလန်၏ သွေးကြောကို ပြန်ဖွင့်ပေးသည်။ ဥမင်အဝသို့ ထွက်ခဲ့ကြလေသည်။

စုမီမီက တွင်းထဲ ဝင်လာပြန်သည်။

"မင်းတို့ အခု တက်ခဲ့ကြ၊ မတက်ဘူးလား၊ ငါ စိတ်ဆိုးလာရင် မင်းတို့ကို သတ်ချင်စိတ် ပေါ်လာတော့မယ်၊ အခု တက်လာရင် မင်းတို့ကို ငါ ခွင့်လွှတ်လို့ ရဦးမယ်"

ထိုစဉ် ရှောင်ယီက တွင်းထဲမှ ပြန်အော်လိုက်လေ၏။

"အဘွားကြီး... ခင်ဗျား မစင်နံ့ရှူပြီး အော်ခေါ်မနေနဲ့၊ ကျုပ်တို့ကို ဖမ်းနိုင်မယ်ထင်ရင် ဆင်းလာခဲ့ပေါ့ဗျာ၊ အလကား အဘွားကြီး"

"သြော်... ကျန်းယီ... ကျန်းယီ၊ မင်းက သူ့ကို ဆွယ်ပြီး ထွက်ပြေးဖို့ ကြံတယ်ပေါ့လေ၊ ဟား... ဟား... ဟား၊ မင်းအားကိုးတဲ့ကောင်က အကြံအစည် အတော်ကောင်းတာကိုး၊ ခုတော့ မစင်တွင်းထဲ ထွက်ပေါက်မရှိဘဲ ပိတ်မိနေပြီ မဟုတ်လား"

"ကျုပ်တို့ကို အပေါ်ပြန်တက်ဖို့ မခေါ်ပါနဲ့၊ ခင်ဗျားကြီး အာညောင်းရုံပဲ ရှိမယ်"

ရှောင်ယီက အော်ပြောလေ၏။

"မင်းတို့နှစ်ယောက် တကယ်ပဲ မတက်လာကြဘူးလား၊ ငါ စိတ်ဆိုးလာပြီနော်"

"စိတ်ဆိုးလို့ ဒေါသထွက်ရင်လဲ မစင်တွင်းထဲ ခုန်ဆင်းလိုက်ပါလား၊ ကျုပ်တို့က စောင့်မျှော်လျက်ပါဗျာ၊ ဟဲ... ဟဲ... ဟဲ"

ရှောင်ယီက စုမီမီ မခံချင်အောင်ပြောပြီး တဟဲဟဲရယ်လေ၏။

ကျန်းယီလန်သည် ရှောင်ယီ၏ ပမာမခန့် ပြောနိုင်ပုံကို ကျိတ်၍ ချီးကျူးမိလေ၏။

"အေး... ကောင်းပြီ၊ မင်းတို့နှစ်ယောက် မစင်တွင်းထဲမှာပဲ တစ်သက်လုံးနေကြတော့၊ မစင်တွေ စားပြီး အသက်ရှင်နေကြပေါ့"

အပေါ်မှ တွင်းဖုံးပိတ်သံ ထွက်ပေါ်လာသည်။ ထိုအသံကား ရှောင်ယီတို့အတွက် သေမင်း၏ စိန်ခေါ်သံပေတည်း။

မှောင်သွားသည်။ ရှောင်ယီမှာ ယခုမှ ထိတ်လန့်ရမှန်း သိသွားသည်။

"ဟာ... ခက်ပြီ... အစ်မလေးစု... အစ်မလေးစု၊ ကျုပ်တို့ ပြန်တက်ခဲ့ပါမယ်၊ ပြန်တက်ခဲ့ပါမယ်၊ အပေါက်ဖွင့်ပါ၊ အပေါက်ဖွင့်ပေးပါဗျာ"

ကျန်းယီလန်က ရှောင်ယီကို အံ့အားသင့်ဟန်နှင့် ကြည့်၏။

"ခင်ဗျား ဘာဖြစ်လို့ အရှုံးပေးရမှာလဲ၊ စောစောကတော့ ခင်ဗျားပဲ မိုးပြောလေပြော ပြောနေပြီးတော့"

"မင်း မစဉ်းစားမိဘူးလား၊ စုမီမီက တွင်းဖုံးကို ပိတ်ရုံလောက်ပဲပိတ်ပြီး ထွက်သွားမှာတဲ့လားကွ၊ ငါလဲ ခုမှ စဉ်းစားမိတာ"

ဤတွင်မှ ကျန်းယီလန်လည်း ရှောင်ယီကဲ့သို့ စဉ်းစားမိတော့သည်။ ထိုစဉ် တဒုန်းဒုန်း တဒိုင်းဒိုင်းနှင့် ထုရိုက်သံတွေ တွင်းပေါ်မှ ကြားလာရသည်။

စုမီမီက မစင်တွင်းကို အခိုင်အမာ ပိတ်နေလေပြီ။ ရှောင်ယီတို့နှစ်ယောက် တွင်းထဲ အသေပိတ်မိအောင် ဖန်တီးနေလေပြီ။

မကြာပါ။ ထုရိုက်သံ ရပ်သွားသည်။ စုမီမီ၏ အသံလည်း နောက်ထပ် မကြားရတော့ချေ။ စုမီမီ ထွက်သွားဟန် တူလေပြီ။

"ဒီမိန်းမ သိပ်ကို ရက်စက်လှတယ်၊ သူဟာ တို့နှစ်ယောက်ကို အစာငတ်၊ ရေငတ်သေအောင် လုပ်သွားတာကွ၊ မိန်းမ ယုတ်"

ရှောင်ယီက အံကြိတ်ပြီး ပြောလိုက်၏။

ကျန်းယီလန်က အပေါ်ကို ခေါင်းပြူပြီး မော့ကြည့်သည်။ စုမီမီကို တွေ့ရလို တွေ့ငြား။

"သစ်သား၊ သစ်ပြားတွေနဲ့ ပိတ်မှာတော့ မဟုတ်ဘူး ထင်တယ်၊ သူ သံပြားတွေနဲ့ ပိတ်သွားတာနေမှာပဲနော်"

ကျန်းယီလန်က အားငယ်စွာ ပြောလေ၏။

"ငါတို့ ဉမင်ကို နည်းနည်းဆက်တူးကြမယ်၊ ဟောဟိုဘက်လောက်ရောက်ရင် အပေါ်တည့်တည့်ကို ဖောက်မယ်၊ ဘာမှ အားမလျော့နဲ့၊ လူဆိုတာ သေတစ်နေ့ မွေးတစ်နေ့ပါကွ"

ရှောင်ယီ ပြောလိုက်သည်ကို ကျန်းယိလန်က ခေါင်းခါသည်။

"ဒီမြေအောက်ခန်းဆောင်ကို တည်ဆောက်တဲ့လူဟာ သိပ်သေချာစေ့စပ်တယ်ဗျ။ သူက ကြမ်းပြင်ကို အမာခံရအောင် သံပြားထူထူတွေ ခင်းခဲ့တယ်လို့ စုမီမီ ပြောဖူးတယ်"

ရှောင်ယီ ဘာပြောရမှန်း မသိတော့ပေ။ ဤမြေအောက်ကမ္ဘာနှင့် ပတ်သက်လျှင် ကျန်းယိလန်က သူ့ထက် အတွေ့အကြုံရင့်သူ မဟုတ်ပါလော။

"ဆယ်ရက်လောက်ဆိုရင် ကျွန်တော်တို့ အစာငတ် ရေငတ်ဖြစ်ပြီ၊ ဒီမှာ ကျွန်တော် စုဆောင်းထားတဲ့ အစာရေစာက ကျွန်တော်တို့ နှစ်ယောက် ချွေချွေတာတာ စားမှ ဆယ်ရက်စာလောက်ပဲရှိတယ်၊ ဒုက္ခပါပဲဗျာ"

ကျန်းယိလန်က ညည်းညည်းညူညူ ပြောလေ၏။

ရှောင်ယီက ကျန်းယိလန်၏ ပခုံးကို လှမ်းပုတ်၍ နှစ်သိမ့်လိုက်သည်။

"သိပ်ပြီးစိတ်ဓာတ်ကျမနေပါနဲ့လေ၊ ဘယ်လိုပဲပြောပြော ငါတို့နှစ်ယောက် ဆယ်ရက်လောက် အသက်ရှင်နေနိုင်ကြသေးတာပဲ၊ ဆယ်ရက်ဆိုတာ အချိန်အများကြီးပါကွ၊ ဒီရက်တွေထဲမှာ တို့ဆက်ပြီး အသက်ရှင်အောင် ကြံနိုင်ပါသေးတယ်"

ရှောင်ယီက ထိုသို့ နှစ်သိမ့်အားပေးသော်လည်း ကျန်းယိလန်မှာ ခေါင်းတယမ်းယမ်းနှင့် စိတ်ဓာတ်ကျနေလေတော့သည်။

------------------- * * * * * -------------------

## အခန်း(၅၃)

## မမျှော်လင့်သော အန္တရာယ်

==============================

ကျန်းယီလန်တစ်ယောက် ကျောက်ရုပ်တစ်ရုပ်ကဲ့သို့ ထိုင်နေခဲ့သည်မှာ အချိန်အတော်ကို ကြာနေခဲ့ချေပြီ။ သူသည် စကားမပြောဘဲ နံရံကိုသာ ငေးစိုက်၍ ကြည့်နေသည်။

သူဘာတွေ တွေးတောနေသည်ဟူ၍ မဆိုနိုင်ပါ။ ရှောင်ယီက အရက်အိုးကို ဖွင့်ပြီး သူ့ကို လေးငါးခါမျှ ခေါ်သည်။ သို့သော် သူ မကြားချေ။

"အေး... မင်းတော့ ကြောင်နေပြီ၊ မကြားလဲနေပေါ့ကွာ"

ရှောင်ယီလည်း သူ့ကို ထပ်မခေါ်တော့ချေ။ အရက်ကို စတင်၍ သောက်လေတော့သည်။ ရှောင်ယီကား သေမင်းကို ခပ်ပေါ့ပေါ့ ရင်ဆိုင်မည့်သူဖြစ်၏။

အရက်သုံးခွက်မျှ သောက်ပြီးသောအခါ ရှောင်ယီက ကျန်းယီလန်ကို ကြည့်လိုက်၏။ ကျန်းယီလန်က သူ့ကို ကြည့်နေလေပြီ။

"အစားအသောက်တွေကို သိလှောင်ထားတာ ဘာလုပ်ဖို့လဲ၊ ဒီနေ့ အရက်ရှိရင် ဒီနေ့သောက်ပြီး ပျော်ရမယ်ဆိုတဲ့ စကားပုံရှိတယ်၊ မင်း မကြားဖူးဘူးလား၊ ဘာဖြစ်လို့ စိတ်ညစ်ခံနေရတာလဲ"

ရှောင်ယီက ရိက္ခာထုပ်ထဲမှ အသားခြောက်တွေကို ယူစားသည်။

ကျန်းယီလန်မှာ စားချင်သောက်ချင်စိတ် လုံးဝ ရှိဟန်မတူပါ။

ရှောင်ယီက အသားခြောက်ဖတ်ကို ပါးစပ်ထဲထည့်ဝါးရင်း ကျန်းယီလန်ကို မေးသည်။

"မင်း သေမှာ ကြောက်နေသလား၊ အစားလဲ မစားနိုင်၊ အရက်လဲ မသောက်နိုင်၊ စကားလဲ မပြောနိုင်နဲ့ ဘယ်လိုများ ဖြစ်နေသလဲကွာ၊ အဲဒါမှ မင်း တကယ်သေမှာ"

"ဟုတ်တယ်၊ ကျွန်တော် သေမှာ ကြောက်ပါတယ်၊ တကယ်ကြောက်တယ်ဗျာ"

ကျန်းယီလန်၏ မျက်လုံးအစုံ၌ အားလျော့သော အရိပ်အယောင်များ ပေါ်နေသည်။

ရှောင်ယီက အရက်တစ်ခွက်ကို ထပ်သောက်လိုက်သည်။ ထို့နောက် အားရပါးရ ရယ်လေတော့၏။ သေချိန်နီးသည့်တိုင် ရယ်မောနိုင်သည့် ရှောင်ယီအား ကျန်းယီလန်က မျက်လုံးပြူး၍ ကြည့်နေမိသည်။

"ငါ သေမှာ မကြောက်ဘူးလို့ မင်း ထင်နေသလား၊ ဟဲ... ဟဲ... ဟဲ၊ မထင်ပါနဲ့၊ မထင်လိုက်ပါနဲ့၊ ငါလဲ သေမှာ ကြောက်ပါတယ်ကွာ၊ လောကမှာ သေမှာ မကြောက်တဲ့လူရယ်လို့ မရှိဘူး ငါ့ညီရဲ့၊ လူမှန်ရင် သေမျိုးချည်းပဲ ဆိုတဲ့စကားလိုပဲ၊ လူမှန်ရင် သေမှာ ကြောက်တာချည်းပဲ"

'လူမှန်ရင် သေမှာ ကြောက်တာချည်းပဲ' ဟု ပြောနေသည့် မျက်နှာပေါ်၌ သေခြင်းတရားကို ကြောက်သည့်အရိပ် အယောင်ကလေး တစ်စက်ကလေးမျှ မတွေ့ရခြင်းအတွက် ကျန်းယီလန် လွန်စွာ အံ့သြနေမိသည်။

"သေမှာ ကြောက်တယ်လို့လဲ ပြောရဲ့၊ ခင်ဗျားမျက်နှာကလဲ ပြုံးလျက်ပါလား၊ ခင်ဗျား သေမှာ ကြောက်တယ်ဆိုတာ ကျွန်တော်တော့ မယုံဘူးဗျာ"

ရှောင်ယီက အရက်ကို ထပ်မော့ပြီး ရယ်လိုက်၏။

"ငါ တစ်ခုပဲ စိတ်မကောင်း ဖြစ်မိတယ်၊ ငါရောမင်းရော အသေ သိပ်စောနေတယ်၊ မင်းနဲ့ငါ အသက်တွေက ငယ်ငယ်ပဲ ရှိသေးတယ် မဟုတ်လား၊ လူပျိုပေါက်အရွယ်တွေပဲ ရှိသေးတယ်၊ တို့ မသေသင့်သေးဘူးကွာ"

ကျန်းယိလန်က ရှောင်ယီ အရက်မူးနေပြီလား ဟူသော အကြည့်မျိုးနှင့် စိုက်ကြည့်နေ၏။

"ကျွန်တော်လဲ မသေချာသေးပါဘူးဗျာ"

"အဟတ်ဟတ်၊ အဟားဟား ဒါနဲ့ပ မင်းရိက္ခာထုပ်ထဲမှာ ဝက်အူချောင်းတွေ ရှိတယ် မဟုတ်လား၊ ငါက ဝက်အူချောင်း သိပ်ကြိုက်တာကွ၊ ကြက်သားကြော်လဲ ကြိုက်တယ်၊ ဒါပေမယ့် ကြက်သားကြော်တော့ မင်းယူလာမှာ မဟုတ်ဘူး၊ ကြက်ကြော်က ရက်ရှည်ရှည်စားလို့ မရဘူး၊ ဒီတော့-"

ရှောင်ယီ တစ်ဘက်သို့ လှည့်လိုက်ပြီး ရိက္ခာထုပ် တစ်ထုပ်ကို ဖြည်ကြည့်နေ၏။

ဝက်အူချောင်းများကို ရှာဖွေနေခြင်းဖြစ်သည်။

ထိုအချိန်၌ ကျန်းယိလန် တစ်စုံတစ်ခုကို ပြုလုပ်ရန် တဖြည်းဖြည်း ရွေ့လျားနေလေပြီ။

ရှောင်ယီက အထုပ်တစ်ထုပ်ထဲမှ ဝက်အူချောင်းတွေကို တွေ့သွားပြီး ဆွဲထုတ်ယူလိုက်၏။ ထိုစဉ် ကျန်းယိလန် ရုတ်တရက် ကိုယ်ကို ရွေ့လျားပြီး ရှောင်ယီ၏ လည်ကုတ်ကို လက်ဝါးစောင်းဖြင့် တအားခုတ်ချလိုက်လေတော့သည်။ သူ့လှုပ်ရှားမှုက လျင်မြန်သည်။ ရိုက်ခုတ်လိုက်သည့် အင်အားက ပြင်းထန်သည်။ သူ မည်မျှ အင်အားနည်းသည်ဆိုစေ၊ သိုင်းပညာတတ်ထားသူတစ်ယောက်၏ လက်ဝါးစောင်းခုတ်အားဖြစ်၍ ထိုတစ်ချက်တည်းနှင့် ရှောင်ယီ သေနိုင်ပေသည်။

သို့သော် ရှောင်ယီက ကောင်းစွာ ရှောင်လိုက်နိုင်ပါသည်။ ရှောင်ယီ၏ နောက်စေ့တွင် မျက်လုံးအပိုတစ်စုံ မရှိပါ။ သို့သော် ဖယောင်းတိုင်မီး ထွန်းထားခြင်းက ရှောင်ယီ၏အသက်ကို ကယ်လိုက်ခြင်းဖြစ်ပါသည်။ ကျန်းယိလန်၏ လှုပ်ရှားမှုကို ရှောင်ယီက နံရံပေါ်၌ အရိပ်အဖြစ် တွေ့နေရသဖြင့် အချိန်မီ ရှောင်တိမ်းနိုင်လိုက်ခြင်းဖြစ်ပါသည်။

ရှောင်ယီက ရှောင်လိုက်ပြီး ကျန်းယိလန်ကို ပြန်တိုက်ခိုက်သည်။ အားလွန်ကျလာသော ကျန်းယိလန်ကို လက်ဝါးဖြင့် ရိုက်ထုတ်လိုက်ခြင်းဖြစ်သည်။

"အား"

ကျန်းယိလန် နောက်ပြန် ပစ်လဲကျသွား၏။ နံရံနှင့် တိုက်မိသွားသည်။ သူ ချက်ချင်းပြန်ထနိုင်ခြင်းမရှိဘဲ ဖြစ်သွားသည်။

သူသည် ထိတ်လန့်စွာဖြင့် ရှောင်ယီကို မျက်လုံးပြူးကြည့်နေ၏။

ရှောင်ယီမျက်နှာမှာ လွန်စွာ တင်းမာနေ၏။ သူက ကျန်းယိလန်ကို မာမာထန်ထန်ပင် မေးလိုက်၏။

"မင်း ငါ့ကို သတ်မလို့လား"

ကျန်းယိလန်က ဝန်ခံသည်။

"ဟုတ်... ဟုတ်တယ်၊ ကျွန်တော် ခင်ဗျားကို သတ်မလို့ ကြံစည်မိပါတယ်"

"မင်း ဘာကြောင့် ငါ့ကို သတ်ဖို့ ကြံစည်ရတာလဲ၊ ဒီအချိန်အခါမျိုးမှာ မင်းရောငါရော အသက်ဘေးတွေနေကြတာ မဟုတ်လား၊ နှစ်ယောက် စည်းစည်းရုံးရုံး ရှိသင့်တဲ့အချိန်ကွ၊ မင်းဉစ္စာ မဟုတ်သေးပါဘူးကွာ"

ကျန်းယိလန်က-

"ကျွန်တော် သိုလှောင်ထားတဲ့ စားနပ်ရိက္ခာတွေဟာ ကျွန်တော်တစ်ယောက်တည်းသာဆိုရင် တစ်လလောက် ချွေတာပြီး စားသုံးနိုင်တယ်၊ ခင်ဗျားတစ်ယောက် ပိုနေတော့ မြန်မြန်ကုန်မယ်၊ အပိုကုန်တယ်၊ ဒါကြောင့် ကျုပ် ခင်ဗျားကို သတ်ပစ်ဖို့ ကြံစည်တာပါဗျာ"

"ဩော်... အစားအသောက်တွေကြောင့် ငါ့ကို သေကြောင်းကြံတာကိုး၊ ငါမရှိရင် မင်းအသက် တစ်လလောက် ရှင်နေမယ်ပေါ့"

"ဟုတ်ပါတယ်၊ ဒီရိက္ခာတွေဟာ ကျွန်တော့်အတွက် တစ်လစာ ရိက္ခာတွေပါဗျာ"

"ကဲ... မင်းမရှိရင် ငါလဲတစ်လလောက် နေနိုင်တယ်ဆိုတဲ့အချက်ကို ငါလဲ အခု စဉ်းစားမိပြီ၊ ဒီတော့ ငါကလဲ မင်းကို သတ်ရတော့မှာပေါ့"

ရှောင်ယီသည် ပြောပြောဆိုဆိုနှင့်ပင် ကျန်းယီလန်ကို လည်မျိုညှစ်ရန် ရှေ့တိုးလာသည်။ ကျန်းယီလန်မှာ ဤအချိန်မျိုးတွင် ငြိမ်၍ ခံမနေတော့ချေ။ ပြန်လှန်ခုခံလေတော့သည်။

ဉမင်မှာ လွန်စွာကျဉ်းမြောင်းလှသဖြင့် သူတို့နှစ်ယောက် မည်သို့ တိုက်ခိုက်မည်ကို စဉ်းစားကြည့်နိုင်ပါ၏။

ရှောင်ယီ ရှေ့တိုးလာရာ ကျန်းယီလန်က ရှောင်ယီ၏ ဝမ်းဗိုက်ကို ခြေအစုံဖြင့် ဆီးကန်သည်။ ရှောင်ယီက ကျန်းယီလန်ယင်းသို့ တိုက်ခိုက်လိမ့်မည်ကို ကြိုတင်တွေးထားပြီး ဖြစ်သဖြင့် ကိုယ်ရှိန်သတ်ကာ ဆန့်ကန်လာသော ခြေထောက်နှစ်ချောင်းအနက် ခြေထောက်တစ်ချောင်းကို မိမိရရ ဖမ်းဆွဲလိုက်သည်။

"အား"

ကျန်းယီလန် နာကျင်စွာ အော်သည်။

ရှောင်ယီက ကျန်းယီလန် ခြေထောက်ကို ဆွဲလိမ်လှည့်ပစ်လိုက်သောကြောင့် ဖြစ်သည်။

"အခု မင်းကို ငါ ဘယ်လိုသတ်ရမယ်ဆိုတာ စဉ်းစားနေတယ်"

ရှောင်ယီက အံကြိတ်ပြီး ပြောသည်။ ကျန်းယီလန်က ကျန်သော ခြေထောက်တစ်ဘက်ဖြင့် အားယူပြီး ကန်ထည့်လိုက်ပြန်သည်။

ထိုခြေထောက်တစ်ဘက်ကို ရှောင်ယီက ဖမ်းချုပ်လိုက်ပြန်သည်။ ကျန်းယီလန်မှာ မြေကြီးတွင် မှောက်လျက်ကြီး မျက်နှာအပ်နေသည်။

"ခင်ဗျား ကျွန်တော့်ကို တကယ်သတ်တော့မှာလား"

"အေး... သတ်မယ်ကွ၊ မင်းကို သတ်လိုက်မှ ငါ့အဖို့ စိတ်ချရမယ်၊ မင်းကို မသတ်ရင် မင်းက ငါ့ကို သတ်ဖို့ အမြဲကြံစည်နေမှာပဲ မဟုတ်လား၊ ငါ့မှာ တထိတ်ထိတ်တလန့်လန့်နဲ့ အမြဲစိုးရိမ်နေရမယ်"

ရှောင်ယီ စကားပြန်ပြောနေစဉ် ကျန်းယီလန်က သူ့ခြေအစုံကို ရုပ်ပြီး တအားဆောင့်ကန်ထည့်လိုက်ပြန်သည်။ ဤတစ်ကြိမ်တွင်မူ ရှောင်ယီ မထိန်းနိုင်တော့ချေ။ နောက်ပက်လက်လန် လဲကျသွားတော့သည်။ ကြွေတစ်လက် ကြက်တစ်ခုန်ပေပဲ။

ကျန်းယီလန်က နောက်ထပ် နှစ်ချက်မျှ ဆောင့်ကန်လိုက်ရာ ရှောင်ယီ လွတ်ပေးလိုက်ရတော့သည်။

ကျန်းယီလန် ခြေထောက်အစုံကို ရုပ်သိမ်းပြီး ထထိုင်သည်။ လက်အစုံက အရက်အိုးတစ်လုံးကို ဆုပ်ကိုင်မိလိုက်သဖြင့် အားတက်သွား၏။ အရက်အိုးသည် လက်နက်ပင် မဟုတ်ပါလား။

သူသည် အရက်အိုးကို အမြန်ဆုံး မယူပြီး ရှောင်ယီထံသို့ ပစ်လိုက်လေ၏။

"ခွမ်း"

အရက်အိုးသည် ရှောင်ယီ၏ ဦးခေါင်းနားမှ ကပ်၍ ဖြတ်သန်းသွားပြီး နံရံကို ခွမ်းခနဲ ထိကာ ကွဲသွားသည်။

အရက်များ ဖွမ်းခနဲ ကျသွားသည်။ အိုးကမူ မြေကြီးပေါ်တွင် အစိတ်စိတ်အမွှာမွှာ ကွဲသွားသည်။ ထို့နောက် သူတို့နှစ်ယောက် လုံးထွေးသတ်ပုတ်ကြလေတော့သည်။

ဤတိုက်ပွဲကား အခက်ခဲဆုံးသော တိုက်ပွဲပင်။ မလူးသာ မလွန့်သာ တိုက်ခိုက်ကြရသဖြင့် ကျယ်ပြန့်သောနေရာ၌ တိုက်ခိုက်ရသည်ထက် ပိုမို၍ ခက်ခဲပေသည်။

သူတို့နှစ်ယောက်သည် မတ်တတ်ရပ်လို့လည်း မရ။ ဒူးထောက်၍လည်း မရကြချေ။ ထိုင်လျက် သတ်ပုတ်သည်။ လဲကျသွားလျှင် လုံးထွေးကြ၏။ နောက်ဆုံး တစ်ယောက်လည်ပင်းကို တစ်ယောက်ညှစ်ခြင်းဖြင့် အားပြိုင်ကြရတော့၏။ ဤအဆင့်တွင် ကျန်းယိလန်က ရှောင်ယီအား အရှုံးပေးရတော့သည်။

"ကျွန်တော် အရှုံးပေးပါပြီ၊ ကျွန်တော် မှားပါတယ်၊ ခင်ဗျားနဲ့ ကျွန်တော်ဟာ ကံတူအကျိုးပေးတွေပါပဲဗျာ၊ နောက်ရက် မကြာခင် တစ်ပုံစံတည်း သေကြရမယ့်လူတွေပါ၊ ကျွန်တော့်ကို ခွင့်လွှတ်ပါဗျာ"

ရှောင်ယီက ကျန်းယိလန်ကို လွှတ်ပေးလိုက်သည်။

သူတို့နှစ်ယောက် လူချင်းခွဲလိုက်ကြကာ နံရံတစ်ဘက်ဆီတွင် မှီထိုင်ကြသည်။ နှစ်ယောက်စလုံး မောဟိုက်နေကြ၏။ ရှောင်ယီမှာ စားစားသောက်သောက်ရှိသူဖြစ်၍ ကျန်းယိလန်ထက် မြန်မြန်အမောပြေသည်။

ကျန်းယိလန်၏ မျက်နှာမှာ ပွန်းပဲ့နေသည်။ သွေးများထွက်နေသည်။ တော်တော်နှင့် အမောမပြေ။ သူ ပင်ပန်းလှချေပြီ။

ရှောင်ယီက သူ့ကို စိုက်ကြည့်ပြီး စကားမပြောဘဲနေသည်။

"ကျွန်တော် မှားသွားတယ်၊ သိပ်ကို မှားသွားတယ်ခင်ဗျာ၊ ကျွန်တော်တို့နှစ်ယောက် ဆယ်ရက်လောက် အသက်ရှင်နေနိုင်ကြပါသေးတယ်၊ ဒီဆယ်ရက်ထဲမှာ စုမီမီ စိတ်ပြောင်းပြီး အပေါက်လာဖွင့်ပေးရင်လဲ ဖွင့်ပေးဦးမှာပါ၊ ဒါမှမဟုတ် ကျွန်တော်တို့ အစာတော်သေကုန်ပြီလားဆိုပြီး ဆင်းကြည့်ချင် ဆင်းကြည့်ဦးမှာပါ၊ အဲဒီအချိန်ကြရင် ကျွန်တော်ချည်း တစ်ယောက်တည်း စုမီမီကို တိုက်ခိုက်လို့ နိုင်မှာ မဟုတ်ပါဘူး၊ ခင်ဗျားနဲ့ ကျွန်တော် ပူးပေါင်းမှ သူ့ကို နိုင်မှာပါ၊ အဲဒီအချက်ကို ကျွန်တော် မစဉ်းစားမိဘူး၊ ကျွန်တော့်ကို ခွင့်လွှတ်ပါနော်၊ ကျွန်တော်ဟာ အင်မတန် မိုက်မဲတဲ့ကောင်"

ကျန်းယိလန် ဆက်တိုက် တောင်းပန်နေသည်။

သူသည် မျက်စိကို ပိတ်ပြီး အနားယူနေသည်။ အတန်ကြာမှ မျက်လုံးပြန်ပွင့်လာပြီး ကွဲသွားသော အရက်အိုးကို စောင်းငဲ့ကြည့်သည်။

"အရက်တစ်အိုး အလဟဿ ဖြစ်သွားတာပဲ၊ တောက်... မင်းဟာ တကယ်အသုံးမကျတဲ့ကောင်ပဲကွာ၊ မင်းကို ငါးရက်လောက် အရက်မတိုက်ဘဲ ဒဏ်ခတ်သင့်တယ်"

ကျန်းယိလန်က ငြိမ်ခံနေသည်။ ဤအချိန်မျိုးတွင် သူ့အနေဖြင့် ရှောင်ယီအား အတိုက်အခံ မလုပ်သင့်ကြောင်း သူ ကောင်းစွာ နားလည်သည်။ သည်တစ်ကြိမ် ရှောင်ယီ စိတ်ထွက်လာလျှင် သူ့လည်ပင်းရိုးကို ချိုးပစ်မည်မှာ သေချာပေသည်။

ဖယောင်းတိုင် မီးရောင်က မှေးမှိန်လွန်းလှသည်။

ရှောင်ယီက မျက်လုံးအစုံကို ပြန်ပိတ်လိုက်၏။ သူသည် အိပ်တော့ရန် ဆုံးဖြတ်လိုက်၏။

ကျန်းယိလန်ကား ငြိမ်သက်နေသည်။ အသက်ကို တအား ရှိုက်၍ရှိုက်၍ ရှူနေ၏။ ထို့ကြောင့် သူ့အသက်ရှူသံက ပြင်းထန်နေသည်။

အတန်ငယ်ကြာသောအခါ ရှောင်ယီ လှုပ်ရှားလာပြီး ခါးကို မတ်၍ ထိုင်လိုက်၏။ မျက်လုံးကို ဖွင့်ပြီး ပတ်ဝန်းကျင်ကို မျက်စိ ကစားသည်။ ထို့နောက် အသက်ပြင်းပြင်းရှူကြည့်သည်။

ရှောင်ယီမျက်နှာမှာ ထိတ်လန့်မှုအပြည့်နှင့် ဖြစ်လာသည်။ ဖယောင်းတိုင်မီးရောင် ပို၍မှိန်လာသဖြင့် ဥမင်အတွင်း၌ အမှောင်ထု ကြီးစိုးမည်ကဲ့သို့ ဖြစ်လာသည်။

ကျန်းယိလန်သည် အသက်ကို ပြင်းပြင်း ရှူရှိုက်နေရင်းမှ ရှောင်ယီအား ထိတ်လန့်စွာ ကြည့်လေတော့၏။

ရှောင်ယီက ကျန်းယိလန် မျက်နှာကို မကြည့်။ ဖယောင်းတိုင် မီးတောက်ကလေးကို ကြည့်နေသည်။ ရှောင်ယီ၏ မျက်လုံးအစုံက ပြူးကျယ်နေသည်။ ရှောင်ယီ ဘာဖြစ်သွားသနည်း။ ရှောင်ယီ ရူးသွားလေပြီလော။

ကျန်းယိလန်မှာ ထိုသို့ တွေးလိုက်မိသဖြင့် ထိတ်လန့်လာလေတော့၏။

"ကျုပ်တို့နှစ်ယောက် ဆယ်ရက်တောင် မနေရတော့ဘူး၊ နောက်ထပ် တစ်အောင့်လောက်ကြာရင် သေကြရတော့မယ်"

ရောင်ယီထံမှ ထွက်ပေါ်လာသည့် စကားသံမှာ ကျောချမ်းစဖွယ်ပင်။

ကျန်းယိလန်မှာ ပို၍ မျက်လုံးပြူးသွားသည်။

"ဘာဖြစ်လို့လဲ၊ ဘာကြောင့် ကျွန်တော်တို့ သေကြရမှာလဲ"

"ငါတို့ အသက်ရှူကြပ်ပြီး သေကြရတော့မယ်၊ စုမီမီက တွင်းပေါက်ကို အလုံပိတ်သွားတယ်၊ ဒီအထဲမှာ လေကောင်းလေသန့်တွေ တဖြည်းဖြည်း ပါးကုန်ပြီ၊ လေကောင်းလေသန့်တွေ မရှိတော့ရင် အသက်ရှူ မွန်းကြပ်ပြီး သေကြရတော့မယ်၊ အခု ငါတို့"

အသက်ရှူရ ခက်ခဲလာရခြင်းကို ကျန်းယိလန် သိနေခဲ့သည်။ သို့သော် အဘယ်ကြောင့် အသက်ရှူရ ခက်ခဲခြင်းကို ကျန်းယိလန် မသိခဲ့ချေ။

ယခု ရောင်ယီပြောမှ လေကောင်းလေသန့် မရှိသော လုံနေသော ဤဥမင်ထဲ၌ သူတို့ ရက်ကြာကြာ အသက်ရှင်မနေနိုင်ကြောင်း ကျန်းယိလန် သိလာရလေပြီ။

"ကျွန်တော် ဒီအချက်ကို ထည့်မစဉ်းစားမိခဲ့ဘူး၊ ခုတော့"

သေရခါနီးပြီကို ကောင်းစွာသိရှိသွားသဖြင့် ကျန်းယိလန်မှာ တစ်ကိုယ်လုံး တုန်တုန်ယင်ယင် ဖြစ်လာတော့သည်။ သူကား စိတ်ဓာတ်မကြံ့ခိုင်သူသာတည်း။

ရောင်ယီက မျက်မှောင်ကို ကြုတ်ထားသည်။ ထို့နောက် တီးတိုးပြော၏။

"အသက်ရှူကြပ်ပြီး သေရတဲ့ဝေဒနာဟာ အတော့်ကို ခံရခက်မှာပဲ"

ရောင်ယီကဲ့သို့ လူမျိုးပင် သေရမည့်ကိစ္စကို တွေးနေလျှင် ကျန်းယိလန်ကား ပြောဖွယ်ရာ မရှိတော့ပေ။ ထို့နောက် အတန်ငယ်မျှ ငြိမ်စဉ်းစားပြီး ထပ်မံပြောသည်။

"ငါ ကြားဖူးတာက အသက်ရှူကြပ်ပြီး သေရခါနီးမှာ လူဟာ အရူးလို ဖြစ်သွားတယ်ဆိုပဲ၊ တွေ့ကရာကို ဆွဲချင်ဖေးမချင်စိတ် ဖြစ်လာတယ်၊ နောက်ဆုံး ကိုယ့်မျက်နှာကိုတောင် ပြန်ဆွဲကုတ်တယ်ဆိုပဲ၊ တစ်ချို့ကြတော့လဲ ကိုယ့်ကိုယ်ကို ပြန်ကုပ်ဖွဲ့ရင်း အသက်ရှူရပ်သွားကြသတဲ့၊ တို့အခြေအနေကတော့ အတော့်ကို ဆိုးနေတာပဲ"

"တော်တော့ဗျာ၊ မပြောပါနဲ့တော့၊ ကျွန်တော်... ကျွန်တော် ကြောက်တယ်၊ ဒီလို ဖြစ်လာမှာမျိုး၊ ဒီလို သေရမှာမျိုး ကျွန်တော် မသေချင်ဘူး၊ ကျွန်တော် ဒီက ပြေးတာကလဲ မသေချင်လို့ပါ၊ ခင်ဗျား ပြောနေတာတွေဟာ သေတာထက်တောင် ဆိုးပါသေးတယ်"

ရောင်ယီက ရယ်မောလိုက်လေ၏။

"ငါကတော့ အဲဒီလို လှုပ်လှုပ်ရှားရှားနဲ့ အော်ဟစ်ရုန်းကန်ပြီး သွေးသံရဲရဲ သေရမှာကို ပိုကောင်းတယ်လို့ ထင်တယ်၊ ငါက ငြိမ်ပြီး မသေချင်ဘူး"

ကျန်းယိလန်သည် ရောင်ယီ ရူးသွပ်သွားလေပြီလောဟု တွေးကာ မျက်မှောင်ကြုတ်နေလေ၏။ သေခြင်းတရားသည် ရဲရင့်သူကိုလည်း ရူးသွပ်စေနိုင်ပါကလားဟုလည်း တွေးနေ၏။

ရောင်ယီက အားပါးတရ အသက်ရှူနေသည်။

"ရှူထား... ရှူထား၊ လေကောင်းလေသန့် ကုန်တော့မယ်၊ လေကုန်သွားရင် ရှူလို့ မရတော့ဘူး"

ထိုသို့ပြောရင်း သူ့မျက်လုံးများက အရက်များ ဖိတ်ကျကုန်သည့် မြေကြီးဆီသို့ ရောက်သွားလေ၏။

ထိုနေရာတွင် အိုးကွဲစများ ပြန့်ကျဲနေသည်။

အရက်တွေကတော့ ခမ်းခြောက်ကုန်တော့မည်ဟု သူထင်ထားသည်မှာ မဟုတ်တော့ကြောင်း တွေ့နေရသည်။

ထူးဆန်းမှုတစ်ချက်ကို သူ တွေ့နေရလေပြီ။

အရက်များသည် မြေနိမ့်ဘက်သို့ စီးဆင်းသွားပြီးလျှင် နံရံထောင့်တစ်နေရာဝယ် အဆုံးသတ်သည်။

ရှောင်ယီ ဘာစိတ်ကူးရသည်ဟူ၍ မဆိုနိုင်ပါ။ သူက ရေအိတ်တစ်လုံးကို ဆွဲယူလိုက်ပြီး ရေအိတ်ထဲမှ ရေတွေအားလုံး ထိုနေရာပေါ်သို့ သွန်ချလိုက်လေတော့သည်။

ကျန်းယီလန် မျက်လုံးပြူး၊ မျက်ဆံပြူးဖြစ်သွား၏။

"ခင်ဗျား ရူးသွားပြီလား၊ အဖိုးတန်လှတဲ့ သောက်ရေကို ဘာဖြစ်လို့ သွန်ပစ်လိုက်တာလဲ၊ ဒါ ကျုပ်တို့ အသက်ဗျ"

ကျန်းယီလန်က အော်ပြောလိုက်မိ၏။ တကယ်တော့ သူ သတိလစ်ပြီး အော်လိုက်မိခြင်းသာဖြစ်ပါသည်။

ဤရေတွေကို ကုန်အောင် သူတို့ သောက်ချိန် ရှိတော့မည် မဟုတ်ပါ။ ဤမြေအောက်တွင်းထဲ၌ လေကောင်းလေသန့် နည်းနည်းသာ ရှိပါတော့သည်။ သူတို့ အသက်ရှင်နေချိန် သိပ်မရှိတော့ချေ။

ရှောင်ယီက ကျန်းယီလန်ကို ဂရုမစိုက်။ မြေကြီးပေါ်မှ ရေစီးကြောင်းကိုသာ ဂရုစိုက်ပြီး ငုံ့ကြည့်သည်။

"ကြည့်စမ်း၊ ရေစီးက ဟောဟို နံရံထောင့်ထဲကို စီးဝင်သွားတယ်ကွ၊ မြင်တယ် မဟုတ်လား"

ရှောင်ယီက ရေစီးကြောင်းကို လက်ညှိုးထိုးပြပြီး ပြောသည်။ ရှောင်ယီ ဘာတွေတွေးနေသနည်း။ ရှောင်ယီ ဘာတွေ ပြောနေသနည်း။ ကျန်းယီလန်က ပါးစပ်ကို မဲ့လိုက်သည်။

"ရေစီးကြောင်းက အနိမ့်ဘက်အတိုင်း စီးသွားတာပဲ၊ ဘာဆန်းလို့လဲ၊ ဘာလဲဗျ၊ ရေစီးကြောင်းက အမြင့်ပေါ်တက်ပြီး မစီးဆင်းလို့ ခင်ဗျား အံ့သြနေတာလား"

ကျန်းယီလန်က ရွဲ့ပြီး ပြောလိုက်၏။

ရှောင်ယီက ရေစီးဆုံးသော နံရံထောင့်ကို လက်ညှိုးထိုးပြသည်။ သူ အလေးအနက် ပြောနေခြင်းသာ ဖြစ်ပါသည်။

"မင်း ကြည့်စမ်း၊ ရေတွေက အနိမ့်အတိုင်း စီးသွားတယ်၊ စီးသွားပြီးရင် ရေတွေ အိုင်နေရမယ်၊ ခုတော့ အိုင်မနေဘူး၊ နံရံအောက်ခြေထဲ စီးဝင်သွားကုန်တယ်၊ ဒါ ထူးဆန်းတယ်လို့ မထင်ဘူးလား"

ထိုအခါကျမှ ကျန်းယီလန် မျက်လုံးပြူးတော့သည်။ သူက ကမန်းကတန်း ကိုယ်ကို ရွှေ့လာသည်။

"ဟုတ်တယ်၊ ရေတွေက နံရံအောက်က ကြားထဲကို စီးဝင်နေတယ်၊ အံ့သြစရာပဲ"

"အေး... ရေတွေက စီးထွက်ကုန်တာ၊ နံရံအပြင်ကို စီးထွက်သွားတာဆိုတော့ ဒီနံရံရဲ့ အပြင်မှာ လဟာနယ် ရှိရမယ်၊ နို့မဟုတ်ရင် ဒီရေတွေ ဘယ်လို အကုန်စီးထွက်သွားနိုင်ပါ့မလဲ၊ ရေစီးပုံကို ကြည့်စမ်း၊ အင်မတန် သွက်တယ်"

ကျန်းယီလန်မှာ လှုပ်လှုပ်ရှားရှား ဖြစ်သွားလေတော့သည်။

"အဲဒီနေရာကို ကျုပ်တို့ အမြန်ဆုံး ဖောက်သင့်နေပြီ၊ နေဦး၊ ဒီနေရာမှာ ကျွန်တော် တူးခဲ့တဲ့ သံချွန်တွေ ရှိတယ်ဗျ"

ကျန်းယီလန် သတိရပြီး ရှာဖွေရာ သံချောင်းချွန်တစ်ချောင်း ရှာတွေ့မိသည်။

"ပေးစမ်း၊ ငါ ဖောက်မယ်"

ရှောင်ယီက ကျန်းယီလန် လက်ထဲမှ သံချောင်းချွန်ကို ယူပြီး ရေတွေ စီးယိုထွက်နေသည့်နေရာ နံရံအခြေကို တူးဖောက်လေတော့သည်။ သေခြင်းတရားကို လှုပ်ရှားမှုဖြင့် ရင်ဆိုင်လိုသည့် ရှောင်ယီ၏ စရိုက်သဘာဝသည် ဤနေရာတွင် ပေါ်ပေါက်လာပေသည်။

တစ်သက်နှင့်တစ်ကိုယ် ဤမျှပင်ပန်းဆင်းရဲခြင်းကို မတွေ့ကြုံဖူးဘူးဟု ရှောင်ယီ ထင်မှတ်၏။ အဘယ့်ကြောင့်ဆိုသော် အသက်ရှုကြပ်နေရင်းမှ မြေတူးသောအလုပ်ကို သူ လုပ်နေရသောကြောင့်တည်း။

ကျန်းယိလန်သည်လည်း ခက်ခဲစွာ အသက်ရှုနေရ၏။ သူ့လက်အစုံသည် မြေမတူးဘဲနှင့် တူးသကဲ့သို့ အားစိုက်နေ၏။

အမှန်တော့ သူ ဘာကိုမှ အားစိုက်ပြုလုပ်ရခြင်း မရှိပါ။

ရှောင်ယီ တူးဖောက်နေသည်ကို သူ့စိတ်က အလိုလို အားစိုက်မိနေခြင်းဖြစ်သည်။ လွတ်မြောက်လိုသည့် အတွင်းစိတ်က အားစိုက်နေသဖြင့် သူသည်လည်း ရှောင်ယီကဲ့သို့ ပင်ပန်းနေသည်သာ ဖြစ်ပါလေ၏။ ထိုစဉ် မှေးမိန်စွာ လင်းနေသော ဖယောင်းတိုင်မီးသည် ဟုတ်ခနဲ ငြိမ်းသေ၍ သွားလေတော့သည်။ အမှောင်ကြီး ကျ၍ သွားလေပြီ။ ဘာဆို ဘာကိုမှ မမြင်ရတော့။

တူးဖောက်သံကသာ မှန်မှန်ထွက်ပေါ်၍နေသည်။ ကျန်းယိလန် ခက်ခဲစွာ အသက်ရှုနေသည်။ ရှောင်ယီ၏ သက်ပြင်းရှူသံက ပို၍ ပြင်းထန်နေပါလေသတည်း။

------------------- * * * * * -------------------

အခန်း(၅၄)

ခြောက်ခြားမှု ကြီးစိုးရာ

==============================

"ဒုန်း... ဒုန်း... ဒုန်း"

ပျဉ်ပြားနှင့် သံချွန် ထိတွေ့သောအသံ ဖြစ်လေ၏။

ဒုန်းခနဲ နောက်ဆုံးတစ်ချက် ထိခိုက်သံ ပေါ်လာပြီး အလင်းပေါက်တစ်ပေါက် ဖြစ်ပေါ်သွားသည်ကို တွေ့မြင်လိုက်ရသည်။

"အပေါက်ဖြစ်သွားပြီ၊ လေတွေ တိုးဝင်လာတယ်ဟေ့"

ရှောင်ယီက ဝမ်းမြောက်ဝမ်းသာ အော်လိုက်သည်။ မွန်းကြပ်သေခွင့် မကြုံတော့ပေ။

"အပြင်ဘက်မှာ အခန်းတစ်ခန်းရှိတယ်၊ မြေအောက်ခန်းတစ်ခုပဲ ဖြစ်မယ်၊ တို့ ကံမဆိုးသေးပါဘူး"

ရှောင်ယီက အပေါက်ထဲကို ငုံ့ကြည့်ပြီး ပြောလေသည်။ လေကောင်းလေသန့်များ တိုးဝင်လာသဖြင့် သူတို့ အသက်ကောင်းစွာရှူ၍ ရကြပြီဖြစ်၏။ သူတို့နှစ်ယောက်စလုံး အားတက်သွားကြသည်။

"ပေး... ပေး၊ ခင်ဗျား ပင်ပန်းနေပြီ၊ ကျွန်တော် ဆက်တူးမယ်"

ကျန်းယီလန်က ရှောင်ယီထံမှ သံချောင်းချွန်ကို ယူပြီး နံရံပေါက်ကို ဆက်တူးဖောက်တော့သည်။ မျှော်လင့်ချက်သည် ကျန်းယီလန်အတွက် အားမာန်ကို ဖြစ်ပေါ်စေလေသည်။

နံရံပေါက်က တဖြည်းဖြည်း ကျယ်၍ လာလေသည်။

ရှောင်ယီက အပေါက်မှနေ၍ တစ်ဘက်ခန်းကို ငုံ့ကြည့်နေသည်။ လူတစ်ယောက်စာ ဝင်နိုင်လောက်သည့်အခါ ရှောင်ယီက တူးဖောက်ခြင်းကို ရပ်ခိုင်းလိုက်၏။ သူကိုယ်တိုင် ထိုအပေါက်မှ တစ်ဘက်ခန်းကို တိုးဝင်သွားလေတော့၏။

ရှောင်ယီသည် ထိုမှာဘက် အခန်းတွင် ကောင်းစွာ ရပ်နိုင်သည်။ သူ လွန်စွာ အံ့အားသင့်သွားရ၏။ အခန်းပတ်လည်ကို ဦးခေါင်းလှည့်ကြည့်မိသည်။

သူ အန္တရာယ် မရှိသောအခါမှ ကျန်းယီလန်ကို လှမ်းခေါ်လိုက်သည်။

"ကျန်းယီလန်... ဒီဘက်ကို ဝင်လာခဲ့တော့"

ကျန်းယီလန်သည် အလျင်အမြန်ပင် ထိုအပေါက်မှ တစ်ဘက်ခန်းသို့ တိုးဝင်သွားသည်။ သူသည်လည်း ရှောင်ယီကဲ့သို့ပင် မြင်ရသော၊ ရောက်ရှိနေသောအခန်းကို အံ့အားသင့်စွာ ကြည့်မိတော့သည်။

သူတို့ ရောက်နေသောအခန်းသည် အံ့ဩစရာကောင်းလောက်သည့် 'ရှစ်မြှောင့်' ပုံသဏ္ဌာန်အခန်း ဖြစ်နေသောကြောင့်တည်း။ အခန်းသည် နံရံရှစ်ဘက်ရှိ၏။ ထိုနံရံများမှာ သံပြားနံရံ ရှိသလို ပျဉ်ပြားနံရံလည်း ရှိ၏။

မာကျောလှသော သံမဏိနံရံကိုလည်း လင်းပြောင်စွာ တွေ့ရလေသည်။ နောက်နံရံတစ်ချပ်မှာ ကြေးဖြင့်ပြုလုပ်ထားသည်။

သူတို့သည် ကံကောင်းထောက်မစွာဖြင့် ပျဉ်ပြားဖြင့် ပြုလုပ်ထားသော နံရံကို တူးဖောက်မိကြခြင်းဖြစ်၏။ ထို့ကြောင့်သာ သူတို့ ဖောင်ဝင်လာနိုင်ခြင်းဖြစ်သည်။ အကယ်၍များ သံပြားနံရံသာဖြစ်ပါက ယခုအချိန်လောက်ဆိုလျှင် သူတို့နှစ်ယောက်မှာ ဥမင်အတွင်းတွင် အသက်ရှူကြပ်ပြီး သေပြီးဖြစ်နေလောက်ပေပြီ။ သူတို့နှစ်ယောက်ကား အလွန်အမင်း ကံထူးသူများသာ ဖြစ်ပါလေသတည်း။

'ရှစ်မြှောင့်' ပုံသဏ္ဍာန်ရှိသော အခန်းထဲတွင် စားပွဲမရှိပါ။ ထိုင်ခုံလည်း တစ်လုံးမျှ မရှိပါ။

မြေအောက်ခန်းထဲတွင်ဖြစ်သဖြင့် ပင့်ကူအိမ်များလည်း ထိုအခန်းထဲတွင် ဖွဲ့မနေပါ။ ဖုန်မှုန့်များလည်း ရှိမနေပါ။

လေကောင်းလေသန့်တို့ မည်သည့်အရပ်မှနေပြီး မည်သည့်အပေါက်မှ ဝင်လာသည်ကိုလည်း သူတို့မသိချေ။ သူတို့သိသည်မှာ အသက်ဝဝရှူ၍ ရခြင်းပေတည်း။

ဤအခန်းထဲတွင် ရှိနေသည့်ပစ္စည်းများ အားလုံးသည် ပုံသဏ္ဍာန် အမျိုးမျိုးရှိသည့် ယန္တရားများ ဖြစ်နေပါ၏။ အချို့ကို သံဘီးများ၊ သစ်သားမောင်းတံများဖြင့် ပြုလုပ်ထား၏။ အချို့နေရာမှာ သံမဏိ၊ ကြေးများဖြင့် ပြုလုပ်ထား၏။

အလွန်ထူးခြားသည့် အံ့ဖွယ်ရာကောင်းအောင် ပြုလုပ်တည်ဆောက်ထားသော ယန္တရားတွေဖြစ်ကြောင်း တွေ့ရသည်။

ကျန်းယိလန်သည် မျက်လုံးအပြူးသားဖြင့် ထိုယန္တရား ကိရိယာများကို လျှောက်ကြည့်သည်။

"ဘယ်လို ယန္တရားကိရိယာမျိုးတွေပါလိမ့်ဗျာ၊ ကြီးကျယ်ရှုပ်ထွေးလှချည်လား၊ ကျွန်တော်တို့ ပိတ်မိနေတဲ့ ဉမင်ခန်းနဲ့ ဒီအခန်းဟာ သစ်သားနံရံတစ်ချပ်သာ ခြားတာ၊ ကျွန်တော်တို့ သိပ်ကံကောင်းသွားတာပဲနော်"

ကျန်းယိလန်က တီးတိုးပြော၏။

ရှောင်ယီကမူ ဘာမှ မပြောဘဲ ယန္တရားများကို တစ်ခန်းလုံးနှံ့အောင် လျှောက်ကြည့်သည်။ သူ အံ့သြနေသော်လည်း အံ့သြဟန် မပြဘဲရှိသည်။

ဤယန္တရားများက မည်သည့်အတွက် သုံးလေသနည်း။ သူတို့နှစ်ယောက်စလုံး ထိုယန္တရားများ မည်သို့ သုံးမည်ကို စဉ်းစား၍ မရချေ။ ဤယန္တရားကို တည်ဆောက်သောလူသည် အလွန်ဉာဏ်ရည်ဉာဏ်စွမ်း ထက်မြက်သူသာ ဖြစ်ရမည်။ အဘယ်ကြောင့်ဆိုသော် ဤမျှ ကြီးကျယ်သော မြေအောက်ခန်းများကို အဘယ်သူလျှင် ထိုပုဂ္ဂိုလ်ကဲ့သို့ တည်ဆောက်နိုင်ပါမည်နည်း။

ရှောင်ယီရော၊ ကျန်းယိလန်ပါ ဤမျှ ရှုပ်ထွေးဆန်းပြားသော ယန္တရားကိရိယာမျိုးကို တစ်သက်နှင့်တစ်ကိုယ် တစ်ခါမျှ မမြင်ဘူးချေ။ ရှောင်ယီက ပိုဆိုးသည်။ သူသည် ဒုစရိုက်ကျေးရွာ၌ ကြီးပြင်းခဲ့ရသူ မဟုတ်ပါလော။

"ခင်ဗျား သိသလား၊ ဒီအခန်းဟာ ဘာလုပ်တဲ့အခန်းလဲ"

ကျန်းယိလန်က မေးလိုက်၏။

ရှောင်ယီ မဲ့ပြုံးပြုံးပြီး ခေါင်းခါသည်။

"ဘယ်သိမှာလဲကွ၊ ငါလဲ ဒါတွေမြင်ဖူးတာမှ မဟုတ်တာ"

ကျန်းယိလန်သည် ကြေးနံရံရှေ့တွင် သွားရပ်သည်။ သူ၏အကြီလက်မောင်းစဖြင့် ကြေးနံရံကို သုံးလေးချက်မျှ ပွတ်တိုက်ကြည့်လိုက်၏။

"ဟာ... ဒီနံရံဟာ ကြေးနံရံ မဟုတ်ဘူး၊ ရွှေပြားနံရံကြီးပါလား"

ကျန်းယိလန် အံ့သြစွာ အော်သံကြောင့် ရှောင်ယီပင် လန့်သွား၏။ ရှောင်ယီက-

"နံရံတွေကို သံတွေ၊ ကြေးတွေ၊ ရွှေတွေနဲ့ လုပ်ထားတာ မဆန်းပါဘူး၊ ထူးဆန်းတာက ဒီအခန်းထဲကို လေကောင်းလေသန့်တွေ ဘယ်လိုလုပ်ပြီး ဝင်လာနိုင်သလဲ ဆိုတာပဲ"

ကျန်းယိလန်က ခေါင်းညိတ်ပြီး ဟိုဟိုသည်သည် စူးစမ်းကြည့်နေလေသည်။

ရှောင်ယီက သက်ပြင်းတစ်ချက်ရှိုက်လိုက်ပြီး-

"ဒီယန္တရားကိရိယာတွေကို ဘယ်အတွက် တပ်ဆင်ထားလဲဆိုတာ ငါတို့ သိရရင် သိပ်ကောင်းမယ်၊ ငါတို့ လွတ်မြောက်ဖို့ လမ်းက ဒီကိရိယာတွေအပေါ် မူတည်ချင် တည်နေမှာ"

ပြောပြောဆိုဆိုနှင့်ပင် ရှောင်ယီ၏ လက်တစ်ဘက်က သစ်သားဘီးတစ်ခုကို ကိုင်လိုက်၏။ သူက ထိုဘီးကို လှည့်ကြည့်လိုဟန် ရှိ၏။ ဟိုဘက်သည်ဘက် လှုပ်ရှားကြည့်နေလေသည်။

"ဟေ့… ဟေ့လူ"

ဤသည်ကို ကျန်းယိလန် ထိတ်လန့်မိ၏။ သူက ရှောင်ယီကို မျက်လုံးပြူးကြည့်ပြီး ပြောသည်။

"ခင်ဗျား အဲဒီဘီးကို လှည့်ကြည့်မလို့လား၊ မလုပ်နဲ့လေ"

ရှောင်ယီက ခေါင်းညိတ်လိုက်ပြီး-

"လှည့်မလို့ကွ၊ ဘာတွေ ဖြစ်လာမလဲဆိုတာတော့ မသိဘူး၊ ဒီဘီးလှည့်လိုက်ရင် ငါတို့နှစ်ယောက်အတွက် ကောင်းကျိုး တစ်ခုခု ဖြစ်ချင်လဲ ဖြစ်လာလိမ့်မယ်၊ ဒါမှမဟုတ် ဆိုးကျိုးတစ်ခုခုလဲ ဖြစ်ချင်ဖြစ်လာနိုင်တယ်"

ကျန်းယိလန်က အံကို ကြိတ်ပြီး ဆုံးဖြတ်လိုက်ရ၏။

"ခင်ဗျား လှည့်ချင်လဲ လှည့်လိုက်တော့လေ၊ မထူးတော့ပါဘူး၊ ဒီအခန်းက ထွက်ပေါက်မရှိမယ့်အတူတူတော့ ဖြစ်ချင်ရာ ဖြစ်ပါစေတော့"

ရှောင်ယီသည် သူကိုင်ထားသော ဘီးကို တစ်အားဆွဲလှည့်ချလိုက်လေတော့၏။

"ရှီး… ဂျစ်… ဂျစ်… ဂျစ်"

ထိုအခါ ယန္တရား လှုပ်ရှားလည်ပတ်သံများ ထွက်ပေါ်လာသည်။ အသံက မကျယ်လောင်လှပေ။

ကျောက်နံရံကြီးပေါ်၌ တံခါးလည်း အပေါက်တစ်ခု ပွင့်ဟသွားလေ၏။

ရှောင်ယီရော ကျန်းယိလန်ပါ ဝမ်းမြောက်ဝမ်းသာ ဖြစ်သွားကြသည်။ သူတို့ စွန့်ရကျိုး နပ်လေပြီ။

"ထူးခြားပြီ၊ တံခါးပေါက်တစ်ခုတော့ ပွင့်သွားပြီ"

ကျန်းယိလန်က ဝမ်းမြောက်ဝမ်းသာ အော်ဟစ်လိုက်၏။

သူသည် ရှောင်ယီနှင့်အတူ ပူးတွဲထွက်ပြေးရခြင်းအတွက် ယခုတစ်ကြိမ်သာ ဝမ်းမြောက်ဝမ်းသာဖြစ်မိခြင်း ဖြစ်လေ၏။

"အခု ပွင့်သွားတဲ့ တံခါးပေါက်ဟာ သေမင်းတံခါးဝလား၊ ဒါမှမဟုတ် နိဗ္ဗာန်တံခါးဝလား ဆိုတာတော့ မသိနိုင်ဘူး"

ရှောင်ယီ၏ စကားက ကျန်းယိလန်၏ ဝမ်းသာမှုအရှိန်ကို နောက်သို့ ပြန်ဆွဲလိုက်သလို ဖြစ်သွား၏။ ကျန်းယိလန် ဝမ်းမသာနိုင်တော့ချေ။

ကျန်းယိလန်သည် ဥမင်အခန်းထဲသို့ ပြန်ဝင်ရပြန်သည်။ ဖယောင်းတိုင်နှင့် မီးခတ်ကို ယူကာ ပြန်လာ၏။ ဖယောင်းတိုင် မီးကို ထွန်းလိုက်ရသည်။ ရှောင်ယီက ဖယောင်းတိုင်မီးကို ကိုင်ကာ ရှေ့မှ ဝင်သွားလေ၏။ တံခါးပေါက်အတွင်းသို့ ရောက်သွားသည်နှင့် ဆိုးရွားသော အနံ့အသက်ကို ရှူရှိုက်မိကြ၏။ ဘာနံ့မှန်းလည်း မခန့်မှန်းတတ်ပေ။

ထိုပုပ်ဟောင်သော အနံ့အသက် တစ်မျိုးကို ရှောင်ယီတစ်သက်နှင့်တစ်ကိုယ် တစ်ခါမျှ မရှူရှိုက်ခဲ့ဖူးပါ။ ထိုအနံ့အသက် မျိုးကို မည်သူမျှ ဒုတိယအကြိမ် ရှူရှိုက်လိုကြမည် မဟုတ်ချေ။

သို့သော်လည်း သူတို့နှစ်ယောက်သည် ထိုအနံ့အသက်ကို ရှူရှိုက်ပြီး ဝင်သွားကြရ၏။ အဘယ့်ကြောင့်ဆိုသော် သူတို့ နှစ်ယောက်စလုံး အသက်မရှူဘဲ မနေနိုင်ကြသောကြောင့်တည်း။ မကြာမီ ထိုပုပ်ဟောင်သော အနံ့အသက်သည် အဘယ် ကြောင့် ထွက်ပေါ်နေသည်ဆိုသည်ကို သူတို့ သိလိုက်ကြရ၏။

ဖယောင်းတိုင်မီးရောင်ဖြင့် ထိုအနံ့အသက်များ ဖြစ်ပေါ်စေသောအရာများကို သူတို့ တွေ့လိုက်ကြရသည်။ သူတို့ နှစ်ယောက်စလုံး ထိတ်လန့်တုန်လှုပ်သွားကြရသည်။ ကျန်းယိလန်မှာ ရှောင်ယီ၏ပခုံးကို နောက်မှ လှမ်းကိုင်လိုက်၏။ သူ့လက်မှာ တဆတ်ဆတ် တုန်ယင်နေသည်။ အဘယ့်ကြောင့်ဆိုသော် သူတို့ရှေ့၌ အရိုးကျနေပြီဖြစ်သော အလောင်းများကို တွေ့နေရသောကြောင့်တည်း။

ထိုလူသေအလောင်းတွေ၏ ပုံပန်းသဏ္ဍာန်ကိုတော့ ချုံ၍ပဲ ပြောဆိုလိုက်ပါမည်။

အလွန်ထိတ်လန့်ဖွယ်ရာ ပုံသဏ္ဍာန်အမျိုးမျိုးဖြင့် သေဆုံးနေကြသော အလောင်းများဖြစ်ကြပေသည်။ အလောင်းတော်တော်များများမှာ အရိုးကျနေပြီဖြစ်သော်လည်း အချို့အလောင်းများကား အရိုးမကျသေးချေ။

ရှောင်ယီသည် အရိုးစုများကို လက်ညှိုးထိုး ညွှန်ပြလိုက်၏။

"တစ်ချို့ အရိုးစုတွေဟာ နှစ်ပေါင်း နှစ်ဆယ်၊ ဒါမှမဟုတ် နှစ်ဆယ့်ငါးနှစ်လောက်က ဒီအခန်းမှာ သေခဲ့တာ ဖြစ်မယ်၊ ဒီထဲမှာ အရိုးမကျသေးတဲ့ အလောင်းတွေ ရှိနေတာကလဲ တော်တော်အံ့သြစရာ ကောင်းနေတယ်"

"ဒီလူတွေအားလုံးဟာ အစာငတ်ရေငတ်ဖြစ်ပြီး သေကုန်ကြတာနဲ့ တူပါရဲ့၊ သူတို့ မျက်နှာတွေမှာ ဖြစ်နေတဲ့ ပုံပန်းသဏ္ဍာန်တွေကို ကြည့်ပါလား၊ သေခါနီး ရှုံ့သွပ်စွာ အော်ဟစ်ရုန်းကန် ဝေဒနာခံစားရပုံ ရတယ်"

ကျန်းယိလန်က တုန်ယင်စွာ ပြောလိုက်သည်။ ဒီလူတွေဟာ ဘယ်က လူတွေများပါလိမ့်ဟုလည်း တွေးနေသည်။

ထိုစဉ် ရှောင်ယီသည် ရင်ထဲမှ ပျို့တက်လာပြီး တဝေ့ဝေ့ ထိုးအန်လေတော့သည်။ ထိုမြင်ကွင်းမျိုး ရှောင်ယီသည် ယခင်က တစ်ကြိမ်တစ်ခါမျှ မမြင်ခဲ့ဘူးချေ။ ထိုသို့ အန်လိုက်သဖြင့် သောက်စားထားသော အရက်နှင့် အစာဖတ်များ ထွက်ကျလာတော့သည်။ ရှောင်ယီ အန်သဖြင့် ကျန်းယိလန်လည်း အောင့်မနေနိုင်တော့ဘဲ ခြောက်ကပ်ကပ်အသံနှင့် အန်လေတော့သည်။

သို့သော် ကျန်းယိလန် အန်သည်မှာ အစာ မပါပါ။

"သူတို့ဝတ်ထားတဲ့ အဝတ်အစားတွေ ကြည့်ရတာ ခပ်ကြမ်းကြမ်းတွေပဲ၊ ဒီလိုအဝတ်အစားမျိုးတွေကို ဆင်းရဲသားတွေပဲ ဝတ်ဆင်တတ်ကြတယ်၊ ကျုပ် တွေးမိပြီ၊ ဒီလူတွေဟာ ဟောဒီမြေအောက်ခန်းဆောင်ကို တည်ဆောက်ကြတဲ့ အလုပ်သမားတွေ ဖြစ်လိမ့်မယ်"

"ဟုတ်လိမ့်မယ်၊ တကယ်တော့ ဒီလူတွေအားလုံးဟာ လူနုံလူအတွေချည်းပါပဲ"

ကျန်းယိလန်က မှတ်ချက်ချလိုက်သည်။

ရှောင်ယီက ကျန်းယိလန်ကို မျက်ခုံးပင့်ကြည့်သည်။

"သူတို့ကို လူနုံလူအတွေပဲလို့ မင်း ဘာကြောင့် ပြောနိုင်တာလဲ"

ကျန်းယိလန်က ပါးစပ်ကို မဲ့ရွဲ့၍-

"ဒီလူတွေဟာ မစဉ်းစားတတ်ကြဘူးလေ၊ ဒီလို လျှို့ဝှက်တဲ့ မြေအောက်ခန်းဆောင်တစ်ခု တည်ဆောက်ပေးခဲ့ပြီးရင် သူတို့လဲ သေကြရမှာပဲဆိုတာ မသိကြဘူးလား၊ လျှို့ဝှက်မှု ဆိုတာမျိုးဟာ ပြုလုပ်တဲ့လူကလွဲလို့ အခြား ဘယ်သူ့ကိုမှ မသိစေချင်ကြဘူး မဟုတ်လား"

ရှောင်ယီက ခေါင်းကို တဆတ်ဆတ်ညိတ်ပြီး-

"မင်းပြောတာလဲ ဟုတ်ပေသားပဲ"

ရှောင်ယီက ကျန်းယိလန်ကို ချီးကျူးလိုက်လေ၏။

"ကျွန်တော် ထူးဆန်းအံ့သြနေတာကတော့ စုမီမီ"

ကျန်းယိလန်၏ စကား တစ်ပိုင်းတစ်ပြတ်နှင့် ရပ်သွားလေ၏။ အဘယ့်ကြောင့်ဆိုသော် သူတို့၏ ခေါင်းပေါ်မှ ရုတ်တရက် ခြေသံများ ထွက်ပေါ်လာသည်ကို သူတို့နှစ်ယောက် ကြားလိုက်ရသောကြောင့်တည်း။

သူတို့ ကြားလိုက်ရသောခြေသံမှာ ခပ်ဖြည်းဖြည်း ခပ်လေးလေးရှိ၏။ တစ်စုံတစ်ရာသောပစ္စည်းကို ဆွဲယူပြီး လျှောက်လာနေကြောင်း ခန့်မှန်းနိုင်သည်။

သို့မဟုတ်ပါက အလွန်နေးကွေးစွာ လျှောက်တတ်သူတစ်ယောက် လမ်းလျှောက်လာနေခြင်းသာဖြစ်ရမည်။ ရောင်ယီနှင့် ကျန်းယိလန်တို့ နှစ်ယောက်စလုံးမှာ ကြက်သီးမွေးညင်းများ ထသွားမိတော့သည်။

မည်မျှပင် သတ္တိကောင်းသောလူတွေ ဖြစ်နေပါစေ။ ဤလိုအချိန်၊ ဤလိုနေရာမျိုးဝယ် ဤလိုအသံမျိုးကို ကြားလိုက်ရပါက မုချ ကြက်သီးမွေးညင်းများ ထသွားရပေလိမ့်မည်။

ထိုစဉ် ကျန်းယိလန်၏ လက်ထဲမှ ဖယောင်းတိုင်မီး လွတ်ကျသွားလေရာ အခန်းသည် မှောင်အတိ ကျသွားလေသတည်း။ ခြေသံမှာ အထက်မှအောက်သို့ ဆင်းသက်လာဟန်ရှိပြီး တဖြည်းဖြည်းနှင့် နီးသထက် နီးလာဟန်ရှိရာ ရောင်ယီရော ကျန်ယိလန်ပါ အသက်မရှူနိုင်အောင် ဖြစ်သွားတော့သည်။

ရောင်ယီကိုယ်တိုင် တုန်လှုပ်နေသည်။ အမှောင်ရှိ၍သာ တော်တော့သည်။

လေးလံသောခြေသံက သူတို့နှစ်ယောက်စလုံး၏ အသည်းပေါ်သို့ ဆောင့်နင်းနေသကဲ့သို့ ခံစားနေကြရသည်။

သူတို့နှစ်ယောက်စလုံး အပြင်သို့ ပြေးထွက်သွားလိုက်ချင်ပါသည်။ သို့သော် ခြေထောက်များမှာ နေရာတိုင်းတွင် သံနှင့်ချိတ်ဆွဲထားခံရသလို ဖြစ်နေကြသည်။ မပြေးနိုင်ကြပေ။

ထိုစဉ် သူတို့အထက်မှ အပေါက်တစ်ပေါက် ထွက်ပေါ်လာ၏။ ဝါကျင့်ကျင့် အလင်းရောင်တစ်ခု တိုးဝင်လာသည်။

ရောင်ယီနှင့် ကျန်းယိလန်တို့နှစ်ယောက်မှာ အသက်ကိုအောင့်ထားကြတော့၏။ ငြိမ်၍ ကြည့်နေမိကြသည်။

သူတို့သည် ခြေထောက်တစ်စုံကို တွေ့မြင်လိုက်ကြရလေ၏။

------------------- * * * * * -------------------

**အခန်း(၅၅)**

**မိတ်ဆွေတု**

==============================

ရောင်ယီတို့နှစ်ယောက်စလုံး ခေါင်းနပန်းကြီးသွားကြ၏။

ထိုခြေထောက်အစုံသည် လှပသော ပန်းဖိနပ်ကို ဝတ်ဆင်စီးနင်းထားသည်။ ဂါဝန်မှာ အစိမ်းရောင်ဖြစ်သည်။ ဂါဝန်အထက် မြင်ကွင်းကိုတော့ မမြင်ရချေ။

စုမီမီ။

သူတို့နှစ်ယောက်စလုံး အသည်းနှလုံးများက ထိုနာမည်ကို တစ်ပြိုင်နက် အော်ဟစ်လိုက်ကြသည်။ ထိုအသံကို စုမီမီ ကြားသွားမည်စိုးသဖြင့် နှစ်ယောက်စလုံး ရင်ဘတ်အသီးသီးကို ဖိလိုက်မိကြသည်။

သူတို့နှစ်ယောက်စလုံး သိလိုက်ကြပေပြီ။ ထိုအပေါက်ဝတွင် ထွက်ပေါ်လာသော ခြေထောက်အစုံ၏ပိုင်ရှင်သည် စုမီမိမှ စုမီမီ ဖြစ်ပါလေ၏။

မှန်သည်။ သူတို့နှစ်ယောက် စုမီမီ၏အသံကို ကြားလိုက်ကြရသည်။

"ကဲ… ရှင်လဲ ဟောဒီအခန်းထဲမှာ နေပေတော့၊ ဒီအခန်းထဲမှာ ထာဝရ ငြိမ်းငြိမ်းချမ်းချမ်း နေနိုင်ပါတယ်၊ ရှင့်အတွက် အဖော်တွေလဲ အများကြီးပါပဲလေ"

စုမီမီအသံအဆုံးတွင် လူရိပ်တစ်ရိပ် ထိုအပေါက်မှ ခုန်ဆင်းချလာတော့သည်။

ရောင်ယီနှင့် ကျန်းယီလန်မှာ စုမီမီ စေလွှတ်လိုက်သောလူကို တွေ့မြင်သဖြင့် ထိတ်လန့်ခြင်းကြီးစွာ ဖြစ်သွားလေတော့သည်။ သို့သော် သူတို့၏ ထိတ်လန့်ခြင်းမှာ တမုဟုတ်ချင်း ပြေပျောက်သွားကြရသည်။ အဘယ့်ကြောင့်ဆိုသော် ထိုလူရိပ်သည် အောက်သို့ ကျဆင်းလာသည်နှင့် ကြမ်းပြင်ပေါ်၌ ခွေခေါက်၍ လဲကျနေသောကြောင့်တည်း။ တိတိကျကျ ပြောရမည်ဆိုလျှင် ထိုလူသည် လူသေအလောင်းတစ်လောင်း ဖြစ်နေပါသတည်း။

စုမီမီသည် ထိုအလောင်းကို ပစ်ချလိုက်ပြီးနောက် တံခါးပေါက်ကို ပြန်ပိတ်လိုက်၏။ သူတို့အထက်မှ ထိုတံခါးပေါက် ပိတ်သွားသည်နှင့် အမှောင်ထုသည် ပြန်လည်ကြီးစိုးသွားပြန်တော့သည်။

ကျန်းယီလန်နှင့် ရောင်ယီတို့သည် မလှုပ်မယှက်ပင် ရပ်နေမိကြ၏။ လေးလံလာနေသော စိတ်များကား ကွယ်ပျောက်သွားခဲ့ချေပြီ။

"ကဲ… မီးထွန်းလိုက်စမ်းကွာ"

ရောင်ယီက ကျန်းယီလန် မီးထွန်းညှိခိုင်းလိုက်၏။

ကျန်းယီလန်လည်း လွတ်ကျသွားသော ဖယောင်းတိုင်ကို စမ်းယူပြီး မီးထွန်းညှိလိုက်၏။ အခန်းထဲ၌ အလင်းရောင် ပြန်ရလာသည်။

သူတို့သည် ဤအလောင်းကောင်ထားသော အခန်းထဲမှ အလျင်အမြန် ပြန်ထွက်လာခဲ့ကြသည်။

"ဒီမြေအောက်ခန်းဆောင်ကို စုမီမီ တည်ဆောက်ခဲ့တယ်ဆိုတာ မဟုတ်နိုင်ဘူး၊ သူက ဒီမြေအောက်လျှို့ဝှက်ခန်းဆောင်ကို အကြောင်းတစ်ခုခုနဲ့ ကံကောင်းထောက်မပြီး တွေ့သွားတာပဲ ဖြစ်ရမယ်၊ သူဟာ ဒီအခန်းဆောင်ရဲ့အောက်ထပ်မှာ အခန်းဘယ်နှစ်ခန်းရှိတယ်ဆိုတာတောင် သေချာသိမှာမဟုတ်ဘူး၊ ဒါကြောင့် သူ ယန္တရားတွေရှိတဲ့ ဒီအခန်းကို ဝင်မလာတာပေါ့"

"ဒီနေရာကို ဘယ်သူများ တည်ဆောက်ခဲ့တာပါလိမ့်"

ကျန်းယီလန်က သိလိုစိတ်ဖြင့် ရေရွတ်နေမိ၏။ သူ သိချင်သည်ကို အဆိုး မဆိုသာပါ။ ထိုပုဂ္ဂိုလ်သည် စိတ်ကူးဉာဏ် ကောင်းကောင်း၊ အတတ်ပညာကောင်းကောင်းဖြင့် ဤမြေအောက်ခန်းကို တည်ဆောက်ခဲ့သူ မဟုတ်ပါလော။

ကျန်းယီလန်သည် မီးကို မြှောက်ကိုင်ပြီး 'ရှစ်မြှောင့်' တစ်ခန်းလုံးကို စေ့စေ့စပ်စပ် လှည့်ပတ်ကြည့်ရှုသည်။ ကျန်းယီလန် သည် တိတ်တခိုး စူးစမ်းတတ်သူဖြစ်၏။

သူ့လက်တစ်ဘက်ကလည်း အငြိမ်မနေဘဲ နံရံများကို ကိုင်ကြည့်၊ တီးခေါက်ကြည့် ပြုလုပ်သွား၏။ သူ့ခြေလက်နှင့် မျက်လုံးများ တရစပ် အလုပ်လုပ်သွားသလို သူ့ပါးစပ်ကလည်း တတွတ်တွတ် ရေရွတ်သွား၏။

"ဒီနံရံရှစ်ဘက်ဟာ တည်ဆောက်မှု အတော့်ကို ထူးခြားတယ်၊ အခန်းက ရှစ်မြှောင့်၊ နံရံက ရှစ်ဘက်၊ နံရံတစ်ခုနဲ့တစ်ခု မျိုးမတူတဲ့ ပစ္စည်းတွေနဲ့ ပြုလုပ်ထားတယ်၊ ဒီနေရာက စကြည့်မယ်ဆိုရင် တုတ်တွေနဲ့ စီပြီးတော့ လုပ်ထားတဲ့ နံရံပဲ၊ အစဉ် အတိုင်း ပြောသွားရရင် ဟိုဘက်က သစ်သားနံရံ၊ ပြီးတော့ ကျောက်နံရံ၊ နောက် ကြေးနံရံ၊ သံနံရံ၊ သံမဏိနံရံ၊ ဟိုဘက်က ငွေနံရံ၊ အဝါရောင် အတောက်ပြောင်ဆုံးနံရံကတော့ ရွှေနဲ့လုပ်ထားတဲ့ ရွှေနံရံပဲ မဆန်းဘူးလား"

"ဟုတ်တယ်၊ သိပ်ဆန်းကြယ်တယ်၊ နံရံရှစ်ဘက်ကို တစ်မျိုးစီ ပြုလုပ်ထားတာဟာ သိပ်ကို ထူးဆန်းတယ်၊ အကြောင်း တစ်ခုခုတော့ ရှိလိမ့်မယ်၊ အဲဒီနံရံတွေကို ဖွင့်နိုင်ဖို့အတွက်တော့ ဒီယန္တရားဘီးခလုတ်တွေ ရှိတယ်၊ ငါ စောစောက လှည့်လိုက်တဲ့ ဘီးဟာ လူသေအလောင်းကောင်တွေ ထားရာအခန်းပဲ၊ အဲ... ငါတို့ထွက်ခဲ့တဲ့ သစ်သားနံရံနောက်မှာတော့ ဘာမှ မရှိဘဲဖြစ်နေ တယ်၊ ဟောဟိုဘက်က အုတ်တွေ စီထားတဲ့ နံရံတွေဟာလဲ ခိုင်ခိုင်မာမာနဲ့မို့ အနောက်ဘက်မှာ အခန်းတွေ ဘာတွေ ရှိမယ့်ပုံ မပေါ်ဘူး၊ ဒီတော့ ရွှေရောင်နံရံ၊ ငွေရောင်နံရံ၊ ကြေးရောင်နံရံ အဲဒီနံရံတွေကို ဖွင့်ကြည့်ကြရအောင်၊ ထူးထူးခြားခြား တွေ့စရာ ရှိရင် အဲဒီနံရံတွေ နောက်မှာပဲ တွေ့နိုင်လိမ့်မယ်"

"ကျွန်တော်တို့ ဘယ်နံရံကို အရင်ဖွင့်ကြည့်ကြမလဲ"

ကျန်းယီလန်က မေးလိုက်သည်။

ရှောင်ယီက ရယ်မောပြီး ယန္တရားဘီးတစ်ခုကို သွားလှည့်၏။

"ဘယ်နံရံရယ်လို့ ရွေးချယ်ပြီးတော့ ယန္တရားဘီးခလုပ်ကို ရှာလှည့်ဖို့ မလွယ်ပါဘူး၊ တွေ့တဲ့ဘီးကိုပဲ လှည့်လိုက်မယ်၊ ပွင့်ချင်တဲ့နံရံ ပွင့်သွားပါစေတော့"

ရှောင်ယီ စကားမဆုံးခင်မှာပင် ရွှေရောင်နံရံတံခါးသည် တကျိကျိမြည်ပြီး ပွင့်သွားလေသတည်း။

ရွှေဖြင့်ပြုလုပ်ထားသောတံခါးလည်း ပွင့်ဟသွားပြီးနောက် သူတို့နှစ်ယောက် ဆောလျင်စွာ ဝင်သွားမိကြသည်။ သိလို ဇောသည် သူတို့နှလုံးသား၌ ပူးကပ်နေ၏။ သူတို့နှစ်ဦးထက် အခန်းထဲသို့ စောစီးစွာ ရောက်ရှိသွားသည့်အရာကား ဖယောင်းတိုင် မီးသာ ဖြစ်ပါလေ၏။ ဖယောင်းတိုင်မီးရောင်က သူတို့နှစ်ယောက်ရှေ့မှ အရင်တိုးဝင်သွားခဲ့သည်။

"ဟာ"

အခန်းတွင်းမှ ဝင်းဝင်းလက်သည့် ဝါဝါထိန်ထိန် လင်းနေသောရောင်ခြည်များ ထွက်ပေါ်လာသဖြင့် သူတို့နှစ်ဦးမှာ ဟာခနဲ အာမေဋိတ်သံ ပြုလိုက်မိကြသည်။

သူတို့နှစ်ယောက် မျက်လုံးအပြူးသား ရပ်ကြည့်မိကြသည်။

သူတို့ တွေ့မြင်ရသည်မှာ အခန်းတစ်ခန်းလုံးတွင် ရွှေနှင့် ကျောက်မျက်ရတနာများ တောင်ပုံရာပုံ ပုံနေခြင်းပေတည်း။

ဤမျှ များပြားလှသော ရွှေတုံးများ၊ ကျောက်မျက်ရတနာများကို ရှောင်ယီရော ကျန်းယီလန်ပါ တစ်သက်နှင့်တစ်ကိုယ် တစ်ခါမျှ မမြင်ဖူးခဲ့ကြချေ။ ယခုမှ မြင်တွေ့ဖူးခြင်းဖြစ်သည်။

သူတို့နှစ်ယောက်၏ မျက်နှာပြင်ပေါ်၌ ရွှေရောင်နှင့် ကျောက်မျက်ရတနာများမှ အရောင်များ လာထင်ဟပ်နေသည်။

သူတို့မျက်နှာများ၌ ရောင်စုံယှက်သန်းနေသည်။

ရှောင်ယီသည် စတင်စကားပြောနိုင်သူဖြစ်၏။ သူက ကျန်းယီလန်မျက်နှာကို လှည့်ကြည့်ပြီး ပြုံးရယ်ကာ မေးသည်။

"မင်း ဒီရတနာတွေကို လိုချင်မှာပဲနော်"

"လိုချင်တာတော့ အမှန်ပဲ၊ ဒါပေမယ့်"

ကျန်းယီလန်က ရှေ့ဆက်မပြောဘဲနေ၏။

ရှောင်ယီက-

"မင်း လိုချင်ရင် ဟောဒီအခန်းထဲမှာ ရှိတာ အကုန်သယ်ယူနိုင်ပါတယ်၊ မင်းအပိုင် ဆိုပါတော့ကွာ"

ကျန်းယီလန်က ခေါင်းကို ခါယမ်းပြီး-

"ကျွန်တော် မယူပါဘူး၊ ဒီရွှေတွေ ရတနာတွေကို ခုလိုတွေ့နိုင်ခဲ့တာဟာ အစ်ကို့ကြောင့်၊ အစ်ကို တွေးခေါ်စဉ်းစားမှု ကောင်းလို့ပါ၊ အစ်ကို့အတွေးအခေါ်ကောင်းလို့ပဲ၊ ကျွန်တော်တို့နှစ်ယောက် သေဘေးကနေ လွတ်လာခဲ့တာပါ၊ ဒီရတနာတွေကို ပိုင်ဆိုင်သင့်တာဟာ အစ်ကိုပါ၊ အဲ... အစ်ကိုက ကျွန်တော့်ကို နည်းနည်းပါးပါး ခွဲဝေပေးမယ်ဆိုရင်တော့ ကျွန်တော် လိုချင်ပါတယ်၊ အစ်ကိုပေးသလောက်ပဲ ယူပါ့မယ်"

ကျန်းယီလန်၏ လေသံ ပြောင်းလဲသွားလေပြီ။ သူက ရှောင်ယီအား 'အစ်ကို' ဟူ၍ လေးလေးစားစား ခေါ်ဝေါ်ပြောဆိုနေလေပြီ။

"ငါ တစ်ခုမှ မယူပါဘူး"

ရှောင်ယီက ခေါင်းကို ခါယမ်းပြီး ပြတ်သားစွာ ပြောလိုက်၏။ ကျန်းယီလန် အံ့အားသင့်သွားရသည်။ သူသည် ရှောင်ယီ၏မျက်နှာကို ပါးစပ်အဟောင်းသား ကြည့်မိသည်။

ရှောင်ယီက ပြုံး၍-

"တကယ်တော့ ဒီရတနာတွေဟာ ငါ့အတွက်တော့ ဘာတန်ဖိုးမှ မရှိဘူး၊ ကျောက်ခဲတစ်လုံးကတောင် တစ်ခါတစ်ရံ ကိုယ့်အတွက် အသုံးကျချင်ကျဦးမယ်၊ ဒီရတနာတွေကတော့ စားချင်လို့လဲ စားလို့မရ၊ လမ်းဖို့ရအောင်လဲ မဖြစ်၊ ဒါပေမယ့် ဒီရတနာတွေကိုပဲ လူတွေဟာ မက်မက်မောမော ဖြစ်နေကြတယ်၊ ငါ့အနေနဲ့ကတော့ တန်ဖိုးမထားပါဘူး"

"တကယ်တော့ ရတနာဆိုတာဟာ သေမင်းရဲ့ မျှားသံပဲကွ၊ မင်း ကြည့်လေ၊ ရတနာမြေပုံအတွက် သိုင်းသမားတွေ သေလိုက်ကြတာ သောက်သောက်လဲပဲ၊ ဘယ်သူမှလဲ နှောင်တ မရကြဘူး၊ ငါ ဒုစရိုက်ရွာက ထွက်လာတုန်းက ငါ့မွေးစားမိဘတွေက ရွှေငွေရတနာတွေ ပေးလိုက်တာပဲ၊ ရတနာတွေကို သုံးပါ၊ ရှာဖွေပါလို့ ဩဝါဒပေးလိုက်တယ်၊ ငါကတော့ အကုန်သုံးပစ်တာပဲ၊ တစ်ဝမ်းတစ်ခါးအတွက် ရတနာတွေ အများကြီး မလိုပါဘူး၊ အဲ... စည်းစိမ်ခံချင်ရင်တော့ အများကြီး လိုမှာပေါ့ကွာ၊ အဲဒီလို စည်းစိမ်ခံချင်ရင် တစ်ဘက်ကလဲ တန်ဖိုးပေးရတယ်၊ စည်းစိမ်ကို လုယူချင်တဲ့ ရန်သူတွေကို ကြောက်ရွံ့ရတဲ့ အခြေအနေပေါ့"

"တစ်ချို့ဆိုရင် ရတနာရွှေငွေ ကျောက်သံပတ္တမြားတွေကို မြေထဲမှာ တူးဝှက်ထားကြတယ်၊ အဲဒါဟာ ဘာနဲ့တူသလဲဆိုတော့ သူသေရင် ငရဲကို သွားဖို့ ဒီရတနာတွေကို ကြားခံ လေ့ကားထစ် လုပ်ထားတာနဲ့ တူနေတယ်၊ ရတနာတွေကို သိုဝှက်ထားတဲ့လူဟာ ဒီရတနာအတွက်ပဲ တကြောင့်ကြောင့်တကျကျ ဖြစ်နေတတ်တာပဲ၊ ဘယ်မှာ ကောင်းရာသုဂတိ ရောက်နိုင်တော့မှာလဲ"

"စိတ်ချပါ၊ ဒီရတနာတွေကို မင်း ယူချင်တယ် မဟုတ်လား၊ ယူပါ၊ အခုအထိ ငါ့အသက် မသေခဲ့တာကလဲ အဲဒီလို ရတနာတွေကို မမက်မောခဲ့လို့ပဲကွ၊ ဟား... ဟား... ဟား"

ကျန်းယီလန်သည် ထူးထူးဆန်းဆန်း စကားများကို ရှည်ရှည်လျားလျား ပြောနေသည့် ရှောင်ယီအား မျက်လုံးပြူးကြည့်နေမိလေ၏။

သူသည် ရှောင်ယီကို ငေးစိုက်ပြီးသာ ကြည့်နေသည်။ စကား ပြန်မပြောမိတော့ချေ။

ရောင်ယီက အခန်းထဲ လှည့်ပတ်ကြည့်သည်။ မျက်လုံးများက စူးစမ်းလေ့လာနေသည်။

"ဒီရှစ်မြောင့်ခန်းထဲမှာ လူသေအလောင်းတွေပဲ ရှိတယ်၊ အပြင်ကို ထွက်ပေါက်ရှိမယ်လို့ မထင်ဘူး"

ရောင်ယီက ပြောလေသည်။ ကျန်းယိလန်က ရောင်ယီကို ရုတ်တရက် လှမ်းအော်ပြောသည်။

"ဒီရတနာတွေကို ကျွန်တော် တစ်ခုမှ မလိုချင်တော့ဘူး အစ်ကို"

"ဟင်... ဘာဖြစ်လို့လဲ ကျန်းယိလန်"

ရောင်ယီက အံ့သြသွားသည်။

ကျန်းယိလန်က ဆက်ပြော၏။

"ဘာဖြစ်ရမှာလဲ အစ်ကို၊ ကျွန်တော်တို့ ဘယ်လိုအပြင်ဘက်လောကကို ရောက်နိုင်မယ်ဆိုတာတောင် တွေးလို့ကြံလို့ မရသေးတဲ့ဥစ္စာ၊ ဒီရတနာတွေကို မက်မောလို့ ဖြစ်ပါတော့မလား၊ ကိုယ်မလွတ်မြောက်သေးဘဲနဲ့ ရတနာတွေကို လိုချင်နေရင် ကိုယ့်လောက်ရူးတဲ့လူ ရှိပါတော့မလား"

ရောင်ယီက ကျန်းယိလန်ဆိုလိုသည့်သဘောကို နားလည်သွားသည်။

"အဲဒီလို သဘောပေါက်ရင်တော့ အကောင်းဆုံးပေါ့ကွာ"

ရောင်ယီသည် အခြားတစ်ဘက်သို့ ခြေဦးလှည့်လိုက်လေ၏။

သူသည် ကြေးနံရံတံခါးကို ပွင့်စေလိုက်ပြန်သည်။

ရောင်ယီသည် ယန္တရားခလုတ်ဘီးပေါ်မှ အမှတ်သင်္ကေတများကို သတိပြုမိခဲ့သည်။

ကြေးပြားစကလေး ဘီးပေါ်တွင်ကပ်ထားသော ဘီးခလုတ်ကို ရွေးချယ်ပြီး လှည့်လိုက်ရာ ကြေးခန်းတံခါး ပွင့်သွားသည်။

ထိုကြေးခန်းအတွင်း၌ များပြားလှစွာသော လက်နက်ကိရိယာပစ္စည်းအမျိုးမျိုးတို့ကို တွေ့မြင်ရသည်။ အမျိုးမျိုးသော ပုံသဏ္ဌာန်ရှိသည့် လက်နက်ပုန်းများကိုလည်း တွေ့မြင်ကြရသည်။ သူ့တစ်သက်နှင့်တစ်ကိုယ် မတွေ့မြင်ဘူးသော လက်နက်နှင့် လက်နက်ပုန်းအတော်များများကို တွေ့မြင်နေရသဖြင့် ရောင်ယီမှာ ပါးစပ်အဟောင်းသားဖြစ်နေသည်။ ထိုလက်နက်များ၏ အမည်ကိုပင် မခေါ်တတ်တော့ပေ။

လှံအမျိုးမျိုးတို့မှာ အရွယ်အစားအမျိုးမျိုး ရှိကြသည်။ ရှည်လျားသော ဆယ်ပေကျော်လှံမှ တိုနံ့နံ့နှင့် တစ်တောင်မျှသာ ရှိသော လှံတိုအထိ တွေ့မြင်ရသည်။

ဓားအမျိုးမျိုးရှိသည်။ ဓားကြီးတစ်လက်မှာ လှော်တက်အရွယ်အစားလောက် ကြီးမားလေသည်။ အသေးငယ်ဆုံးဓားမှာ လက်ညှိုးအရွယ်လောက်သာရှိသည်။

လက်နက်မျိုးစုံတို့မှာ နံရံသုံးဘက်သုံးတန်တွင် အစီအရီ ချိတ်ဆွဲထားကြသည်။

ရောင်ယီသည် ဓားတစ်လက်ကိုနံရံမှ ဆွဲထုတ်ယူကြည့်သည်။ ဓားမှာ ဝင်းလက်နေပြီး အလွန်ထက်မြက်မည့် ဓားသွား ဖြစ်မှန်း မြင်ရုံနှင့် သိနိုင်၏။

"ဟို... ဟိုမှာ... လူ... လူရိုးစု ကြည့်ပါဦး"

ကျန်းယိလန်၏ အလန့်တကြားလေသံကြောင့် ရောင်ယီလန့်သွားပြီး လှမ်းကြည့်မိသည်။

ကျန်းယိလန်က အခန်းထောင့်တစ်နေရာကို လက်ညှိုးညွှန်ပြနေလေ၏။

လူရိုးစု တစ်ခုသာ။ ထိုလူရိုးစုမှာ နံရံကို ထိုင်လျက် အနေအထားမျိုးဖြင့် ခပ်စောင်းစောင်းမှီနေသည်။

အရိုးစုကိုယ်ပေါ်တွင် ဆွေးမြည့်နေပြီ ဖြစ်ဟန်ရှိသည့် အဝတ်အစားဝတ်ဆင်ထားသည်။ ထိုအရိုးစုကောင်၏ မျက်တွင်းဟောက်ပက်နှင့် ပါးစပ်အဖြဲသား၊ သွားတွေ အဖွေးသားပုံစံမှာ ရှောင်ယီနှင့် ကျန်းယိလန်တို့ကို ဖြဲခြောက်သကဲ့သို့ရှိ၏။

"ဒါ ထူးဆန်းတဲ့အချက်တစ်ခုကွ၊ ဒီလူကြတော့ ဘာလို့များ ဒီအခန်းထဲ လာသေနေတာပါလိမ့်၊ ဟိုဘက်က သချိုင်းထဲ ဘာကြောင့် သွားအပ်မခံရတာလဲ"

ရှောင်ယီက မျက်မှောင်ကြုတ်ပြီး တီးတိုးပြောသည်။

သူသည် အရိုးစုအနီးသို့ ချဉ်းကပ်သွားပြီး ကြည့်ရှုစစ်ဆေးသည်။

"အင်း... ဒီအခန်းထဲ သေနေတာထောက်ရင် ဒီလူဟာ ဒီမြေအောက်နန်းတော်ရဲ့ အရှင်သခင်များ ဖြစ်နေမလားပဲ၊ သူ့ကို ဘယ်သူကများ သတ်ပစ်လိုက်တာပါလိမ့်၊ အရိုးတွေရဲ့အရောင်က ညိုညိုညစ်ညစ်ကြီး ဖြစ်နေတာထောက်ရင် ဒီလူ အဆိပ်သင့်ပြီး သေရတာ ဖြစ်နိုင်တယ်"

ရှောင်ယီ၏ခန့်မှန်းဆုံးဖြတ်ချက်ကို ကျန်းယိလန်က စောဒက မတက်ပါချေ။ သူ အေးအေးဆေးဆေး နားထောင်နေသည်။ ကျန်းယိလန်သည် ပါးစပ်သမား မဟုတ်ပေ။ အလုပ်သမား ဖြစ်သည်။

"ဩော်... ဒီမှာတွေ့ပြီ၊ လက်စသတ်တော့ ဒီလူဟာ အဆိပ်လက်နက်ပုန်း ထိမိပြီး သေရတာကိုး"

ရှောင်ယီ ထပ်အော်သဖြင့် ကျန်းယိလန် သွားကြည့်၏။ ရှောင်ယီလက်ညှိုးထိုးပြသည့်နေရာကို အသေအချာ ကြည့်၏။

အရိုးစု၏ပခုံးရိုးနှင့် လက်မောင်းရိုးပေါ်တွင် အရောင်မှေးမှိန်နေပြီဖြစ်သော အပ်ကလေးများ စိုက်ဝင်နေသည်ကို တွေ့ရသည်။

ထိုလက်နက်ပုန်းအပ်ကလေးများမှာ အသားကိုဖောက်ပြီး အရိုးတွင်းသို့တိုင် စူးနစ်စိုက်ဝင်နေခဲ့သည်။

"သိပ်ထက်မြက်တဲ့ အဆိပ်အပ်လက်နက်ပုန်းတွေပဲနော်၊ ကျွန်တော်တော့ အတော့်ကို ကြောက်မိတယ်"

ကျန်းယိလန်က အလကားနေရင်း ကြောက်နေသူပင်တည်း။ သူကပင် ဆက်မေးသည်။

"ဒီလို အဆိပ်အပ် လက်နက်ပုန်းမျိုး သုံးတဲ့သူ သိုင်းလောကမှာ ဘယ်သူရှိသလဲ"

ရှောင်ယီက ဖြေ၏။

"ရှိတာပေါ့၊ အရိုးဖောက် အဆိပ်အပ်လက်နက်ပုန်းပိုင်ရှင်ဟာ သိုင်းလောကမှာ နာမည်ကြီးတစ်ဦးပဲ"

ကျန်းယိလန်က နံရံအောက်ခြေတစ်နေရာ၌ ကြေးရောင်တောက်ပနေသောပစ္စည်းတစ်ခုကို တွေ့မြင်သွား၏။ သူသည် ထိုနေရာသို့ မသိမသာ ခပ်ဖြည်းဖြည်း လျှောက်သွားသည်။

ရှောင်ယီကမူ အရိုး၏ဘယ်လက်တွင် ဆုပ်ကိုင်ထားသော ပစ္စည်းတစ်ခုကို တွေ့သဖြင့် စိတ်ဝင်စားသွား၏။ သူအသာ လှည့်ကြည့်လိုက်ရာ ကျန်းယိလန်က ကြေးဝါဘူးကလေးတစ်ဘူးကို ကောက်ယူနေကြောင်း တွေ့လိုက်ရသည်။ သူ မမြင်ဟန်ဆောင်လိုက်၏။

ရှောင်ယီသည် အရိုးစုလက်ထဲမှ ပစ္စည်းကို ဖြတ်ယူသိမ်းဆည်းလိုက်၏။ ထိုအရိုးစုလက်ထဲမှ ယူသောပစ္စည်းမှာ ဝါးဆစ်ဘူးကလေးတစ်ခုသာဖြစ်သည်။

ထိုဝါးဆစ်ဘူးသည် အသုံးဝင်သော လက်နက်ပုန်း တစ်ခုခု ဖြစ်ရမည်မှာ သေချာသည်။ သေဆုံးခဲ့သူတစ်ဦးသည် သူ့ရန်သူကို ခုခံရန်တော့ ကြံစည်မည်မှာ သေချာသည်။ ထို့ကြောင့် ဝါးဆစ်ဘူးသည် လက်နက်ပုန်းဘူးသာ ဖြစ်ရမည်ဟု ရှောင်ယီ တွက်သည်။

ကျန်းယိလန်က သူ ကြေးဝါဘူးဝိုင်းကလေးတစ်ခု ကောက်ယူထားကြောင်းကို ရှောင်ယီအား ပြောမပြပါ။ ထို့အတူ ရှောင်ယီကလည်း အရိုးစုလက်ထဲမှ ဝါးဆစ်ဘူးကလေးတစ်ခု ယူထားကြောင်း ကျန်းယိလန်ကို ပြောမပြပါ။ ထို့ကြောင့် သူတို့နှစ်ဦးစလုံးမှ ရိုးသားကြောင်း သိရှိနိုင်သည်။

ကျန်းယိလန်သည် စိတ်ထဲမှ ကျိတ်ပြီး ဝမ်းမြောက်ဝမ်းသာဖြစ်နေသည်။ သို့သော် သူသည် တမင် မျက်မှောင်ကုတ်လျက်ထားသည်။

"ဒီအရိုးစုဟာ ဒီမြေအောက်ခန်းဆောင်ရဲ့ အရှင်သခင်ဆိုရင် ဘာကြောင့် ဒီမြေအောက်ခန်းထဲမှာ သူများ လက်နက်ပုန်းမိပြီး သေရမှာလဲ"

ကျန်းယိလန်က တီးတိုး မေးခွန်းထုတ်လိုက်လေ၏။

ရှောင်ယီက စဉ်းစဉ်းစားစား တွေးတွေးဆဆပြော၏။

"ဟောဒီ မြေအောက်နန်းတော်မှာ ထူးဆန်းလျှို့ဝှက်တဲ့ကိစ္စတွေ ဖြစ်ပျက်ခဲ့တာတော့ အမှန်ပဲ၊ အဲဒါကို ငါတို့ မသိနိုင်ဘူးလေ"

"ဟုတ်တယ်၊ ကြောက်စရာကောင်းတဲ့အဖြစ်အပျက်တွေ ဒီမှာဖြစ်ပျက်ခဲ့ပုံရတယ်၊ ကျွန်တော်တို့ တစ်နည်းနည်းနဲ့ သိအောင် ကြိုးစားသင့်တယ်"

"ကဲ... လာ၊ ငါတို့ နောက်အခန်းတစ်ခန်းထဲ သွားဝင်ကြည့်ကြစို့၊ တစ်ခန်းခန်းမှာတော့ ငါတို့ရဲ့လွတ်မြောက်ရေးလမ်းစကို တွေ့မှာပါ"

ရှောင်ယီက လက်ကိုင်ဘီးယန္တရားခလုတ်ကို လှည့်ချလိုက်၏။

သံနံရံတံခါးသည် ပွင့်သွားတော့သည်။

အလင်းရောင်က အခန်းထဲသို့ ရှေးဦးစွာတိုးဝင်၍သွား၏။ ကျန်းယိလန်က ရှေ့မှ ဝင်သည်။ ရှောင်ယီက ဘေးပတ်ဝန်းကျင်ကို အကဲခတ်ပြီး တရွေ့ရွေ့ဝင်သည်။

ရှေ့မှဝင်သွားသော ကျန်းယိလန်မှာ ဟာခနဲ အော်ပြီး နောက်ပြန်ဆုတ်လာ၏။

"ဘာဖြစ်လို့လဲ၊ မင်း ဘာကို မြင်လို့လဲ"

ရှောင်ယီက နောက်မှနေပြီး မေးသည်။

ကျန်းယိလန်က တုန်ယင်စွာပြောသည်။

"ခင်ဗျား တစ်သက်မှာ ရပ်နေတဲ့အရိုးစုမျိုး မြင်ဖူးသလား၊ အရိုးစုဟာ မတ်တတ်ရပ်နေတယ်၊ တွဲလောင်းကြိုးနဲ့ ချိတ်ဆွဲထားတာ မဟုတ်ဘူး၊ ထောက်နဲ့ ထောက်ထားတာမျိုးလဲ မဟုတ်ဘူး၊ သူ့ဘာသာ ရပ်နေတာဗျ"

"မမြင်ဖူးဘူး၊ ဘယ်မှာလဲ"

"ဟောဟိုမှာ၊ ခင်ဗျား ကြည့်လိုက်စမ်းပါဦး"

ကျန်းယိလန်က လက်ညှိုးထိုးပြသည်။

ရှောင်ယီလည်း ကျန်းယိလန်လက်မှ ဖယောင်းတိုင်မီးကို ယူပြီး ရှေ့မှသွားသည်။ ဖယောင်းတိုင်ကို မြှောက်ကြည့်သည်။

ဤသံနံရံနှင့် အခန်းမှာ အလွန်ကျယ်ဝန်းကြောင်း တွေ့ရသည်။ မြင့်လည်းမြင့်သည်။ ထူးခြားမှုက ဤအခန်းကျယ်ကြီးတွင် ပစ္စည်းပစ္စယဟူ၍ မရှိဘဲ ဟောင်းလောင်းကြီး ဖြစ်နေခြင်းပင်။

လူတစ်ယောက် ရပ်နေပါလျှင် ကွင်းကျယ်ကြီးတစ်ခုသို့ ရောက်နေသည့်အလား ထင်မှတ်ရသည်။ မြေအောက်၌ တည်ဆောက်ရသဖြင့် မည်သည့်အခန်းမျှ ကျယ်ကျယ်ဝန်းဝန်း မရှိကြပေ။ ဤအခန်းကား ထူးထူးခြားခြား ကျယ်ဝန်းနေ၏။

ထိုကျယ်ဝန်းလှသော၊ ကွင်းပြင်ကြီးနှင့်တူသော အခန်းကြီး၏ အလယ်ဗဟိုတည်တည့်နေရာတွင် အရိုးစုနစ်ခု ရှိနေ၏။

ထိုအရိုးစုနစ်ခုသည် မတ်တတ်ရပ်လျက်ရှိနေ၏။

အဖြူရောင်အရိုးစုနှစ်ခုသည် တစ်ယောက်ကို တစ်ယောက် ဖက်တွယ်လျက် မတ်တတ်ကြီးဖြစ်နေသည်။ အလွန်အံ့သြဖွယ်ရာ မြင်ကွင်းဖြစ်ပါ၏။

လူနှစ်ယောက် မတ်တတ်ကြီး တစ်ယောက်နှင့်တစ်ယောက် ဖက်ပြီး သေခဲ့ကြဟန်တူသည်။ လဲကျမသွားသေးဘဲ ရှိခြင်းက အံ့သြမှုကို အထွတ်အထိပ် ရောက်စေခြင်းဖြစ်၏။

ရောင်ယီက လှမ်းကြည့်ပြီး မှတ်ချက်ချသည်။

"ကြည့်ရတာတော့ မိန်းမတစ်ယောက်နဲ့ ယောကျ်ားတစ်ယောက် ဖြစ်လိမ့်မယ်၊ တစ်ယောက်နဲ့တစ်ယောက် ဖက်ပြီး သေတာကိုထောက်ရင် သူတို့နှစ်ယောက်ဟာ သိပ်ချစ်ကြတဲ့ ချစ်သူတွေဖြစ်လိမ့်မယ်"

ကျန်းယိလန်က အရိုးစုနှစ်ခုအနီးသို့ ကပ်ပြီး သေချာစွာ ကြည့်၏။

"ကျွန်တော့်အမြင်တော့ ဒီအရိုးစုနှစ်ခုဟာ ဖက်တွယ်နေကြပုံ မတူဘူး"

ထိုအခါကြမှ ရောင်ယီလည်း ထိုအရိုးစုနှစ်ခုကို အသေအချာ လေ့လာတော့သည်။

"အင်း… ဟုတ်တယ်၊ သေချာကြည့်မှပဲ ပေါ်လာတော့တယ်၊ ဒီအရိုးစုနှစ်ခုဟာ ယောကျ်ားနှစ်ယောက်ပဲ၊ ယောကျ်ားနှစ်ယောက် ဖက်နေကြတာဟာ ဘယ်လို သဘောမျိုးပါလိမ့်"

"မိတ်ဆွေ သူငယ်ချင်း ဒါမှမဟုတ် ဆွေမျိုးရင်းချာချင်းတွေလို့ ဖက်လဲတကင်း လုပ်နေကြရင်း ဖြုန်းခနဲ သေသွားတာ၊ အသက်ထွက်သွားရင်ကော ဒီလို အနေအထားမျိုးပဲ ဖြစ်ကျန်ရစ်ခဲ့မှာပဲ"

ကျန်းယိလန်က ပြော၏။

ရောင်ယီက အရိုးစုနှစ်ခုကို သေချာကြည့်ရင်း ခေါင်းယမ်းသည်။ သူ အဖြေတွေ့သွားလေပြီ။

"ဒီအရိုးစုနှစ်ခုဟာ လင်မယားစုံတွဲလဲ မဟုတ်ဘူး၊ ချစ်ခင်တဲ့ မိတ်ဆွေတွေလဲ မဟုတ်ဘူး၊ ဆွေမျိုးနှစ်ယောက်တွေလို့ ဖက်လဲတကင်း လုပ်နေကြတာလဲ မဟုတ်ဘူး"

"ဒါဖြင့် ဒီလူနှစ်ယောက်ဟာ ဘာလုပ်နေကြတာလဲ"

"မင်း သေသေချာချာကြည့်၊ စောစောက မတွေ့တာ အခု တွေ့ပါလိမ့်မယ်"

ကျန်းယိလန်က ရှေ့တိုးပြီး အရိုးစုနှစ်ခုကို သေချာစွာကြည့်သည်။

ထိုအရိုးစုနှစ်ခုသည် တစ်ဦးနှင့်တစ်ဦး ဖက်နေခြင်းမဟုတ်ပါ။ ဘယ်ဘက်မှ လူ၏ညာလက်ဝါးက ညာဘက်မှလူ၏ နံရိုးကြားထဲ ထိုးသွင်းရောက်ရှိနေသည်။

ဘယ်ဘက်လူသည် ပြင်းထန်သော လက်ဝါးထိုးနက်ချက်ဖြင့် ညာဘက်မှလူ၏ နံရိုးများကို ကျိုးကုန်အောင်တိုက်ခိုက်ခြင်းမျိုးဖြစ်သည်။

သို့သော်လည်း ဘယ်ဘက်ကလူ ကိုယ်တိုင်မှာလည်း ညာလူ၏တိုက်ခိုက်မှုကြောင့် နံရိုးခုနစ်ချောင်းမျှ ကျိုးကုန်သည်။ ဇက်လည်း ကျိုးကျနေသည်။ ဦးခေါင်းမှာ တစ်ဘက်လူ၏ပခုံးပေါ်တွင် မှီတင်နေသည်။

ထိုလူနှစ်ဦးမှာ တစ်ဦးနှင့်တစ်ဦး ပြင်းထန်စွာ တိုက်ခိုက်ရင်း အသက်သေဆုံးကြရခြင်းသာဖြစ်ကြောင်း တွေ့ရှိကြရတော့သည်။ သတိမမူ ဂူမမြင်၊ သတိမူက မြူတောင်မြင်ကြသည် မဟုတ်ပါလား။

ကျန်းယိလန်က တုန်ယင်သောအသံဖြင့် ပြောသည်။

"အစွမ်းထက်တဲ့ သိုင်းပညာတွေပဲ၊ ဒီလူနှစ်ယောက်ဟာ အဆင့်မြင့်ထိပ်တန်းသိုင်းပညာရှင်တွေပဲ ဖြစ်ရမယ်၊ ဘယ်လိုဖြစ်လို့ ဒီအခန်းထဲမှာ လာသေနေကြတာလဲ မသိဘူး"

သူ့စကားဆုံးသွားသောအခါ အရိုးစုနှစ်ခုသည် ရုတ်တရက် လဲပြိုကျသွားလေတော့၏။ ကျန်းယိလန် စကားပြောသော အသံလှိုင်းထိခတ်ပြီး အရိုးစုနှစ်ခု လဲပြိုသွားရခြင်း ဖြစ်ပါသည်။

ရှောင်ယီ စဉ်းစဉ်းစားစား ပြောသည်။

"ဒီလူနှစ်ဦးစလုံးဟာ ဒီမြေအောက်ခန်းရဲ့ အိမ်ရှင်တွေများ ဖြစ်နေမလားမသိဘူး၊ သူတို့နှစ်ယောက်ဟာ ဒီအခန်းထဲမှာ သိုင်းပညာတစ်ရပ်ကို လျှို့ဝှက်လေ့ကျင့်နေကြတာ ဖြစ်နိုင်တယ်၊ သိုင်းလေ့ကျင့်ရင်း အခန့်မသင့် စကားများရာက သူသေကိုယ်သေ တိုက်ခိုက်ကြတာလဲ ဖြစ်နိုင်တယ်၊ ကျွန်တော့် ခန့်မှန်းချက်ကို ဘယ်လို သဘောရသလဲ"

"ဖြစ်နိုင်ပါတယ်"

ရှောင်ယီက ထောက်ခံမှ အရိုးစုအနီးတွင် ကျနေသော ပစ္စည်းနှစ်ခုကို ကောက်ယူလိုက်သည်။

ကျန်းယိလန်က-

"ထူးဆန်းအံ့သြတာက ဒီလူနှစ်ယောက် ဒီအခန်းထဲမှာ တိုက်ခိုက်နေကြတာကို တစ်ခြားလူတွေက ဘာကြောင့် မတွေ့မြင်ကြတာလဲ၊ အခု ကျွန်တော်တို့ စကားပြောလိုက်မှ စကားလေလှိုင်း ဟပ်မိပြီး အရိုးစုတွေ လဲကျကုန်တယ်၊ ဒါကို ထောက်ကြည့်ရင် ဒီကို နှစ်ပေါင်းများစွာ လူသူ လုံးဝ ဝင်ရောက်မလာဘူးဆိုတာ သိနိုင်တယ်၊ သူတို့ဟာ ဒီအခန်းကို သေသေချာချာ ပိတ်ပြီးမှ တိုက်ခိုက်ကြပုံရတယ်"

ရှောင်ယီက သူ ကောက်ယူထားသော ပစ္စည်းနှစ်ခုကို သိမ်းဆည်းထားလိုက်သည်။

"မင်းပြောတာ ဟုတ်နိုင်တယ်"

ကျန်းယိလန်က ဆက်ပြောသည်။

"ဒီအတိုင်းဆိုရင် ဟောဒီမြေအောက်ခန်းထဲက လူတွေ ဘယ်ရောက်သွားကုန်ပြီလဲ၊ အားလုံးတစ်ပြိုင်တည်း သေဆုံးသွားကြတာများလား"

ရှောင်ယီက-

"ဟုတ်မယ်၊ အားလုံး တစ်ပြိုင်တည်း သေကုန်ကြတာပဲ ဖြစ်မယ်၊ နို့မဟုတ်ရင် အရိုးစုတွေ ဒီအတိုင်း နေရာမပျက်ဘဲ ရှိနေကြမှာ မဟုတ်ဘူး၊ ကျန်တဲ့လူ ရှင်းလင်းမှာပေါ့၊ ဘယ်သူက အနိဋ္ဌာရုံတွေကို ဒီအတိုင်းထားမှာလဲ"

ကျန်းယိလန်က ခေါင်းညိတ်ပြီး-

"သူတို့အားလုံး တစ်ပြိုင်တည်း သေကုန်အောင် ဘယ်သူများ လုပ်ကြံသတ်ဖြတ်ခဲ့တာ ဖြစ်မလဲ၊ လုပ်ကြံတဲ့လူတော့ ရှိရမယ်"

ရှောင်ယီက သက်ပြင်းချပြီး-

"ဒီမြေအောက်ခန်းထဲမှာ ဖြစ်ပျက်ခဲ့တဲ့ အကြောင်းရပ်ဟာ ထူးဆန်းလျှို့ဝှက်တဲ့ စိတ်ဝင်စားစရာဖြစ်ရပ်ပဲ၊ ဒီသဲလွန်စကို ရဖို့က လွယ်ချင်မှ လွယ်လိမ့်မယ်"

ထိုအချိန်တွင် သူတို့သည် စားပွဲခုံပုကလေး ငါးလုံးကို တွေ့မြင်သွားကြသည်။ ပထမဦးဆုံး တွေ့မြင်ရသော လူသုံးပစ္စည်းများပင်။ ထိုစားပွဲခုံပုကလေးများပေါ်တွင် ရေးမှတ်စရာ စုတ်တံ၊ မင်သွေးကျောက်ပြား၊ မင်တောင့်၊ စာအုပ်၊ စာရွက်များရှိ၏။

ရှောင်ယီက ပြုံးလိုက်၏။

"ဒီအခန်းရဲ့သဲလွန်စကို ရဖို့တော့ အတော်ကလေးနီးစပ်လာပြီ"

သူသည် စားပွဲခုံပုကလေးများကိုကြည့်ပြီး ဆက်ပြော၏။

"ဒီအခန်းဟာ စာဖတ်ခန်းတော့ မဖြစ်နိုင်ဘူး၊ စာဖတ်ခန်းဟာ ဒီလောက်အကျယ်ကြီးလုပ်မထားဘူး၊ စာအုပ်စင်တွေ ဘာတွေလဲ မတွေ့ရဘူး"

ရှောင်ယီက စားပွဲခုံပုကလေး တစ်လုံးပေါ်မှ စာအုပ်တစ်အုပ်ကိုဆွဲယူပြီး လှန်လှောကြည့်သည်။ မကြာပါ။ သူ့မျက်နှာ အမူအရာက ပြောင်းလဲသွားသည်။

ကျန်းယီလန်သည် ရှောင်ယီမျက်နှာကို ကြည့်ပြီးလျှင် ထူးခြားသည်ဟု ယူဆကာ သူလည်း စားပွဲခုံပုကလေးတစ်လုံး ဆီသို့ အမြန်ချဉ်းကပ်သွား၏။ ထိုစားပွဲပေါ်မှ စာအုပ်တစ်အုပ်ကို ကောက်ယူပြီး ကြည့်တော့သည်။

သူသည်လည်း မျက်နှာအမူအရာ ပြောင်းလဲသွားတော့သည်။

ထိုစာအုပ်ထဲတွင် ရေးသားထားသောစာများမှာ အလွန်အဆင့်မြင့်လှသော သိုင်းကွက်ဗျူဟာများပင် ဖြစ်တော့သည်။

ရှောင်ယီရော ကျန်းယီလန်ပါ စိတ်များလှုပ်ရှားနေကြပြီ။

အလွန်အဆင့်မြင့်ပြီး အစွမ်းထက်လှသည့် သိုင်းကျမ်းစာအုပ်တွေကို သူတို့ တွေ့နေရပြီ မဟုတ်ပါလား။ ရတနာများကို တွေ့စဉ်က မတုန်လှုပ်ခဲ့သော ရှောင်ယီသည် ယခု တုန်လှုပ်လျက် ရှိနေလေပြီ။

သူတို့နှစ်ယောက်သည် ကိုယ်စီကိုယ်စီ ကိုင်ထားသောသိုင်းကျမ်းများကို လက်မှမချချင်တော့ဘဲ ဖြစ်နေကြ၏။ လွှတ်မချ ကြတော့ပေ။

အချိန်အတော်ကြာသွားမှ ရှောင်ယီ၏ သက်ပြင်းချသံ ထွက်ပေါ်လာသည်။

"ဒီအခန်းထဲက အချို့အဖြစ်အပျက်ကို ငါခန့်မှန်းနိုင်ပြီကွ"

ရှောင်ယီ၏စကားကြောင့် ကျန်းယီလန်က ရှောင်ယီ၏ မျက်နှာကို စေ့စေ့ကြည့်သည်။

"ခင်ဗျား ဘာကို ခန့်မှန်းနိုင်လို့လဲ"

ရှောင်ယီက-

"ငါပြောပြမယ်၊ ဒီမြေအောက်ခန်းထဲမှာ အဆင့်မြင့်သိုင်းသမားငါးယောက် အတူတကွ နေထိုင်ကြတာဖြစ်မယ်၊ အဲဒီလူငါး ယောက်ဟာ အတူတကွ သိုင်းပညာလေ့ကျင့်တယ်၊ လေ့ကျင့်လို့ရတဲ့ ထူးခြားတဲ့သိုင်းကွက်၊ အစွမ်းထက်တဲ့သိုင်းကွက်တွေကို စားပွဲပေါ်မှာ၊ အသင့်ထားတဲ့စာအုပ်ထဲမှာ ရေးမှတ်ထားကြတယ်၊ ကိုယ်လေ့ကျင့်လို့ရတဲ့ ထူးခြားတဲ့သိုင်းကွက်တိုင်းကို ရေးမှတ် ကြရတယ်"

ကျန်းယီလန်က ခေါင်းညိတ်သည်။

"ဟုတ်လိမ့်မယ်၊ ဒီအခန်းကျယ်ကြီးဟာ သိုင်းပညာလေ့ကျင့်တဲ့ ခန်းမကြီးပဲ၊ ဒါကြောင့် ဒီလောက် အကျယ်ကြီး ပြုလုပ်ထားတာ၊ အစ်ကို ရှင်းပြတာ အများကြီး ဖြစ်နိုင်ပါတယ်"

ရှောင်ယီက-

"သိုင်းသမားငါးယောက် ဆိုပေမယ့် ငါတို့တွေ့တာက အရိုးစုသုံးခုပဲ ရှိသေးတယ်၊ ငါ့အတွေးသာ မမှားဘူးဆိုရင် ကျန်တဲ့ အခန်း နှစ်ခန်းထဲမှာ နောက်အလောင်းနှစ်လောင်း ရှိရမယ်"

"အစ်ကို့အတွေး မှန်မှာပါ"

ရှောင်ယီ ထွက်သွားဟန်ပြင်သည်။

"လာ... ငါတို့ကျန်တဲ့အခန်းတွေ သွားဖွင့်ကြည့်ရအောင်"

"ဟောဒီက သိုင်းကျမ်းတွေ ဘယ်လိုလုပ်ရင်ကောင်းမလဲ"

"ထားလိုက်ပါ၊ အချိန်မရွေး ပြန်လာယူလို့ရတာပဲဥစ္စာ"

ကျန်းယိလန်သည် သူ့ရင်ဖုံးအိတ်ထဲမှ ကြေးဘူးကလေးကို ထုတ်ယူလိုက်၏။ သူ့မျက်နှာပေါ်၌ ကောက်ကျစ်စဉ်းလဲမှုက အထင်းသား ပေါ်လွင်နေသည်။

"ဟောဒီပစ္စည်းဟာ ဘာပစ္စည်းလဲဆိုတာ ခင်ဗျားသိရဲ့လား"

ကျန်းယိလန်က ပစ္စည်းအား ပြသသလိုနှင့် ရှောင်ယီအား ချိန်ရွယ်ထားလိုက်သည်။

ရှောင်ယီ ထိတ်ခနဲဖြစ်သွား၏။ ရှောင်ယီသည် ဒုစရိုက်ကျေးရွာမှ ရရှိလာသော အတတ်ပညာများဖြင့် သူ့ထိတ်လန့်မှုကို ဖုံးကွယ်ထားလိုက်သည်။ သူက အေးအေးပင် မေး၏။

"ဒါ အဆိပ်အပ်တွေ ထည့်ပစ်တဲ့ဘူး မဟုတ်လား"

ကျန်းယိလန်က ခပ်ပြုံးပြုံး ခေါင်းညိတ်ပြ၏။ သူ နိုင်ခြေရှိနေပြီ မဟုတ်ပါလား။

"မှန်တယ်၊ အခု ခင်ဗျားကို ချိန်ပြီး ဒီဘူးမှာရှိတဲ့ခလုတ်ကို နှိပ်လိုက်ရင် ခင်ဗျား ဘယ်လိုဖြစ်သွားမလဲ ဟဲ... ဟဲ... ဟဲ"

ကျန်းယိလန်၏ မျက်လုံးထဲ၌ လူသတ်လိုသည့် အရိပ်အရောင်များ ယှက်သမ်းနေသည်။ ထိုအချက်ကို ရှောင်ယီ မြင်နေရသည်။

"မင်းက ငါ့ကို သတ်မလို့လား"

ရှောင်ယီက ခပ်အေးအေးပင် မေးလေ၏။ သူ့ရင်ထဲ၌ ပူနေသော်လည်း သူ့အမူအရာက ပျင်းတိပျင်းတွဲ ဘာမျှ အရေးမကြီးသလိုဟန်မျိုး ဖြစ်နေ၏။

"ဟုတ်တယ်"

"ငါ့ကို သတ်လိုက်ရင် မင်းတစ်ယောက်တည်း ဒီမြေအောက်ခန်းထဲမှာ ကျန်နေခဲ့မှာကွ၊ မင်း မကြောက်ဘူးလား၊ မင်းပဲ ငါ့ကို မသတ်တော့ဘူးဆို"

ကျန်းယိလန်က ရယ်မောလိုက်ပြီး-

"ဟောဒီ မြေအောက်ခန်းတွေထဲမှာ ထူးခြားတဲ့၊ အစွမ်းထက်မြက်လှတဲ့ သိုင်းကျမ်းစာအုပ်တွေ ရှိတယ်၊ ဆယ်သက်လောက် သုံးဖြုန်းလို့ မကုန်နိုင်တဲ့ ရွှေတွေ၊ ကျောက်မျက်ရတနာတွေ ရှိတယ်၊ အဲဒါတွေအားလုံးကို ကျုပ်တစ်ယောက်တည်း ပိုင်ချင်တယ်၊ ဒါကြောင့် ခင်ဗျားကို သတ်ပစ်မှ ဖြစ်တော့မယ်၊ ကျုပ်အပြင် ထွက်နိုင်ဖို့တော့ မပူပါဘူးလေ၊ ဖြည်းဖြည်းပဲ ထွက်ပေါက်ရှာပါ့မယ်၊ ထွက်ပေါက်ဆိုတာ ရှိမှာပါ၊ နို့မဟုတ်ရင် ဒီမြေအောက်ခန်းထဲကို ဒီလူတွေ ဘယ်လို ဝင်နေနိုင်ကြမှာလဲ"

ရှောင်ယီက အေးစက်စက် ပြုံးလိုက်၏။ သူ့မျက်နှာပေါ်၌ တစ်ချက်ကလေးမှ ကြောက်ရွံ့ဟန် မပေါ်ချေ။ ရှောင်ယီ၏ ပရိယာယ် အောင်မြင်သည်ဟု ဆိုနိုင်ပါသည်။ ကျန်းယိလန်သည် ခလုတ်ကို မနှိပ်နိုင်ဘဲ ဖြစ်နေသည်။

"မင်း ငါ့ကို သတ်ချင်သတ်လေ၊ မင်း ငါ့ကို သတ်လို့လဲ ငါ သေမှာ မဟုတ်ပါဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ငါ့ကိုချိန်ထားတဲ့ ဘူးထဲမှာ အဆိပ်အပ်တွေ မရှိဘူးဆိုတာ ငါ သိထားလို့ပဲ"

"ဘာ... ကျုပ်လက်နက်ပုန်း အပ်ဘူးထဲမှာ အဆိပ်အပ် မရှိဘူး ဟုတ်လား၊ ခင်ဗျား ဘာကြောင့် ဒီလို ပြောနိုင်တာလဲ"

ကျန်းယိလန်မှာ မျက်နှာပျက်သွားသည်။

ရှောင်ယီက ရယ်ပြီး ပြောလေ၏။

"မင်း စဉ်းစားကြည့်လေ၊ ဒီအဆိပ်အပ် လက်နက်ပုန်းတွေဟာ ပစ်ခတ်ပြီးသားပဲ။ ဒါကြောင့် ဘူးအလွတ်ကို လွှင့်ပစ်ထားတာပေါ့၊ အပ်ဘူးထဲမှာ အဆိပ်အပ်တွေ ရှိနေဦးမယ်ဆိုရင် အဲဒီလူ လွှင့်ပစ်ပါ့မလား"

ကျန်းယိလန်မှာ သူ့လက်ထဲမှ အဆိပ်အပ်လက်နက်ပုန်း ဘူးကလေးကို မြှောက်ကြည့်ပြီး မျက်နှာအပျက်ပျက် ဖြစ်လာလေ၏။

ရှောင်ယီက ပြုံးပြီး ဆက်ပြော၏။

"အဲဒီဘူးကို မင်း ကောက်ယူလိုက်တာ ငါ မြင်သားပဲ၊ ဘူးအလွတ်ကြီး ဖြစ်နိုင်တယ်ဆိုတာ အဲဒီကတည်းက ငါ ရိပ်မိတယ်၊ ဒါကြောင့် မင်းကို ငါ ဘာမှ မမေးတာပေါ့၊ ဒါကြောင့် မသိချင်ယောင်ဆောင်နေတာပေါ့"

ကျန်းယိလန် သက်ပြင်းချလိုက်သည်။ သူက မျက်နှာထားပြောင်းလိုက်လေ၏။

"ကျွန်တော်က အစ်ကို့ကို ကျီစယ်ကြည့်တာပါဗျာ၊ အစ်ကို့ကို ကျွန်တော် ဘာလို့ သတ်ရမှာလဲဗျ၊ ကျွန်တော်တို့က ဆိုးတူကောင်းဘက်တွေပဲဥစ္စာ"

ကျန်းယိလန်က သူ့လက်ထဲမှ အပ်ဘူးကလေးကို လွှင့်ပစ်လိုက်လေ၏။

"မင်း ငါ့ကို ကျီစယ်မှန်း ငါသိပါတယ်၊ တကယ်လဲ မင်း ငါ့ကို မသတ်ဝံ့ပါဘူး၊ ငါသေသွားရင် မင်းတစ်ယောက်တည်း ဒီမြေအောက်ခန်းထဲ ကျန်ရစ်မှာပဲ၊ နောက်ဆုံး တစ်ယောက်တည်း သေရမှာပါ၊ ဒီတော့ ငါ သိပ်မပူပါဘူး၊ အဲ... ငါရှိနေရင်တော့ ဒီမြေအောက်ခန်းထဲက မင်း လွတ်ကောင်းလွတ်နိုင်သေးတယ်"

"အစ်ကို ကျွန်တော့်ကို ဘယ်လိုမှ မအောက်မေ့ပါနဲ့ဗျာ၊ အစ်ကို့ကို ကျွန်တော် ကျီစယ်တာပါ"

"အေး... ထားပါတော့ကွာ၊ မကျီစယ်လဲ ငါက ဂရုမစိုက်ပါဘူး"

ရှောင်ယီက ခပ်ပြတ်ပြတ်ပင် ပြောလိုက်လေ၏။

------------------- * * * * * -------------------

အခန်း(၅၆)

ဒုတိယအကြိမ် လုပ်ကြံခြင်း

==============================

သူတို့နှစ်ယောက် အပြင်သို့ ပြန်ထွက်ခဲ့ကြပြီးနောက် အခန်းတစ်ခန်းကို ထပ်ဖွင့်ကြသည်။

ရောင်ယီက သံမဏိနံရံပွင့်အောင် ဘီးကို လှည့်သည်။

သံမဏိနံရံတံခါး ပွင့်သွားသည်။ သူတို့အခန်းထဲ ဝင်ခဲ့ကြသည်။ ကျန်းယိလန်က သက်ပြင်းချပြီး ပြော၏။

"အခန်းလေးခန်းထဲမှာတော့ ထွက်ပေါက် လုံးဝ မရှိဘူး၊ ဒီအခန်းထဲမှာ ထွက်ပေါက်တွေ့ရင် တွေ့ရမယ်၊ အင်း... သံမဏိ နံရံတံခါးဆိုတော့ တွေ့ဖို့ကလဲ ခပ်ခက်ခက်ပဲ"

ရောင်ယီက ရယ်မောပြီး-

"စိတ်ချစမ်းပါ၊ ကျန်တဲ့အခန်းနှစ်ခန်းထဲမှာ ထွက်ပေါက်ရှိရမယ်၊ ဒီလူတွေ ထွက်ပေါက်ဝင်ပေါက် မရှိဘဲ ဘယ်လို ဒီထဲကို ရောက်နိုင်မှာလဲ၊ အင်း... ကျောက်နံရံတံခါးရှိတဲ့အခန်းက လူသေအလောင်းတွေ စွန့်စိတ့်တဲ့ သချိုင်းခန်း၊ သံနံရံနဲ့အခန်းက သိုင်းပညာလေ့ကျင့်တဲ့အခန်း၊ ရွှေနံရံနဲ့အခန်းက ရွှေနဲ့ကျောက်မျက်ရတနာတွေ ထားတဲ့အခန်း၊ ကြေးနံရံနဲ့အခန်းက လက်နက် မျိုးစုံထားတဲ့အခန်း၊ သံမဏိနံရံနဲ့အခန်းကတော့ အထဲမှာ ဘာတွေများ ရှိမှာပါလိမ့်၊ စိတ်ဝင်စားစရာပါပဲ"

ကျန်းယိလန်သည် အတွင်းဘက်ကို စူးစူးစိုက်စိုက် ကြည့်ပြီး ဝင်သွားလေ၏။

"ဟာ"

သူ့ပါးစပ်မှ ထိတ်လန့်စွာ အာမေဋိတ်ပြုလိုက်မိသည်။ သူ့မျက်လုံးအစုံက ပြူးကျယ်သွားသည်။ နောက်သို့ ကပျာကယာ ပြန်ဆုတ်လာသည်။

သူတို့နှစ်ယောက်စလုံး ခြင်္သေ့ကြီးတစ်ကောင်ကို တွေ့မြင်လိုက်ရသောကြောင့်ဖြစ်သည်။ ခြင်္သေ့ကြီးသည် လေးဘက်ရပ် လျက် သူတို့ကို စိုက်ကြည့်နေသည်။ သို့သော် ကြည့်နေသော ခြင်္သေ့ကြီး၏ မျက်လုံးပေါက်အစုံမှာ ဟောင်းလောင်းပေါက်ကြီး ဖြစ်နေသည်။

သက်ရှိခြင်္သေ့ကြီး မဟုတ်မှန်းသိမှ သူတို့ သက်ပြင်းချနိုင်တော့သည်။ ထိုခြင်္သေ့ကြီးမှာ အမွေးများ ကျန်ရှိသေးသော် လည်း အသားကတော့ ခန်းခြောက်နေလေပြီ။ အရိုးနှင့် အရေခွံ အမွေးအမင်များသာ ကျန်ရှိတော့သည်။

ရုတ်တရက် မြင်လိုက်ပါက အသက်ရှိသော ခြင်္သေ့ကြီးတစ်ကောင် ရပ်နေသလို မြင်ရပေသည်။

ရောင်ယီရော ကျန်းယိလန်ပါ ထိတ်လန့်သွားမိကြသည်မှာ အမှန်ပင်ဖြစ်ပါ၏။

"ဒီအခန်းထဲမှာ တောရိုင်းတိရစ္ဆာန်၊ သားရဲတိရစ္ဆာန်တွေကို မွေးထားတာဖြစ်ရမယ်"

ကျန်းယိလန်က မှတ်ချက်ချ ပြောလိုက်သည်။

"ဒါ ထားလိုက်ဦးကွ၊ ဟောဟို နံရံအဆုံးနေရာမှာ ပြောင်ပြောင်လက်လက်နဲ့ ဘာတွေလဲ မသိဘူး၊ အဲဒါတွေကို စစ်ဆေး ရဦးမယ်"

ရောင်ယီက အခန်းအစွန်ဆုံး နံရံရှေ့မှ တပြောင်ပြောင် တလက်လက် အရာဝတ္ထုများကို လက်ညှိုးညွှန်ပြီး ပြောနေ၏။

ထိုအရာဝတ္ထုတွေမှာ ဖယောင်းတိုင်မီးရောင် ဟပ်နေသဖြင့် တောက်ပနေခြင်းသာဖြစ်ကြောင်း သူတို့ရိပ်မိလာသည်။ ထို့ကြောင့် တဖြည်းဖြည်း ရှေ့သို့ တိုးကပ်ပြီး ကြည့်ကြလေ၏။

သေချာစွာကြည့်မှ ဖန်ပုလင်းများ ဖြစ်သည်ကို တွေ့ရ၏။ မီးရောင်ကြောင့် ဖန်ပုလင်းများ တောက်ပြောင်လင်းလက်နေခြင်းသာ။

ဖန်ပုလင်းများမှာ အရောင်လေးငါးမျိုးဖြင့် အရွယ်အစား အမျိုးမျိုးရှိသည်။

"အဲဒါတွေဟာ အဆိပ်ရည်ထည့်တဲ့ ပုလင်းတွေ၊ ဆေးရည်ထည့်တဲ့ ပုလင်းတွေပဲဖြစ်မယ်၊ အဆိပ်အမျိုးမျိုး၊ ဆေးအမျိုးမျိုး သိုလှောင်တဲ့အခန်းပဲ"

ရောင်ယီက ပြောလိုက်၏။

ကျန်းယီလန်က-

"ခြင်္သေ့ကြီးကို ဒီအခန်းထဲမှာ မွေးထားပြီး လွှတ်ထားတာဟာ အဲဒီအဆိပ်ရည်တွေ၊ ဆေးရည်တွေ စောင့်ကြပ်ဖို့အတွက် ဖြစ်လိမ့်မယ်ဗျ"

"အင်း... မင်း အတွေး မဆိုးပါဘူး"

"ဒါပေမယ့် အပြင်လူ ဘယ်သူက ဝင်ခိုးနိုင်ပါ့မလဲ၊ ဒီလောက်လျှို့ဝှက်တဲ့နေရာ၊ ဒီလောက် ဝင်ဖို့ ခဲယဉ်းတဲ့အခန်းထဲကို အပြင်လူ ဘယ်လိုမှ မရောက်နိုင်ပါဘူး၊ ဒီလူတွေ သိပ်ကိုစိုးရိမ်ကြီးလှပါတယ်ဗျာ၊ မလိုအပ်တာတွေကို လျှောက်လုပ်နေတာပဲ"

ရောင်ယီက ရယ်မောပြီး-

"တောရိုင်းတိရစ္ဆာန်ကောင်တွေ ထားတာဟာ အပြင်လူဝင်လာပြီး ခိုးယူမှာ စိုးလို့ မဟုတ်ဘူး၊ သူတို့အချင်းချင်းထဲက လူတစ်ယောက်ယောက် ဝင်ခိုးမှာစိုးလို့ပဲ"

"ဟင်... ဒီလို ရည်ရွယ်ချက်မျိုးလား"

"ဒါပဲပေါ့၊ ဥပမာ ပြောပြမယ်၊ အကယ်၍များ မင်းနဲ့ငါ အခုလိုနေရာမျိုးမှာ အတူနေကြတယ်ဆိုပါစို့၊ မင်းက ဒီအခန်းထဲက အဆိပ် ဒါမှမဟုတ် ဆေးကို ဝင်ခိုးယူပြီး ငါ့ကို အဆိပ်ခတ်ချင် ခတ်လိမ့်မယ်၊ ဒီလို ငါက စိုးရိမ်လိမ့်မယ်၊ ဒါကြောင့်မို့ ခြင်္သေ့လို၊ ကျားရိုင်းကြီးတွေလိုကောင်မျိုး ဒီအခန်းထဲ လွှတ်ထားရော၊ အစာကျွေးပြီး လွှတ်ထားလို့ ဒီကောင်ကြီးတွေ အသက်ရှင်နေကြတယ်၊ နောက် လူတွေ သေကုန်တော့ ဒီကောင်တွေကို အစာကျွေးမယ့်လူ မရှိတော့ဘူး၊ ဒါကြောင့် အစာရေစာ ငတ်ပြီး သေကုန်ကြတာပေါ့"

ကျန်းယီလန်မှာ မျက်လုံးဝိုင်းနေသည်။ သူက ဖန်ပုလင်းထဲမှ အရည်တွေကို လိုက်ကြည့်ပြီးလျှင် ရောင်ယီအား ပြောလိုက်သည်။

"ကမ္ဘာပေါ်မှာ ရှိသမျှ အမျိုးမျိုးသော အဆိပ်ဆေးရည်တွေကို ဒီအခန်းထဲမှာ သိုလှောင်ထားလေရော့သလားပဲဗျာ၊ မျိုးကို စုံနေတာပဲ"

"ဟောဟိုမှာ စတုတ္ထမြောက်လူက ဒီအခန်းထဲမှာ လာသေနေတယ် တွေ့လား၊ ဒါပေမယ့် အရိုးတစ်ချောင်းလောက်ပဲ ကျန်တော့တယ်၊ ဒါ စတုတ္ထလူပဲကွ"

ကျန်းယီလန်က ရောင်ယီ လက်ညှိုးထိုးပြသည့်နေရာကို လှမ်းကြည့်သည်။ သူ့မျက်လုံးအစုံက ပိုပြီး ဝိုင်းစက်ပြူးကျယ်သွားသည်။

"ဒီလူကို ခြင်္သေ့ကြီး စားပစ်လိုက်တာလား၊ အရိုးတစ်ချောင်းလောက်ပဲ ကျန်တော့တယ်နော်"

သူသည် တုန်ယင်သောလေသံဖြင့် ပြောလေ၏။

ရောင်ယီက ခေါင်းညိတ်သည်။

"ဒီလူဟာ အတော့်ကို ကံဆိုးတယ်၊ အသတ်ခံရပြီး ခြင်္သေ့စာ၊ ကျားစာ အကျွေးခံရတာကွ"

"နေပါဦး၊ ဒီအခန်းထဲမှာ ခြသေ့ံတစ်ကောင်တည်း မကဘူးလား၊ ကျားလဲ ရှိသေးသလား"

"အင်း... ကျားတစ်ကောင်၊ မြေခွေးတစ်ကောင်လဲ ရှိလိမ့်မယ်"

"ဟင်... အဲဒီအကောင်တွေရဲ့ အရိုးတွေကော မရှိပါလား"

ရှောင်ယီက-

"အင်အားကြီးတဲ့ကောင်က အင်အားငယ်တဲ့ အကောင်ကို စားပစ်လိုက်တာပေါ့၊ အစက မြေခွေးရယ်၊ ကျားရယ်၊ ခြသေ့ံရယ်က လူကို စားပစ်တယ်၊ နောက်တော့ ခြသေ့ံနဲ့ ကျားက မြေခွေးကို စားပစ်တယ်၊ နောက်တော့ ခြသေ့ံက ကျားကိုသတ်ပြီး စားပစ်လိုက်တာဖြစ်မယ်၊ ခြသေ့ံဟာ ကျားထက် ရဲရင့်တယ်၊ အားကြီးတယ်၊ ဒါကြောင့် ခြသေ့ံက နောက်ဆုံး ကျန်ခဲ့တယ်၊ နောက်ဆုံးတော့ ခြသေ့ံလဲ အစာငတ် ရေငတ် သေရတာပဲ"

ကျန်းယိလန်သည် တဖြည်းဖြည်း ပြုံးလာသည်။ ပြုံးရာမှ ရယ်လာလေသည်။

ရှောင်ယီက ကျန်းယိလန် မျက်နှာကို အကဲခတ်ရင်း မေးလိုက်၏။

"မင်း ဘာ စဉ်းစားမိပြီး ရယ်တာလဲ"

ကျန်းယိလန်က သူ့ညာလက်ကို မြှောက်ရွယ်လိုက်လေသည်။ သူ့လက်ထဲတွင် ဝါးဆစ်ကဲ့သို့ ပုံသဏ္ဌာန်ရှိသော အမည်းရောင် ပစ္စည်းတစ်ခု ကိုင်ထားသည်။ ကျန်းယိလန်တစ်ယောက် ဖောက်ပြန်လာပြန်လေပြီ။

"ကျွန်တော့်ကုသိုလ်ကတော့ ထူးကို ထူးပါတယ်၊ ဟောဒီပစ္စည်းကို ရထားတယ်"

ရှောင်ယီက လှမ်းကြည့်လိုက်ပြီးလျှင်-

"ဘာပစ္စည်းများလဲ"

ကျန်းယိလန်က-

"ဒီပစ္စည်းဟာ သိပ်အစွမ်းထက်တဲ့ အဆိပ်လက်နက်ပုန်းပဲပေါ့၊ တစ်ချိန်က ကျင့်ပင်းဓားသမား 'ကျွဲ့ချင်တောက်'ဟာ အခုကိုင်ထားတဲ့ အဆိပ်လက်နက်နဲ့ သေခဲ့ရတာပဲ။ ကျွဲ့ချင်တောက်ဟာ သိုင်းလောကမှာ နာမည်ကြီး ထိပ်တန်းသိုင်းသမား တစ်ယောက်ဆိုတာ ခင်ဗျားလဲ သိမှာပေါ့"

ရှောင်ယီက ခေါင်းညိတ်လိုက်၏။

"ကျင့်ပင်းဓားသမား ကျွဲ့ချင်တောက်ရဲ့ နာမည်ကို ငါကြားဖူးပါတယ်"

ကျန်းယိလန်က ဆက်ပြောသည်။

"အခု ကျွန်တော် ကောက်ရထားတဲ့ အဆိပ်လက်နက်ပုန်းရဲ့နာမည်က 'ဝူတုစွေ' လို့ခေါ်တယ်၊ အဆိပ်ငါးမျိုး ရောစပ်ပြီး စီမံထားတဲ့အတွက် အင်မတန် အဆိပ်ပြင်းတယ်၊ ဘယ်လိုသတ္တဝါမျိုးမဆို 'ဝူတုစွေ' အဆိပ်ရည် တစ်စက်လောက် အထိခံရတာနဲ့ တစ်ကိုယ်လုံးဟာ သစ်ရွက်ပုပ် နွမ်းသွားသလိုဖြစ်ပြီး သေရလိမ့်မယ်၊ ဟဲ... ဟဲ... ဟဲ"

"ကဲ... မင်း ရှင်းရှင်းပဲ ပြောလိုက်စမ်းပါတော့၊ အဲဒီဝူတုစွေ အဆိပ်ရည်နဲ့ ငါ့ကိုပက်ပြီး သတ်မလို့လား"

ရှောင်ယီက ပြောင်ပင် မေးလိုက်သည်။

"ခင်ဗျား ဒီတစ်ခါတော့ သေဖြစ်ပါပြီ၊ ကျုပ်အခု ကိုင်ထားတဲ့ အဆိပ်လက်နက်ပုန်းထဲမှာ အဆိပ်ရည်တွေ အပြည့်ရှိနေတယ်၊ ကျုပ်လှုပ်ကြည့်ပြီးပြီ၊ ကျုပ်လက်တစ်ချက် လှုပ်လိုက်တာနဲ့ ခင်ဗျား သေဖြစ်ပြီ၊ ဟိုတစ်ခါကလို ခင်ဗျား လွတ်သွားလိမ့်မယ်လို့ မထင်နဲ့တော့ဗျာ"

"မင်းနဲ့ငါ ဆိုးတူကောင်းဘက်တွေပဲ၊ မသတ်လို့ မဖြစ်ဘူးလား"

ရှောင်ယီက ခပ်အေးအေး မေးသည်။ သည်တစ်ကြိမ်၌ လွန်စွာအန္တရာယ်ရှိနေကြောင်း သူ ကောင်းစွာ သိသည်။ သို့သော် အမူအရာ မပျက်ပေ။

"သတ်မှ ဖြစ်မယ်၊ ခင်ဗျားကို မသတ်လို့ မဖြစ်ဘူး၊ ရတနာတွေရယ်၊ နောက်ပြီး ထူးခြားအစွမ်းထက်တဲ့ သိုင်းကျမ်းတွေရယ်၊ အဲဒါတွေအားလုံးကို ကျုပ်တစ်ယောက်တည်း ပိုင်ဆိုင်ချင်ရင် ခင်ဗျားကို အရှင်ထားလို့မဖြစ်ဘူး၊ ခင်ဗျားကို ရှင်းပစ်ရမယ်"

ရှောင်ယီက သူ့ညာလက်ကို ဆတ်ခနဲ ဆန့်ထုတ်လိုက်သည်။ သူ့ညာလက်ထဲတွင် ရှိနေသော ဝါးဆစ်ဘူးဖြင့် ကျန်းယိလန်ကို တည့်မတ်စွာ ချိန်ရွယ်ထားလိုက်သည်။

ရှောင်ယီ၏ မျက်နှာမှာ တည်ကြည်၍နေလေ၏။

"မင်း ငါ့ကို သတ်ဖို့ မလွယ်ပါဘူး၊ ငါကသာ မင်းကို အခုချက်ချင်းသတ်ပစ်နိုင်တယ်၊ ငါ့လက်ထဲကပစ္စည်းဟာ ဘယ်လို အသုံးပြုနိုင်တယ်ဆိုတာ မင်း သိရဲ့လား၊ မသိရင် ပြောပြမယ်၊ ဒီဝါးဆစ်ပေါ်မှာရှိတဲ့ ခလုတ်ကို နှိပ်လိုက်တာနဲ့ အဆိပ်စူး ငါးဆယ် လောက် မင်းဆီကို ပြေးထွက်သွားလိမ့်မယ်၊ မင်းရဲ့ အဆိပ်ရည်ကတော့ လက်ကိုမြှောက်ပြီး ပက်နေရဦးမယ်၊ ဘယ်သူ့အရင် ဖြစ်မလဲ၊ ဘယ်သူ့လက်နက်က အရင်ထိခိုက်နိုင်မလဲ၊ မင်း စဉ်းစားဦး၊ မင်း ပိုင်နိုင်မယ်ထင်ရင် စမ်းကြည့်လေ"

ရှောင်ယီလက်ထဲမှပစ္စည်းမှာ ရှောင်ယီပြောသည့်အတိုင်း ဖြစ်နိုင်သည်ဟု ကျန်းယိလန်က ယုံကြည်သည်။ ရှောင်ယီက သူ့ကို အရင်ထိအောင် ပစ်ခတ်နိုင်လျှင် သူ့လက်ထဲမှအဆိပ်ရည်သည် အချည်းအနှီး အလဟဿဖြစ်ပေတော့မည်။

ထို့ကြောင့် ကျန်းယိလန်၏ မျက်နှာ အမူအရာပြောင်းသွားသည်။ သူက သူ့လက်ထဲမှ အဆိပ်ရည်ပုလင်းကို ပြန်သိမ်းဆည်းလိုက်သည်။ သကာရည်လောင်းသော မျက်နှာဖြင့် ရှောင်ယီအား မျက်နှာချိုသွေးတော့သည်။

"အစ်ကို့ကို ကျွန်တော် စမ်းကြည့်တာပါ၊ အစ်ကို့ကို ဘယ်လိုနည်းနဲ့မှ သတ်လို့မလွယ်ဘူးနော်၊ ကျွန်တော်က အစ်ကို့ကို တကယ်လဲ မသတ်ပါဘူး"

ရှောင်ယီက ချိန်ရွယ်ထားသောလက်ကို ပြန်မချသေးဘဲနေသဖြင့် ကျန်းယိလန်မှာ ထိတ်လန့်နေသည်။ သည်တစ်ခါ ရှောင်ယီ သူ့အပေါ် ခွင့်လွှတ်ပါဦးတော့မည်လော။ ရှောင်ယီသတ်လျှင် သူ သေရတော့မည်။

"အစ်ကိုက ကျွန်တော့်ကို မယုံတော့ဘူးလား၊ ကျွန်တော်က အစ်ကို ဘယ်လိုကာကွယ်မလဲဆိုတာ သိချင်လို့စမ်းကြည့်လိုက်တာပါ၊ အစ်ကို့ကို ကျွန်တော် တကယ်လုပ်ကြံချင်လို့မဟုတ်ပါဘူး၊ အစ်ကို့ကို သတ်ချင်ရင် ကျွန်တော် စကားရှည်ရှည် ဝေးဝေး ဘယ်ပြောနေတော့မလဲ၊ နောက်ကနေ တိတ်တဆိတ် လုပ်ကြံလိုက်မှာပေါ့"

ရှောင်ယီ အံကြိတ်နေမိ၏။ ကျန်းယိလန်မှာ ရှောင်ယီ၏ မျက်နှာအမူအရာကိုကြည့်ပြီး ကြောက်လာ၏။ တဖြည်းဖြည်း နောက်ဆုတ်သွားသည်။

ရှောင်ယီက သူ့လက်မကို နှိပ်ချလိုက်၏။ သူ့လက်မလှုပ်လိုက်သည်ကို ကျန်းယိလန် သေချာစွာ မြင်ရသည်။

ရှောင်ယီလက်ထဲမှ ဝါးဆစ်ဘူး ဖျောက်ခနဲအသံ မြည်သွားသည်ကို ကြားရ၏။

"အမယ်လေး"

ကျန်းယိလန် ကြောက်လန့်တကြီးအော်ပြီး ဖင်ထိုင်ရက် လဲကျသွားလေသည်။

ရှောင်ယီက သူ့ဝါးဆစ်ဘူးကို ပြန်သိမ်းလိုက်၏။ ရှောင်ယီ ပစ်ခတ်လိုက်သော်လည်း သူ့ဝါးဆစ်ဘူးထဲမှ မည်သည့် အရာမှ ထွက်မလာချေ။

"မင်း သိထားဖို့က ငါ့ကို မင်း သတ်ဖို့မလွယ်ဘူးဆိုတာပဲ၊ ငါက ဘာမှမရှိတဲ့ လက်နက်ပုန်းဘူးနဲ့ မင်းကို ဖင်ထိုင်ကျအောင် လုပ်နိုင်တယ်၊ မင်းကတော့ ငါ့ကို ဘာမှမလုပ်နိုင်ဘူး၊ ငါသာ သတ်ချင်ရင် မင်း ဆယ်ခါလောက် သေပြီးနေပြီကွ၊ နောက်တစ်ခါ ငါစိတ်ဆိုးအောင် မလုပ်နဲ့ ကြားလား"

ကျန်းယိလန်မှာ မျက်လုံးပြူးနေသည်။

ရောင်ယီ၏ နောက်ဆုံးစကားကို ကြားမှ သက်ပြင်းချနိုင်တော့၏။

------------------- * * * * * -------------------

အခန်း(၅၇)

မြေအောက်နန်းတော်၏ လျှို့ဝှက်ချက်

==============================

ဖယောင်းတိုင် ကုန်လုလေပြီ။

ကျန်းယီလန်က ဥမင်ပေါက်အတွင်းသို့ ပြန်ဝင်ပြီး ဖယောင်းတိုင် သုံးလေးတိုင် ယူသည်။ ရိက္ခာခြောက်များနှင့် ရေအိတ်တစ်အိတ်ကိုပါ ယူခဲ့သည်။ သူသည် ရှောင်ယီ စားသောက်ရန် အစားအစာကို ပြင်ပေးသည်။ ရှောင်ယီက သူ့ကို အေးစက်စက်ကြည့်သောအခါ ကျန်းယီလန် သဘောပေါက်သွားပြီး သူ ပထမဦးစွာ စားပြသည်။ သူ စားပြီးမှ ရှောင်ယီစားသည်။ ကျန်းယီလန် မယ်မယ်ရရ မစားနိုင်သော်လည်း ရှောင်ယီကမူ ထုံးစံအတိုင်း ပြည့်ပြည့်ဝဝ စားသည်။ သူသည် စိတ်ရောကိုယ်ပါ ကြံ့ခိုင်နေရန် အရေးကြီးကြောင်း ရှောင်ယီ သိလေ၏။

"ငါတို့ ငွေရောင်လဝန်းကို ကြည့်ရမယ်၊ ထွက်ပေါက်က အဲဒီအခန်းထဲမှာ ရှိလိမ့်မယ်ထင်တာပဲ၊ တစ်ခန်းမဟုတ် တစ်ခန်းမှာ ရှိရမယ်"

"ကျွိ... အီ... အီ"

တံခါးမြည်သံမှာ အသည်းယားစဖွယ်ပင်။

ထိုငွေရောင်အခန်းနံရံ ပွင့်သွားသောအခါ သူတို့နှစ်ယောက် ရင်သပ်ရှုမောဖြစ်သွားကြ၏။

ဤအခန်းက ကျယ်ဝန်းလှရုံမက လှလှပပ ပြင်ဆင်ထားသည်။ သိုင်းလေ့ကျင့်သည့်ခန်းမကဲ့သို့ပင် ကျယ်ဝန်းလှသည်။ ထိုအခန်းကြီးထဲမှာပင်အခန်းငယ်များ ဖွဲ့ထား၏။

အပေါက်မှ ဝင်သွားလျှင် ညာဘက်တွင် အခန်းပေါက် သုံးခန်း၊ ဘယ်ဘက်တွင် အခန်းပေါက်သုံးခန်းရှိကြောင်း တွေ့ရ၏။

ထိုအခန်းတံခါးများမှာ ပွင့်နေပြီး ဇာကန့်လန့်ကာများ ကာရံထားသည်။ အခန်းများ များပြားစွာ တွေ့ရခြင်းကြောင့် တစ်ယောက်တစ်တိုင်စီ ဖယောင်းတိုင် ထွန်းညှိကိုင်ဆောင်ကြ၏။

ဖယောင်းတိုင်နှစ်တိုင်မှ ထွက်ပေါ်လာသော အလင်းရောင်ဖြစ်၍ အားလုံးကို လင်းလင်းချင်းချင်း တွေ့မြင်ကြရသည်။

"ထူးဆန်းလိုက်တာ၊ လူငါးယောက်နေတဲ့ မြေအောက်ခန်းထဲမှာ အိပ်ခန်းက ခြောက်ခန်းတောင် ရှိတယ်၊ အံ့သြစရာပဲ ဟေ့"

ရှောင်ယီက ခပ်တိုးတိုးပြောပြီး ပထမဆုံးအခန်းထဲကို လှမ်းဝင်လိုက်သည်။ ထိုအခန်းမှာ အိပ်ခန်းဖြစ်ပြီး အိမ်ထောင်ပရိဘောဂ အစုံအလင်ရှိကြောင်း တွေ့ရ၏။ ခုတင်ကလည်း နှစ်ယောက်အိပ်ခုတင်ဖြစ်နေသည်။

ရှောင်ယီတို့ အံ့သြခြင်းကြီးစွာ ဖြစ်သွားကြရသည်။

"ဟာ"

သူတို့နှစ်ယောက်သည် ခုတင်ပေါ်မှ အရိုးစုတစ်ခုကို တွေ့မြင်လိုက်ကြသဖြင့် ဟာခနဲ အော်မိကြသည်။

ရှောင်ယီ ဇာကန့်လန့်ကာကို ဖယ်ရှားကာ ခုတင်ပေါ်မှ အရိုးစုကို သေချာစွာကြည့်သည်။

ကျန်းယီလန်က အံ့သြခြင်းကြီးစွာဖြင့် ဝင်ပြော၏။

"ဒါ... ဒါ၊ မိန်းမအလောင်းပဲ အစ်ကို"

"ဟိုအခန်းတွေထဲမှာ တွေ့ခဲ့တဲ့အရိုးစုတွေဟာ ယောကျ်ားတွေချည်းဆိုတာ သေချာရဲ့လား"

ရှောင်ယီက ကျန်းယီလန်ကို ပြန်မေးသည်။

ကျန်းယီလန်က-

"ယောကျ်ားအရိုးစုတွေပါ၊ သေချာပါတယ်၊ ယောကျာ်းအရိုးစုနဲ့ မိန်းမအရိုးစု ကွာပါတယ်၊ ဟောဒီ တင်ပါးရိုးတွေကိုကြည့်၊ နောက်ပြီး မိန်းမအရိုးစု ဖြစ်ကြောင်း သက်သေခံအချက်အလက်တွေကလဲ ရှိသေးတယ်"

ကျန်းယီလန်က ခေါင်းအုံးပေါ်တွင်ရှိနေသော ရွှေဆံထိုးတစ်ချောင်းနှင့် လည်ပင်းတွင်ရှိနေသော ရွှေဆွဲကြိုးကို ပြသသည်။

"ဟုတ်ပြီ ဒီမြေအောက်ခန်းမှာ လူခြောက်ယောက် နေတယ်၊ ဒါကြောင့် အခန်း ခြောက်ခန်းရှိနေတာ၊ ဒီအမျိုးသမီးက သိုင်းပညာ မတတ်ဘူး၊ ဒါကြောင့် သူ သိုင်းလေ့ကျင့်ဖို့ မလိုဘူးလေ၊ သိုင်းလေ့ကျင့်တဲ့အခန်းမှာ သူ့အတွက် စားပွဲခုံ မထားဘူး"

"အင်း... ဟုတ်မယ်၊ ဒီလိုပဲ ဖြစ်နိုင်တယ်၊ အစ်ကိုပြောတာ မှန်တယ်"

သို့သော် သူတို့တွက်ဆမှုမှာ မှားယွင်းနေကြောင်း မကြာမီ သိရသည်။

ဒုတိယအခန်းမှာလည်း အိပ်ခန်းဖြစ်နေပြီး နစ်ယောက်အိပ်ခုတင်ဖြစ်နေပြန်သည်။ ထိုခုတင်ပေါ်တွင်လည်း အမျိုးသမီး အရိုးစုတစ်ခု ရှိနေပြန်သည်။ ထိုခုတင်ပေါ်တွင်လည်း အမျိုးသမီးအရိုးစုတစ်ခု ရှိနေပြန်သည်။

သူတို့သည် လက်ယာဘက်သုံးခန်းကို စစ်ဆေးပြီးသောအခါ ဘယ်ဘက်မှ ပထမခန်းကို ဝင်ပြန်၏။ အလားတူ အမျိုးသမီး အရိုးစုတစ်ခု ခုတင်ပေါ်တွင် တွေ့ရပြန်သည်။

ဒုတိယအခန်းထဲသို့ ဝင်ကြည့်ကြပြန်သည်။

ထိုအိပ်ခန်းထဲတွင်တော့ ယောကျာ်းအရိုးစုနှင့် မိန်းမအရိုးစုကို ခုတင်ပေါ်တွင် ယှဉ်လျက်သား တွေ့နေရသည်။ ဤကား ထူးခြားမှုပေတည်း။

ယောကျာ်းအရိုးစုမှာ မှောက်လျက်ဖြစ်နေပြီး ကျောရိုးမှာ ကျိုးကြေနေသည်။

ပြင်းထန်သောရိုက်ချက်ဖြင့် အသက်ထွက်သွားဟန် တူသည်။

"ဒီမြေအောက်ခန်းမှာ နေကြတာ လူငါးယောက် မကဘူး၊ ခြောက်ယောက်လဲ မကဘူး၊ ဒီသိုင်းသမားတွေဟာ သူတို့ရဲ့ ဇနီးသည်တွေ ခေါ်လာပြီး ဒီမှာ နေထိုင်ကြပုံပဲ၊ သူတို့ကို တစ်စုံတစ်ယောက်က လုပ်ကြံသတ်ဖြတ်ခဲ့တယ်၊ သူတို့ဇနီးသည်တွေပါ သေဆုံးကုန်တယ်"

ကျန်းယီလန်က ရှောင်ယီပြောသည်ကို ခေါင်းညိတ်ပြပြီး-

"ဒီအမျိုးသမီးတွေလဲ ကံဆိုးတာပဲပေါ့နော်"

"ကံဆိုးတာပေါ့၊ သေတယ်ဆိုတာ ပျော်စရာမှ မဟုတ်တာ"

ရှောင်ယီက ခုတင်ပေါ်တွင် မှောက်လျက် ဖြစ်နေသော အရိုးစုကို လက်ညှိုးထိုးညွှန်ပြီး-

"အဲဒီလူကတော့ ဒီမှာနေတဲ့ ငါးယောက်မြောက်လူပဲ၊ လုပ်ကြံသတ်ဖြတ်တဲ့လူရဲ့ လက်ချက်ကလဲ ပြင်းထန်လှတယ်၊ ဒီလောက် သိုင်းပညာစွမ်း ထက်မြက်နေပါလျက်နဲ့ ဘာကြောင့် တစ်ခြားလူတွေကို တိတ်တဆိတ် တိုက်ခိုက်ရတာလဲ မသိဘူး၊ တို့တော့ ကြာလေရှုပ်လေ ဖြစ်လာပြီ"

"နောက်ဆုံးတစ်ခန်း ကျန်နေသေးတယ်၊ အဲဒီနောက်ဆုံးအခန်းဟာ လုပ်ကြံတဲ့ လူသတ်သမားရဲ့အခန်း ဖြစ်လိမ့်မယ် ထင်တယ်၊ အဲဒီမှာ အဖြေရှိချင် ရှိနေမှာပေါ့အစ်ကိုရဲ့"

ကျန်းယီလန်က ပြောလိုက်လေ၏။

ရှောင်ယီ ခေါင်းညိတ်လိုက်သည်။

"ဝင်ရမယ်လေ၊ လမ်းဆုံးရင်တော့ ရွာတွေ့ရမှာပေါ့ကွ"

ဤသို့ဖြင့် ရောင်ယီနှင့် ကျန်းယိလန်တို့သည် နောက်ဆုံးအခန်းထဲသို့ ဝင်ခဲ့ကြလေတော့၏။ တွေ့မြင်လိုက်ရသည့် မြင်ကွင်းက သူတို့ကို မှင်တက်သွားစေသည်။

မီးရောင်ဖြင့် လှမ်းမြင်ရသည်မှာ လေးထောင့်စပ်စပ် မျက်နှာရှိသော လူတစ်ယောက် ထိုင်ခုံတစ်လုံးပေါ် ထိုင်နေသည်။ ထိုလူမှာ အလောင်းကောင်ကြီး ဖြစ်သော်လည်း ရုတ်တရက် ကြည့်လိုက်လျှင် အသက်ရှိနေသကဲ့သို့ ထင်မှတ်ရသည်။

ထိုလူမှာ အရိုးမကျပေ။ အသားများ မရှိတော့ဘဲ အရိုးနှင့်အရေ ကပ်နေသောခန္ဓာကိုယ်ဖြင့် ရောင်ယီတို့အား လှမ်းကြည့်သကဲ့သို့ ရှိနေ၏။

အဝတ်အစားများကလည်း ဆွေးမြည့်ကျမသွားသေးပေ။ အလွန်ခိုင်ခံ့သော ဝတ်ကောင်းစားလှများ ဝတ်ဆင်ထားခဲ့ဟန်တူသည်။ သို့သော် ထိမိလျှင်တော့ ထိုအဝတ်များ အမှုန်ဖြစ် ကြွေကျသွားမည်မှာ သေချာသည်။

ရောင်ယီက အလောင်းကောင်ကို သေချာစွာ ကြည့်နေစဉ် ကျန်းယိလန်က မှတ်ချက်ချနေလေ၏။

"ဒီလူလဲ အခြားလူငါးယောက်လိုပဲ တစ်ချိန်တည်း အသက်ဆုံးသွားတာ ဖြစ်ရမယ်"

"ထူးဆန်းနေတယ်ကွ၊ သူ့ကြတော့ ဘာဖြစ်လို့ အရိုးချည်းမကျန်ဘဲ အရိုးနဲ့အရေ ကပ်ကျန်နေရတာလဲ"

ရောင်ယီက မျက်မှောင်ကြုတ်ပြီး အလောင်းကောင်အနီး ချဉ်းကပ်သွားသသည်။ သေချာစွာကြည့်ပြီး နောက်ဆုတ်လေသည်။

ထို့နောက် တစ်စုံတစ်ရာ လိုက်လံရှာဖွေတော့သည်။ မည်သည့်အရာကို ရှာလေသနည်း။

သူသည် နံရံအခြေတွင် ပွဲကျနေသော ကျောက်ခဲသေးသေးတစ်လုံးကို တွေ့လိုက်သည်နှင့် တန့်ခနဲရပ်သွား၏။ ထိုကျောက်ခဲကို ကောက်ပြီး အလောင်းကောင်ဆီသို့ ဝှစ်ခနဲ ပစ်ထည့်လိုက်သည်။

"ဒေါက်"

ကျောက်ခဲသည် အလောင်းကောင်ကို ထိသွားပြီး ပြန်ကန်ထွက်လာသည်။

ထိုအလောင်းကောင်၏ ခန္ဓာကိုယ်မှာ ကျောက်သားကဲ့သို့ မာကျော်နေသည်ဟု ခန့်မှန်းမိကြလေ၏။

"ဒီအလောင်းကြီးဟာ မာကျောနေတာပေါ့နော်၊ ဒါ ထူးဆန်းတာပဲပေါ့"

ကျန်းယိလန်က တအံ့တသြ ပြောသည်။

ရောင်ယီက ဘာမှမပြောဘဲ ခုတင်ရှိရာသို့ လျှောက်သွားသည်။

ခုတင်ပေါ်တွင် အမျိုးသမီးအလောင်းတစ်လောင်း ရှိသည်။

အမျိုးသမီးအလောင်းမှာလည်း ယောကျ်ားအလောင်းကဲ့သို့ပင် အကောင်းပကတိ နီးပါးရှိနေ၏။ အရိုးမကျပေ။ အရိုးနှင့်အရေ ကပ်ကျန်နေသည်။ သေနေသည့်အလောင်းကောင်မှာ ကြည့်ရရုပ်ဆိုးသော်လည်း မျက်နှာထား အကျအပြအရ ရုပ်ချောမည်ဟု ခန့်မှန်းနိုင်ကြသည်။

"ဒီအမျိုးသမီးရဲ့ အလောင်းဟာလဲ အကောင်းပကတိလို ရှိနေပါလား၊ ဒီအခန်းထဲက အလောင်းတွေဟာ ဟိုအခန်းထဲက အလောင်းတွေထက် ပိုထူးခြားနေတယ်"

"ဒီလူနှစ်ယောက် သေဆုံးခဲ့ပုံဟာ အခြားလူတွေ သေတာနဲ့ မတူဘူး၊ ဒီနှစ်ယောက်က အလွန်ထူးခြားဆန်းကြယ်တဲ့ အဆိပ်တစ်မျိုးမိပြီး သေဆုံးတာ ဖြစ်လိမ့်မယ်၊ အဲဒီအဆိပ်ဟာ ပုပ်သိုးခြင်းကို ကာကွယ်နိုင်တဲ့အဆိပ်မျိုး ဖြစ်ပုံရတယ်"

ရောင်ယီက သူ့ထင်မြင်ချက်ကို ပြောပြသည်။

ကျန်းယိလန်က အမျိုးသားအလောင်းကို ကြည့်ပြီး သူ့ယူဆချက်ကို ပြောလေ၏။

"အစ်ကို... ဒီလူဟာ ဒီမြေအောက်နန်းတော်ရဲ့ အရှင်သခင်အစစ်နဲ့တူတယ်"

"ဖြစ်နိုင်တယ်၊ သူ့ကြည့်ရတာ ထောင်လွှားမော်ကြွားတဲ့ အနေအထားမျိုး ရှိနေတယ်"

"ကဲ... စဉ်းစားကြည့်ကြရအောင်၊ ဟိုလူငါးယောက်ကို ဒီလူက လုပ်ကြံသတ်ပစ်တာ ဖြစ်မယ်ဆိုရင် သူလဲ ဘာကြောင့် သေရတာလဲ၊ ဟိုလူငါးယောက်နဲ့ ဒီလူ ဘယ်လိုပတ်သက်ကြသလဲ၊ သူဟာ ဘယ်လိုရည်ရွယ်ချက်နဲ့ ဒီမြေအောက်နန်းတော်ကို ငွေကုန်ကြေးကျခံပြီး တည်ဆောက်ခဲ့ရတာလဲ၊ ဘာကြောင့်လျှို့ဝှက်နေထိုင်ခဲ့ရတာလဲ"

သူတို့နှစ်ယောက် အဖြေရှာကြည့်ကြသည်။ သို့သော် အဖြေမရပါ။

နှစ်ယောက်သား အိပ်ခန်းအနှံ့ လျှောက်ကြည့်ကြသည်။ နောက်ဆုံးအမျိုးသမီးအလောင်း ခေါင်းအုံးအောက်တွင် တစ်စွန်းတစ်စ ထွက်နေသောစာအုပ်လိုလို အရာဝတ္ထုကို တွေ့ရသဖြင့် ရောင်ယီက သတိကြီးစွာ ထားပြီး ဖြည်းညင်းစွာ ဆွဲထုတ်လိုက်သည်။

"ဒါ... သဲလွန်စတစ်ခု ဖြစ်လိမ့်မယ်ကွ"

စာအုပ်မှာ နှစ်ပေါင်းကြာမြင့်လှပြီဖြစ်၍ ဆွေးမြည့်နေနိုင်သည်။ ထိုအချက်ကို သိထားသဖြင့် ရောင်ယီမှာ လွန်စွာ ဂရုစိုက်ပြီး တဖြည်းဖြည်း ဆွဲထုတ်ရသည်။

သူ ချွေးသီးချွေးပေါက်ပင် ကျသည်။ မကြာမီ စာအုပ်ကလေးပါလာ၏။

ရောင်ယီသည် ဖြည်းညင်းယုယစွာ စာအုပ်ကလေးကို ကိုင်ပြီး ကြည့်ရှုလိုက်သည်။

"တွေ့ပြီဟေ့၊ ဒီမြေအောက်နန်းတော်ရဲ့ လျှို့ဝှက်မှု ပဟေဠိအဖြေကို တွေ့ပြီ၊ အဖြေက ဒီစာအုပ်ထဲမှာ ရှိနေတယ်"

ရောင်ယီသည် စာအုပ်ကို မြှောက်ပြပြီး ခပ်ကျယ်ကျယ် အော်ပြောလိုက်မိလေသတည်း။

လျှို့ဝှက်ပဟေဠိကို အဖြေပေါ်စေခဲ့သော ထိုစာအုပ်မှာ မှတ်တမ်းစာအုပ်ကလေး ဖြစ်နေသောကြောင့်တည်း။

စာအုပ်ထဲတွင် သေသပ်လှပသော အမျိုးသမီး လက်ရေးကို တွေ့ကြရသည်။

စာအုပ်တစ်အုပ်လုံး အမျိုးသမီး လက်ရေးချည်းသာ ဖြစ်နေသဖြင့် သေဆုံးသွားသော အမျိုးသမီး၏ မှတ်တမ်းစာအုပ် ဖြစ်မည်ဟု ခန့်မှန်းကြရတော့သည်။

သူမသည် ဤမှတ်တမ်းကို လျှို့ဝှက်စွာ ရေးမှတ်ထားပြီး သေခါနီးတွင် ခေါင်းအုံးအောက်တွင် ထားခဲ့ဟန် တူသည်။

"ကဲ... ဖတ်ပြီဟေ့"

ထိုစာအုပ်ထဲမှ မှတ်တမ်းကို စဖတ်လိုက်သောအခါ ရောင်ယီနှင့် ကျန်းယိလန်တို့မှာ အခြားကိစ္စများကို လုံးဝမေ့လျော့သွားကြလေတော့၏။

ယုတ်စွအဆုံး သူတို့၏ လွတ်မြောက်ရေးကိုပင် မေ့လျော့သွားကြသည်။

သူမ၏အမည်မှန်မှာ ဖန်လင်ကြည် ဖြစ်သည်။ သူမ၏ဇာတိမှာ ကျန်းနန်ဒေသဖြစ်ပြီး ချမ်းသာကြွယ်ဝသောမျိုးရိုးမှ ဆင်းသက်လာသူဖြစ်သည်။

သို့သော် သူမ သိတတ်နားလည်ချိန်သို့ ရောက်သောအခါ ထိတ်လန့်ဖွယ်၊ ကြေကွဲဖွယ်၊ နာကြည်းဖွယ် အဖြစ်အပျက်တို့ ဖြစ်ပွားခဲ့သည်။ ထိုအချိန်မှစပြီး သူမဘဝတစ်လျှောက်၌ စိတ်ချမ်းမြေ့မှုဟူ၍ မရှိခဲ့တော့ပေ။

သူမ လေးနှစ်သမီးအရွယ်၌ မိခင်သည် သူမကို ခေါ်ဆောင်ပြီး ရပ်ဝေးရှိ ဆွေမျိုးများထံ သွားရောက်လည်ပတ်သည်။ သူတို့၏ အပြန်ခရီး၌ ကြေကွဲဝမ်းနည်းမှုက ဆီးကြိုနေမည်ကို သူတို့ မခန့်မှန်းနိုင်ခဲ့ကြပေ။ သူတို့ အိမ်ပြန်ရောက်သောအခါ သူတို့ အိမ်ဂေဟာ ပြာပုံအတိ ဖြစ်နေသည်ကို တွေ့ကြရသည်။

သူမနှင့် မိခင်ကြီးသည် ထိုရန်သူ၏ဘေးမှ လွတ်နိုင်အောင် ထွက်ပြေးပုန်းရှောင်ခဲ့ကြရသည်။ ဆင်းဆင်းရဲရဲ သိုသို သိပ်သိပ် နေထိုင်ခဲ့ကြရသည်။ ပုန်းရှောင်နေခဲ့သည် ဆိုသော်လည်း သူတို့သည် သတ္တိမရှိဘဲ တပြေးတည်း ပြေးနေခဲ့ကြသည် မဟုတ်ပါ။ သူတို့၏ အိမ်သားများကို သတ်သွားသည့်ရန်သူအား တစ်ဘက်မှ စုံစမ်းခဲ့ကြသည်သာ ဖြစ်ပါသည်။

သူတို့၏ လုံ့လဝီရိယ အလကား ဖြစ်မသွားခဲ့ပါ။

တစ်နေ့သောအခါတွင် သူတို့ရန်သူ လူသတ်သမားကို မည်သူမည်ဝါဖြစ်ကြောင်း သိခွင့်ရလာတော့သည်။

အိုးယန်ထိန်။

ထိုလူသတ်သမား၏ အမည်က အိုးယန်ထိန်။

ထိုလူသည် ထိုစဉ်က သိုင်းလောကတွင် အဆင့်မြင့်သိုင်းသမားတစ်ဦးဖြစ်ရုံမျှမက လွန်စွာလည်း ချမ်းသာကြွယ်ဝသည်။ ဩဇာနီဩဇာနက်များသူဟု ကျော်ကြားသဖြင့် တော်ရုံတန်ရုံသိုင်းသမားသည် အိုးယန်ထိန်နှင့် တတ်နိုင်သမျှ မတွေ့မိအောင် ရှောင်ကြဉ်ကြသည်။

ဖန်လင်ကြည်၏ မိခင်သည် သူမအသက် (၁၆)နှစ်တွင် ကွယ်လွန်သွားခဲ့၏။

နှစ်အနည်းငယ်အကြာတွင် သူမ၏ဘဝ ပြောင်းလဲမှုတစ်မျိုး ဖြစ်ခဲ့သည်။

သူမသည် အိုးယန်ထိန်နှင့် တွေ့နိုင်အောင် ကြိုးစားခဲ့သည်။ သူမ၏ ကြိုးစားမှုအရာရောက်ခဲ့ပါသည်။

အိုးယန်ထိန်သည် သူမအလှ၌ ယစ်မူးခဲ့ပါသည်။ နောက်ဆုံး၌ အိုးယန်ထိန်သည် သူမကို သိမ်းပိုက်ပြီး ဇနီးကြင်ယာ အဖြစ် လက်ထပ်ထိမ်းမြားခဲ့လေတော့၏။

ဖန်လင်ကြည်သည် အိုးယန်ထိန်၏ ကွယ်ရာ၌ မဲ့ပြုံးပြုံးခဲ့၏။ သူမ၏မျက်နှာသည် အစဉ်လိုလို ပြုံးချိုနေသည်။ အိုးယန် ထိန်၏ ကွယ်ရာတွင်မူ သူမ၏မျက်လုံးများသည် မှုန်မှိုင်းပြီး မုန်းတီးမှုများဖြင့် ပြည့်နှက်နေသည်။

သူမက သူမအလှကို အသုံးချပြီး ရန်သူကို ကလဲ့စားချေခွင့်ရအောင် ကြံစည်ခဲ့သည်မှာ အောင်မြင်ခဲ့ပေပြီ။ သူမ၏ ရန်သူ သည် သူမ၏ဘေးသို့ ရောက်ရှိလာခဲ့လေပြီ။

သို့သော် အိုးယန်ထိန်သည် အမြဲသတိရှိသောလူဖြစ်၏။ သူသည် မည်သူနှင့်မျှ အတူယှဉ်တွဲပြီး တစ်အိပ်ရာတည်း နှစ်ခြိုက်စွာ မအိပ်ပေ။

ဖန်လင်ကြည်မှာ အိုးယန်ထိန် ဘယ်နေရာ၊ ဘယ်အခန်းတွင် အိပ်စက်မှန်းပင် မသိရပေ။ ထို့ကြောင့် အိုးယန်ထိန် အိပ်ပျော်သည့်အချိန်တွင် သတ်ဖြတ်ကလဲ့စားချေရန် အကြံအစည်မှာ မဖြစ်မြောက်နိုင်ဘဲ နေ့ရွေ့ညရွေ့ တဖြည်းဖြည်း ကြာ ညောင်းခဲ့ရတော့သည်။

အိုးယန်ထိန်ကို သူမ လွန်စွာ မုန်းတီးလှသော်လည်း ချစ်ဟန်၊ မြတ်နိုးဟန်၊ အားကိုးဟန် ပေါ်လွင်အောင် နေနိုင်ခဲ့သည်။

ရှောင်ယီသည် စာကို စိတ်ဝင်စားစွာ ဖတ်နေရာမှ ရုတ်တရက် ကျန်းယိလန်ကို သတိရလာ၏။ သူ လှည့်ကြည့်လိုက် သည်။

ကျန်းယိလန်သည် ရှောင်ယီ၏နောက်တွင် ရပ်နေပြီး စာအုပ်ထဲမှ စာတွေကို လှမ်းဖတ်နေသည်။

"အစ်ကို ဘာကြည့်တာလဲ"

ကျန်းယိလန်သည် ထိုအချိန်၌ ရှောင်ယီအား လုပ်ကြံရန် လုံးဝ သတိမရပါချေ။ သူသည်လည်း ရှောင်ယီကဲ့သို့ပင် မှတ်တမ်းထဲ၌ စိတ်ဝင်စားနေသည်။

"မင်းကို ငါ မေ့နေတယ်ကွာ"

"ကျွန်တော်လဲ မှတ်တမ်းကို လိုက်ဖတ်နေတာပဲ"

သူသည် သေနေသော ယောကျာ်းအလောင်းကောင်ကို လက်ညှိုးလှမ်းထိုးပြီး ပြောသည်။

"အဲဒီလူဟာ အိုးယန်ထိန်ပဲ ဖြစ်မယ်၊ အစ်ကို ဘယ်လိုသဘောရသလဲ"

ရှောင်ယီက ခေါင်းညိတ်လိုက်၏။

"ဖြစ်နိုင်တယ်၊ ထူးဆန်းတာက အိုးယန်ထိန်ဟာ ဘယ်လိုရည်ရွယ်ချက်မျိုး၊ ဘယ်လိုစိတ်ကူးမျိုးတွေနဲ့ ဒီမြေအောက်နန်းတော်ကြီးကို ငွေကုန်ကြေးကျခံပြီး တည်ဆောက်ခဲ့ရတာလဲ၊ အဲဒါကို စဉ်းစားရမယ်"

"ဒီမှတ်တမ်းကို ဆက်ဖတ်သွားရင် သိရလိမ့်မယ်ထင်တယ်၊ အဲဒီအချက်ဟာ ရှေ့က စာမျက်နှာတွေမှာ ပါလာမယ်နဲ့ တူတယ်"

ဤသို့ဖြင့် နှစ်ယောက်သားမှတ်တမ်းကို ဆက်လက်ဖတ်ရှုကြလေတော့၏။

ဖန်လင်ကြည်က ရေးသားထားသည်မှာ အိုးယန်ထိန်သည် ဤမြေအောက်ခန်းဆောင်ကို တည်ဆောက်ခဲ့သည်။ ငွေကုန်ကြေးကျ ကြီးစွာခံပြီး သူကိုယ်တိုင် ကြီးကြပ်ညွှန်ကြားခဲ့သည်။

အိုးယန်ထိန်သည် သိုင်းလောကမှ အဆင့်မြင့်သိုင်းသမားငါးဦးကို စည်းရုံးသိမ်းသွင်း၍ ဤမြေအောက်နန်းတော်သို့ ခေါ်ဆောင်ခဲ့၏။ သိုင်းသမားငါးဦးကလည်း လွယ်လွယ်ကူကူပင် လိုက်လာကြသည်။

အိုးယန်ထိန်၏ အကြံအစည်မှာ သူနှင့် သိုင်းသမားငါးယောက်ပေါင်းပြီး ထူးခြားထက်မြက်သော သိုင်းပညာတစ်ရပ်ကို စုပေါင်းတီထွင် လေ့ကျင့်ကြရန်ဖြစ်သည်။ ယင်းကိစ္စကို အထူးလျို့ဝှက်စွာ ဆောင်ရွက်ကြသည်။

ဖန်လင်ကြည်သည် ကံကောင်းထောက်မစွာ အိုးယန်ထိန်၏ မြေအောက်နန်းတော်သို့ ခေါ်ဆောင်ခြင်း ခံရသည်။ ထို့ကြောင့် သူမသည် အိုးယန်ထိန်နှင့် အတူယှဉ်တွဲအိပ်စက်လာခဲ့ရတော့သည်။

အိုးယန်ထိန်သည် ဖန်လင်ကြည်အပေါ် သံသယ တစ်စိုးတစ်စေ့မျှ မဝင်ခဲ့ချေ။ ဖန်လင်ကြည်သည် သူ သတ်ဖြတ်ခဲ့သည့် မိသားစုထဲမှ သမီးရတနာ ဖြစ်ကြောင်း လုံးဝ မသိခဲ့ပေ။

အိုးယန်ထိန် စည်းရုံးခေါ်ယူထားသော သိုင်းသမားငါးဦးမှာ ထူးခြားထက်မြက်သည့် သိုင်းပညာများကို အပတ်တကုတ် လေ့ကျင့်ကြသည်။ လုံ့လဝီရိယရှိခြင်း၊ ဉာဏ်ထက်မြက်ခြင်းတို့ကြောင့် သူတို့၏ လေ့ကျင့်တီထွင်မှုများလည်း အတော်အောင်မြင်ခဲ့သည်။

ဖန်လင်ကြည်မှာ သူတို့လုပ်ရပ်နှင့် နောက်ဆုံးရည်ရွယ်ချက်ကို မသိရသော်လည်း အိုးယန်ထိန်က ထိုသိုင်းသမားငါးယောက်ကို သတ်ဖြတ်ရန် အစီအစဉ် ပြုလုပ်ထားသည်ကိုမူ သိရှိရိပ်စားမိခဲ့သည်။

သူမသည် အိုးယန်ထိန်ကို ကလဲ့စားချေ သတ်ဖြတ်နိုင်ရန်ကိုသာ အခွင့်အခါကောင်း စောင့်နေခဲ့၏။ တစ်နေ့တွင် သူမ အလိုပြည့်ခဲ့ရပေသည်။

သူမ ရေးထားသည့်စာမှာ အောက်ပါအတိုင်း ဖြစ်တော့၏။

"အိုးယန်ထိန်ကို ကျွန်မ ကလဲ့စားချေ သတ်ဖြတ်ရန် အခွင့်အခါ ရောက်ခဲ့ရပြီ။ ကျွန်မသည် သူ့အိပ်ခန်းထဲ ဝင်အလာကို ထိုင်စောင့်နေပါသည်။ စားပွဲပေါ်တွင် သူ့ကို တိုက်ကျွေးရန် အရက်နှင့် ဟင်းလျာများ အသင့်ပြင်ထားပါသည်။

အရက်ကရားအိုးထဲမှ အရက်တွင် အလွန်ပြင်းထန်သော အဆိပ်ခတ်ထားပါသည်။ ကျွန်မနှင့်သူ သောက်ရမည့်အရက်တွင် အဆိပ်ပါမှန်း သူ လုံးဝထင်မိမည် မဟုတ်ပါ။"

မှတ်တမ်းသည် ထိုနေရာမှာပင် အဆုံးသတ်သွား၏။

------------------- * * * * * -------------------

စာစဉ်(၄)ကို ဆက်လက်ဖတ်ရှုပါရန်

တက္ကသိုလ် နေလင်းအောင်